www.burmeseclassic.com

# ပျုး

ထွန်းသစ်စလရောင်ခြယ်

BURMESE CLASSIC



DESIGN THEIN SHWE

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၃ ၂၀၃၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၆ ၂၀၄၁၁ |
| အဖုံးဒီဇိုင်း | - | **Idea Kyaw & Kyaw Oo** |
| ထုတ်ဝေသူ | - | ဒေါ်စိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၆၈၊ ကားဝါလမ်း၊<br>အုံမြို့နယ်။ |
| အတွင်းဖလင် | - | ဦးထွန်းအိုင် |
| အချုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃
ဗျူ
ထွန်းသစ်စလရောင်ခြယ်/ဗျူး - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၂၆၄- စာ ၊ ၁၂×၁၈ စင်တီ။
(၁) ထွန်းသစ်စလရောင်ခြယ်


## အခန်း (၁)

ဒီနေ့မှ ဖေဖေကလည်း ချစ်ခွန်းချို မသွားချင်ပါဘူးဆိုသည့် နေရာကို ဆိုက်ဆိုက်မြိုက်မြိုက် စေလွှတ်လိုက်၏။ ဒီလိုမျိုး ရွံ့တွေ ဗွက်တွေ နေရာတကာမှာ လက်ညှိုးထိုးမလွဲ ရှိနေပြီး ကျဉ်းမြောင်းလှသော လမ်းလေးထဲကို ခွန်းချိုရဲ့ ကားလေးကလည်း ဝင်ဖို့ အဆင်မပြေပြန်ပါ။

ထို့ကြောင့်ပင် ဒီလမ်းကျဉ်းလေးထဲသို့ မရောက်ခင် လမ်းချိုး တစ်ခုဖြစ်သည့် လမ်းကျယ်တစ်ခုပေါ်မှာပင် ကားကို ထားခဲ့လိုက်ရ၏။ ဖေဖေ ပေးလိုက်သော လိပ်စာကလည်း တော်တော်ကို ရှာရခက်ပါသည်။ တစ်အိမ်ပြီးတစ်အိမ် ဝင်မေးပါသော်လည်း မသိသူက များနေ၏။

စိတ်ပျက်လက်ပျက် ဖြစ်လာသည်ထိ အချိန်တွေ ကြာမြင့်သော သောအခါမှာတော့ ခွန်းချို တစ်ယောက် ဟစ်လှိုသာ အော်ပလိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဖော့အိမ်း ဖွက်လွှတ်ရာ အပင်တစ်ပင်အောက်မှာ မဟိမတ်ရပ်ရင်း ပတ်ဝန်းကျင်ကို ဘယ်နကြိမ်မြောက်မှန်းမသိ ဝေ့ဝဲကြည့်မိပြန်သည်။

ဖေဖေပေးလိုက်သော လိပ်စာအရတော့ ဒီနေရာဆိုတာ သေချာပါသည်။ ဒါပေမဲ့ ဒရိုင်ဘာ ဦးလေးကြီးအိမ်ကို ရှာလို့ မတွေ့သေးပါ။ ခွန်းချို လက်ထဲမှာ ကိုင်ထားသော ဆေးဝါးများနှင့် တန်ဖိုးကြီးအစား အသောက်တွေပါသည့် အိတ်လေးကလည်း တကယ့်ကို လေးလံလွန်းလှပြီ။

"ဟူး စိတ်ညစ်လိုက်တာနော်၊ ဒီလိုနေရာမျိုးကိုမှ ဖေဖေက လည်း ငါ့ကို လွှတ်ရက်တယ်"

ခွန်းချို အသံက ခပ်တိုးတိုးဆိုပေမယ့် သူမရှေ့မှ ဖြတ်သွားသော ကောင်လေးတစ်ယောက်ကတော့ ကြားသွားပုံပေါ်ပါသည်။ ခွန်းချိုကို သမင်လည်ပြန်ပင် လှည့်ကြည့်လိုက်သေးဏ်။ နောက်တော့ ခြေလှမ်း သုံးလေးလှမ်းခန့် လျှောက်သွားပြီး ရပ်သွားပြန်ကာ ချက်ချင်းပင် သူမ ရှိရာဆီသို့ ပြန်လှည့်လျှောက်လာသည်။

"ဒီမှာ မင်းက ဘယ်သွားမလို့လဲ"

သူ့နှုတ်လည်း မသိပါဘဲ ဘလိုင်းကြီး လာမေးသော လူငယ်ကို ခွန်းချိုက မျက်စောင်းလေးချီလျက် မော့ကြည့်လိုက်သည်။ ဝတ်စားထား ပုံက မသားနားပေမယ့် သပ်ရပ်သည်။ ဆံပင်တိုတိုများကို ဂျယ်လိမ်းကာ





စနစ်တကျ ထောင်ထားသည်။ အပေါ်စားမှန်း သိသာသော ရှပ်လက်တို တစ်ထည်ကို ချည်ကြမ်းပုဆိုးတစ်ထည်နှင့် တွဲဖက်ဝတ်ဆင်ထားဏ်။

အချိန်တိုလေးအတွင်းမှာပဲ ခွန်းချိုက ဒီလူ့ပုံစံကို သေချာ ကြည့်လိုက်မိသည်။ ဒီလိုနေရာက လူတွေကို ဒီလောက် ကြည့်ထားပါမှ အကဲခတ်လို့ ရမည်။ သိပ်တော့ စိတ်ချရတာမဟုတ်။ ကူညီချင်ယောင် ဆောင်ပြီး ကိုယ့်ကို အန္တရာယ်ပြုနေက ခက်မည်။ ခွန်းချိုရဲ့ တစ်ကိုယ် လုံးကလည်း တန်ဖိုးကြီး လက်ဝတ်လက်စားတွေကိုချည်းပဲ ဆင်မြန်း ထားသည် မဟုတ်လား။

"ဟိတ် လူကို ဘာကြောင့်ကြည့်နေတာလဲ၊ မင်းကို မေးနေ တယ်လေ၊ ဘယ်သွားမလို့လဲလို့"

"နင်က ဘယ်သူလဲ"

ခွန်းချိုရဲ့ စိမ်းပြတ်သော အထက်စီးဆန်ဆန် လေသံမာမာ ကြောင့် ထိုလူ့မေးကြောများ တင်းခနဲ ဖြစ်သွားသည်။ ရူးရှသော မျက်လုံး များက သူမကို ထိုးဖောက်မတတ် စိုက်ကြည့်လိုက်ပြီး ချာခနဲ လှည့်ထွက် သွားဏ်။ သူမ နည်းနည်းတော့ အံ့အားသင့်သွားသည်။

ဒီလူက ဘယ်လိုဖါလိမ့်။ ကိုယ်မသိသော အရပ်တစ်ခုတွင် ကိုယ် မသိသော သူစိမ်း ယောက်ျားတစ်ဦးက စကားလာပြောသည်ကို ခွန်းချိုက ဒီတိုင်းပဲ ပြန်လည် ပြောလိုက်ရမည်တဲ့လား။ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ပါးပါးတော့ ဘယ်သူဘယ်ဝါဆိုတာ သိခွင့်ရှိရမည် မဟုတ်လား။

ဒီခေတ်ကြီးထဲမှာက သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော လူများက ပိုလို့တောင် ကြောက်ဖို့ကောင်းနေတတ်ကြတာ။

ခက်တာက သူမရဲ့ တကယ့်စိတ်ရင်းထဲတွင်တော့ အဲဒီလူက ခုမှမြင်ဖူးမယ့် ဆိုးသွမ်းမည့် လူတစ်ယောက် မဟုတ်ဘူး ဆိုတာ အလိုလို လက်ခံနေမိခြင်း ဖြစ်သည်။

ထို့ကြောင့်ပင်

"ဒီမှာ ဒီမှာ ခဏနေဦး"

ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားသော သူ့နောက်သို့ အပြေး တစ်ပိုင်း လိုက်မိသောကြောင့် သူမမှာ ရှေ့တည့်တည့်မှ ဗွက်အိုင်ကို မမြင်တော့ဘဲ တည့်တည့်မတ်မတ်ပင် တက်နင်းချလိုက်မိတော့သည်။

"အမလေး ဟာ သွားပါပြီ"

သူမရဲ့ မျက်နှာလေးမှာ ချက်ချင်းပင် ငိုမဲ့မဲ့ဖြစ်သွားရလျ မကျေမနပ် ရေရွှတ်သံများလည်း အဆက်မပြတ် ထွက်ကျလာတော့

သူသည် ခုနက ခွန်းချို လှမ်းခေါ်လိုက်သော အသံကြောင့်လား ဒါမှမဟုတ် လောဒေါလတ်လတ် မြည်တွန်တောက်တီး နေမိသော အသံများကြောင့်လားတော့ မသိ၊ သူမကို လှည့်ကြည့်ဖော်ရလေသည်

နောက်တော့ ခပ်ပြည်းပြည်းချင်းပင် သူမနားသို့ ပြန်လျှော





လာ၏။

"ဘာလုပ်ပေးရမလဲ"

အသံက ခပ်ပြတ်ပြတ်သား၊

"ဒီမှာ ခြေထောက်တွေ အားလုံး ညစ်ပတ်ကုန်တာ မမြင်ဘူး လား။ ရေဆေးနိုင်မယ့်နေရာ ဘယ်မှာရှိလဲ"

သူ ကျွတ်ခနဲ စုတ်သပ်လိုက်သည်။ နောက်တော့ ကျွန်မကို ခါးထောက်လျက် ကိုယ်ကို ခပ်လျှောလျှော ရပ်ကာ ကြည့်၏။

"မင်းက ဘယ်လိုမိန်းမလဲကွ၊ ကူညီဖို့ လာတဲ့လူကို ဒီလိုပဲ လေသံမာမာနဲ့ ပြောရသလား။ ဒီတစ်ခါနဲ့ပါဆို မင်းနဲ့တွေ့တဲ့ မိနစ်သေး သေးလေး၊ အတွင်းမှာကိုပဲ ငါ့ကို စော်ကားနေတာ နှစ်ခါရှိပြီ"

တကယ်တော့ အဲဒီလေသံဟာ ခွန်းချိုက သူ့ကို တမင် သက်သက် လုပ်ပြောနေသော လေသံမဟုတ်ပါဘဲ သူမရဲ့ တကယ့်အသံ အစစ်အမှန်သာဖြစ်သည်။ ဒါကိုတော့ ရှင်းပြဖို့အတွက် မတတ်နိုင်ပါ။

"နင် ကူညီမှာလား။ မကူညီဘူးလား"

"တောက် မင်းကွာ၊ ရုပ်လေးနဲ့မှမလိုက် တော်တော်လေးကို ယဉ်ကျေးမှု ခေါင်းပါးပါလား"

သူ ချက်ချင်းပင် လှည့်ထွက်ရန် ပြင်လိုက်၏။ ဒီတစ်ခါတော့ ခွန်းချိုကလည်း ခပ်သွက်သွက်လေးပင် တားမြစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ တစ်ခုလောက် မေးချင်လို့"

ခွန်းချိုက လက်ထဲမှ လိပ်စာရေးထားသော စာရွက်ပိုင်းလေးကို သူ့ထံကမ်းပေးလိုက်၏။ လှမ်းယူဖတ်ကြည့်ပြီး သူ့မျက်လုံးများက ရှုစမ်းလိုမှုများဖြင့် လင်းလက်သွား၏။ လက်ထဲမှ လိပ်စာကိုတစ်လှည့် သူမကိုတစ်လှည့် နားမလည်နိုင်သော အကြည့်များဖြင့် အပြန်ပြန် အလှန်လှန် ကြည့်လိုက်ပြီး

"ဒီအိမ်ကို မင်းက ဘာလို့လိုက်ရှာနေတာလဲ"

"ဒီပစ္စည်းတွေ သွားပေးဖို့ပါ"

သူမ ကိုင်လာသော လက်ထဲမှ အထုပ်ကို မြှောက်ပြလိုက်၏။ သူ့ပုံစံက သူမအပေါ်မှာ တော်တော်လေးကို စိတ်ဝင်တစား ရှိလာပုံရသည်။

"ငါ့နောက်က လိုက်ခဲ့"

"ဒီခြေထောက်ကရော"

"အဲဒီရောက်မှ ဆေးလိုက်ပေါ့"

မတတ်နိုင်၊ သူ့နောက်မှ လိုက်သွားရုံကလွဲ၍ သူမ ဘာမှ မတတ်နိုင်တော့ပါ။ လမ်းကြို့လမ်းကြားများကို စိတ်ညစ်ညူးလောက်အောင် ထပ်တစ်ဖန် ကျော်ဖြတ်ပြီးသွားချိန်မှာတော့ သူမ စိတ်မရှည်ချင်ဖြစ်လာ၏။





ဒီလူ ငါ့ကို တမင်နှောင့်ယှက်နေတာလားဟုပင် အတွေးဝင်လာမိသည်။ လမ်းတွေက စုတ်ပြတ်သပ်ရသည့်အထဲ အဲဒီ ကျဉ်းမြောင်းမြောင်း လမ်းတွေပေါ်မှာ ညစ်ပတ်နေသော အဝတ်အစားများဖြင့် ဖွက်လူးတော့မတတ် ဆော့ကစားနေကြသော ကလေးများကလည်း ရှိသေးသည်။ အိမ်ပေါက်ဝတွေမှာ ထိုင်နေကြသော မိန်းမတချို့ကလည်း သူမတို့နှစ်ယောက်ကို ကွက်ကြည့် ကွက်ကြည့်။

"ဒီမှာ နင် ငါ့ကို နောက်နေတာတော့ မဟုတ်ပါဘူးနော်"

"မလိုက်ချင် နေခဲ့လို့ ရတယ်"

အဲဒီလိုတော့လည်း သူမမှာ အသံတိတ်လျက် သူ့နောက်က ဆက်လိုက်လာရပြန်သည်။ နောက်ဆုံးတွင်တော့ သွပ်မိုးပျဉ်ထောင်အိမ်ခပ်ကျဉ်းကျဉ်းလေး တစ်ခုထဲသို့ သူက တည့်တည့်မတ်မတ် ဝင်ချသွား၏။ အဲဒါ ဘာလုပ်တာလဲ၊ ဒီအိမ်ဆိုရင်လည်း ဒီအိမ်ဆိုတာကို ပြပြီးလျှင် သူ့တာဝန်ကျေပြီလေ၊ ဘာကိစ္စ သူက ရှေ့မှဝင်သွားရတာလဲ။

"နင် ပြန်လို့ရပြီလေ၊ ငါ သွားချင်တာ ဒီအိမ် မဟုတ်လား"

ခွန်းချိုအသံကို သူက မကြားချင်ယောင်ဆောင်လျက် အိမ်အတွင်းထဲထိ ဝင်သွား၏။ မဟုတ်မှလွဲရော ဒီအိမ်က လူတွေနှင့် ဒီလူ ခင်မင်ရင်းနှီးနေတာလား။

"ထိုင်လေ ဘာရပ်လုပ်နေတာလဲ၊ မင်းခြေထောက် ရေဆေး



www.burmeseclassic.com

www.burmeseclassic.com



ချင်ရင်တော့ ဟိုးခြံဝိုင်းထောင့်မှာ ရေစည်ရှိတယ်၊ သွားဆေးလိုက်''

သူက အိမ်ရှင်တစ်ယောက်လိုပင် အမိန့်ပေးလိုက်သေး၏။ ဒါပေမဲ့ သူမ မထိုင်ပါ။ ခြေထောက်ကိုတော့ သူ ပြသည့်နေရာတွင် သွားဆေးလိုက်သည်။ နောက်တော့ ပြန်လာပြီး အိမ်ရှေ့နားမှာပဲ ရပ်မြဲ ရပ်နေလိုက်၏။

''မထိုင်ဘူးဆိုရင်လည်း လာရင်းကိစ္စကို ဆောင်ရွက်ပြီး ပြန်ပေတော့၊ အူကြောင်ကြောင်နဲ့ ဘာမှန်းကို မသိဘူး''

''အောင်မှာ နင် ငါ့ကို ဘာပြောတာလဲ''

''အေးလေ မှန်တာ ပြောတော့ နာတာပေါ့''

''နင်နော် တော်တော် တရားလွန်နေပြီ၊ နင့်ကို အိမ်လိုက်ပြ ပေးတဲ့အတွက် ဘယ်လောက်ပေးရမှာလဲ၊ ပြီးရင် နင်ပြန်တော့''

သူ့မျက်နှာသည် ကြောက်မတ်ဖွယ်ရာ ကောင်းလောက်အောင်ပင် ခက်ထန်မာကျောသွား၏။ သူမ ကျောထဲကပင် စိမ့်သွားမိပါသည်။ ဒီလူနဲ့ လိုက်လာမိတာ အလွန်ကို မှားယွင်းသည်ဟုလည်း ကိုယ့်ဘာသာ အပြစ်တင်နေမိ၏။

ပြီးတော့ ဖေဖေ့ ဒရိုင်ဘာ ဦးလေးကြီးရဲ့အိမ်ဆိုတာကရော ဒါသေချာရဲ့လား။ သူ လိမ်လည်ခေါ်လာခဲ့တာလား။ ဒီအိမ်ရှေ့ရောက် ပြီးတည်းက သူမတို့မှလွဲ၍ လူရိပ်လူယောင်မျှပင် မတွေ့ရသေးပါ။





''မင်းပုံစံကြည့်ရတာ တော်တော်လေးတော့ ငွေဂုဏ်မောက် နေပုံပဲ၊ ဒါနဲ့ နေပါဦး၊ မင်းက ဖေဖေ့ကို ဘာကြောင့်တွေ့ချင်ရတာလဲ''

''ဖေဖေ''

သူမ နှုတ်ကနေ၍ သူ့စကားကို သံယောင်လိုက်လိုက်မိခြင်း ဖြစ်သည်။

''ဟုတ်တယ် မင်းရှာနေတဲ့ လိပ်စာက ငါ့အိမ်လိပ်စာ၊ လိပ်စာ ထိပ်မှာ တပ်ထားတဲ့နာမည်က ငါ့ဖေဖေ နာမည်''

ဘာမှပြန်မပြောနိုင်တော့လောက်အောင် သူမ ကြောင်ငေးနေမိ၏။ နောက်တော့မှ ကိုယ့်ကိုယ်ကို ဣန္ဒြေပြန်ဆည်လိုက်ရင်း

''ဒါဆို နင့်အဖေရော၊ ငါ သူ့ကို ဒါတွေ လာပေးတာ''

လက်ထဲမှ အထုပ်ကို မြှောက်ပြလိုက်ရပြန်သည်။

''ဖေဖေက အဲဒါတွေ စားနိုင်လောက်အောင် မကျန်းမာဘူး၊ ဒါနဲ့ နေပါဦး။ မင်းက ဖေဖေနဲ့ ဘယ်လိုသိတာလဲ''

''ငါ့ကို ကားတိုက်ခါနီးမှာ နင့်အဖေ ဝင်ကယ်ခဲ့တာလေ''

''ဘာ''

အတော်လေး ကျယ်လောင် စူးရှသော အံ့သြတကြီးနှင့် ဒေါသ သံလည်း စွက်နေသည့် အသံမျိုးဖြင့် သူ အော်လိုက်ခြင်း ဖြစ်သည်။ သူမ လန့်ဖျပ်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ၊ ဖြည်းဖြည်းသာသာ ပြောပါ၊ ဒါတွေက နင့်သိပြီးသားတွေပဲ မဟုတ်လား"

"အေး သိတယ်၊ သိလို့လည်း အဲဒီ သူဌေးသမီးကို ငါက နုတ်နုတ်စင်းပစ်ချင်နေတာ၊ ခုတော့ ငါ လိုက်ရှာစရာ မလိုဘဲ မင်းက ငါ့ရှေ့တည့်တည့် ရောက်နေပြီလေ"

သူက ခွန်းချိုနားသို့ တစ်လှမ်းတိုးကပ်လာသောကြောင့် သူမှာ ထိတ်လန့်စွာပင် နောက်သို့ တစ်လှမ်းဆုတ်လိုက်မိ၏။ သူမရဲ့ ကျောပြင်နှင့် နံရံမှာ တစ်သားတည်းကျသွားသည်။

သူ ခွန်းချိုကို ဘာလုပ်မှာပါလိမ့်၊ ဟင့်အင်း ခွန်းချိုတော့ ဒုက္ခတွေ့တော့မှာပဲ၊ သူမ ကြောက်လန့်တကြားနှင့် ခေါင်းကို အဆက်မပြတ် ခါရမ်းနေမိသည်။ ပါးစပ်ကလည်း သူမကို ဘာမှမလုပ်ရန် တားမြစ်နေမိ၏။ ဒါပေမဲ့ သူ မကြားလောက်ပါ။

ခွန်းချို အသံများသည် ကြောက်စိတ်ဖြင့် လည်ချောင်းထဲမှာပင် နစ်ဝင်ပျောက်ကွယ်နေပါပြီ။

ထိုအချိန်မှာပင် သူမ ဗန်းထက်ရှိ ဘေးတစ်စောင်းလွယ်ထားသော ဂျင်းအိတ်သေးသေးလေးထဲမှ ဖုန်းသံလေးက ကျယ်လောင်စွာ မြည်လာ၏။ ခပ်မြန်မြန်လေးပင် ထုတ်ကိုင်လိုက်သည်။

"ဟယ် ဟယ်လို"





ခွန်းချို လည်ချောင်းများ အက်ကွဲလျက် အသံများပင် တုန်ယင်နေပါသည်။ သို့သော် ကံကောင်းထောက်မစွာပင် မြည်လာသော ဖုန်းသည် ဒယ်ဒီ့ထံမှ ဖြစ်နေ၏။

"သမီး သမီးအသံတွေက ဘာဖြစ်နေတာလဲ"

"ဒယ်ဒီ သ သမီး ဘာ ဘာမှမဖြစ်ပါဘူး"

ခွန်းချိုက ခက်ထန်မာကြောစွာ စိုက်ကြည့်နေသော သူ့မျက်နှာကို မရဲတရဲကြည့်လျက် အထစ်ထစ်အငေါ့ငေါ့နှင့် ပြန်ဖြေလိုက်ပါသည်။

"သမီး အိမ်ရှာလို့ တွေ့ရဲ့လား"

"ဟုတ် တွေ့ပါတယ် ဒယ်ဒီ"

"ဒါဆို အခန်းပြောရဲ့လား သမီး"

ခွန်းချို မည်သို့ပြန်ဖြေရမည် မသိစွာနှင့်ပင် သူ့ကိုပဲ ကြောင်ငေးကြည့်နေမိ၏။ သူကတော့ စိတ်ပျက်လက်ပျက် ဖြစ်သွားသော အမူအရာနှင့် မျက်နှာကို တစ်ဖက်သို့ လှည့်ကာ ကျွတ်ခနဲ စုတ်သပ်လိုက်သေးသည်။

"သမီးလေး ဒယ်ဒီ မေးနေတာကို ကြားရဲ့လား"

"ကြားပါတယ် ဒယ်ဒီ၊ အခန်းလည်း ပြောပါတယ်"

"အေး အေး ဒယ်ဒီက သမီး အိမ်ရှာမတွေ့မှာစိုးလို့ လှမ်းဆက်လိုက်တာပါ၊ အခန်းပြောတယ်ဆို ပြီးတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ့ထံမှ ဖုန်းချသွားပြီးနောက် သူမက သူ့ကို တည့်တည့် စိုက်ကြည့်လျက် ခပ်တိုးတိုး ခေါ်လိုက်သည်။ ဒါပေမဲ့ လေသံကတော့ ထုံးစံအတိုင်း ခပ်မာမာပင် ဖြစ်၏။

"ဒီမှာ"

"မင်းအသံကိုတောင် ငါ မကြားချင်ဘူး သိလား။ ခုချက်ချင်း ငါ့အိမ်ပေါ်က ဆင်းသွားပါ"

ခွန်းချိုရဲ့ ဘဝတစ်သက်တာမှာ အဲဒီလို စကားလုံးမျိုးတွေကို ရုပ်ရှင်ဇာတ်လမ်းတွေထဲမှာသာ ကြားဖူးခဲ့ခြင်း ဖြစ်၏။ ခုလိုမျိုး ပြင်ပ လောကမှာ တစ်ခါမှ မကြားဖူးခဲ့ပါ။ ပြီးတော့ အပြောခံရသူကလည်း သူမ ကိုယ်တိုင် ဖြစ်နေသေးသည်။

"နင် တော်တော် မိုက်ရိုင်းပါလား။ ငါက ကိုယ့်ကျေးဇူးရှင်ဆို ပြီး စေတနာနဲ့ နင့်အဖေကို လာကြည့်တာ၊ နင့်လိုမျိုး အရိုင်းအရိုင်း ကောင်တစ်ကောင်သာ ဒီအိမ်မှာ ရှိနေမှန်းသိရင် အစတည်းက ခုက ခံလာမကြည့်ဘူး သိလား"

"မင်းစကားကို ဆင်ခြင်ပြီးပြောပါ၊ တကယ်တမ်း ငါ့အဖေ မင်းကို ဘူဘဝနဲ့ရင်းပြီး ကယ်တင်ခဲ့တာပါ၊ နည်းနည်းပါးပါး သိတတ် ရင်တောင် ဆေးရုံတင်ထားတဲ့အချိန်လေးမှာ သေချာ ဂရုတစိုက်နဲ့ လာ ကြည့်ပေးသင့်တယ် မဟုတ်လား"





ဒယ်ဒီ အလုပ်ကိစ္စတစ်ခုနှင့် နိုင်ငံရပ်ခြားသို့ သွားနေရိုက် ဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်း ဖြစ်၏။ လမ်းဖြတ်ကူးနေသော သူမထံသို့ တည့်တည့်ဝင်လာသည့် ကားတစ်စီးကို ဦးမြတ်မောင်က သူမအစား ဝင်ခံပေးလိုက်ခြင်း ဖြစ်သည်။

သူမကိုယ်တိုင်လည်း မျက်စိရှေ့တွင် ဖြစ်ပွားသွားသည့် အဖြစ် အပျက်ကို ကြောင်တောင်တောင်နှင့် ငေးကြည့်နေမိကာ တစ်ပတ်လောက် သွေးပျက်ချောက်ချားနေမိ၏။ ဦးမြတ်မောင်ကို သူမ စိတ်ထဲတွင် သေဆုံး သွားခဲ့ပြီဟုသာ ထင်နေမိခဲ့သည်။ ခုတော့ ထိုအဖြစ်အပျက်တွေ ဖြစ်ပျက် သွားခဲ့ပြီးတာ နှစ်ပတ်မျှ ရှိပြီ။ စိတ်လည်း အနည်းငယ် တည်ငြိမ်သွား ပြီမို့ ဒယ်ဒီ့ထံ ဖုန်းဆက်အကြောင်းကြားကာ ဒယ်ဒီ့စေခိုင်းချက်အရ ကုမ္ပဏီဗိုင်ထဲမှ လိပ်စာကို ကူးယူပြီး သူမ တစ်ယောက်တည်း ထွက်လာ ခဲ့ခြင်း ဖြစ်၏။

ခုတော့ သူမ ထင်မှတ်ထားသည်ထက် ပိုလို့တောင် ဆိုးရွား သော အခြေအနေနှင့် ရင်ဆိုင်တိုးနေရသည်။ အခန့်မသင့်ပါက ဒီလူ့ လက်ထဲတွင် သူမ ကိုယ်တိုင်ပင် တစ်ခုခု ဖြစ်သွားနိုင်ပါသည်။

"ငါ ငါ မသိလိုက်ဘူး။ ငါကိုယ်တိုင်လည်း ဒီကိစ္စနဲ့ ပတ်သက် ပြီး တော်တော်လေးကို သွေးပျက်ခဲ့ရတာပါ။ ခုမှ နင့်အဖေကို လာကြည့် နိုင်လောက်တဲ့ထိ ငါ့စိတ်တွေ တည်ငြိမ်လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းချို့ စကားကို နားထောင်ပြီး သူက နှုတ်ခမ်းတစ်ချက် တွန့်လျက် မထိတထိ ပြုံးပါသည်။ ထိုအမူအရာက သူမ စကားတွေကို သူ လုံးဝ မယုံကြည်ပါဘူးဆိုတာ ပြသနေခြင်းပဲ ဖြစ်၏။

"မင်းတို့လို လူတွေက ဘယ်သူသေသေ ငေါမာရင် ပြီးရော ဆိုတာမျိုးတွေပဲ၊ ငါကလည်း မင်းတို့လို လူတွေနဲ့ အဖတ်လုပ်ပြီး စကား မပြောချင်ဘူး။ အေး ငါ့အဖေကိစ္စကိုလည်း ငါ နည်းနည်းမှ ခွင့်မလွှတ် ဘူးနော်"

"နင် သိထားဖို့က နင့်အဖေကို ငါက ငါ့ကို ကယ်ပါ၊ ငါ့နေရာမှာ ဝင်ခံလိုက်ပါလို့ တောင်းဆိုခဲ့တာ မဟုတ်ဘူး။ သူ့စိတ်သူ့သဘော သူ့ဘာသာ ဆုံးဖြတ်ပြီး လုပ်သွားတာ၊ အဲဒီအတွက် ငါကလည်း ငါ့မှာ တာဝန်ရှိတယ်ထင်လို့ ခုလိုမျိုး လာကြည့်တာ"

"မင်းမှာ တာဝန်ရှိတယ် ထင်လို့ ဟုတ်လား"

သူမ ခပ်တည်တည်ပင် ပြန်ကြည့်နေမိသည်။ သူက ခွန်းချို့ မျက်နှာကို လက်ညှိုးထောက်ထောက်ထိုးလျက် ဒေါသစကားများကို ရှေ့ဆက် ပြန်သည်။

"မင်းက ခုချိန်ကျမှ တာဝန်ရှိတယ်လို့ ထင်ကောင်းနေတယ် ငါ့အဖေကတော့ အောက်ပိုင်းသေသွားပြီလေ၊ ခုချိန်မှ မင်းက မုန့်လေး ဘန်းပြပြီး တာဝန်ရှိတယ် ထင်လို့ ရောက်လာတာမျိုးကို ငါ ဘယ်လို





လက်ခံပေးရမလဲ"

"အောက်ပိုင်းသေသွားတယ် ဟုတ်လား"

တကယ်တော့ ကုမ္ပဏီ ဝန်ထမ်းတချို့စီက ထိုသတင်းကို ကြား ထားပြီး ဖြစ်သော်လည်း သူမ မယုံကြည်နိုင်ခဲ့ပါ။ အဲဒီလောက်ထိ ကြီး ကြီးမားမား မဖြစ်နိုင်လောက်ပါဘူးလို့သာ တွေးထင်ထားခဲ့သည်။

ခုတော့ သူမ ကြားခဲ့သော သတင်းတွေက တကယ်မှန်ကန်နေ ပြီပေါ့။

"မင်း မသိသေးရင် ထပ်မှတ်သွားဦး။ လောလောဆယ်မှာ ငါ့အဖေက လုံးဝကို သတိမရှိတဲ့ လူလိုပဲ အိပ်ရာထဲမှာ ပက်လက် လဲ နေတာ၊ ဆေးရုံမှာ တစ်ပတ်ကျော်ကျော် နေလာခဲ့ရတာတောင် မင်းတို့ မိသားစုဘက်က တစ်ယောက်မှ ရောက်မလာခဲ့ဘူး"

"ငါ့အဖေက အလုပ်ကိစ္စနဲ့ ခရီးထွက်နေတာ တစ်လကျော်ပြီ၊ အရင်ကတော့ ဒီလိုကိစ္စတွေကို အတွင်းရေးမှူးက လုပ်ပေးနေတာပဲ၊ ဒါပေမဲ့ သူကလည်း ခု ဖေဖေနဲ့တူတူ ပါသွားတယ်၊ ငါကိုယ်တိုင်ကလည်း အဲဒီအဖြစ်ကြောင့် သွေးပျက်ပြီး အိမ်ထဲက အိမ်ပြင်တောင် မထွက်နိုင် ခဲ့ဘူး"

"မင်း ဒီစကားတွေကို ပြောနေတာ ငါ ယုံမယ် ထင်လို့လား"

"နင့်ဟာနင် ယုံချင်ယုံ၊ မယုံချင်နေ ငါက အဖြစ်မှန်ကို ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြတာ၊ ငါ့ဘက်က အဲဒီလောက် ပြောပြတာတောင် နင် တော်တော်ကျေးဇူးတင်သင့်တယ်"

"ဘာ မင်း မင်းကွာ သွား ငါ့အိမ်ထဲက ခုချက်ချင်း ထွက်သွားစမ်း"

ဒါဟာ ခွန်းချို ဘဝမှာ ပထမဆုံးသော ရင့်ရင့်သီးသီး ပြောခံနေရခြင်းမျိုး ဖြစ်၏။ အဆိုးဆုံးကတော့ ဘာမှမဟုတ်သည့် ခွန်းချိုထက် အဆင့်အတန်း နိမ့်ကျသည့် ယောကျ်ားတစ်ယောက်က ခွန်းချိုကို သူ့အိမ်ထဲကနေ အတင်းအဓမ္မ မောင်းထုတ်နေခြင်းပင် ဖြစ်သည်။

"နင်တို့လို အဆင့်အတန်းမရှိတဲ့ လူတွေနဲ့လည်း ငါက ကြာကြာ စကားမပြောချင်ပါဘူး၊ နင်တို့ဆီက အောက်တန်းကျတဲ့ စရိုက်တွေ ငါ့ဆီပါ ကူးလာမှာစိုးလို့"

"အေး တကယ်တမ်း အောက်တန်းကျတာက တာဝန်ယူသင့်တဲ့ အချိန်မှာ တာဝန်မဲ့တတ်ကြတဲ့ လူတွေပဲကွ၊ အဲဒါ မင်း မှတ်ထားလိုက်"

သူတို့ရဲ့ ပျဉ်ထောင်အိမ်လေးပေါ်ကနေ ခွန်းချို ပြေးဆင်းလာခိုက် နောက်ကနေ လွှင့်ပျံလာသော မနှစ်မြို့ဖွယ်ရာ သူ့အသံများ ဖြစ်၏။ စိတ်တိုတိုနှင့် တက်တစ်ချက် ခေါက်လိုက်မိသည်။ သူ့ထံမှလည်း တောက်ခေါက်သံ ထွက်ပေါ်လာသည်။





သေချာတာကတော့ သူမတို့နှစ်ယောက်လုံးရဲ့ ရင်ထဲမှာ တစ်ယောက်အပေါ် တစ်ယောက် မကျေနပ်ခြင်းတွေနဲ့ ပြည့်နှက်သွားပြီဆိုတာပါပဲ။

■ ■ ■

ခွန်းချိုရဲ့ ဘဝတစ်သက်တာမှာ လိုချင်တာမှန်သမျှကို အမြဲတမ်း ရနိုင်ခဲ့သူ ဖြစ်၏။ မရဘူးဆိုတာ မရှိရလေအောင်လည်း ဒယ်ဒီက အလိုလိုက်ခဲ့သည်။

ထို့ကြောင့် ခွန်းချိုသည် လောကကြီးအကြောင်းကို သိပ်နားမလည်သော ကောင်မလေး တစ်ယောက် ဖြစ်လာခဲ့၏။

တန်ဖိုးကြီး အသုံးအဆောင်တွေ အဝတ်အစားတွေနဲ့ ဖိမ်ခံကားတွေကို ထည့်လဲစီးကာ ဘဝကို ပျော်ပျော်လေး ဖြတ်သန်းနေသူ ဖြစ်သည်။ သူ့ဘဝမှာ ဘာအပူအပင်မှ မရှိ။ ဒယ်ဒီရှိရင် ငွေရှိတယ်ဆိုသော ဘဝမျိုး ဖြစ်သည်။

အဲဒီလို ရွှေဘုံပေါ်မှာ သောကတွေ တစ်ခုမှ မကြုံတွေ့ဖူးပါဘဲ နေထိုင်လာခဲ့သော မိန်းကလေးတစ်ယောက်မို့ လိုချင်သည့်သူများစွာလည်း ဝိုင်းဝိုင်းကို လည်နေခဲ့ကြသည်။ ဒါပေမဲ့ ခွန်းချို ကိုယ်တိုင်က ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စားပါဘဲ သီးသန့်နေလာခဲ့သူ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ခွန်းချိုရဲ့ ဘဝမှာ ဒယ်ဒီကလွဲ၍ ယောကျ်ားတစ်ယောက်ကို ဘာအတွက်ကြောင့်မှ မလိုအပ်ခဲ့ပါ။ သူမရဲ့ ပျော်ရွှင်ငြိမ်းချမ်းလွန်းပြီး လိုတာရနေသော ဘဝလေးထဲတွင် ဘယ်ယောကျ်ားကိုမှ အချိန်တွေ ဖွဲ့ မပေးနိုင်လောက်အောင် ဖြစ်ခဲ့ရသည်။

ဒါပေမဲ့ ခုတော့ သူမ စိတ်ထဲမှ ယောကျ်ားတစ်ယောက်ကို ဘယ်လိုနည်းနဲ့မှ မကျေနပ်နိုင်ပါဘဲ အမြဲလိုလို စိတ်တိုနေမိသည်။ တစ်လမျှ ကြာမြင့်သွားခဲ့သော်လည်း ထိုယောကျ်ားရဲ့ အပြုအမူတွေ အပြောအဆိုတွေ အားလုံးကို သူမ ကွက်ကွက်ကွင်းကွင်း မှတ်မိနေသေးသည်။

အဲဒီလို မှတ်မိနေလို့လည်း သူမသည် ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်မိသည်။ ဘာမဟုတ်တဲ့ ယောကျ်ားတစ်ယောက်၊ ပိုဆိုတာက အဆင့်အတန်း နိမ့်ပါးလွန်းလှသော ယောကျ်ားတစ်ယောက်၊ အဲဒီလို ယောကျ်ားမျိုးရဲ့ သူမကို စော်ကားလိုက်ခြင်းသည် ဘယ်လိုမှ ကျေနပ်လက်ခံနိုင်ဖွယ် မရှိသော အခြေအနေတစ်ရပ်သာ ဖြစ်သည်။

"မမလေး ဘာအလိုရှိပါသလဲရှင်"

ကောင်မလေးတစ်ယောက် သူမနောက်နားတွင် ရိုကျိုးစွာ လာရပ်ရင်း ခေါင်းငုံ့လျက် စကားဆို၏။ သူမ လှည့်မကြည့်ပါ။

"ဒီနေ့ ပုစွန်တန်ပူရာ လုပ်ထားတာ ဘယ်သူလဲ၊ ညည်းလား မိနန္ဒာလား"





"ကျွန်မပါ မမလေး"

သူမ ဆတ်ခနဲ လှည့်လိုက်သည်။

"နင်တို့ကို တစ်ခါ ပြောထားရင် မမှတ်မိကြဘူးနဲ့ တူတယ်၊ ငါ့ကို ပုစွန်တန်ပူရာ ကြော်ပေးရင် အပေါ်တစ်ထပ်ကို ကျွတ်နေအောင် လုပ်မှ ကြိုက်တယ်ဆိုတာ မသိကြဘူးလား။ သွား နင့်ဟာတွေ ခွေးကျွေးရင်ကျွေး မကျွေးရင်လည်း နင်ပဲ စားလိုက်တော့"

ကောင်မလေး မျက်လုံးများတွင် ကြောက်ရွံ့တုန်လှုပ်နေခြင်းကို အတိုင်းသား မြင်နေရ၏။ နောက်တော့ စားပွဲပေါ်ရှိ ဘဲဥပုံ ပန်းကန်ပြားကြီးကို ပြန်လည် မယူသွားသည်။

လက်ထဲတွင် ကိုင်ထားသော ဟန်းဖုန်းလေးကို မွေ့ရာခါးပစ်တင်လျက် စိတ်ပျက်လက်ပျက် လှဲချလိုက်မိသည်။

ခုနက ကောင်မလေးရဲ့ ကြောက်လန့်နေသော မနှစ်မြို့ဖွယ် မျက်ဝန်းမျိုးတွေကို သူမရော ပိုင်ဆိုင်ခဲ့ရဖူးလား။ ဟိုယောကျ်ားကြောင့် ထိုမျက်ဝန်းမျိုးတွေကို သူမ ပိုင်ဆိုင်ခဲ့ရဖူးသည်။ ခွန်းချိုကို သူ ပြောချင်တိုင်း ပြောဆိုခဲ့သည်။

အဲဒါဟာ ခွန်းချိုအတွက်တော့ တန့်နှံ့နှင့် ပြန်တွေးတိုင်း အခဲမကြေနိုင်ဖွယ်ရာပင်။ အဲဒီယောကျ်ားကို ဘယ်တော့မှ ပြန်မတွေ့ချင်လောက်အောင် သူမ စိတ်တို နာကျင်ခဲ့ရသည်။ ဟင့်အင်း မဟုတ်သေး



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ အဲဒီယောက်ျားကိုလည်း သူမ ခံစားခဲ့ရသလိုပဲ ပြန်လည် ခံစားစေချင်မိသည်။

ခွန်းချို တစ်ခုခုတော့ လုပ်ရပါမည်။

■ ■ ■



## အခန်း (၂)

ဒီနေ့အတွက်တော့ ခွန်းချို ရင်ထဲမှာ ကျေနပ်သလိုလို မျော်လင့်သလိုလိုနှင့် ဒါပေမဲ့ တကယ်တမ်းတော့ သူမ ကိစ္စတစ်ခုကို စောင့်စားနေခဲ့ခြင်းသာ ဖြစ်သည်။

နည်းနည်းတော့လည်း ထူးဆန်း၏။ သူ ဘယ်လိုမှ လက်မခံနိုင်ပါဘူးလို့ ထင်မှတ်ထားသော အရာတစ်ခု၊ ထိုအရာကို လက်ခံလာအောင် သူမဘက်က တော်တော်လေး ပြောယူရမည်ဟု ထင်ထားခဲ့သော်လည်း တကယ်တမ်းကျတော့ လွယ်လွယ်တကူပင် သူ လက်ခံခဲ့သည်။

အဲဒီလို လက်ခံလာခြင်းဟာ ဘာကြောင့်ရယ်လို့ သူမ အတိအကျ မသိပေမယ့် သူမရဲ့ မက်လောက်စရာ စည်းရုံးနိုင်မှုတွေကြောင့်ပဲ ဖြစ်ရမည်။ သေချာပါတယ် အိပ်ရာထဲမှာ လုံးဝ သတိမရှိပါဘဲ လဲ



www.burmeseclassic.com

www.burmeseclassic.com



နေသော ဖခင်ကြီးကို ဆေးရုံမှာ အေးအေးလူလူ တက်ရောက်နေခွင့်တွေ့ရယ်၊ ပြီးတော့ နေစရိတ် စားစရိတ်အပြင်မီး လခ တစ်သိန်းရယ်ဆိုတာ ဒရိုင်ဘာတစ်ယောက်အတွက်တော့ တော်တော်လေးကို တာသွားသော ဆွဲဆောင်မှုပင် ဖြစ်လိမ့်မည်။

ဦးမြတ်မောင် ဒီလိုဖြစ်ပြီးတည်းက သူမလည်း အိမ်ထဲက အိမ်ပြင် မထွက်ဖြစ်တော့ဘဲ ကားကိုလည်း မသုံးစွဲခဲ့။ ဦးမြတ်မောင် အိမ်ကို သွားသည့်နေ့ကမှ သူမ ကိုယ်တိုင် ကားကို ပြန်မောင်းခဲ့သည်။ ဒါပေမဲ့ သူမ ကားမမောင်းချင်တော့ပါ။ ကားမောင်းရမှာကို ထိတ်လန့်နေမိသည်။

ကားမောင်းမယ် ကြံလိုက်တိုင်း လက်များတွေ တုန်လာတတ်သည်။ အိမ်ထဲက အိမ်ပြင်မထွက်ရဘဲ ဆရာဝန်နှင့် ကုသနေခဲ့ရသော ရက်များအတွင်းကနေ ခုချိန်ထိ သူမ သောက်နေရဆဲဖြစ်သော စိတ်ငြိမ်ဆေးများ သောက်ပြီး သူတို့ရပ်ကွက်ဆီသို့ မောင်းခဲ့ရခြင်း ဖြစ်သည်။

ခုတော့ သူမရဲ့ မက်လုံးတွေနှင့် ဒရိုင်ဘာအသစ်တစ်ယောက် ရတော့မည်။ ထိုဒရိုင်ဘာကလည်း တခြားလူမဟုတ်ပါဘဲ ခွန်းချို သိပ်မုန်းသော သူ ဖြစ်သည်။

ခြောက် သူ့နာမည်က ကေသရာ တဲ့၊ အလွန်ပြောင်မြောက်ခန့်ညားသော နာမည်မျိုးပါပဲ။ ဒါပေမဲ့ အဲဒီလူဟာ ချစ်ခွန်းချိုရဲ့ ဒရိုင်ဘာ





တစ်ယောက် ဖြစ်သည်။

"မမလေး ဒရိုင်ဘာအသစ် ရောက်နေပါပြီ"

"အေး စာကြည့်ခန်းထဲ လွှတ်လိုက်"

သူမရဲ့ အတွေးများ တစ်ဝက်တစ်ပျက် ဖြစ်သွား၏။ သို့သော် မျက်နှာပေါ်က ခပ်တေ့တေ့ အပြုံးကတော့ ပျောက်ကွယ်မသွားပါ။

သူမ ရှိနေသော အခန်းထဲသို့ သူ ဝင်လာပြီးမှန်း နောက်ကျောပေးထားသော်လည်း ခြေသံအရ သိလိုက်သည်။ တိုးဖွသော်လည်း ဖိနင်း၍ လျှောက်တတ်သော ခြေသံမျိုး ဖြစ်၏။

သူမ လှည့်မကြည့်သော်ကြောင့် သူက ချောင်းတစ်ချက် ဟန့်လိုက်သေး၏။ အဟွန်း သိပ်ကို လူကြီးလူကောင်း လာဆန့်ပြနေသေးသည်။ သူ့ဘက်သို့ မလှည့်ခင်မှာ နှုတ်ခမ်းကို တစ်ချက်တွန့်လျက် ပြုံးဖြစ်သေး၏။

"ရောက်လာပြီလား"

မျက်နှာချင်းဆိုင်လိုက်ရသော သူ့မျက်နှာသည် ပကတိ တည်ငြိမ်နေသော မျက်နှာမျိုးဖြစ်၏။ ခွန်းချိုနဲ့သူနဲ့ ဘယ်တုန်းကမှ မမြင်ဘူး အတွေ့ဘူး မကျေမနပ်မဖြစ်ခဲ့ဘူးသော တည်ကြည်သည့် အမူအရာမျိုး ဖြစ်သည်။ တော်တော်လည်း ဟန်ဆောင်ကောင်းပါပေသည်။

"ကျွန်တော် ဘယ်နေ့ အလုပ်စဆင်းရမလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို အလုပ်စဝင်တဲ့ နေ့တည်းက ငါ့ခြံထဲက ဂိုဒေါင်အပေါ် ထပ်မှာ လာနေရမယ်လို့ ပြောထားတယ်နော်၊ အေးလေ ဂိုဒေါင်ဆို ပေမယ့် နင်တို့အိမ်ထက်တော့ အများကြီး သားနားမှာပါတယ်"

သူ့မျက်နှာကို မသိမသာနှင့် ဂရုတစိုက်ကြည့်နေမိသည်မို့ သူ့ မေးကြောများ တင်းခနဲ ဖြစ်သွားတာကို သတိထားလိုက်မိသည်။ သူမ စိတ်ထဲကတော့ ပျော်ပြုံးပြုံးနေမိ၏။

"ကျွန်တော် သိပါတယ်၊ ကျွန်တော့်ပစ္စည်းတွေလည်း တစ်ပါ တည်း ယူလာခဲ့ပြီးသားပါ"

"'ဪ မင်းက ငါ့စကားကို သေချာသဘောပေါက်သားပဲ ငါ ပြောတာတွေကို လက်ခံလို့လည်း ငါ့လက်အောက်မှာ အလုပ်ဝင်တာ မဟုတ်လား"

တကယ်တော့ ပြန်ပြောစရာ မလိုသော ကိစ္စများဖြစ်၏။ သူမ က တမင်သက်သက် နှိပ်ကွပ်ချင်သောကြောင့် ငါ့လက်အောက်မှာ ဟူ သော အသုံးအနှုန်းမျိုးကို သုံးပြလိုက်ခြင်း ဖြစ်သည်။ သို့သော် သူ့ မျက်နှာကတော့ ထူးထူးခြားခြား ပြောင်းလဲသွားခြင်းမျိုး မရှိခဲ့ပါ။ ငြိမ်သက် ဟိတ်ဆိတ်စွာပင် မလှုပ်မယှက် ရပ်နေ၏။

"ကဲ ဒီလိုဆိုရင် ခုချက်ချင်းပဲ အလုပ်ဝင်လိုက်တော့ပေါ့။ ကာ သွားထုတ်ထားလိုက်၊ ငါ ရှော့ပင် သွားမလို့"





ခွန်းချိုက ပြောဆိုပြီးသည်နှင့် အခန်းထဲမှ ထွက်ခဲ့လိုက်သည်။

ကိုယ့်အခန်းထဲကိုယ် ပြန်ဝင်ပြီး ရေကို စိမ်ပြေနပြေချိုးလျက် မျက်နှာကိုလည်း အစိတ်အပိုင်း တစ်ခုချင်းစီ အသေးစိတ် ခြယ်သလိုက် ၏။ မျက်နှာပြင်ကို နို့ရည်နှင့် ဖောင်ဒေးရှင်း လိမ်းသည်၊ ပါးမို့မို့ကို ကြေးနီရောင်ခြယ်သလျက် နှုတ်ခမ်းကို ရွှေအိုရောင်ရင့်ရင့်လေး ဆိုးလိုက် သည်။ မျက်လုံးကတော့ သူမ မျက်နှာတစ်ခုလုံးမှာ အနှစ်သက်ဆုံးအပိုင်း မို့ ခြယ်သရာတွင်လည်း လက်ဝင်လှသည်။ ရွှေရောင်တောက်တောက်ကို ခပ်ထူထူ ခြယ်သလျက် အနက်ရောင် လိုင်နာဖြင့် မျက်လုံးကို ဘောင် ခတ်လိုက်၏။

ထိုအခါ ရွှန်းလက်တောက်ပနေသော မျက်နှာနုနုလေးက ရင့်ကျက်တည်ငြိမ်နေသော အသွင်မျိုး ဖြစ်သွား၏။ ဒါပေမဲ့ လူငယ် သဏ္ဌာန်လေး ပျောက်မသွားစေရန် အဝတ်အစားကို လွှငယ်ဆန်ဆန် ရွေးချယ်လိုက်၏။

ငါးအကြေးခွံလို အဖတ်လေးများပါသည့် ရွှေရောင်အကျႌ ခါးရှည်ကိုယ်ကျပ် လက်ပြတ်လေးနှင့် အောက်က အသားကပ်ရွှေရောင် လည်သာ ဘောင်းဘီရှည်ကို ဝတ်ဆင်လိုက်သည်။ ပြောင်းဖူးမွှေးရောင် ဆံပင်ရှည်ဖြောင့်ဖြောင့်များကိုတော့ နောက်ကျောတွင် ဒီတိုင်းပဲ ဖြန့်ချ ထားလိုက်၏။ အနက်ရောင် နားကပ်ပြား အကြီးကြီးကို တပ်ဆင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အဝါရောင် ရွှေဝင်အိတ် အကြီးကြီးကို လွယ်ပြီးချိန်မှာတော့ သူမရဲ့ ရှောပင်ထွက်ရန် ပြင်ဆင်ခြင်းအမှု ပြီးစီးသွားပြီ ဖြစ်သည်။

ထည့်ရှည်ဒီဇိုင် သားရေအနက်ရောင် ဒေါက်မြင့်က ဒူးခေါင်းနားထိ ရှည်ရှားသည်မို့ သူမကိုယ်တိုင် စီး၍ အဆင်မပြေပါ။ သူမက အပေါက်ဝနား၌ ခုံပေါ်တွင် ထိုင်ချလျှက် မိန္နာက စီးပေးရသည်။ ခြေသလုံးပေါက်လျှောက် ဇစ်ကို ဆွဲတင်ပြီးသော အချိန်မှာ သူမက ခပ်ဝင်းဝင်းလေး ထရပ်လိုက်၏။ လက်ထဲမှ နေကာမျက်မှန် အိုရောင်အဝိုင်းကြီးကို တပ်ဆင်လိုက်သည်။

သူမ မျက်လုံးများကို ဝေ့ဝဲရှာကြည့်လိုက်သော်လည်း သူ့အရိပ်အယောင်မျှပင် မမြင်မတွေ့ရပါ။ စိတ်တိုစွာပင် ဟစ်အော်လိုက်မိ၏။

"ဒရိုင်ဘာ ဒရိုင်ဘာ ဘယ်ရောက်နေလဲ၊ ဟဲ့ ငါခေါ်နေတာ မကြားကြဘူးလား"

သူမရဲ့ အသံကျယ်ကျယ်ကြောင့် မာလီလုပ်သူ ဦးလှမြင့် အပြေးရောက်လာသည်။

"ဘာဖြစ်လို့လဲ မမလေး၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"နင် ဘာမှလုပ်ပေးလို့ မရဘူး၊ ငါ့ ဒရိုင်ဘာ ဘယ်ရောက်သွားလဲ"

"ဟို အသစ်ကောင်လေးကို ပြောတာလား"





"အေး ဟုတ်တယ်"

"သူ့ပစ္စည်းတွေကို ဂိုဒေါင်အပေါ်မှာ သွားထားနေပါတယ်"

"ဘာ"

ခွန်းချို စိတ်ထဲတွင် တင်းခနဲဖြစ်လျှက် ခြေလှမ်းများကလည်း အားကိုဒေါင်အပေါ်ထပ်သို့ တည့်တည့်မတ်မတ် လှမ်းမိသွားသည်။

စိတ်တိုစရာကောင်းလောက်အောင်ပင် သူ့အဝတ်များကို ဖိုင်ဘာပုံးအကြီးကြီးထဲသို့ အေးအေးဆေးဆေး ထည့်နေသော သူ့အား တွေ့လိုက်ရသည်။

"နင်အခု ဘာလုပ်နေတာလဲ"

သူမအသံကြောင့် သူ ဆတ်ခနဲ လှည့်ကြည့်သည်။ မျက်နှာကတော့ ခက်ထန်မာကျောလျှက် ရှိ၏။

"ပစ္စည်းတွေ သိမ်းနေတာလေ၊ လမ်းပေါ်မှာ ဒီတိုင်း ထားခဲ့ရမှာလား"

"အေး ထားခဲ့သင့်ရင် ထားခဲ့ရမှာပဲ၊ နင့်ပစ္စည်းတွေ ငါ့ခြံထဲမှာ ရှိနေရင် ပျောက်စရာ အကြောင်းမရှိဘူး။ အေး ပျောက်သွားခဲ့ရင်လည်း ငါက ဆယ်ဆပြန်လျော်ပေးနိုင်တယ်၊ ပြီးတော့ အရေးကြီးဆုံး တစ်ချက်က နင်ဟာ ငါ့အလုပ်သမား ဖြစ်တဲ့အတွက် ငါခိုင်းတာကို ငါ ခိုင်းတဲ့အချိန်မှာ လုပ်ကိုလုပ်ရမယ်၊ အဲဒီအတွက် ဘယ်လိုဖြေရှင်းချက်မျိုးတို့မှ



www.burmeseclassic.com

www.burmeseclassic.com



ဒီ ဆော့ရှင်သူ”

ခွန်းချို စကားဆုံးသည်နှင့် သူ ဝုန်းခနဲ မတ်တပ်ထရပ်လိုက်သည်။ သူမ နည်းနည်းတော့ လန့်သွားမိ၏။ ဒါပေမဲ့ မျက်နှာကိုတော့ ပိုလို့ ပင့်ချီလိုက်မိသည်။ သူ့ကို လန့်ဖျပ်သွားကြောင်း သူ မသိစေရ။

ဒါပေမဲ့ ခွန်းချို ထင်သလိုမျိုး တစ်ခုခု ဆိုးဆိုးရွားရွား ဖြစ်မလာဘဲ သူမနားမှ ဖြတ်ကျော်ကာ အပြင်ဘက်ဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွားခြင်း ဖြစ်၏။

သူ ထွက်ခွာသွားမှ သူ့အတွက် နေရာပေးထားသော ဂိုဒေါင်အပေါ်ထပ် အခန်းလေးကို မျက်လုံးဝေ့ဝဲကြည့်လိုက်မိသည်။ မိစော လွှတ်ပြီး တစ်ရက်ကြိုကာ ရှင်းလင်းနိုင်းထားသောကြောင့် အခန်းလေးကတော့ သန့်ရှင်းသပ်ရပ်လျက် ရှိသည်။

ဟိုးအရင်က မိစောနှင့် မိနုစွာ နေလာခဲ့သော အခန်းဖြစ်၍ အိမ်အလုပ်များ လုပ်ရသောအခါ နီးနီးနားနား ဖြစ်စေရန် အိမ်မကြီး မီးဖိုခန်းနားသို့ ပြောင်းရွှေ့ပေးခဲ့သည်။ ထို့ကြောင့် အခန်းလေးထဲတွင် သင်ဖြူးဖျာတစ်ချပ်၊ ခေါင်းအုံးတစ်လုံး စောင်တစ်ထည်နှင့် သစ်သားပွဲခုံလေးတစ်လုံး အသင့် ရှိနေသည်။

ခုတော့ သူ ယူလာခဲ့သော ဖိုင်ဘာပုံးနှစ်ပုံးနှင့် ကျောပိုးအိတ်တစ်လုံးသာ ရှိသည်။ သူ ဖွင့်လက်စ ပုံးထဲမှာတော့ အဝတ်အစားများ





ဖြစ်ပြီး ကျန်တစ်ပုံးထဲမှာတော့ စာအုပ်များ ဖြစ်နေ၏။ သူမ နည်းနည်းတော့ အံ့အားသင့်သွားမိသည်။

ဘာစာအုပ်တွေပါလိမ့်၊ ဒီလူက စာဖတ်ဝါသနာပါသည့် လူမျိုးလား။ ပုံးက ခပ်ကြည်ကြည်လေးမို့သာ စာအုပ်သတ္တုာန်များကို ခန့်မှန်း၍ ရသော်လည်း ဘာစာအုပ်များဆိုတာကိုတော့ သူမ မမြင်ရပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလူကတော့ ခပ်နိမ့်နိမ့် ရပ်ကွက်ထဲကလာပြီး လုပ်ပုံကိုင်ပုံတွေက မတန်မရာတွေ ဖြစ်လွန်းနေသည်။

ခွန်းချို နှုတ်ခမ်းတစ်ချက် တွန့်ကာ မဲ့လိုက်မိသည်။

အိမ်ရှေ့ဆင်ဝင်အောက်သို့ ရောက်ချိန်မှာတော့ ပရာဒိုကားလေး အသင့် ရပ်ထားတာ တွေ့လိုက်ရ၏။ သူမ ပြုံးလိုက်သည်။ ဓာလီ ဦးလှမြင့်က သူမ ရွှေ့ပင်ထွက်လျှင် ပရာဒိုမီးခိုးရောင်ကားလေးကိုသာ စီးတတ်မှန်း သူ့ကို ပြောလိုက်ပုံရပါသည်။

ဟွန်း သူမ အပြစ်ရှာစရာ တစ်ခု လျော့သွားတာပေါ့။ သူမ ကားပေါ်ရောက်သည်နှင့် ကားလေးက ညင်သာစွာ မောင်းထွက်သွားသည်။ ရွှေပင်းမောလ်တစ်ခုရှေ့တွင် ကားကို ကျင်လည်စွာ ပါကင်ထိုးလိုက်ပြီးနောက် ခွန်းချိုကို ကားတံခါး ဆင်းဖွင့်ပေး၏။

ဒီအထိတော့ ပုံမှန်ပင် ဖြစ်၏။ ကားနားမှ သူမ ထွက်သွားသောတော့ သူက ကားပေါ်သို့ ပြန်တက်ရန် ပြင်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာလုပ်တာလဲ"

"ကျွန်တော် ကားပေါ်ကနေ စောင့်နေမလို့ပါ"

"နင် ဒီမှာ ကျန်ခဲ့တော့ ငါ့ကို ဘယ်သူက အထုပ်တွေ

သယ်ပေးမှာလဲ၊ လာ လိုက်ခဲ့"

သူ ခဏတော့ ငြိမ်သက်သွားသည်။

"ကျွန်တော့်တာဝန်က ကားမောင်းပေးဖို့ပဲလို့ ကျွန်တော်

တယ်"

"အဲဒါဆို ဒါက အထုပ်တွေကို ငါ့ဘာသာငါ သယ်လာ

လား"

"ကျွန်တော့်ကို တောင်းဆိုခဲ့တုန်းက အထုပ်သယ်ပေးဖို့ မပါ

လို့ ကျွန်တော် ထင်ပါတယ်"

"နင်က အခု ငါ့ကို စောဒက တက်နေတာလား၊

အဲဒီအခွင့်အရေး မရှိဘူးလို့ ပြောပြီးသားနော်"

သူ ရပ်မြဲတိုင်း ရပ်နေ၏။

"နင်က ငါ့ကို လူကြားထဲမှာ ဒရိုင်ဘာတစ်ယောက်နဲ့

အချေအတင်ပြောပြီး အရှက်ကွဲစေချင်နေတာလား၊ ခုချက်ချင်း ငါ့

က လိုက်ခဲ့"

ခွန်းချို ပြောပြီး ချာခနဲ လှည့်ထွက်လာခဲ့သည်။ သူ





ပါလာမှန်း သူမ သိလိုက်၏။ သူမ နည်းနည်း စိတ်သက်သာရာ ရသွားသည်။ ဘာဖြစ်လို့လဲဆိုတော့ သူသာ ဆက်အတိုက်အခံ လုပ်နေပါက ခွန်းချိုသာ အမှန်တကယ် အရှက်ကွဲရတော့မည်။

ဘာကြောင့်မှန်းတော့ မသိ၊ ခွန်းချို စိတ်ထဲမှာ သူ့ကို လန့်သည့်စိတ်လေးက မသိမသာ ကိန်းအောင်းနေတာတော့ အမှန်ပင် ဖြစ်သည်။ ဘယ်လူတစ်ယောက်ရဲ့ အပြောအဆို အအော်အငေါက်ကိုမှ မခံခဲ့ရဘူးသော ခွန်းချိုသည် ပထမဆုံးအနေနှင့် သူ့ဆီမှ ဇော်ကားမှုတွေကို ခံယူခဲ့ရသည်။

ထို့ကြောင့်လည်း သူ့ကို ခွန်းချို ထိတ်လန့်နေမိပါလိမ့်မည်။ သူသည် ခွန်းချို မထင်မှတ်ထားသော အရာရာကို လုပ်ကိုင်နိုင်စွမ်းသော သူဖြစ်၏။

သူ့လက်ထဲမှာ စက္ကူအိတ်ပေါင်း ဆယ်အိတ်ထက်မနည်း ကိုင်မိချိန်မှာ သူမ ဈေးဝယ်ခြင်းကို ရပ်တန့်လိုက်၏။

"နင်က အဲဒီအထုပ်တွေ ကားထဲမှာ သွားထားရင်းနဲ့ ငါ့ကို စောင့်နေ"

သူ့မျက်နှာမှာ ဖဝေဖဝါ ဖြစ်သွားမှုကို အထင်းသား မြင်တွေ့ရသည်။

"ငါ ရုပ်ရှင်ဝင်ကြည့်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



“အမေလား”

“မေမေလေ နှင့် အဲဒါ ကားထဲကနေပဲ ငါ့ကိုစောင့်နေပါ”

သူ ခေါင်းညိတ်ပြသည်။ သူမ ချာခနဲ လှည့်ထွက်ခဲ့လိုက်

ကောင်းတယ် စောင့် စောင့်၊ အဲဒါ နင့်ကို တမင်သက်သက် ညှင်း

ချင်လို့လေ။

ရုပ်ရှင်မပြီးခင်မှာဘဲ ခွန်းချိုက အိမ်က ကားရပ်ထားသ

နေရာကို ကွေ့ရှောင်ကာ တက္ကစီငှားပြီး အိမ်ပြန်ရောက်နေခဲ့ပြီ

သည်။ ဟိုတစ်ယောက်တော့ ဘယ်အချိန်ထိ ဆက်စောင့်နေမလဲ မ

နိုင်ပါ။

အိမ်က လူတွေကလည်း တက္ကစီနှင့် ပြန်ရောက်လာသေ

သူမကို တအံ့တသြနှင့် ဝိုင်းကြည့်နေကြသည်။ ကိစ္စမရှိ၊ သူမရဲ့ အစီ

ရည်ရွယ်ချက်က သူ့ကို ရန်စဖို့သာ ဖြစ်သည်။

အိမ်ပြန်ရောက်လို့ စားသောက်ပြီးစီးသည်နှင့် သူမ တစ်

တစ်မော အိပ်ပျော်သွားခဲ့သည်။ ပြန်နိုးထလာချိန်မှာတော့ ညနေငါးနာ

ကျော်နေခဲ့ပြီ ဖြစ်၏။ စိတ်ပြေလက်ပျောက် ဖြစ်စေရန် ခြံထဲဆင်းခဲ့လို

သည်။

ခြံထဲမှာက သူမအကြိုက် စိုက်ပျိုးပေးထားသော နှင်းဆီ

ရောင်စုံတွေ ရှိ၏။ နောက်တော့ ခြံထောင့်မှာ အုပ်ဆိုင်းနေသည်





န်းပင်ကြီး နှစ်ပင်လည်း ယှက်လျက်ရှိသည်။ အဲဒီအပင်ကြီးများ

အောက်မှာမှ သစ်လုံးများဖြင့် ဆောက်ထားသော နှစ်ယောက်ထိုင် ခုံ

တန်းလေး။ ကျောမှီတစ်ခုထဲကို ဗဟိုပြုလျက် ဟိုဘက်ဒီဘက် ထိုင်လို့ရ

အောင် ဆောက်ထားခြင်း ဖြစ်သည်။ ထိုခုံလေးကို သူမ ငယ်စဉ်တည်းက

ဖေဖေက ပြုလုပ်ပေးခဲ့ခြင်း ဖြစ်၏။

အဲဒီ ခုံတန်းလေးပေါ်မှာ သူမ ထိုင်လိုက်သည်။ အနားမှာတော့

လှမြင့်က ပန်းပင်များ ရေလောင်းနေ၏။

“မနက်က အိမ်ကကား ဘယ်အချိန် ပြန်ရောက်လဲ”

“နေ့လယ် သုံးနာရီလောက်မှာပါ မမလေး”

သူမ စိတ်ထဲက သူ့ကို လှောင်ပြောင်လိုက်မိသည်။

“ငါ့ပစ္စည်းတွေရော သူ အိမ်ထဲ ပို့ပေးထားလား”

“သူ့မျက်နှာက ဒေါသထွက်နေသလိုပဲ မမလေး။ ဘာပစ္စည်းမှ

လည်း ကိုင်ပြီး ဆင်းလာတာ မတွေ့မိပါဘူး”

“ဟင် အဲဒါ တကယ်ပဲလား”

“သွားခေါ် ခုချက်ချင်း အဲဒီကောင်ကို သွားခေါ်ခဲ့”

“သူ သူ မရှိဘူး မမလေး”

“ဘာ”

သူမ မျက်နှာဖြူဖြူမှာ ဒေါသကြောင့် နီရဲနေပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မမလေး။ မမလေး မေးရင် ပြောလိုက်ပါဆိုပြီး ကျွန်တော့်ကို ပြောသွားတာပါ။ ဆေးရုံမှာ သူ့အဖေကို သွားကြည့်ပါတယ်"

"တောက်"

ကဲ သူမ ဘာပြောရတော့မလဲ၊ ဒီအိမ်က အလုပ်သမားတွေ အားလုံး တစ်နေရာရာသို့ သွားချင်လျှင် ဒယ်ဒီ့ထံမှဖြစ်စေ၊ ခွန်းချိုထံမှ ဖြစ်စေ ခွင့်တောင်းပြီးမှ သွားရခြင်း ဖြစ်၏။ ခုတော့ သူက ခွန်းချိုကို ဘာမှမပြောပါဘဲ ခွန်းချို မေးလျှင် ပြောလိုက်ပါဆိုပြီးတော့တောင် အမှာ ပါးသွားသေးသည်။

ဘယ်လောက်များ ခံပြင်းစရာ ကောင်းလိုက်ပါသလဲ။

"သူ ပြန်လာရင် ဘယ်အချိန်ဖြစ်ဖြစ် အကြောင်းကြားနိုင်း လိုက်ပါ"

"ဟုတ်ကဲ့ပါ မမလေး"

ခြံထဲမှာ စိတ်ပြေလက်ပျောက် ဆင်းထိုင်မိကာမှ တကယ့်ကို စိတ်ရှုပ်စရာနှင့် လာတိုးနေသည်။ ကိုယ့်အခန်းထဲ ကိုယ်ပြန်ဝင်နေ လိုက်၏။

တွေ့လား၊ အဲဒီလူက သူမ ထင်ထားသည့်အတိုင်းပဲ ဘယ်တော့ မဆို ခွန်းချိုကို စိတ်တိုပြီး မကျေမနပ်ဖြစ်အောင် လာလာဆွ ပေးနေ သည်။ ခွန်းချိုက တစ်ခုခု လုပ်လိုက်ရင် သူကလည်း ပြန်ပြီး ကလဲ့စား





ချေမယ်လို့များ ဆုံးဖြတ်ချက် ချထားလေသလား မသိပါ။

ဒါပေမဲ့ သူ့ကိုတော့ ထပ်ပြီး သတိပေးရပါဦးမည်။ ကေသရာ ဆိုတာ ချစ်ခွန်းချိုရဲ့ ဒရိုင်ဘာ တစ်ယောက်ဆိုတာကိုပေါ့။

■ ■ ■

ငြိမ်သက်စွာ ထိုင်ပြီး အိုင်ပေါ့လေးနှင့် သီချင်းနားထောင်နေ သော သူမရဲ့ နားထဲသို့ တံခါးခေါက်သံ တိုးတိုးက ဝင်လာသည်။ အစ ထည်းကလည်း သူမရဲ့ အာရုံများအားလုံးသည် နားထောင်နေသော သီချင်းထဲမှာ မရှိဘဲ ထိုတံခါးခေါက်သံကိုသာ မျှော်လင့်နေသည်။

"ဝင်ခဲ့"

ခွန်းချို ရှေ့တည့်တည့်သို့ သူ ရောက်လာသည်။ မျက်နှာက တော့ အပြစ်လုပ်ထားသော လူတစ်ယောက်၏ ပုံစံမျိုး လုံးဝ မဟုတ်ပါ။ အဲဒါကိုပဲ ခွန်းချိုက ဒေါသထွက်ရသည်။

"နင် အပြင်သွားမယ်ဆိုရင် ငါ့ကိုပြောပြီးမှ သွားရမယ်ဆိုတာ သိဘူးလား"

"အိပ်နေတယ်ဆိုလို့ပါ"

"အိပ်နေရင် ငါ နိုးလာတဲ့ထိ စောင့်ရင်စောင့်၊ မစောင့်ရင်လည်း ထိုးအစတည်းက ဒီလိုသွားမယ်ဆိုတာကို ကြိုပြီး ခွင့်တောင်းထားသင့် တယ် မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ကျွန်တော့်အဖေကို ဆေးရုံမှာ တစ်ရက်တစ်ခါ သွားကြည့်ခွင့်က တောင်းနေစရာတောင် မလိုဘူးနဲ့ တူပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စဖြစ်လာအောင် ဖန်တီးထားတဲ့သူက မချစ်ခွန်းချို ကိုယ်တိုင်ပဲလေ"

"ဘာ အခု နင် ငါ့နာမည်ကို ခေါ်လိုက်တာလား၊ ဒီအိမ်မှာ ငါ့ကို နာမည်တပ်ပြီး ဘယ်အလုပ်သမားမှ မခေါ်ရဘူး၊ မပြောရဘူး အဲဒီ စည်းကမ်းကို နင် မသိဘူးလား"

"ကျွန်တော့်ကို ပြောပြထားတဲ့ စည်းကမ်းချက်တွေထဲမှာ အဲဒီ အချက် မပါပါဘူး"

"အေး နင် မသိခဲ့ဘူးဆိုရင်လည်း အခု မှတ်ထားလိုက်"

သူ့မေးကြောများ တင်းနေတာကို ခွန်းချို လျစ်လျူရှုထားလိုက်သည်။

"ကျွန်တော့်အဖေကို ညနေတိုင်း ဆေးရုံမှာ သွားကြည့်ချင်တယ်၊ အဲဒီကိစ္စကိုပဲ အစကအနေနဲ့ ကျွန်တော် လာပြောတာပါ"

"အေး ငါ စဉ်းစားလိုက်ဦးမယ်"

ခွန်းချိုက ခပ်လျှင်းလျှင်း ပြောကာ ထိုင်နေရာမှ ထထွက်ရန် ပြင်လိုက်သည်။ သူ့နားမှအဖြတ် လက်ကို ဖျတ်ခနဲ ဆောင့်ဆွဲခြင်း ခံလိုက်ရသောကြောင့် ရုတ်တရက်မို့ ကိုယ့်ကိုယ်ကို မသိလိုက်ခင်မှာပင်





ခွန်းချိုရဲ့ ကျန်လက်တစ်ဖက်က သူ့ပခုံးစွန်းကို ဆောင့်တွန်းမိသည်။

"နင် နင် ဘာလုပ်တာလဲ"

"ကျွန်တော် ကောင်းကောင်းမွန်မွန် ပြောနေတာပါ၊ ကျွန်တော့် အဖေကို ဆေးရုံရောက်အောင် လုပ်ခဲ့တဲ့ လူတစ်ယောက်ဆီက ဒီလိုမျိုး ခွင့်တောင်းနေရတာကိုက ပုံမှန်မဟုတ်ဘူးလေ"

"အဲဒီအတွက်လည်း နင်တို့ကို ထိုက်တန်တဲ့ လျော်ကြေးပေးထားတယ် မဟုတ်လား၊ ငါ လုပ်ပေးထားလို့သာ နင့်အဖေ ဒီလိုမျိုး အေးဝင်ပြေပြေနဲ့ နေနိုင်လာတာ၊ နင့်အိမ်အစုတ်လေးထဲမှာသာ ဆက်ထား နေရင် ဘယ်အချိန် အသက်ပျောက်လို့ ပျောက်သွားမှန်းတောင် သိမှာ မဟုတ်ဘူး"

"လူ့ခန္ဓာကိုယ်တစ်ခုနဲ့ ရင်းပြီးပေးလိုက်ရတဲ့ ခံစားမှုတစ်ခု အတွက် ပြန်ပေးတဲ့ လျော်ကြေးတစ်ခုကို ထိုက်တန်တယ် မတန်ဘူး ပြောလို့ရလား"

"အေး ငါက နင်တို့လို လူတန်းစားတွေရဲ့ ခံယူချက်တွေကို နားထောင်ဖို့ မွေးဖွားလာတာ မဟုတ်ဘူး"

"တောက်"

သူ့ တောက်ခေါက်သံထဲတွင် မကျေနပ်သံတွေ တော်တော်များ တို့ ပျော်ဝင်နေမှန်း သိသာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဦးတို့ ဘေးချာနစ် ဖြစ်နေတာလား"

သူ ဘာမျှပြန်မပြော ခွန်းချို မျက်နှာကိုသာ စူးစိုက်ကြည့်နေသည်။ တကြာလောက်ကြာသောအခါမှ ဒီလိုမျိုး မုန်နှင့် ခွန်းချိုကို ဆက်ဆံဖို့ မပြောမှန်း နည်းနည်းလေး မျက်နှာမော်ကြည့်မိတာနဲ့ တစ်ခါတည်း အလုပ်တန်းဖြုတ်ပစ်လိုက်မိသည်သာ ဖြစ်သည်။

ဒါပေမဲ့ ခွန်းချိုမှာကလည်း ကိုယ့်အကြံနှင့်ကိုယ် သူ့ကို သူမ လက်အောက်မှာထားကာ နှိပ်ကွပ်ချင်သည့် စိတ်လေးက ခံနေသေးသည်။

ထို့ကြောင့်ပင် အားလုံးကို လျစ်လျူရှုလျက် အခန်းထဲမှ ထွက်ခဲ့လိုက်၏။ ဘယ်လိုပဲဖြစ်ဖြစ် ခွန်းချိုကို သူ ဒေါသဖြစ်လေလေ ခွန်းချို ဘက်က နိုင်လေပင် မဟုတ်လား။ အဲဒါကြောင့်လည်း သူမ စိတ်ထဲမှာ ကြိတ်ဝမ်းသာနေမိသေးသည်။

■ ■ ■

"သမီး ဘာတွေလုပ်နေတာလဲ"

"ဘာကိုပြောတာလဲ ဒယ်ဒီ"

ခွန်းချိုက မသိချင်ယောင်ဆောင်ကာ ပြန်မေးလိုက်သည်။

"ဘာကိုပြောတယ်ဆိုတာ သမီး သိပါတယ်လေ၊ ဦးမြတ်မောင်ရဲ့ သားကို အိမ်မှာ ဒရိုင်ဘာခန့်ထားတယ်ဆို"

"ပြော် ဒီကိစ္စလား။ ဟုတ်တယ် ဒယ်ဒီရဲ့၊ သမီးရဲ့ အသက်ကို





ကယ်ထားတဲ့သူဆိုတော့ သမီးကလည်း ပြန်ပြီး ကျေးဇူးဆပ်တဲ့ သဘောပါ"

"ဦးမြတ်မောင်ကို လုပ်ပေးထားတဲ့ ကိစ္စတွေကို ဒယ်ဒီလည်း ကျေနပ်ပါတယ်၊ ဒါပေမဲ့ ဒယ်ဒီ ကြားထားတဲ့ သတင်းတွေအရ ဦးမြတ်မောင်ရဲ့သားက သူ့အဖေ ဒီလိုဖြစ်ရတာ သမီးကြောင့်ပါဆိုပြီး သမီးလေးကို မကြည်မလင် ဖြစ်နေတယ်ဆိုပဲ"

ခွန်းချို မသိမသာ တစ်ချက်ရယ်မောလိုက်မိသည်။ ဒယ်ဒီ သိအောင် သူမ ဘာမှလုပ်လို့ မရတော့ဘူးလား။

"ဟုတ်တယ် ဒယ်ဒီရဲ့၊ ဒါပေမဲ့ သမီးကလည်း သူ့ကို မကျေနပ်ဘူးလေ၊ သိဝ်ကို ဘဝင်မြင့်နေတဲ့လူ၊ ဒါကြောင့် တမင်သက်သက် သမီးလက်အောက်မှာ ခေါ်ထားလိုက်တာ"

"သမီးလေးရယ် ဒယ်ဒီ အလိုလိုက်ထားလို့ သမီးလေးက လုပ်ချင်တာတွေ လုပ်နေတယ်ပေါ့လေ"

"ဒယ်ဒီက သမီးကို အပြစ်တင်နေတာလား"

"သမီးလေး တစ်ခုခုဖြစ်မှာကို ဒယ်ဒီက စိုးရိမ်တာပါ၊ မြွေပွေး ခါးပိုက်ပိုက်သလို ဖြစ်မှာ စိတ်ပူတယ်လေ"

"အဲဒီလို မဖြစ်စေရပါဘူး ဒယ်ဒီ၊ သမီးကို စိတ်ချပါ"

နောက်ဆုံးတော့လည်း ဒယ်ဒီပဲ အလျှော့ပေးချ ပေးချင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှောလိုက်ရသည်။ အဲဒါပဲလေ၊ ခွန်းချို ဖြစ်ချင်တာဆိုရင် ဘယ်တော့ဆို ဖြစ်ကို ဖြစ်ရမယ်၊ မဖြစ်လာဘူးဆိုရင်တော့. . .။

■ ■ ■

"ဒီနေ့ ညနေလေးနာရီလောက် ငါ သွားစရာ ရှိတယ်၊ အဲဒါ ကားအဆင်သင့် လုပ်ထားပါ၊ ပရာဒို မဟုတ်ဘူးနော်၊ ကယ်လ်ဒီးလက် ထုတ်ထားလိုက်"

သူမ ထမင်းစားနေရင်းနှင့် ကေသရာကို လှမ်းခေါ်ကာ ပြောလိုက်ခြင်း ဖြစ်သည်။ သူ တစ်ခုခု ပြန်ပြောရန် ပြင်၏။ သို့သော် ဘာမှဆက်မပြောပါ။

"နင် သွားစရာရှိရင် အခုသွားပါ၊ ဒါပေမဲ့ ငါ ပြောထားတဲ့ အချိန်အတိအကျတော့ ပြန်ရောက်ရမယ်၊ ပြောတာ ရှင်းလား"

သူ့မျက်နှာကို ခွန်းချို မကြည့်ပါ။ သူမနားကနေ ထွက်ခွာသွားသော သွက်လက်သော ခြေလှမ်းများရဲ့ အသံကိုတော့ သေချာ ကြားလိုက်ရသည်။

ညနေကျရင် ဒယ်ဗီကိုယ်စား ညစာစားပွဲတစ်ခုကို တက်ရောက်ပေးရမည်။ ဒယ်ဗီနှင့်လုပ်ဖော်ကိုင်ဖက် ဖနီးမောင်နံ့ရဲ့ နှစ်ဆယ့်ငါးနှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် သူတို့ မိသားစုပိုင် ဟိုတယ်တစ်ခုတွင် အခမ်းအနား ပြုလုပ်ခြင်းဖြစ်၏။





ဒယ်ဒီက နိုင်ငံရပ်ခြားသို့ ရောက်နေသည့်မို့ ဒယ်ဒီ့ကိုယ်စား ခွန်းချိုကသာ တက်ရောက်ပေးရမည် ဖြစ်၏။

သိပ်တော့ ကိစ္စမရှိပါ။ ဒယ်ဒီ့မိတ်ဆွေ အန်ကယ် ဦးသော်တာက ခွန်းချိုတို့အိမ်တွင် အလုပ်ကိစ္စတစ်ခု ဒယ်ဒီနှင့် လာရောက်ဆွေးနွေးစဉ်တုန်းက သူမနှင့် တွေ့မြင် မိတ်ဆက်ပေးထားဖူးသည်။

ဘာပဲဖြစ်ဖြစ် ဒယ်ဒီ့ကိစ္စဟာ သူမနှင့်လည်း သက်ဆိုင်သည့်မို့ လုပ်ပေးနိုင်တာရှိလျှင်တော့ ဝင်ရောက်လုပ်ကိုင်ပေးခဲ့ပါသည်။

ညနေငါးနာရီအတိတွင် သူမ အားလုံး ပြင်ဆင်ပြီးသွားပြီ။ ဖန်းဆီရောင် ဂါဝန်တိုတိုလွင့်လွင့်လေးက ရင်ပြတ်ပုံစံလေးမို့ ကိုယ်ခန္ဓာအလှကို အတော်လေး ဖော်ပြထားသလို ဖြစ်နေသည်။ ဂါဝင်းသော အသားအရေလေးကလည်း ရွှေရောင်ဖိတ်ဖိတ်တောက်သလို ရှန်းစိုဝင်းလက်နေ၏။ အောက်က လေးလက်မဒေါက် ခဲရောင်လေးကို စီးလိုက်တော့ နဂိုက ရှည်သွယ်သော အရပ်နှင့် အလှနံပင် ကြည့်ကောင်းသွားသည်။

အိမ်ရှေ့ဆင်ဝင်အောက်တွင် အနက်ရောင် ကယ်လ်ဒီးလက်ထားလေးနှင့် အဆင်သင့် တွေ့လိုက်ရသည်။ သူက ကားဘေးမှာ မတ်တတ်ရပ်လျက် ထုံးစံအတိုင်း လည်ကတုံးအင်္ကျီနှင့် ပုဆိုးအကွက်စိပ်စိပ်လေးကို ဝတ်ဆင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဆင်ယင်ထားသမျှသည် တန်ဖိုးမကြီးသည့် အဝေါ်တားမှ
ခွန်ချို ခန့်မှန်းလို့ ရနေပေမယ့် သူ ဝတ်ဆင်ထားစဉ်မှာတော့ အကော
လေးကို ကြည့်ကောင်းတာ အမှန်ပင် ဖြစ်၏။

ကားတံခါးကို သူက အရန်သင့် ဖွင့်ပေးသည်။ ခွန်းချိုက်
လုံး၀ ကြေည့်ပါ။ မျက်လုံးများကို ကြမ်းဖြင်တွင်သာ စိုက်ချထား
ဒီလိုကျတော့လည်း အရမ်းကို အပိုးကျိုးနေသော အလုပ်သမားတ
ယောက်၏ ဟန်ပန်မျိုးနှင့် ဖြစ်သည်။

ခမ်းနားကြီးကျယ်လှသော ဟိုတယ်ကြီးတစ်ခု၏ ရှေ့တွင် ကာ
ထိုးရပ်လိုက်ပြီးသည်နှင့် သူက ကားတံခါးကို ဆင်းဖွင့်ပေးပြန်သည်
တော်တော်လေးကို အပိုးကျိုးလာသည့် ပုံပါပဲ။ ဟိုတယ်ထဲဝင်ရန် ခြေလှ
မြင်ပြီးမှ သူ့ဘက်သို့ ပြန်လှည့်လိုက်ကာ

"ဘယ်မှထွက်မသွားနဲ့ဦး။ ငါ ပြန်ထွက်လာတဲ့ထိ ဒီနားမှာ
ရှိနေပါစေ"

"ဟုတ်ကဲ့"

သူ့ရဲ့ ရိုကျိုးလာမှုအတွက် ခွန်းချိုက တစ်ချက်ကြိတ်ပြုံးလိုက်
ရင်း ဟိုတယ်ထဲသို့ ကြွကြွရွရွလေး လှမ်းဝင်ခဲ့လိုက်သည်။

• ခွန်းချို ဝင်လာတာကို မြင်သည်နှင့် ဧည့်ပရိသတ်အားလုံး
မျက်လုံးတွေ ခွန်းချိုထံမှာသာ စုပြုံကျကုန်၏။ ချစ်ခွန်းချိုဆိုတာ ဒီ





မှီနိုင်သမျှသော လူတွေရဲ့ အာရုံကို ဖမ်းစားနိုင်လောက်သည်ထိ လှပကာ
နာမည်ကြီးသောသူတစ်ယောက် ဖြစ်သည်။

အန်ကယ် ဦးသော်တာက သူမကို မြင်သည်နှင့် ပျာပျာသလဲ
လာနှုတ်ဆက်သည်။

"သမီး ရောက်လာပြီလား။ သမီးရဲ့ဒယ်ဒီက ဖုန်းလှမ်းဆက်
ထားလို့ သမီးလေးပဲ လာနိုင်မယ်ဆိုတာ သိပြီးပါပြီ။ အဲဒါကြောင့် စောင့်
နေတာလေ။ သမီးက လှုငယ်ဆိုတော့ အန်ကယ့်သားနဲ့ ဝိုင်းလိုက်လေ၊
သားသူငယ်ချင်းတွေရှည်းပါပဲ"

အန်ကယ် ဦးသော်တာက သူ့သားဆိုသူကို လက်ညှိုးညွှန်ပြ
သည်။ အရပ်သိပ်မမြင့်ပေမယ့် စတိုင်ခပ်မိုက်မိုက်ကြောင့် ပေါ်လွင်နေ
သော အသားဖြူဖြူနှင့် ခွန်းချိုတို့အရွယ် ကောင်လေးတစ်ယောက် ဖြစ်
သည်။

သူတို့ဝိုင်းထဲမှာ မိန်းကလေးတချို့လည်း ရှိနေသည်မို့ သူမ
လည်း အီလည်လည်နှင့်ပင် လျှောက်သွားလိုက်ရသည်။ ဦးသော်တာ
သားဖြစ်သူက ခွန်းချိုပင် သူတို့ဝိုင်းနားသို့ မရောက်ခင်မှာဘဲ အနားသို့
လျှောက်လာကာ လက်တစ်ဖက်ကို ရှေ့သို့ဆန့်တန်းလျက်

"ဟိုင်း ငါ့နာမည် ဆန်းသစ်စ ပါ။ မင်းက အန်ကယ်ချမ်းနိုင်ရဲ့
တစ်ဦးတည်းသော သမီး ချစ်ခွန်းချို မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ငါ့ကို ဘယ်လိုသိနေတာလဲ"

"နင်က ငါတို့ အသိုင်းအဝိုင်းထဲမှာ နာမည်ကြီးပဲဟာ၊ မသိတဲ့ သူ တစ်ယောက်မှ မရှိဘူး။ ဖေဖေက ငါ့ကို ဒီပွဲကို နင် လာမယ်ဆိုတာ ပြောထားပြီးသား"

"ဘာဖြစ်လို့ ပြောထားရတာလဲ"

"နင်နဲ့ငါ့ကို ရင်းနှီးစေချင်လို့ပေါ့"

"မလိုပါဘူးလေ"

သူမရဲ့ လေသံသည် အနည်းငယ်မျှပင် လိုက်လျောရင်းနှီး မရှိသည့် လေသံမျိုးသာ ဖြစ်၏။ ဒါပေမဲ့ ဆန်းသစ်စရဲ့ အမူအရာ ကတော့ သူမနှင့် ညီဝ်ကို ရင်းနှီးပတ်သက်ချင်နေမှန်း သိသာပါသည် အဲဒီလို ယောက်ျားမျိုးကို သူမ နည်းနည်းမှ စိတ်ဝင်စားပေ မရတာလည်း အမှန်ပင် ဖြစ်၏။ မိန်းမတစ်ယောက်ကို မြင်မြင်ချင်းမှာ ဒိဝ်ကို အကျွမ်းတဝင် ဆက်ဆံတတ်သည့် ခပ်ပေါ်ပေါ် ယောက်ျား တွေကို သူမ မနှစ်သက်ပါ။

"နင် ဘာသောက်မလဲ၊ ဝိုင်ပဲလား"

"ဝိုင်အနီပဲ ပေးပါ"

ဆန်းသစ်စက ဝိတ်တာ တစ်ယောက်၏ ဗန်းထဲမှ ဝိုင်အ တစ်ခွက်ကို ယူလျက် သူမထံ ကမ်းပေးသည်။ ညစာစားပွဲကို ဘူ





ပုံစံ ခင်းကျင်းထားခြင်းမို့ ကိုယ်နှစ်သက်ရာကို အသင့်ထည့်စားရုံသာ ဖြစ်၏။ သူမကတော့ ဘာမှမယ်မယ်ရရ မစားဖြစ်ပါဘဲ ဝိုင်တွေသာ လိုနဲ့သောက်နေမိသည်။

ဝိုင်လေးခွက်လောက် သောက်အပြီးမှာ သူမ ခေါင်းထဲမှာ ရီဝေဝေ ဖြစ်လာသောကြောင့် ပြန်ရန် ဆုံးဖြတ်လိုက်၏။

"နင် အခုဝင်ပြေရဲ့လား။ ကားမမောင်းနိုင်ရင် ငါ လိုက်မောင်း ပေးမယ်လေ"

သူမ လက်တစ်ဖက်ကို လာတွဲလျက် ပြောလိုက်သော ဆန်းသစ် စကို တစ်ချက် ဘုကြည့်ကြည့်ပစ်လိုက်ပြီး လက်ကိုလည်း ဆောင့်ရုန်း လိုက်၏။

"မလိုဘူး။ ငါ့မှာ ဒရိုင်ဘာ ပါတယ်"

"နင်တို့ ဒရိုင်ဘာ ဟိုတလောက ကားတိုက်မှု ဖြစ်တယ်ဆို"

အဲဒီသတင်းထိ လိုက်သိနေသော လူတွေကို သူမ နည်းနည်း အံ့ဩသွားမိ၏။

"ဒရိုင်ဘာ တစ်ယောက် ကားတိုက်တာနဲ့ပဲ ငါတို့က ဒရိုင်ဘာ အသစ် မငှားနိုင်တော့ဘူးလား။ စကားကို ကြည့်ပြောပါ ဆန်းသစ်စ"

"ဆောရီးပါဟာ၊ ငါက အဲဒီသဘောနဲ့ ပြောတာ မဟုတ်ပါဘူး"

ဆန်းသစ်စက ပျာပျာသလဲ တောင်းပန်ပါသည်။ ဒါပေမဲ့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လိုမျိုး သူစိမ်းတစ်ယောက်ရဲ့ ကိုယ်စွတွေကို စပ်စပ်စုစု လိုက်မေးသေ
အမူအကျင့်မျိုးကိုလည်း သူမ မနှစ်မြို့ပါ။

"နင့်ကို ဟိုတယ်ရှေ့ထိတော့ လိုက်ပို့မယ်နော်"

သူမ ဘာမှ ခွန်းတုံ့ပြန် ပြောချင်စိတ် မရှိတော့၍ ကိုယ့်ခြေလှ
ကိုသာ သတိထားလှမ်းနေလိုက်သည်။ ခြေလှမ်းများက သတိထားမလှ
လျှင် အနည်းငယ် ယိုင်ချင်ချင် ဖြစ်နေသောကြောင့် ဖြည်းဖြည်းမှန်
သာ ဂွကြွေလေးနှင့် လျှောက်နေရ၏။

ဆန်းသစ်ကတော့ ဘေးနားကနေ ကပ်လျက် ပါလာပါသ
ဟိုတယ်ပြင်သို့ ရောက်သည်နှင့် ကားရပ်ခဲ့သည့် နေရာကို မျက်
ဝေ့ဝဲ ကြည့်လိုက်မိသည်။ ကားထဲမှာ ထိုင်ကာ ဂျာနယ်ဖတ်နေသေ
သူ့ပုံရိပ်ကို မသဲမကွဲ လှမ်းမြင်ရ၏။

"ဘယ်ကားလဲ ချို"

"နင် ငါ့ကို ဘယ်လိုခေါ်လိုက်တာလဲ"

သူမကို ချိုဟု တစ်လုံးတည်း မည်သူမျှ မခေါ်ခဲ့ဘူးပါ။ မည်
ကိုမှလည်း ခေါ်ခွင့်မပေးနိုင်ပါ။ ဒီလူက နည်းနည်းတော့ များလာပြ

စိတ်တိုတိုနှင့်ပင် ဆန်းသစ်ကို မျက်နှာချင်းဆိုင်ပစ်လိုက်

"နင်နဲ့ငါနဲ့ သိပ်ရင်းနှီးနေတယ်လို့များ နင့်စိတ်ထဲမှာ ထ
နေလား ဆန်းသစ်၊ အဲဒါဆိုလည်း အဲဒီအတွေးကို နေရာမှာထ





ရပ်တန့်က ရပ်လိုက်ပါ။ အတူးသဖြင့် ငါနဲ့ ရင်းနှီးတဲ့ ပုံစံ ဖမ်းတတ်တဲ့
ယောက်ျားမျိုးကို ငါ ရွံတယ်"

သူ့ကို ပြောပြီး နေရာကနေ လှည့်ထွက်လိုက်သော ခွန်းချိုမှာ
ခြေလှမ်းတစ်ချက် ယိုင်နဲ့သွား၏။ အဲဒါကို ဆန်းသစ်က ပခုံးအား
အသာအယာ လှမ်းပွေ့ဖက်ကာ ထိန်းပေးလိုက်သောကြောင့် အောက်ထိ
ပြိုလဲကျမသွားခြင်း ဖြစ်သည်။

ဒါပေမဲ့ မတတ်နိုင်ပါ။ သူမရဲ့ လက်များက ဆန်းသစ်ရဲ့
ပါးပြင်ထက်သို့ ရောက်သွားခဲ့ပြီး ဖြစ်သည်။

"ဟာ မင်း မင်း အဲဒါ ဘယ်လိုလုပ်လိုက်တာလဲ မှိုင်းလာရည်
လား"

"ဟုတ်တယ် ချစ်ခွန်းချိုအကြောင်းတွေကို မသိသေးရင် နင်
စုံစမ်းထားလိုက်ဦး"

"တော်တော် မိုက်ရိုင်းတဲ့ မိန်းမကွာ"

"အေး ငါ ရိုင်းတယ်ဆိုတာလည်း နင့်အပြုအမူတွေကြောင့်
ရိုင်းရတာပဲ"

"အဲဒါကြောင့်လည်း ချစ်ခွန်းချိုဆိုတာ ရုပ်လေးချောအဲ
လောက် အပြောအဆို သိပ်ရိုင်းတယ်လို့ လူတွေက ပြောကြတာကိုး"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



သူမ လက်တစ်ဖက်က မြောက်တက်သွား၏။ သို့သော် ဆ
သစ်စက ထိုလက်ကို လေထဲမှာသာ ရပ်တန့်သွားအောင် ဖမ်းဆုပ်ကို
လိုက်သောကြောင့် သူမ ရည်ရွယ်ချက်တို့ မအောင်မြင်နိုင်ဘဲ ဖြစ်သွ
သည်။ ဆန်းသစ်စ လက်ထဲတွင် နာကျင်လာသော သူမ၏ လက်လေး
ရုန်းကြည့်ပါသော်လည်း ဘယ်လိုမှ ရုန်းမထွက်နိုင်ဘဲ ဖြစ်နေသည်

တင်းကျပ်နေအောင် ဖိကိုင်ထားသော လက်ချောင်းမျ
အတွင်းမှာ ခွန်းချိုရဲ့ လက်လေးတောင် ကြေမွသွားတော့မလား ထင်
မိ၏။

"အဲဒီလက်ကို လွှတ်ပေးလိုက်ပါ"

အနားတွင် ကပ်ကာ ထွက်လာသော ကြည်လင်ပြတ်သားသ
အသံကြောင့် သူမရော ဆန်းသစ်စပါ ပြိုင်တူ လှည့်ကြည့်လိုက်မိ
ခွန်းချို ဘယ်လိုမှ မထင်မှတ်ထားပါသော သူ ဖြစ်နေသည်။

"မင်းက ဘယ်သူလဲ"

"ငါ ဘယ်သူလဲဆိုတာထက် အဲဒီလက်ကို အရင်လွှတ်လို
ပါ"

"မလွှတ်နိုင်ဘူးကွာ။ ဘာလဲ မင်းက အချစ်ရုပ်ရှင်တွေထဲက
ဟီးရိုးဝင်လုပ်ချင်တာလား"

ကောသရာ့လက်တစ်ဖက်က ခွန်းချို လက်ကို ဆုပ်ကိုင်ထ





သော ဆန်းသစ်စ၏လက်များပေါ်သို့ အုပ်ကိုင်ကာ ဆွဲခွာပစ်လိုက်၏။
တစ်ချက်ပဲ ဆွဲခွာပစ်လိုက်ရုံနှင့် သူမရဲ့ လက်လေးလည်း လွတ်မြောက်
သွားတော့ ဆန်းသစ်စရဲ့ လက်လည်း အတော်လေး နာကျင်သွားပုံ
ရပါသည်။

သူမ လွတ်မြောက်သွားသည်နှင့် ထိုနေရာမှ အမြန်ဆုံး ထွက်
ခွာလာခဲ့သည်။ ကောသရာကလည်း သူမနားမှ ထပ်ချပ်မကွာ လိုက်ပါလာ
သည်။

ထိုမြင်ကွင်းကို အစအဆုံး ကြည့်နေသော ဆန်းသစ်စကတော့
ဘောက်တစ်ချက် ကျယ်လောင်စွာ ခေါက်ပစ်လိုက်၏။

တစ်လမ်းလုံး သူ့မျက်နှာကိုတောင် မကြည့်ဘဲ ခွန်းချို တစ်
ယောက်တည်း ငြိမ်သက်နေမိသည်။ သူကတော့ ဘာကိုမှ ရင်မဆိုင်လာ
ခဲ့ရသလိုပါပဲ၊ ကားကို ပုံမှန်အတိုင်း ဖြည်းဖြည်းမှန်မှန်သာ မောင်းနှင်
နေ၏။

ခြံဝင်းထဲသို့ ပြန်ရောက်သည်ထိ သူ့ကို နည်းနည်းမှ လှည့်
ကြည့်ခဲ့မိပါ။ သူမရဲ့စိတ်တွေ တကယ်ကိုပဲ နောက်ကျိရှုပ်ထွေးနေ၏။
သူ့ရှေ့မှာမှ ပြီးတော့ သူ ဝင်ဖြေရှင်းပေးလိုက်တော့မှ ပြေလည်သွားသော
ထိုပြဿနာကို သူမ မလိုချင်ပါ။

ဆန်းသစ်စဆိုသော ယောကျ်ားကိုလည်း တော်တော်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ချဉ်သွားမိ၏။ ယောက်ျားတစ်ယောက်ဖြစ်ပြီး ဘာအပြုအမူအလေအမှ မရှိပါဘဲ မိန်းမတစ်ယောက်နှင့် ဖက်ပြိုင်ကာ စကားနိုင်လုရဲသော ထိုလူကို စိတ်ထဲမှာ အားရပါးရ လှောင်ရယ်ပစ်လိုက်သည်။

ဒါပေမဲ့ ကံဆိုးစွာပင် နောက်တစ်နေ့ မနက်စောစော သူမ ဘရိတ်ဖတ် စားနေတုန်းမှာပဲ ဒယ်ဒီ့ထံမှ ဖုန်းဝင်လာခဲ့၏။

"ဒယ်ဒီကတော့ သမီးကို မျက်လုံးနှစ်လုံးပွင့်တာနဲ့ တန်းပြီး သတိရနေပြီနဲ့ တူတယ်"

သူမက ခပ်နောက်နောက်လေး ပြောလိုက်သည်။ သို့သော် ဒယ်ဒီ့ထံမှ အရင်လို ရွှင်မြူးသော တုံ့ပြန်သံမျိုးကို သူမ ပြန်မကြားရပါ။

"ခွန်းချို မနေ့က ဒင်နာကို သမီး သွားခဲ့တယ်နော်"

"သွားခဲ့တယ်လေ ဒယ်ဒီ"

အဲဒီထိလည်း ပြဿနာကို သူမ မရိပ်စားမိသေးပါ။ ဒယ်ဒီ့ထံမှ သက်ပြင်းချသံသဲ့သဲ့ ကြားရသည်။

"မနက်က ဒယ်ဒီ့ဆီကို ကိုသော်တာ ဖုန်းဆက်တယ်"

"ဟုတ်လား ဘာဖြစ်လို့လဲ ဒယ်ဒီ"

"မနေ့ညက သူ့သား ဆန်းသစ်စနဲ့ သမီးရဲ့ ဒိုင်ဘာနဲ့ ပြဿနာ တက်ကြသေးတယ်ဆို"

"ရှင်"





တကယ့်ကို အံ့ဩသွားမိခြင်း ဖြစ်၏။ ဆန်းသစ်စကို ဒီလောက် ...ဆန်ဆန် လုပ်လိုက်လိမ့်မည်လို့ သူမ မထင်မှတ်ထားပါ။ အဲဒါဟာ ...လောက်များ ကလေးဆန်လိုက်သည့် လုပ်ရပ်လဲဆိုတာ ဆန်းသစ်စ ...တိုင်တောင် အတွေးမပေါက်ခဲ့ဘူးနှင့် တူပါသည်။

"အဲဒါ တကယ်ပဲလား သမီး"

သူမ မည်သို့ ဖြေရှင်းရပါ့မလဲ။ ကေသရာနဲ့ ဆန်းသစ်စ ...သနာ ဖြစ်ခဲ့တယ်ဆိုတာလည်း သူမကြောင့်ပဲလေ။ အဲဒါကို ဒယ်ဒီ ...ချင် သေချာပေါက် သူမ အနည်းအများတော့ အဆူခံရတော့မည် ...

"အဲဒါ တကယ်ဖြစ်ခဲ့တာလားလို့ ဒယ်ဒီ မေးနေတယ်လေ ...လေး"

"အဲဒီအဖြစ်မျိုး တကယ် ဖြစ်ခဲ့ပါတယ် ဒယ်ဒီ၊ ဒါပေမဲ့"

သူမသည် ကေသရာ့ဘက်က တစ်ခုခု ရှေ့နေလိုက်ပေးမိမလို ...သွားသော ကိုယ့်စိတ်အား လျင်မြန်စွာပင် ချုပ်ထိန်းလိုက်မိပြန်၏။ ...ခြင်း သူမ ကေသရာ့ဘက်ကနေ ဘာကိုမှ ခုခံကာကွယ် ပြောမပေး ...

"အင်း ဆက်ပြောလေ သမီး၊ ဒယ်ဒီ နားထောင်နေပါတယ်"

"ဘာမှမဟုတ်တော့ပါဘူး ဒယ်ဒီ၊ ကေသရာနဲ့ ဆန်းသစ်စတို့



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ ပြဿနာ ထက်ခဲ့ကြပါတယ်"

ဆန်းသစ်စ ကိုယ်တိုင်ကလည်း ကေသရာနဲ့ သူတို့ ပြဿနာ တက်ကြသည်ဟုသာ ဦးသော်တာကို ပြောပြခဲ့ရ၏။ သူမ စာမည်ကိုတော့ ထည့်ပြောခဲ့သည့်ပုံ မပေါ်ပါ။ အဲဒါကပဲ တစ်မျိုးကောင်းနေသေးတော့ သည်။

"အဲဒီကိစ္စကို သမီးဘက်က တစ်ခုခုလုပ်ပေးမှ သူတို့ ကျေနပ် ကြလိမ့်မယ်ကွဲ့"

"သမီးက ဘာလုပ်ပေးရမှာလဲ ဒယ်ဒီ၊ သမီးနဲ့မှ ဘာမှမဆိုင် တာကြီးကို"

"သမီးရဲ့ ဒရိုင်ဘာနဲ့ ဖြစ်ခဲ့တာလေ၊ သမီးနဲ့မဆိုင်လို့ ဘယ်သူ နဲ့ဆိုင်ရမှာတုန်းကွဲ့"

"ဒါဆို သမီးက ဘာလုပ်ပေးရမှာလဲ ဒယ်ဒီ"

"သမီးဘက်က ဒရိုင်ဘာကို တစ်ခုခု အရေးယူရမှာပေါ့"

"သမီး သူ့ကို အလုပ်တော့ ဖြုတ်မပစ်နိုင်ဘူးနော် ဒယ်ဒီ"

"သမီး သဘောပါ၊ ဒါပေမဲ့ ကိုသော်တာတို့ဘက်က ကျေနပ် သွားအောင်တော့ ဒယ်ဒီတို့က တစ်ခုခု လုပ်ပေးရလိမ့်မယ်"

တကယ့်ကို မကျေနပ်ဖွယ်ရာ အနေအထားပင် ဖြစ်သည်။ ဆန်းသစ်စကလည်း မှားသေးသည်။ သူမတို့ကပဲ တစ်ဖန်ပြန်ပြီး သူတို့





ကျေနပ်အောင် လုပ်ပေးရမည်ဆိုတော့ တစ်ဆိတ် လွန်လွန်း၏။

သို့သော် မတတ်နိုင်တော့ပါ။ တကယ်တမ်း ပြန်စဉ်းစားကြည့် လျှင် ကေသရာကလည်း ဝင်မပါသင့်တာကို ပါခဲ့လို့ ခုလို မဖြစ်သင့်တာ တွေ ဆက်ဖြစ်ကုန်ခြင်း ဖြစ်သည်။ တကယ်တော့ သူမ တစ်ယောက် ထည်းတွင် တာဝန်ရှိခြင်း မဟုတ်ဘဲ ကေသရာ့တွင်လည်း တာဝန်ရှိပါ သည်။

နောက်ဆို သူမကိစ္စတွေမှာ ဝင်မပါဖို့ မှာထားရဦးမည်။

သူမ ပထမဆုံးလုပ်သော အလုပ်သည် မိန္နာကို ကေသရာ့ထံ အခေါ်လွှတ်လိုက်ခြင်း ဖြစ်၏။ ခွန်းချိုရှေ့သို့ သူရောက်လာချိန်တွင် ချိန်၍ စိတ်ထဲမှာ သူ့ကိုပြောရန် စကားလုံးများ စီစဉ်ခဲ့ပြီးပြီ ဖြစ်သည်။

"ကျွန်တော့်ကို ခေါ်တယ်ဆိုလို့ပါ"

"အေး ဟုတ်တယ် ညက ကိစ္စကို နင်နဲ့ပြောချင်လို့ ငါ ခေါ် ခိုင်းလိုက်တာ"

"ဟုတ်ကဲ့ ပြောပါ"

"နောက်ဆို ငါ့ကိစ္စတွေမှာ ဝင်မပါပါနဲ့၊ နင်နဲ့မဆိုင်ရင် မဆိုင် သလို နေပါ၊ နင် ဝင်ရှုပ်လိုက်တော့ ငါ ပိုပြီး အာရုံနောက်ရတယ်"

သူ့မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး ပြောနေခြင်း ဖြစ်သော ကြောင့် သူ့မျက်နှာပေါ်က အံ့သြခြင်းအရိပ်အငွေ့လေး ဖြတ်သန်းသွား



www.burmeseclassic.com

www.burmeseclassic.com



တာကိုလည်း သူမ သေချာမြင်လိုက်ပါသည်။

"အဲဒီတော့ ညက နင်လုပ်ခဲ့တဲ့ အပြစ်အတွက် လစာရဲ့ တစ်ဝက်တိတိ ဒီလဖြတ်မယ်၊ ကျေနပ်လား"

သူ ဘာမှပြန်မဖြေပါ။ ခွန်းချို မျက်နှာကိုသာ မမိုတ်မသုန် စိုက်ကြည့်နေခဲ့သည်။

"ဟဲ့ ငါ ပြောနေတာကို ကြားရဲ့လား။ တကယ့်ကို အူကြောင်ကြောင် မျက်နှာနဲ့ လာကြည့်နေတယ်"

"ကျွန်တော်က မကျေနပ်စရာ မရှိပါဘူး။ ကျွန်တော့်အတွက် အဲဒီလစာဆိုတာက အသားတင်ရနေတာပဲလေ၊ စားစရိတ် နေစရိတ်တွေ အတွက်က ပူပန်စရာမှ မလိုတာ၊ မေမေ့ဆေးဖိုးကအစ ဒီကပဲ တာဝန်ယူထားတာ မဟုတ်လား"

သူ ပြောတာလည်း ဟုတ်နေသည်။ သူမဘက်က အပြစ်ပေးသည့်အနေနှင့် လစာတစ်ဝက်ဖြတ်သော်လည်း သူ့အတွက်ကတော့ ဘာမှ ထူးခြားသွားမှာ မဟုတ်။ သူ့တာဝန်ကျစရိတ်အားလုံးကို ခွန်းချိုကပဲ တာဝန်ယူပေးထားတာလေ။

"နင် သွားလို့ရပြီ၊ နောက်ဆို ငါ ပြောတာကို သေချာမှတ်ထားပါ၊ ငါ့ကိစ္စတွေ မှန်သမျှကို နင်နဲ့ဘာမှမဆိုင်တဲ့အတွက် မဆိုင်သလိုဘဲ နေပါ"





"ဟုတ်ကဲ့"

သူ ခွန်းချိုနားမှ ပြန်ထွက်ခွာသွားသည်။ ခွန်းချို စိတ်ထဲမှာ …နဲ့ပတ်သက်ပြီးတော့ မတင်မကျလေး ဖြစ်ကျန်ခဲ့၏။

သူဟာ ဘယ်လိုလူစားလဲ။ သူမဆီကို ချဉ်းကပ်လာခြင်းဟာ …များလှစွာသော အခွင့်အရေးတွေကြောင့်လား။ သူတို့လို လူတန်းစား …က ပိုက်ဆံရမယ်ဆို ဘာမဆိုလုပ်ဖို့ ဝန်လေးတတ်ကြသူများ မဟုတ်။ …ချို ရင်ထဲတွင် သူနှင့်ပတ်သက်ပြီးတော့ မေးခွန်းပေါင်းများစွာ ရှိနေ …သည်။

သူ့ကို သူမနားမှာ ခေါ်ထားရသော်လည်း တကယ်တမ်းမှာ …နှင့်ပြည့် စိတ်ချမှုမျိုးနှင့်တော့ မဟုတ်ခဲ့။ ခွန်းချိုဘက်က သူ့ကို …တွေနှပ်သလို သူကလည်း ခွန်းချိုကို အနီးကပ် ရန်လုပ်ချင်လို့ အလုပ် …င်လာခဲ့တာလို့ပဲ မြင်နေခဲ့သည်။

ဒါပေမဲ့ ခုချိန်ထိတော့ သူ့ဘက်က ခွန်းချိုကို ထိခိုက်နစ်နာစေ …သည့်ကိစ္စမျိုးတွေ ဘာမှမလုပ်ခဲ့သေးပါ။ သူမကသာ သူ စိတ်မတိုတိုအောင် …လုပ်သွားသွား စမိနေခြင်း ဖြစ်သည်။

ဟွန်း သူ့စိတ်ကို နားလည်ရန်မှာ တော်တော်လေး ခက်ခဲမည့် …ပုံပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ခွန်းရို့ အိပ်မပျော်သေး၍ ခြင်ထဲဆင်းကာ လမ်းလျှောက်နေမိ

သည်။ ဒယ်ဒီကလည်း စင်ကာပူမှာ ရုံးခွဲတစ်ခု စတင်ဖွင့်ဖွင့်ချင်းမို့

နေသားတကျ ဖြစ်စေရန် ဟိုမှာ တော်တော်ကြာကြာလေး ရုံးသွားထိုင်

ပေးနေရသည်။

အရင်ကလည်း ဒီလိုပဲ တစ်နေရာမဟုတ် တစ်နေရာသို့ ဒယ်ဒီ

အလုပ်ကိစ္စတွေနှင့် ရက်ရှည်ခရီးတွေ သွားတတ်မြဲ ဖြစ်သည်။ ဒါပေမဲ့

တစ်ခါမှတော့ ဒီလိုမျိုး မကြာခဲ့ဘူးပါ။

ဘာပဲဖြစ်ဖြစ် ဒယ်ဒီက အလုပ်ရှုပ်သူဆိုပေမယ့် ထမင်းဝိုင်းတို့

မနက်စာ ကော်ဖီဝိုင်းတို့မှာ ဆုံလျှင်တော့ သူမနှင့်စကားစမြည် ပြောဖြစ်

သည်။ သူမ လိုချင်တာရှိလျှင် ဒယ်ဒီ ပိုက်ဆံပူကြီးကို နောက်က သိုင်းဖက်





ပြီး ခပ်ချွဲချွဲလေးလုပ်လျက် ပူဆာပစ်လိုက်မည်။

ခုတော့ ဒယ်ဒီကလည်း ပြန်မလာသေးပါ။ ခွန်းရို့နားမှာ

ရည်သူမှလည်း မရှိပါ။ သူမ မြင်နေရသမျှသည် သူမကို ကြောက်ရွံ့စွာ

နှင့် မျက်လွှာချကာ စကားတိုးတိုးပဲ ပြောခွင့်ရှိသော အိမ်ရှိအလုပ်သမား

များသာ ဖြစ်၏။

ကြာတော့လည်း သူမ ပျင်းရိငြီးငွေ့လာခဲ့သည်။ အဲဒီလို ပျင်းရိ

ငြီးငွေ့လာလျှင် သူမ ဈေးဝယ်ထွက်မည်။ ဒယ်ဒီ ရှိနေရင်တော့ နိုင်ငံ

ရပ်ခြားထိ သွားအာဖနေစ်ယောက် ရှော့ပင်ထွက်ကြမြဲ ဖြစ်၏။ ခုတော့

သူမမှာ ဈေးဝယ်စရာ ရှော့ပင်းမောလ်လည်း ကုန်သလောက် ရှိနေပြီ။

ဘာအဝတ်အထည် အသုံးအဆောင်ကိုမှလည်း အထူး မလို

အပ်တော့ပါ။ အားလုံးက အရန်သင့် ပြီးပြည့်စုံနေခဲ့ပြီး ဖြစ်သည်။

သူမ ကျောင်းနေစဉ်အရွယ်တည်းက ရွယ်တူ ကျောင်းသား

ကျောင်းသူများကို အဖတ်မတန်သလို ဆက်ဆံခဲ့ခြင်းကြောင့် ခုချိန်ထိ

လည်း သူမမှာ သူငယ်ချင်းဟူ၍ တစ်ယောက်မှ မရှိ။ ကျောင်းပြီးသွား

လို့ သူများတွေ အုပ်စုဖွဲ့ကာ သင်တန်းတွေတက် ပျော်ရွှင်စွာ သွားလာ

လှုပ်ရှားနေကြချိန်တွင်လည်း ခွန်းရို့ကတော့ သင်ကြားချင်သည့် ဘာသာ

ရပ်ကို အိမ်မှာ ဆရာခေါ်ကာ တစ်ယောက်တည်း သီးသန့် သင်ကြားခဲ့

ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူမရဲ့ဘဝသည် လွန်စွာမှ ဖျင်းရိုငြီးငွေ့ စိ
ညစ်ညူးမှုတောင်းယောက်အောင်ပင် အဝီးကျန်ဆန်လှပါသည်။

ခြံထဲမှ စိန်ပန်းပင်ကြီးအောက်ရှိ ထိုင်ခုံလေးတွင် ထိုင်
ထော်ယောက်တည်း ငြိမ်သက်စွာ ထိုင်လျက်တိတ်ဆိတ်နေမိသော သူ
မှာထဲလို သံစဉ်သဲ့သဲ့လေးတစ်ခု တိုးဝင်လာသည်။

ဂစ်တာသံ သဲ့သဲ့လေးပဲ။ ဒါ ဘယ်က ပေါ်လာသည့် ဂစ်တာ
ပါလိမ့်။ ခြောက်ခြံတွေကလို ပြောရအောင်ကလည်း ခွန်ချို့တို့ခြံက အဆော
လေး ကျယ်ဝန်းပြီး သေးပတ်ဝန်းကျင် ခြံများနှင့် အနည်းငယ် အလှ
ဝေးသည်။ ထို့ကြောင့် သေးခြံများက ထွက်ပေါ်လာသော အသံဆိုတ
လည်း ဘယ်လိုမှ မဖြစ်နိုင်ပါ။

နောက်တစ်ခုက ရုပ်ရှင်တွေထဲကလိုလည်း သူမရဲ့ အိမ်ရှေ့
ဂစ်တာလာတီးမည့် ကောင်လေးများ မရှိ။ တစ်ခါက ကောင်လေးတ
အုပ်စု သူမတို့ ခြံရှေ့မှာ အဖွဲ့လိုက်ကြီး ဂစ်တာတီးကြသောကြော
သက်ဆိုင်ရာခေါ်ပြီး တစ်ညလောက် အချုပ်ထဲမှာ အိပ်နေခိုင်းခဲ့ဖူးသည
အဲဒီ သတင်းက သူတို့အချင်းချင်းကြားမှာ ပျံ့နှံ့သွားပြီး နော
ဘယ်တော့မှ သူမတို့ အိမ်ရှေ့တွင် လာရောက် ဂစ်တာမတီးရဲကြတော့
ပါ။

ခုတော့ ဒီဂစ်တာသံက အတော်လေး အံ့သြစရာ ကောင်





ယောက်အောင်ပင် ဘယ်ကနေ ထွက်ပေါ်လာနေမှန်း မသိ၊ ခြံထဲတွင် ဂစ်တာတီးနေသည်ဟု ပြောရအောင်ကလည်း ဒီခြံထဲမှာ မိန်းကလေး အလုပ်သမားတွေပဲ များသည်။ ယောက်ျားလေးဆိုလို့ မာလီကြီး ဦးလှမြင့် တစ်ဦးသာ ရှိသည်။

အဲ မဟုတ်သေးပါဘူး။ သူမ ဘာဖြစ်လို့ ကောသလ္လာကို မေ့နေခဲ့တာလဲ။ ဟုတ်တာပေါ့ ဒီဂစ်တာသံကို ဖန်တီးနေသူသည် ကောသလ္လာ သိဝ်ဖြစ်နိုင်တာပေါ့။

သူမရဲ့ မျက်လုံးများကို ကားဂိုဒေါင်ရှိရာဘက်ဆီ လှမ်းကြည့် လိုက်မိ၏။ တစ်ခြံလုံးတွင် မီးများထိန်နေအောင် ထွန်းထားသော်လည်း ဂိုဒေါင်နားတွင်တော့ မှောင်ရိပ်ကျလျက် ရှိ၏။

သေချာ နားစိုက်ထောင်ကြည့်တော့မှ ဂစ်တာသံသည် ထိုနေရာ မှ လာသည်ဆိုတာ သိမ်ကို သေချာသွားတော့၏။ သူမ ဘာလုပ်ရမလဲ။ မဟုတ်သေးပါဘူးလေ၊ သူ့ဘာသာ ဂစ်တာတီးနေတာကို သူမက ဘာလုပ် ချင်ရမှာလဲ။ ဒါပေမဲ့ သူမ တစ်ခုခု လုပ်ချင်နေသည်။

အတွေးမဆုံးသေးခင်မှာပင် သူမရဲ့ ခြေလှမ်းများက ဂိုဒေါင် ရှိရာဘက်ဆီသို့ လှမ်းသွားမိပြီး ဖြစ်၏။ တဖြည်းဖြည်း နီးကပ်လာသည်နှင့် အမျှ ဂစ်တာသံက ပိုလို့တောင် ကြည်လင်ပြတ်သားလာ၏။

အဆိုတော် R ဇာနည်၏ 'သနပ်ခါးချစ်သူ' သီချင်းကို တီးခတ်



www.burmeseclassic.com

www.burmeseclassic.com



နေခြင်း ဖြစ်သည်။ သီချင်းသံတိုးတိုးလေးကိုလည်း ဝိုပြင်မှာ ကြားလာ
ရ၏။

"အမြဲလိုပင် x x သနပ်ခါးလေး ပါးပါးညီညီ လိမ်းကျံကာ
x x အကျအညီ မပါပေမယ့်လည်း x x နုဂိုနီတဲ့ နှုတ်ခမ်းလေး
လှသွေးကြွယ် x x ဒေါသမာန လေးတွေ မရှိတဲ့ သူ့သဘောထားကို
ကိုယ်စားခွဲမယ် x x တွေ့ချင်တယ် တစိမ့်စိမ့်နဲ့ ကြည့်လို့ တကယ်ကို
မဝနိုင်တယ်"

"တဲ့ နင် ဘာလုပ်နေတာလဲ"

ဂစ်တာသံ တစ်ဝက်တစ်ပျက်နှင့် သူ ခွန်းချိုကို မော့ကြည့်
သည်။ သူ့မျက်လုံးများထဲမှာ ထူးဆန်းအံ့ဩခြင်း အရိပ်အယောင်တွေ
ခပ်ရေးရေးလေး မြင်နေရသည်။ သေသေချာချာ ကြည့်လို့လည်း မရ
အနည်းငယ် မှောင်ရိပ်ကျနေသော နေရာမို့ တစ်ယောက်ကိုတစ်ယောက်
ဝေဝါးဝါးသာ မြင်ရသည်။

"ဂစ်တာတီးနေတာလေ"

သူ့အဖြေက အလွန် ရိုးရှင်းပါသည်။ သူမ ခေါင်းထဲမှာ သူ့
ဘယ်လိုနည်းနဲ့ ပြဿနာရှာရမလဲလို့လည်း တွေးနေမိ၏။

"နင့်ကို ဘယ်သူက ငါ့ခြံထဲမှာ ဂစ်တာတီးခွင့် ပေးထား
လဲ"





"ဗျာ"

သူ့ တကယ့်ကို အံ့ဩသွားပုံ ရပါသည်။ ခွန်းချိုကို ငေးကြည့်
နေ၏။ သူမကတော့ မျက်နှာလေးကို ပင့်လျှက် စကားကို ဆက်လိုက်
သည်။

"ငါ အဲဒီလို ဂစ်တာသံတွေကို နားမခံနိုင်ဘူး။ အဲဒါ နင်
သိသေးဘူးနဲ့ တူတယ်"

"ကျွန်တော် ညတိုင်း ဂစ်တာတီးနေကျပါ"

သူမ နည်းနည်းတော့ အိုးတိုးအမ်းတမ်း ဖြစ်သွားရ၏။ အရင်
ညတွေက သူမ ခြံထဲသို့ ဆင်းထိုင်ဖြစ်ခြင်း မရှိခဲ့။ အခန်းထဲမှာပဲ
စာအုပ်ဖတ်လမ်းတွေ ထိုင်ကြည့်ဖြစ်နေခဲ့တာက များသည်။

ဒီညမှာ ခြံထဲဆင်းထိုင်ဖြစ်ပြီး သူ့ဂစ်တာသံကို ကြားခဲ့ရခြင်း
ဖြစ်၏။ ဒါကြောင့်လည်း ဒီညမှ ထူးထူးဆန်းဆန်း လာပြောနေသော
သူမကို သူ အံ့ဩနေခြင်း ဖြစ်ပါလိမ့်မည်။

"ဘယ်လိုပဲဖြစ်ဖြစ် အဲဒီ ဂစ်တာကို ငါ ကြားရတဲ့ နေရာမျိုး
မှာ မတီးနဲ့၊ ငါ မကြိုက်ဘူး"

တကယ်တော့ ခွန်းချိုသည် ဂစ်တာသံများကို အလွန်နှစ်သက်
သူဖြစ်၏။ သို့သော် သူမကိုယ်တိုင် တီးခတ်ချင်သော ဆန္ဒကို ဖခင်က
ပိတ်ပင်လျှောခဲ့တဲ့ မိန်းကလေးပီပီ စန္ဒရားတီးသင်ခြင်းကိုသာ သားပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ထို့ကြောင့်လည်း သူမသည် ဂစ်တာတီးတတ်သူများကို မြင်လျှ
အလွန်အားကျတတ်ခြင်း ဖြစ်၏။

"အဲဒါဆိုရင် ကျွန်တော့်အခန်းထဲမှာ တီးမယ်ဆိုရင်တော
အဆင်ပြေမယ်နဲ့ တူတယ်နော်"

သူသည် ခွန်းချိုအား နည်းနည်းမှ အလျှော့မပေးခဲ့ပါ။ ဒယ်
နှင့် နေ့လယ်က ဖုန်းပြောဖြစ်တုန်းကလည်း သူ့ကို သစ်တာတစ်
ဖြတ်ပစ်လောက်ရုံ အပြစ်ပေးခဲ့ခြင်းအား ဦးသော်တာတို့အက်က သ
မကျေနပ်ကြဘူးဟု ပြောပြနေသေးသည်။

"ကျွန်တော် ပြောတာကို ကြားရဲ့လား မသိဘူး"

သတိလက်လွတ်သလို ဖြစ်နေမိသော သူမ မျက်နှာအား
ခေါင်းကို အနည်းငယ် ငုံ့ကိုင်းကာ သူမ မျက်လုံးများအား စေ
စိုက်ကြည့်လျက် မေးလိုက်ခြင်း ဖြစ်သည်။

"ဪ မကြားရင် ပြီးတာပဲ"

သူမ ရုတ်ခနဲ လှည့်ထွက်ရန် ပြင်လိုက်၏။ သို့သော် သူ
သူမ လက်မောင်းသားလေး တစ်ဖက်အား ဖမ်းဆွဲထားလိုက်သ
ရုတ်တရက်မို့ လန့်လည်းလန့်သွားမိကာ ဒေါသလည်း ထွက်သွားရ

"နင် နင် အဲဒါ ဘာလုပ်တာလဲ"

သူက ဒေါသတွေနှင့် နီရဲတွတ်နေမည်ဖြစ်သော ခွန်းချို မျက်





လေးကို မကြည့်ပါဘဲ ခွန်းချိုရှေ့ ကြမ်းပြင်ဆီသို့သာ မျက်စပစ်ပြလိုက်၏။ မှောင်နေသောကြောင့် လန့်လည်း လန့်သွားမိကာ ဒေါသလည်း ထွက်သွားရ၏။

"ခလုတ်တိုက်မှာစိုးလို့"

သူ့အသံတွင် လှောင်ပြောင်လိုက်သံ မပါ။ စနောက်လိုက်သည့် အနေအထားမျိုးလည်း မဟုတ်။ ပကတိ တည်ငြိမ်သော အသံဖြစ်၏။ သူမပင် ဘာပြန်ပြောလို့ ပြောရမှန်း မသိနိုင် ဖြစ်သွားရသည်။

သူ့လက်ထဲတွင် ရောက်နေသော သူမ လက်မောင်းလေးကိုလည်း မရုန်းထွက်မိဘဲ ရှိသည်။ ဘာရယ်မဟုတ်ပါဘဲ အတန်ကြာသည်ထိ သူ့မျက်နှာကိုလည်း စေးစိုက်ကြည့်နေမိ၏။ အမှောင်ထဲမှာပင် အရောင်တွေ တောက်ပကာ တည်ငြိမ်သော မျက်ဝန်းများသည် သူမ စိတ်တို့အား ယောက်ယက်ခတ်နေခြင်းမှ ကာကွယ်ပေးနိုင်ခဲ့ကတော့ အမှန်ပင် ဖြစ်၏။

သူ့ထံမှ တည်ကြည်လေးနက်သော မျက်ဝန်းများသည် သူမ ခန္ဓာကိုယ်ကို ဖောက်ထွင်းလျက် ကူးစက်လာသည်ဟုပင် ထင်လိုက်မိသည်။

ခွန်းချို မရုန်းထွက်မိသော လက်များကို သူကပင် ညင်သာစွာ ပြေလျော့လွှတ်ပေးလိုက်၏။ အဲဒီအချိန်ကျမှ သူ့ရှေ့တွင် ငြိမ်သက်နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော တိုယ့်အဖြစ်ကိုယ် အရှက်သည်းကာ ပြေးထွက်ခဲ့မိသည့်။
သူ ခွန်းချိုကို ရပ်ကြည့်နေမည်လား မသိပါ။

■ ■ ■

ထိုညတစ်ညလုံး အိပ်ပျော်ရန် မနည်းကြိုးစားခဲ့ရသော ခွန်းချိုသည် မနက်အိပ်ရာထ နောက်ကျခဲ့သောကြောင့် မနက်တိုင်း လုပ်နေကျဖြစ်သည့် လမ်းလျှောက်ထွက်ခြင်း အမှုကိုပင် မပြုနိုင်ခဲ့ပါ။ သူမ နိုးထလာတော့ ကိုးနာရီပင် ထိုးတော့မည်။

ထို့ကြောင့်ပင် အိမ်ထဲမှာပဲ အပြေးစက်နှင့် လေ့ကျင့်ခန်းလုပ်ဖြစ်ပြီး မနက်စာကိုလည်း နောက်ကျစွာ စားဖြစ်လေသည်။ ဒီနေ့တော့ ဘယ်မှ သွားစရာလည်း မရှိ၍ တော်သေးသည်။ သူမ အခန်းဝရန်တာမှ ထွက်ကြည့်လျှင် မြို့အရှေ့ဘက် မျက်နှာစာနှင့် ဘေးဘက်ခြမ်းကို ကောင်းစွာ မြင်ရသည်။

ခုလည်း ခြံထဲတွင် ပန်းပင်တွေ ပေါင်းသင်နေသည့် ဦးလှမြင့်နှင့် ပိုင်းကူလုပ်ပေးနေသော ကောသရာကို လှမ်းတွေ့နေရသည်။ ခွပ်ကျယ် အနက်ရောင်နှင့် ကချင်မုဆိုးနွမ်းနွမ်းကို ခပ်တိုတိုဝတ်ထားသော သူ့ပုံစံသည် ဘယ်လိုမှကို ဟိတ်ကြီးဟန်ကြီး မနိုင်လှပေမယ့် မေးမိုန်ကာ ပျောက်ကွယ်နေခြင်းလည်း မရှိပါ။

ခွပ်ကျယ်ချိုင်းပြတ်အောက်မှ သန်မာသော လက်မောင်းကြွက်





သားများသည် ယောက်ျားပီသသော ခန္ဓာကိုယ် တည်ဆောက်ပုံကို ဖွင့်ဟပြလျက် ရှိ၏။ ဆံပင်များက ခပ်တိုတိုမို့ မျက်နှာတစ်ခုလုံးကိုလည်း ရှင်းလင်းစွာ မြင်နေရသည်။

ပြောင့်စင်းနေသော နှာတံနှင့် စူးရှသော မျက်လုံးများကတော့ သူ့မျက်နှာတွင် အထင်ရှားဆုံး ဖြစ်၏။ အပြစ်ပြောစရာဆိုလို့ ယောက်ျားထက်မှ အနည်းငယ် ပါးလျားနေသော နှုတ်ခမ်းများသာ ရှိသည်။

ထိုစဉ်မှာပဲ သူမ မျက်လုံးများက ခြံပြင်သို့ အမှတ်တမဲ့ဆိုသလို လှမ်းကြည့်လိုက်မိခြင်း ဖြစ်သည်။ အနက်ရောင် မာစီဒီးကားတစ်စီး။ ကားမောင်းသူ နေရာမှ တံခါးကိုဖွင့်လျက် အပြင်သို့ ခြေတစ်ဖက်ချထိုင်ပြီး သူမရှိရာဆီ လှမ်းမျှော်ငေးနေသော လူတစ်ယောက်။

သေချာစွာ ပြောရလျှင် သူမ ဘယ်လိုမှ မနှစ်သက်နိုင်သော မြို့တိတ် အမြုံးမျိုးနှင့် ဆန်းသစ်စ။ အဲဒီလူက သူမတို့ ခြံရှေ့မှာ ဘာလာလုပ်တာလဲ။ .

အောင်မာ အရှက်မရှိစွာပင် သူမကို လက်လှမ်းပြနေသေး၏။ ထောင်နေ ထွက်သွားသော ဒေါသနှင့်အတူ ခွန်းချိုက ဝရန်တာမှ ပြန်ဝင်ခဲ့ပြီး အောက်ထပ်သို့ အပြေးဆင်းခဲ့မိသည်။

ခေါင့်ကြီးအောင်ကြီးနှင့် သူတို့နားသို့ ရောက်လာသော ခွန်းချိုအား ကောသရာရော ဦးလှမြင့်ကပါ တအံ့တသြနှင့် မော့ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြာ၏။ သူတို့ကို ဘာမှမပြောရသေးခင်မှာဘဲ သူမ ဘောင်းဘီအိတ်ထဲမှ ဖုန်းလေးက တုန်ခါလာလေသည်။

ကျစ်ခနဲ စုတ်သပ်လျက် ဖုန်းလေးကို ထုတ်ကြည့်လိုက်တော့ သူမ တစ်ခါမှ မမြင်ဘူးသည့် ဟန်းဖုန်းနံပါတ်တစ်ခု။ စိတ်မရှည်စွာနှင့် ပင် ကောက်ကိုင်လိုက်ရသည်။

"ဟဲလို ဘယ်သူလဲ"

"ကိုယ်ပါ"

"ဘယ်သူလဲလို့ မေးနေတယ်၊ ငါ့ကို လာနောက်မနေနဲ့ အချိန် တွေ သိပ်ပိုနေရင် အိပ်နေလိုက်၊ အဲဒါ လောကကြီးအတွက် အေးချမ်း တယ်"

အဲဒီလိုပဲ ဘယ်ကမှန်းမသိသည့် ဖုန်းသံရဲတွေ ဆက်တဝ်သည် မို့ သူမက နှစ်သိမ်းကောင်းလျှာပါး ရန်တွေ့လိုက်ခြင်း ဖြစ်သည်။ ဖုန်းကို ပြန်ချရန် ဖြင်လိုက်စဉ်မှာပင်

"ကိုယ် ဆန်းသစ်စ ပါ"

"ဟင် နှင်"

"တုတ်တယ် ချို၊ ကိုယ် မင်းအိမ်ရှေ့ကို ရောက်နေတာ နာရီ ဝက်လောက် ရှိပြီ"

"ဘာကိစ္စလဲ"





"မင်းကို သတိရလို့ပေါ့"

"ဘာ"

"တကယ်ပြောတာပါ ချိုရယ်"

"အေး ကောင်းပြီ၊ သတိရတယ်ဆို တွေ့ချင်နေမှာပေါ့၊ တွေ့ ရမယ် မပူနဲ့၊ ခုကို ထွက်လာခဲ့မယ်"

ဖုန်းကို ပိတ်ပစ်လိုက်ပြီး သူမ ခြေလှမ်းများကို ဆောင့်ကြီး အောင့်ကြီးနှင့် ခပ်သွက်သွက် လှမ်းကာ ခြံပြင် ထွက်ခဲ့လိုက်သည်။ ရှေ့က မြင်ခဲ့ရသည့်အတိုင်း ခြေတစ်ချောင်းကို မြေကြီးပေါ် ထောက် လျက် ကားထဲတွင် ကိုယ်တစ်ပိုင်း ထိုင်နေသော ဆန်းသစ်စကို တွေ့ လိုက်ရသည်။

ဆန်းသစ်စရဲ့ နှုတ်ခမ်းများထက်မှ လှောင်ပြောင်သရော်ရိပ် ယှက်သန်းနေသော အပြုံးတွေကို သူမ လုံးဝ မကြိုက်ပါ။

"နင် ဘာလာလုပ်တာလဲ"

"ဟာ ခုနကလည်း ပြောပြီးပြီလေ၊ ချို့ကို သတိရလို့ပါလို့"

"နင့်အိုင်ကျူက တော်တော်လေး အဆင့်နိမ့်ပုံ ရတယ်နော်၊ ဆော်တာက ငါကလည်း တစ်ခါ ပြောပြီးသားကိစ္စကို ဒီလူကိုပဲ နောက် တစ်ခါ ထပ်ပြောရတာလောက် စိတ်မရှည်တာ မရှိဘူး"

"ချို ဘာကို ဆိုလိုတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် နင်က ပြောလေ ဆိုးလေပါလား။ ငါ့ကို ချစ်လို
ခေါ်တာ ငါ မကြိုက်ဘူးလို့ ပြောခဲ့ဖူးတယ်နော်၊ မမှတ်မိတော့ဘူးလား"

"ကိုယ်ကတော့ မင်းဘာယ်လိုပဲပြောပြော ကိုယ် မင်းကို ချ
ဆိုတဲ့ နာမည်လေး ခေါ်ချင်တယ်၊ ဒါကြောင့် ခေါ်မှာပဲ"

"နင် တော်တော် လူပါးဝတာပဲ"

"ဟိတ် မင်း အသုံးအနှုန်းတွေ များနေပြီ၊ အဲဒါကို လူပါးဝ
တယ်လို့ ပြောရင် မင်း သိပ်ရိုင်းသလို ဖြစ်သွားမှာပေါ့"

ခွန်းချိုက နှုတ်ခမ်းတစ်ချက် တွန့်လျက် ဟွန့်ခနဲ ရယ်လိုက်
သည်။

"နင်ကိုယ်တိုင်လည်း ငါ သိပ်ရိုင်းတယ်ဆိုတာ သိပြီးသား
မဟုတ်လား။ အဲဒါကို ခုမှလာပြီး စကားနာထိုးမနေစမ်းပါနဲ့"

"ပြင်ချင်ရင် အချိန်မီပါသေးတယ်ကွ"

"နီး ငါက ဘယ်တော့မှ ငါ့အကျင့်စရိုက်တွေကို ပြင်မှာ မဟုတ်
ဘူး။ ငါ့မူနဲ့ငါပဲ နေတတ်တယ်"

"တစ်နေ့ကျရင် အဲဒီ မင်းရဲ့ မူဆိုတာတွေကို ပြုပြင်ပြောင်းလဲ
ရလိမ့်မယ်ကွ"

"နေစမ်းပါဦး မရှင်းလို့ မေးပါရစေ၊ နင်က ငါ့ခြံရှေ့လာပြီး
ငါ့ကို တရားလာဟောနေတာလား။ သိပ်ပြီး တရားဟောချင်နေရင် ငါ့ခြံ





မလာနဲ့၊ သာသနာ့ဘောင်ထဲ ဝင်လိုက်၊ ရှင်းတယ်နော်"

သူမ ဆန်းသစ်စကို ကျောပေးလိုက်သည်။ ခြံရှေ့တွင် ရပ်ကာ
သူမတို့ထံ လှမ်းကြည့်နေသော ဦးလှမြင့်နှင့် ကေသရာကို တွေ့လိုက်ရ၏။
သူမ တွေ့လိုက်သလိုပါပဲ ဆန်းသစ်စသည်လည်း ကေသရာကို တွေ့သွား
ပုံရ၏။

ခွန်းချိုကို ကျော်ကာ ကေသရာထံ လျှောက်သွားသော ခြေလှမ်း
များက လျင်မြန်လွန်းလှသည်။ နောက်တော့ သူမတို့အားလုံး ဘယ်လိုမှ
ထင်မှတ်ထားချိန်မှာပင် ကေသရာ့မျက်နှာတည့်တည့်ကို ဆန်းသစ်စ
က လက်သီးဖြင့် ထိုးချလိုက်သည်။

ခုခံကာကွယ်လိုက်ချိန် မရသောကြောင့် ကေသရာ့ ခြေလှမ်း
များက နောက်ဘက်သို့ သုံးလှမ်းခန့် ကျွံသွားကာ ခြံတံတိုင်းတွင် ကျော
အပ်ပြီးသား ဖြစ်သွား၏။ အဲဒါတောင် ဆန်းသစ်စက ခြေလှမ်းတွေကို
ကေသရာ့နားသို့ ထပ်တိုးကပ်လိုက်သေးသည်။

ကေသရာ ရှေ့ကနေ ဦးလှမြင့်က ဝင်ရပ်ပစ်လိုက်လို့သာ တော်
တော့သည်။ ခွန်းချိုလည်း သူတို့ဖြစ်နေသည်ကို ကြောင်ငေးကြည့်နေမိ
ပြီးမှ အနားသို့ အပြေးသွားလိုက်မိ၏။

"နင် ဘယ်လိုလုပ်လိုက်တာလဲ ဆန်းသစ်စ"

"အဲဒီကောင်ကို မကျေနပ်လို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ဘက်က ကောင်းဆိုလို့ ငါ သူ့ကို အဖြစ်ပေးပြီးသွား ပြီပဲ"

"ဘယ်လိုအဖြစ်ပေးတာလဲ၊ တစ်လစာ မိုက်ဆံကို တစ်ဝက်ပဲ ပေးမယ်ဆိုတာမျိုးလား"

"အေး ဘာဖြစ်လဲ အဲဒီလို အဖြစ်ပေးရတာတောင် လွန်လှပြီ တကယ်တမ်း အဲဒီတုန်းက ဖြစ်ခဲ့တာတွေအားလုံးဟာ နင့်ကြောင့်ချည်းပဲ"

ဆန်းသစ်၏ မျက်နှာပေါ်က အပြုံးက ကြောက်မက်ဖွယ်ရာ ကောင်းလှ၏။ ကေသရာကတော့ ဘာကိုမှ ဝင်မပြောသဲ အနားတွင် ရုပ်ကျက်ရှိသည်။ သူ့နုတ်ခမ်းထောင့်စွန်းမှ သွေးတချို့ စီးကျနေတာ တွေ့ရသည်။

"မင်းကိုယ်မင်းရော ပြန်မေးကြည့်ပြီးပြီလား၊ အဲဒီ မင်းရဲ့ ဒရိုင်ဘာကို မင်းထားနေတဲ့ စိတ်က ဒရိုင်ဘာ တစ်ယောက်ကို ထားသင့်တဲ့စိတ်ထက် ပိုနေပြီလားဆိုတာကိုလေ"

"ဘာ"

ဒီစကားကတော့ ခွန်းချိုအတွက် တကယ့်ကို အထိနာစေသော ထိုးနှက်ချက် ဖြစ်သွား၏။ ပြီးတော့ သူမရင်ထဲက အမြိုးအဝေးတွေနှင့် ပြည့်နှက်နေခဲ့သော ကေသရာ့ ရှေ့တည့်တည့်မှာမှ . . ။

"နင် ဘယ်လိုစကားမျိုး ပြောလိုက်တာလဲ ဆန်းသစ်၊ ငါ့ကို





နင် ဘယ်လိုစကားမျိုး ပြောလိုက်တာလဲ"

"ငါ ထင်တာတွေက မှန်တတ်တယ်ကွ"

ဆန်းသစ်၏အသံသည် လှောင်ပြောင်သရော်လိုသော အသံ စာစစ် ဖြစ်သည်။

"ကြည့်ပါလား မင်းရဲ့ ဒရိုင်ဘာလို မနေဘဲနဲ့ နေရာတကာ ခေါ်ပါနေတာလေ၊ ခုလည်း ကိုယ်ထိုးလိုက်တာကို ဘာမှပြန်မလုပ်ဘဲ ငြိမ်ခံနေလိုက်တာက မင်းဆီက သနားလာတာကို လိုချင်လို့ မဟုတ်ဘူး လား"

ကေသရာ့ရှေ့မှာ အဲဒီလို အပြောခံနေရခြင်းသည် တကယ့်ကို အံ့ချင်စရာ ကောင်းလှလှ၏။ ပြီးတော့ ဘေးကလူတွေက အဲဒီလို တွေးယူကြည့်ရလောက်အောင် သူ့အမူအရာတွေက အဲဒီလို ဖြစ်နေခဲ့ သည်လား။

ထိုသို့ တွေးမိသောအခါ ညက ကိစ္စကိုလည်း သူမ စိတ်ထဲ သံသယ ဝင်လာတော့၏။ သူဟာ ဖမင်သက်သက် သူမကို ရင်းနှီးအောင် လုပ်နေခြင်းပဲ ဖြစ်ရမည်။

ဟုတ်တယ် ဒါက သိပ်ကို ဖြစ်နိုင်ချေရှိတာပေါ့။

"တောက်"

သူမ ခြေလှမ်းများက ချက်ချင်းလိုလိုပင် ကေသရာ့ရှေ့သို့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာတော့ ကေသရာ ဘယ်ဘက်ပါးတစ်ဖက်ကို အားရပါးရ ရှိုက်နမ်းလိုက်မိသည်။

"တင်"

အားလုံး၏ ထင်မှတ်မထားခဲ့သော အာမေဋိတ်သံများက ကျယ်လောင်စွာ ထွက်လာ၏။ အထူးသဖြင့်တော့ ကာယကံရှင်အဖြစ် ခံလိုက်ရသော ကေသရာ မျက်ဝန်းများတွင် မယုံကြည်နိုင်ခြင်းတို့ဖြင့် ပြည့်နှက်နေခဲ့၏။

"တွေ့လား နင့်ကြောင့် ငါ ဘယ်လို အပြောခံလိုက်ရတယ် ဆိုတာကို"

စိတ်တိုတိုနှင့် ကေသရာကို အံကြိတ်ပြောလိုက်ပြီး ခြံထဲ ပြန်ဝင်ခဲ့မိသည်။ ဘယ်သူ့မျက်နှာကိုမှလည်း ပြန်မကြည့်မိတော့ပါ။

အိမ်ခန်းထဲရောက်သည်နှင့် တုန်ယင်နေသော ရင်ဘတ်အစုံ ငြိမ်သက်သွားစေရန် လက်နှစ်ဖက်နှင့် မရမက ဖိထားလိုက်မိပြီး မွေ့ရာ ထက် လှဲချပစ်လိုက်မိသည်။ မျက်လုံးများကို စုံမှိတ်ထားလိုက်မိ မျက်လုံးများထဲတွင် ဘယ်လိုမှကို မယုံကြည်နိုင်သော အကြည့်များဖြင့် ခွန်းချိုကို ငေးကြည့်နေသော ရူရှသည့် မျက်ဝန်းတစ်စုံအား မြင်ယောင် နေမိ၏။

သူမ မှားသွားပြီလား၊ ဟင့်အင်း ဘာလို့ မှားရမှာလဲ။





ကြောင့် ခွန်းချိုကို ဆန်းသစ်စက ထိုသို့ ပြောရဲခဲ့ခြင်း မဟုတ်လား။

အဲဒီညက ဟိုတယ်ရှေ့မှာ သူသာ ဝင်မပါခဲ့ရင် ဒီနေ့လို အခြေ နေမျိုးတွေ ဖြစ်လာစရာ အကြောင်းမှ မရှိဘဲ၊ ဒါပေမဲ့လည်း ထိုညက သာရာသာ ဝင်မပါခဲ့ရင် ခွန်းချိုသည် ဆန်းသစ်စ လက်ထဲကနေ လွတ်မြောက်မရပါဘဲ ပိုလို့တောင် အရှက်ကွဲရဦးမည် ဖြစ်၏။

အို သူမ ဘာလို့ အမှန်လို့ ယူဆရမှာလဲ။ ဒါပေမဲ့ ဘယ်ဖြစ်ရပ် မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ ဖြစ်ပျက်တာတွေကတော့ ဖြစ်ပျက် သွားခဲ့ပြီ။ ပြန်ပြင်လို့လည်း မရတော့ပါ။ လောလောလတ်လတ် ဖြစ် တာတွေကိုပင် မှန်သလား၊ မှားသလားလို့ ခုံဖြတ်နိုင်သည့် အင်အား သူမှာ မရှိပါ။

မှားနေတယ်ဆိုရင်လည်း သူမကတော့ ဂရုစိုက်နေမှာမဟုတ်။ အားလုံးသည် မှားမှားမှန်မှန် သူမ သဘောအတိုင်းသာ ဖြစ်ရမည် သည်။ ဒါဟာ သူမ ငယ်ငယ်တည်းက ကျင့်သုံးလာခဲ့သည့် ခံယူချက် ပင်။

ထိုနေ့တစ်နေ့လုံး ဘယ်မှမသွားဖြစ်သောကြောင့် ကေသရာ လည်း ထပ်မတွေ့ရတော့ပါ။ ညဘက်တွင် အိပ်မပျော်၍ ခြံထဲဆင်း ခဲ့ပါတော့လည်း ကေသရာ ဂစ်တာသံကို မကြားရတော့ပါ။

သူ့ဒဏ်ရာက နာကျင်နေ၍များလား၊ မဖြစ်နိုင်ပါဘူးလေ၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



အခန်းလေးထဲမှာပဲ ခွန်းချို မကြားအောင် တီးချင်တီးနေနိုင်သည်
ဟိုတစ်ညက သူ့ဂစ်တာသံကို ပြန်ကြားယောင်မိသည်။ အမျော်တမ်
အဆင့်ထက်တော့ လက်ရည်သာတာ ခန့်မှန်းလို့ ရ၏။

ဒါပေမဲ့ သူ တီးခတ်သီဆိုနေခဲ့သည့် သီချင်းကိုတော့ ခွန်း
မကြိုက်ပါ။ 'သနပ်ခါးချစ်သူ' ဆိုတဲ့ သီချင်းလေး၊ အဲဒီ သီချင်းက သနပ်
အမြဲလိမ်းကာ နက်မှောင်သော ဆံပင်များနှင့် ဖေါ်သမရှိ သိမ်မွေ့သော
မိန်းကလေး တစ်ယောက်အကြောင်းကို ရေးဖွဲ့ထားတာ မဟုတ်လား

သူကတော့ ထိုသီချင်းကို မြတ်မြတ်နိုးနိုးနှင့် တကယ့်ကို မ
အပြည့် သီဆိုနေသော အသံမျိုးဖြစ်၏။ သူတို့ပတ်ဝန်းကျင်မှာတေ
အဲဒီလို မိန်းကလေးမျိုးတွေကို တွေ့နိုင်သားပဲလေ။ သူ့မှာလည်း အဲဒီ
မိန်းကလေးတစ်ယောက်ကို ပိုင်ဆိုင်ထားခြင်းမျိုးပင် ဖြစ်ကောင်းဖြစ်
နိုင်ပါသည်။

ပိုင်ဆိုင်ထားတော့ရော ဘာဖြစ်လဲ၊ အဲဒါဟာ ခွန်းချိုနဲ့ ဘာ
သလဲ၊ ခွန်းချို ဖြစ်ချင်တာက လောကမှာ ဘယ်သူမှ ခွန်းတုံ့ပြန်
အော်ကြီးဟစ်ကျယ် လုပ်ခြင်း မခံခဲ့ရဘူးသော ခွန်းချိုကို စော်ကားခဲ့
သည့် ကေသရာဆိုသည့်သူက ပထမဆုံး ဖြစ်၏။

ထို့ကြောင့် အဲဒီလူကို ကလဲ့စားချေသည့်အနေနှင့် သူမ လ
အောက်မှာ အလုပ်ဝင်စေခဲ့၏။ သူမကို ပြန်မအော်ဟစ်ရဲဘဲ အပို





နေစေချင်ခဲ့၏။ ခုရော သူမ ဖြစ်ချင်တာတွေ ဖြစ်နေရဲ့လား၊ သူဟာ
သူမ လက်အောက်မှာ ရိုကျိုးစွာ နေနေရဲ့လား။

ခုချိန်ထိတော့ သူမ ဖြစ်ချင်သည့်အတိုင်း တသဝေမတိမ်း
ဖြစ်မလာသေးပါ။ အလွဲလွဲအချော်ချော်နှင့်ပင် သူမ တစ်သက်တာမှာ
ကိုယ့်ကိုယ်ကို မှားသွားလားဟု ဘယ်တုန်းကမှ ပြန်မတွေးခဲ့ဖူးပေမယ့်
ခုတော့ သူ့ကြောင့် ထိုသို့ တွေးမိနေရပြီ။

နောက်တစ်နေ့ မနက်စောစော ခွန်းချို လမ်းလျှောက်ထွက်ပြီး
ပြန်လာတော့ ထုံးစံအတိုင်း ခြံထဲမှာ မြက်ရိတ်နေသည့် ဦးလှမြင့်ကို
တွေ့လိုက်ရသည်။

ထို့ကြောင့် အနားကပ်သွားလျက် မျက်နှာကို ခပ်တည်တည်
ဖြစ်အောင် အစွမ်းကုန် တင်းမာထားလိုက်ရင်း

"ကေသရာရော ဦးလှမြင့်"

"မမလေး သွားစရာ ရှိလို့လား"

သူမ ဘာပြန်ဖြေရမှန်း မသိဖြစ်နေသေးသည်။ နောက်မှ ခေါင်း
ကို ခပ်သွက်သွက် ညိတ်လိုက်ပြီး

"ဟုတ်တယ် ခဏနေရင် မြို့တီးစပါး သွားမလို့၊ သူ့ကို
ကားအဆင်သင့် လုပ်နိုင်းထားပေးပါ"

"အဲဒါက"



www.burmeseclassic.com

www.burmeseclassic.com



ဦးလှမြင့် ပုံစံက တစ်ခုခုကို ပြောဖို့အတွက် တွန့်ဆုတ်နေပုံရသည်။

"ဘာပြောစရာ ရှိသေးလို့လဲ"

"ဟိုလေ ဦးက ကေသရာ ပြန်မလာဘူး မမလေး"

"ဘာ ဘယ်လို"

"ဟုတ်ပါတယ် မမလေး။ မနက်တည်းက မမလေးကို ပြောပြမလို့ပါပဲ"

"သူ ဘယ်အချိန်က ထွက်သွားတာလဲ"

"မနေ့ညနေက သူ့အဖေကို ဆေးရုံမှာ သွားကြည့်နေကျအချိန် ထွက်သွားပြီးတော့ ပြန်ရောက်မလာတာပဲ"

"အရင်က သူ သွားရင် ဘယ်နနာရီလောက် ကြာလဲ"

"နှစ်နာရီလောက်တော့ ကြာပါတယ် မမလေး"

"အေး ဒါဆိုလည်း ကားကိုဒေါင်တံခါး ဖွင့်ထား၊ ငါကိုယ်တိုင် မောင်းမယ်"

"မမလေး ဖြစ်ရဲ့လား"

"ငါက ဘာလို့မဖြစ်ရမှာလဲ"

"မမလေး ကားမောင်းရင်းနဲ့ စိတ်တွေပြန်ပြီး ကယောင်ကတမ်း ဖြစ်နေမှာစိုးလို့ပါ"





"ရတယ် ဂိုဒေါင်တံခါးသာ ဖွင့်ထားလိုက်"

အခန်းထဲ ပြန်ဝင်ပြီး ရေမိုးချိုး အဝတ်အစားလဲခြင်းကို ခပ်[...]လေး လုပ်လိုက်သည်။ ဒယ်ဒီ ကုမ္ပဏီသွားရင် စီးသော မတ်စ်တူး[...]ယုံလေးကို ထုတ်စီးလိုက်၏။ ထိုကားလေးကို သူမ ကားမောင်းတတ်[...]ကာ အရင်ဆုံး မောင်းခဲ့ရခြင်းမို့ တော်တော်လေးလည်း အကျွမ်းတဝင်[...]ရှိသည်။

ဆေးရုံရှေ့တွင် ကားကို ထိုးရပ်ပြီးသည်နှင့် မျက်မှန်လေးကို [...]တပ်လိုက်သည်။ ဂျင်းပင်ရှည် ပြာလွင်လွင်လေးနှင့် တီရှပ်အဖြူ[...]ကို အောက်လေဒီရှူး အပါးလေးနှင့် ရိုးရှင်းစွာပင် ဝတ်စားဆင်[...]သော်လည်း လူတွေကတော့ သူမကို သမင်လည်ပြန် ငေးကြည့်နေကြ[...]သည်။

သူမကလည်း ခပ်တည်တည်ပင် ဆေးရုံထဲမထင်သို့ ဦးတိုင်စီ[...]ထိလေ့ကားမှတစ်ဆင့် တက်လာခဲ့သည်။ ဒီဆေးရုံတွင်လည်း ဒယ်ဒီ[...]ဆယ်များ ပါဝင်ထားသည်မို့ သူမကို ဆေးရုံဝန်ထမ်းများကတော့ [...]မျက်မှန်းတန်းမိနေကြပါသည်။

လူနာခန်းထဲ ဝင်လိုက်သည်နှင့် ခုတင်ပေါ်တွင် ပက်လက်လဲ[...]တ အောက်ဆီဂျင်မျက်နှာဖုံးစွပ်ထားရသော ဦးမြတ်မောင်ကို မြင်လိုက်[...]သည်။ အနားမှာတော့ ခွန်းချိုတို့ထက်တောင် ငယ်ဦးမည့် ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကောင်မလေးတစ်ယောက်၊ ကေသရာ့ကိုတော့ အရိပ်အယောင်မျှပင် မမြင်ရပါ။

"လူနာရဲ့သား မနေ့ညနေက လာသေးလား"

"လာပါတယ်"

"ဘယ်အချိန်က ပြန်သွားတာလဲ"

"ဟင့်အင်း သူ မပြန်သေးပါဘူး"

"မင်း ဘာကို ဆိုလိုတာလဲ၊ ကေသရာက ခုချိန်ထိ ဒီဆေးရုံမှာပဲ ရှိနေသေးတယ်ပေါ့"

ထိုအချိန်မှာပင် လူနာခန်းထဲသို့ သူ ပြန်ဝင်လာခဲ့ခြင်း ဖြစ်၏။ သူ့နှုတ်ခမ်းစွန်းတွင် ပလာစတာ သေးသေးလေး တစ်ခုကို မြင်ရသည်။

ခွန်းချိုကို မြင်တော့ သူ အံ့ဩသည့်ပုံ မပြပါ။

"အစ်ကို အနာက သက်သာရဲ့လား၊ ပြီးရင်တော့ ဆေးနည်းနည်း ထပ်ထည့်လိုက်ဦးပေါ့"

"ရတယ် ညီမ၊ လောလောဆယ် ဘာမှမဖြစ်တော့ပါဘူး"

နာ့စ်လေးက သူ့ကို ပြောလိုက်ခြင်း ဖြစ်၏။ အလွန်ကို ချိုမြိန်နေသော အသံနှင့် လိုက်လျောမှုတွေနှင့်ပြည့်နှက်နေသော ထိုကောင်မလေး၏ မျက်နှာကို ချက်ချင်းပင် ခွန်းချို အလိုမကျနိုင် ဖြစ်သွားရသည်။ ခေါ်ပုံကိုက အစ်ကို တဲ့။ ဟိုတစ်ယောက်ကရော ဘာထူးလို့လဲ ညီး





ဆိုပဲ။

တော်တော်လေးကို အမြင်ကပ်စရာ ကောင်းလွန်းလှပါသည်။

"ဒီမှာ မင်း အပြင်ကို ခဏလောက် ထွက်နေပေးနိုင်မလား"

"ရှင်"

နာ့စ်လေးက ပထမတော့ ကြောင်တောင်တောင် ဖြစ်သွားပုံနှင့် ခွန်းချိုကိုတစ်လှည့် သူ့ကိုတစ်လှည့် ကြည့်နေ၏။

"ညီမ ခဏလောက် အပြင်ထွက်ပေးလိုက်ပါ"

"ဩော် ဟုတ်ကဲ့"

နာ့စ်လေး အပြင်ရောက်သွားသည်ထိ သူမ မျက်စိတဆုံး လိုက်ကြည့်နေမိသည်။ ဘယ်လိုလဲ ဒါက သူမထက်စာရင် ကောသလ္လာကို ပိုပြီး အလေးအနက်ထားတယ်လို့ ပြလိုက်တာလား။ ဒီလိုမီးမြို့ဆေးရုံမှာ အမှုအပင်မရှိ နေနိုင်တာဟာ သူမကြောင့်ဆိုတာကိုရော အဲဒီ နာ့စ်တွေက သိမှသိရဲ့လား။

"ပြောစရာ ရှိလို့နဲ့ တူတယ်"

သူက စကားလေလာတော့မှ ခွန်းချိုမှာ ပြောရန်စကားကို သတိရလှော့သည်။

"ဘာလို့ ညက ပြန်မလာတာလဲ"

"ကျွန်တော် ဖုန်းဆက်ဦးမလို့ပါပဲ၊ ဒါပေမဲ့ အနာက သိပ်ကိုက်



www.burmeseclassic.com

www.burmeseclassic.com



နေလို့ ကျွန်တော်လည်း လှဲနေရင်းနဲ့ မေးခနဲ အိပ်ပျော်သွားတယ်၊ ခုပဲ ပြန်လာတော့မလို့ပါ"

"နင်က ဒီနှစ်နဲ့အတူ တစ်ညလုံးတူတူ ရှိနေကြတာပေါ့ ဟုတ်လား"

"ဟာ ဘယ်လိုအဓိပ္ပာယ်နဲ့ မေးလိုက်တာလဲ မသိဘူးနော်"

သူ့မျက်နှာက အံ့ဩတကြီး ခွန်းချိုကတော့ နှုတ်ခမ်းကို တစ်ချက်တွန့်လိုက်ပြီး

"ဒီလို မိန်းကလေးတွေကတော့ ဒီလိုတွေထဲကပါပဲ၊ နင်တို့လို လူတန်းစားတွေကလည်း ဒါမျိုးတွေ မြင်ရင် မနေနိုင်ကြဘူးနဲ့ တူတယ်"

"နေပါဦး အခု ဘာတွေပြောနေတာလဲ၊ ကျွန်တော် ပြန်မလာဖြစ်တဲ့ အကြောင်းကို ပြောပြပြီးသွားပြီ၊ ကျန်တာတွေက ကျွန်တော့်ကိုယ်ရေးကိုယ်တာလို့ ထင်ပါတယ်၊ အဲဒီထိ လိုက်ပြီး စွက်ဖက်နေတာကတော့ တဆိတ် လွန်လွန်းနေပြီ"

"နင် အခု ငါ့ကို ပြန်ပြောနေတာလား"

"ကျွန်တော်က အကျိုးသင့် အကြောင်းသင့် ရှင်းပြပြီးသွားပြီလေ"

ခွန်းချို ဘာမှထပ်မပြောတော့ပါ။ ပြန်စဉ်းစားကြည့်ရင် ကိုယ့်ဘက်က စကားနည်းနည်း လွန်သွားမှန်း သိသာနေသောကြောင့်ပင်





ဖြစ်သည်။ သူ ပြောတာ မှန်၏။ အလုပ်သမားနှင့်အလုပ်ရှင်ဆိုတာထက် ခွန်းချိုရဲ့စကားတွေက ကျွံသွားခဲ့သည်။

"ခု နင်ပြန်ဖို့ လုပ်နေတာ မဟုတ်လား"

သူ ခေါင်းညိတ်ပြသည်။

"အဲဒါဆို ကောင်းတယ်၊ ပြီးရင် ငါ့ကို အောက်မှာစောင့်နေပါ"

လူနာခန်းထဲမှ ပြန်ထွက်လာတော့ နှစ်လေးက သူမကို မျက်လုံးတစ်ချက် လှန်ကြည့်သေး၏။ ထိုမိန်းကလေးကိုတော့ သူမ ဘယ်လိုမှ မကျေနပ်နိုင်ပါ။ ထို့ကြောင့်ပင် ထိုနှစ်ထံသို့ တည့်တည့်မတ်မတ် လျှောက်သွားလိုက်ပြီး

"ဒီမှာ မိန်းကလေး မကြာခင်မှာပဲ မင်းငါ့ကို အဲဒီလို ကြည့်မိတဲ့အတွက် နောင်တအကြီးကြီး ရတော့မယ်"

"ရှင် ဘာကိုဆိုလိုတာလဲ"

"မကြာခင်မှာ သိရမှာပါ"

မျက်နှာကို အချိုးသုံးထားပြီး နှစ်ရှေ့ကနေ ခွန်းချို ထွက်လာခဲ့သည်။ သူမရဲ့ ဦးတည်ရာက ဆေးရုံအုပ်ရုံးခန်း ရှိရာဆီ။

ထိုနေ့က Spa မှာ တစ်ကိုယ်လုံး ပေါင်းတင်ပြီး ဆံပင်ကောက်ဖြစ်သည်။ ဆိုင်ထဲမှ သူမ ပြန်ထွက်လာတော့ ကားပေါ်တွင် အိပ်ပျော်နေသော သူ့ကို တွေ့လိုက်ရ၏။ သူက ခုမှ လာအိပ်နေရအောင် တစ်ည



www.burmeseclassic.com

www.burmeseclassic.com



လုံး မအိပ်ဘဲ ဘာတွေလုပ်နေခဲ့ပါလိမ့်။

ဟိုမိန်းမနဲ့ တစ်ညလုံး စကားတွေဖောင်ဖွဲ့နေကြမှာပေါ့။ ကိုယ့်အတွေးနှင့်ကိုယ် စိတ်တိုစွာပင် ကားမှန်ကို ခပ်ပြင်းပြင်းလေး ခေါက်ပစ်လိုက်သည်။ သူ လန့်သွားပုံရကာ ကမူးရှူးထိုးနှင့် ခေါက်ခနဲ ထထိုင်လိုက်သည်။ အိပ်ချင်မူးတူး မျက်လုံးများကို ပွတ်သပ်နေသေး၏။

နောက်တော့မှ ဒေါသထွက်နေသော သူမကို မြင်သွားပြီး ကား

ပေါ်မှ ကပျာကယာ ဆင်းလာကာ ကားတံခါး ဖွင့်ပေးသည်။

"ဘာဖြစ်လို့ အိပ်နေတာလဲ၊ မတော်တဆ ကိုယ့်ကားကို တစ်

ခု လာလုပ်သွားရင်တောင် သိလိုက်မှာ မဟုတ်ဘူး"

"ကျွန်တော် ညက သိပ်အိပ်မပျော်လို့ ပြီးတော့ အချိန်ကလည်း

တော်တော်ကြာတာနဲ့ မှေးခနဲ အိပ်ပျော်သွားတာပါ"

"ညက အိပ်မပျော်လောက်ဘူးလို့တော့ တွေးမိပါတယ်"

ခွန်းချိုက ကိုယ့်ဘာသာ ပြောသလိုလိုနှင့် ခပ်တိုးတိုး ရေရွတ်

လျက် ကားထဲ ဝင်ထိုင်ပြီး တံခါးကို ဆောင့်ပိတ်ပစ်လိုက်သည်။

အိမ်ပြန်ရောက်တော့ ညနေစောင်းလုလု ဖြစ်နေပြီ။ အိမ်ထဲ

ဝင်ခါနီးမှာ သူ့ကို တစ်ချက် မသိမသာ ခိုးကြည့်မိသေးသည်။ သူကတော့

ခွန်းချိုကို လုံးဝမှပင် လှည့်မကြည့်ပါ။ အဲဒါကိုလည်း သူမ တင်းတာပါ

ဘာဖြစ်လို့များ သူ လုပ်သမျှ အပြုအမူအားလုံးကို သူမ ကြည့်မရ





နေမှန်း မသိ။

ပြီးတော့ မနေ့က သူ့ကို ပါးရိုက်ပစ်ခဲ့သော ခွန်းချိုအား တစ်ခွန်းမှလည်း ပြန်မပြောခဲ့ပါ။ ထိုကိစ္စကြီးမဖြစ်ခဲ့ဘူးသည့် အတိုင်းပါပဲ။ သူ့လောက် ဒေါသတကြီး အော်ငေါက်တတ်သည့်သူက ခုလိုမျိုး ငြိမ်သက်နေခြင်းသည် နိမိတ်ကောင်းတော့ မဖြစ်နိုင်။

စိတ်ပျက်ပျက်နှင့် လေပူတစ်ချက် မှုတ်ထုတ်ပစ်လိုက်ပြီး သူ့ကို ဦးနှောက်ထဲမှ မောင်းထုတ်ပစ်လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဒေါ်သူတာကြီး နင်းလျှောက်လာသော ခြေသံများသည် အ
ခြေသံများဆိုတာကို ခွန်းချို ကြိုသိနေခဲ့ပါသည်။

"ဘာကိစ္စရှိလို့လဲ"

တကယ်တော့ သူ ဘာဖြစ်လာတယ်ဆိုတာကိုလည်း ခွန်းချို
သိပြီး ဖြစ်သည်။ ဒါပေမဲ့လည်း မသိချင်ယောင် ဆောင်ကာ မေးလိုက်ခြ
ပါ။

"မင်းက ဒီမှာ ထမင်းစားတောင် မပျက်ဘူးပေါ့ ဟုတ်လား
ချစ်ခွန်းချို"

"ဒီက ငါ့ထမင်း ငါစားနေတာပဲ၊ ထမင်းစားပျက်ရလော
အောင် ငါ့မှာ ဘာအပူအပင်မှ မရှိဘူးလေ"





သူက ဟွန့်ခနဲ တစ်ချက်ရယ်လိုက်သည်။ လှောင်ပြောင်သရော်လိုက်သော အပြုံးမျိုး ဖြစ်၏။ သူ့ရဲ့ ထိုအပြုံးကြောင့်ပင် ခွန်းချိုမှာ စားလက်စ ထမင်းဖွန်းကို ပန်းကန်ထဲသို့ ပြန်ချလိုက်ပြီး

"ငါတို့ စာကြည့်ခန်းထဲ သွားကြရအောင်"

ခွန်းချို နောက်ကနေ သူ လိုက်ပါလာတာ ခြေလှမ်းများက ကြမ်းတမ်းပြင်းထန်လွန်းသည်။ သူ စိတ်တိုသွားမည်တော့ ထင်မှတ်ပြီး ဖြစ်သော်လည်း ဒီလောက်ထိ ပြင်းထန်လိမ့်မည်လို့တော့ မထင်ထားပါ။

"ကဲ ပြောစမ်းပါဦး၊ ဘာတွေဖြစ်လာတယ်ဆိုတာ"

"မင်း သိပြီးသား ဖြစ်မှာပါ၊ ဘာကြောင့် အဲလို လုပ်လိုက်တယ်ဆိုတာပဲ ကျွန်တော့်ကို ပြောပြပေးပါ"

"အေး ဟုတ်တယ် ငါ့ချက်လုံးထဲမှာ ထောင့်မကျိုးလို့ လုပ်လိုက်တာပဲ ဘာဖြစ်လဲ"

"ဒီဆေးရုံမှာ မင်းတို့ ရှယ်ယာတွေ ပါတာနဲ့ပဲ လူတစ်ယောက်ကို ဒီလိုမျိုး လုပ်ချင်တိုင်း လုပ်လို့ရလား"

"အဲဒီလောက် ဖြစ်မနေပါနဲ့၊ စပါယ်ရှယ်နာ့စ် တစ်ယောက်က ဘယ်ဆေးရုံကိုပဲ သွားသွား အလုပ်တွေက အဆင်သင့်ပါပဲ"

"မင်းကတော့ ပါးစပ်ကလေးနဲ့ ပြောတော့ လွယ်တာပေါ့၊ တကယ်တမ်း အလုပ်တစ်ခုကို မင်းကိုယ်ပိုင် အရည်အချင်းနဲ့ ရှာကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါဦး၊ အဲဒီအခါကျရင် တန်ဖိုးဆိုတာကို မင်း နားလည်လာလိမ့်မယ်"

"နေစမ်းပါဦး နင်က ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက်နဲ့ ငါ့ကိုလာပြီး ပြဿနာလုပ်နေတာလား။ အဲဒီ နာ့စ်ကို ငါက ငှားပေးထားတာ၊ အဲဒါကြောင့် ငါ ဖြုတ်ချင်ရင်လည်း ဖြုတ်ပိုင်ခွင့်ရှိတယ်"

"မှန်ပါတယ် မင်းငှားထားတာပါ၊ ဒါပေမဲ့ ခု မင်းလုပ်လိုက်တာက ကျုပ်အဖေကို မစောင့်ပေးဖို့လောက်တင်မှ မဟုတ်ဘဲ၊ ဒီဆေးရုံကြီးတစ်ခုလုံးမှာ သူ့ကို နေရာမပေးတော့တာလေ"

"ငါ့ကို ဒီလို ဆက်ဆံတဲ့ လူတိုင်း ဒီလိုပဲ ဖြစ်ကိုဖြစ်ရမယ်၊ သူ ငါ့ကို မကြည်တဲ့အကြည့်မျိုးနဲ့ ကြည့်ခဲ့တယ်၊ အဲဒီ ပြစ်ဒဏ်ကို သူ ခံရတာပဲ"

"လူတိုင်းကို မင်းစိတ်တိုင်းကျ ပြစ်ဒဏ်ပေးနေရအောင် သူတို့က တရားခွင်က ပြစ်မှုကြီးကြီးမားမားတွေ ကျူးလွန်ထားကြတဲ့ တရားခံတွေ မဟုတ်ဘူး။ ပြီးတော့ မင်းကလည်း တရားသူကြီး မဟုတ်ဘူး"

"အေး ငါ သိသားပဲ၊ ဒါကြောင့်လည်း ငါက သူတို့ကို ပြင်းပြင်းထန်ထန် မလုပ်တာပေါ့၊ နင့်ကိုပဲ ကြည့်လေ၊ ငါ့ကို အော်ကြီးဟစ်ကျယ် စော်ကားထားပေမယ့် နောက်ဆုံးတော့လည်း အားလုံးကို ငါပဲ တာဝန်ယူပေးထားတာ မဟုတ်လား"





"ဒါကလည်း မင်းလိုချင်တာ တစ်ခုရှိလို့ ထွင်ထားတဲ့ ဇာတ်လမ်းကြီးပါ၊ ကျွန်တော်ကလည်း အဲဒါကို သိသိကြီးနဲ့ ခံနေရတာ"

သူ အော်ဟစ်ပေါက်ကွဲနေ၏။ ဘာဖြစ်လို့ သူ ဒီလောက်တောင် ပြင်းပြင်းထန်ထန် ပေါက်ကွဲပြနေတာလဲဆိုတာ သူမ စဉ်းစားလို့ မရတော့ပါ။

ခွန်းချို လုပ်လိုက်တာသည် သူ့ကို ဒီလောက်ထောင်းနဲ့ ခံစားသွားရစေလို့လား။ ပြီးတော့ အဲဒီလောက်ထိ ဖြစ်ပြနေရအောင် ဒီနာ့စ်နဲ့ သူက ဘာတွေမို့လဲ။

"သူ့အစား အဲလောက် နာပေးရအောင် နင်တို့နှစ်ယောက်က ဘာတွေမို့လို့လဲ"

"မင်း အဲဒီ စကားမပြောနဲ့၊ ကျွန်တော်တို့က သာမန်လူတန်းစားတွေ၊ အဲဒီတော့ အလုပ်တစ်ခုရဲ့တန်ဖိုး၊ ငွေရဲ့တန်ဖိုး၊ အချိန်ရဲ့တန်ဖိုး ဆိုတာတွေကို နားလည်တယ်၊ အချင်းချင်းလည်း ကိုယ်ချင်းစာပေးလို့ရတယ်"

"ဪ အဲဒါနဲ့ပဲ နင်က သူ့အစား ရင်ဘတ်ကြီးနဲ့ ဝင်ပြီး ခံစားပေးလိုက်တယ်ပေါ့၊ ကောင်းပါတယ် ဆက်ခံစားပေးလိုက်ပါ"

"ဟုတ်တယ် ကျွန်တော်တို့က ကိုယ်ချင်းစာတရားဆိုတာကို နားလည်တယ်၊ အဲဒါကြောင့် မင်းလို ကိုယ်ချင်းစာစိတ် နည်းနည်းမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့ လူဆီမှာ ဆက်မလုပ်နိုင်တော့ဘူး"

အဲလောက်ထိ ဖြစ်သွားလိမ့်မည်လို့ ခွန်းချို မထင်ခဲ့ပါ။ ဒါ...

လည်း သူ ဒီလို လွယ်လွယ်နဲ့တော့ ခွန်းချိုထံမှ ထွက်သွားလို့ မရ...

"နင်သာ ငါ့ဆီက အလုပ်ထွက်လိုက်ရင် အရင်ဆုံး ထိခိုက်...

နစ်နာမှာက နင့်အဖေနော်၊ ငါ့အလုပ်သမား မဟုတ်တော့တဲ့ လူ...

ယောက်ကို ငါကလည်း ဘာရပိုင်ခွင့်မှ ဆက်မပေးနိုင်တော့ဘူး"

"တကယ်တော့ ကျုပ်အဖေ ဒီလိုဖြစ်ခဲ့ရတာ မင်းကြောင့်...

အဲဒီကျေးဇူးတရားလေးကိုမှ မထောက်ကွာ"

သူ့စိတ်တွေ တော်တော်လေး ယောက်ယက်ခတ်နေမှန်း...

အမူအရာ အပြောအဆိုများအရ သူမ သိနေ၏။ အဲဒီလို အချိန်...

သူ့ကို ဆက်ပြီး ဖိနင်းထားပါမှ သူမ အနိုင်ရတော့မည်။ သူ့စိတ်...

ရှုပ်ထွေးနောက်ကျိနေတာကို မြင်ရလေ သူမ ပျော်ရွှင်ရလေပဲ မဟုတ်...

လား။

"အဲဒီတော့ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်၊ နင်နဲ့လည်း...

ဘာပတ်သက်မှုမှ မရှိပါဘူးလို့ ပြောထားတဲ့ မိန်းမတစ်ယောက်အတွက်...

နဲ့ နင့်အဖေကို ဒုက္ခရောက်အောင် လုပ်မလို့လား"

"တောက်"

သူ တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လျက် သူမကို ...





...း ထွက်ခွာသွားသည်။ သူမကတော့ အနိုင်ရသူတစ်ယောက်ရဲ့ အပြုံး...
...နိုင်ပိုင်နိုင်နိုင် ပြုံးလိုက်၏။ အဲဒါပဲ ကြည့်လေ ကောသရာဟာ ချစ်ခွန်း...
...ရဲ့ အလုပ်သမားတစ်ယောက်အဖြစ်ကနေ ရုန်းမထွက်နိုင်သေးပါဘူး။

ဒါပေမဲ့ သူမ ပျော်သလား။ ဒီလိုမျိုး သူနဲ့ ရန်တွေဖြစ်ပြီး
...ားတွေ အရေးအတင် ပြောလိုက်ရတာကို ကျေနပ်ပါသလား။ ရင်ထဲ
...ာ ဘဝင်မကျနိုင်သော မေးခွန်းပေါင်း မြောက်မြားစွာကလည်း ရှိနေ
...သေးသည်။

■ ■ ■

နံနက်ခင်း နေရောင်ခြည်နုနုလေး ဖြာကျလာတော့မှ ချစ်ခွန်းချို
...ာ အိမ်ပြန်သည့် လမ်းကြောင်းပေါ်သို့ ပြန်လည် ဦးတည်လိုက်၏။
...ားကစားဝတ်စုံ ကိုယ်ကျပ်လက်ပြတ်နှင့် ဘောင်းဘီတို အနီရဲရဲ ဝမ်း
...ာက်လေးက သူမရဲ့အလှကို ပိုမိုပေါ်လွင်နေစေသည်။

နေထွက်စပြုလာပြီ ဖြစ်သော်လည်း လမ်းပေါ်မှာ လုပ်ငန်းခွင်
...ဝင်မယ့်သူတွေ တစ်ယောက်စ နှစ်ယောက်စသာ ရှိသေး၏။ ဒီလို ဆောင်း
...ဦးစ အချိန်ကာလများက အေးအေးချမ်းချမ်းနှင့် နေကလည်း မပွင့်
...ပွင့်မို့ အိပ်စက်အနားယူလို့ သိပ်ကောင်းသော အနေအထားမျိုးပဲ
...ဟုတ်လား။

တချို့ လမ်းတွေမှာဆို လမ်းမကျယ်ကြီးတောက်လျှောက် လူမှိုင်



www.burmeseclassic.com

www.burmeseclassic.com



လူယောင် မမြင်ရသေးတာတော့ ရှိသည်။ ကန်ပေါင်နှင့်ကန်ပေါင်သွားသည့် လမ်းတလျှောက်မှာကတော့ သူမတို့လို မနက်ခင်း လမ်းထလျှောက်သည့် လူများနှင့်ပြည့်ကျပ်နေတာပါပဲ။

လူသူလည်း ရှင်းနေသည်မို့ နားကြပ်လေးကို နားထဲထည့်ကာ အနှောင့်အယှက်ကင်းကင်းနှင့် သီချင်းသံကို အစွမ်းကုန် ဖွင့်လျက် ခြေလှမ်းများကိုလည်း ဖြည်းဖြည်းမှန်မှန်ပဲ လျှောက်လှမ်းနေမိ၏။

အဲဒီအချိန်မှာ ဘယ်လိုမှကို မထင်မှတ်ထားပါသော အဖြစ်အပျက်တစ်ခုက လျှပ်ပြက်သလို ဖြစ်ပျက်သွားခဲ့သည်။ အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာသော ကားတစ်စီး။ ကျယ်လောင်စွာ ဖွင့်ထားသော ခပ်ပြင်းပြင်း ရော့ခ်ဂီတသံက ထိုကားစက်သံကို ဖုံးလွှမ်းထားသည်။

သူမနားထဲတွင် ကားစက်သံ သဲ့သဲ့ကို ကြားလိုက်သောအချိန်မှာ သူမက လှည့်အကြည့်၊ ကားကလည်း အလွန်နီးကပ်စွာပင် သူမကို ပွတ်ခွဲသွားသည်။ လမ်းဘေး မြက်ခင်းပေါ်သို့ ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားခဲ့ပြီး တော်တော်နဲ့ ပြန်မထနိုင်တော့သည်ထိ ခြေမျက်စိက နာကျင်နေခဲ့သည်။

လူတွေလည်း တစ်ယောက်မှမရှိ၊ ဒါပေမဲ့ ကားနံပါတ်ကိုတော့ သူမ သေချာမှတ်မိလိုက်ပါသည်။ အပြာရင့်ရောင် ဂျစ်ကား ခပ်စုတ်စုတ်တစ်စီး။





ကြိုးစားပြီး မတ်တပ်ထကြည့်ပါသော်လည်း နာကျင်ခြင်းကသာ ပိုးမွှားလာလျက် မျက်ရည်များပင် ရစ်ဝဲလာသည်။ ဘဝတစ်သက်တာမှာ ဒီလောက် နာကျင်ရခြင်းမျိုးကို မကြုံတွေ့ မခံစားခဲ့ရဖူးပါ။ ခဏချင်းမှာပင် နာကျင်နေသော ခြေမျက်စိက ရောင်ကိုင်းတက်လာ၏။

သူမ ဟစ်လို့သာ ငိုပစ်လိုက်ချင်ပါပြီ။ နာတာရော ကြည့်ရဆိုးတာရော လောလောဆယ်မှာ ဘယ်သူ့အကူအညီမှ မရတာရောက သူမကို ဒေါ်တော်လေး ယောက်ယက်ခတ်နေစေ၏။

ကားပွတ်ခွဲလိုက်ချိန်မှာ သူမသည်လည်း အထိန်းအကွပ်မဲ့စွာ ထိုးကျသွားရသည်မို့ ခါးတွင်ချိတ်ထားသော ဟန်းဖုန်းလေးတလည်း အနီးရှိ ရေမြောင်းထဲသို့ လွင့်စင်ကျသွားခဲ့ပြီ ဖြစ်သည်။

တစ်ယောက်ယောက်ကို အော်ဟစ် အကူအညီတောင်းရအောင်ကလည်း၊ အို အဲဒါကတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးလေ။

ဟော ဟိုးခပ်လှမ်းလှမ်းမှာ လူတစ်ယောက် လမ်းလျှောက်လာနေသလိုပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလူကို အကူအညီတောင်းပြီး တက္ကစီငှားခိုင်းရမည်။ ပိုက်ဆံနည်းနည်းပါးပါး ပေးလိုက်ရင်တော့ သူမကို ကျေးဇူးတွေတောင် စွတ်တင်နေဦးမှာ သေချာ၏။

သို့သော် သူမ ထင်တာ မှားသွားပါသည်။ ထိုလူက သူမရှေ့သို့ မရောက်ခင် လမ်းခွဲတစ်ခုတွင်းသို့ ချိုးကွေ့ဝင်သွား၏။ စိတ်ဓာတ်ကျခြင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ မျက်ရည်တို့က လိမ့်ဆင်းကျလာ၏။ ဖအိရာကလည်း တော်တော်ကို နာကျင်လှပြီ။

ထိုစဉ်မှာပင် သူမရှိနေရာဆီသို့ တည့်တည့်မတ်မတ် လာနေသော မာစီဒီးကားတစ်စီးအား တွေ့လိုက်ရ၏။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီကားကို အကူအညီ တစ်ခုခု တောင်းလို့ရရင် ကောင်းမည်။

သို့သော် သူမပင် တကူးတက အကူအညီတောင်းစရာ မလိုပါဘဲ ထိုကားက ခွန်းချိုနားမှာပဲ ဘိတိကျကျ ထိုးရပ်သွား၏။ ကားပေါ်တွင် ထိုင်နေသူက ဆန်းသစ်စ။

အံ့ဩသွားမိသော်လည်း သူ့ကိုတော့ နည်းနည်းလေးမှ အကူအညီ မတောင်းချင်ပါ။ ဆန်းသစ်စက ကားပေါ်မှ ဆင်းလာ၏။

"ကိုယ်က မင်းနဲ့တူပါတယ်လို့ ကြည့်နေတာ၊ တကယ်ပဲ မင်းဖြစ်နေတာကိုး။ ကဲ ကြည့်ရတာတော့ ကိုယ် မကူညီရင် မင်း ဒီနေ့အတွက် တော်တော် ဒုက္ခများတော့မယ့်ပုံပဲ၊ ဟာ ခြေမျက်စိကလည်း ရောင်ကိုင်းနေပါလား။ ဘယ်လိုဖြစ်တာလဲကွာ၊ ချော်လဲတာလား"

"နင်နဲ့ ဒီနေရာနဲ့ ဘယ်လိုပတ်သက်လို့ ဒီလိုအချိန်မျိုးကြီး ရောက်လာရတာလဲ"

ဆန်းသစ်စရဲ့ မေးခွန်းကို ပြန်မဖြေဘဲ သူမ ပြောချင်တာကိုသာ ပြောချပစ်လိုက်သည်။





ဟုတ်တယ်လေ ဆန်းသစ်စ နေသော နေရာသည် ဘယ်လိုမှ ပတ်သက်မှုမရှိသော အကွာအဝေးတွင် ဖြစ်၏။ ပြီးတော့ ဒီလိုအချိန်မျိုးကြီး။

"မေးနေစရာတောင် မလိုပါဘူးကွာ၊ ကိုယ်က မင်းကို သတိရနေလို့ လာကြည့်တာလေ"

"ခြော် အတော်လေးတော့ တိုက်ဆိုင်သွားပဲနော်"

ခွန်းချိုက တမင်ရွဲ့ပြောလိုက်ပါသည်။ သူက ဟက်ခနဲ တစ်ချက် ရယ်လိုက်ပြီး သူမ လက်မောင်းလေးကို ဆွဲထူရန် ဟန်ပြင်၏။ သူမ အနည်းငယ် တိမ်းရှောင်လိုက်သည်။

"မင်းဒဏ်ရာက ဘယ်လိုမှ မတ်တတ်ရပ်နိုင်မှာ မဟုတ်ဘူး။ ရပ်နိုင်လို့လည်း မင်းဒုက္ခများနေတာ မဟုတ်လား"

သူမ ဘာမှပြန်မပြောမိပါ။ ဆန်းသစ်စ ပြောတာတွေက ဟုတ်နေတာပဲလေ။ နောက်ဆုံးတော့လည်း ဆန်းသစ်စရဲ့ အကူအညီနဲ့ပင် ကားပေါ်သို့ ရောက်သွားရတော့၏။ ဆန်းသစ်စရဲ့ မျက်နှာကတော့ တစ်ခုခုကို မှီရတဲ့ မျက်နှာမျိုးနှင့် မသတီချင်စဖွယ် ရှိနေသည်။

"ကိုယ်တို့ ဆေးခန်းအရင်သွားလိုက်ရင် ကောင်းမယ်နဲ့ တူတယ်"

အဲဒီနေ့က အိမ်ပြန်ရောက်သည်ထိ သူမ ဘာမှ စကား



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ခဲ့တဲ့ ငြိမ်းသက်တိတ်ဆိတ်နေခဲ့သည်။ သူမ ခြေမျက်စိရိုး အထက်သွားတာကြောင့် မေးစေ့နည်းလိုက်ရ၏။ သူမ ပြန်ရောက်သင့်သည့် အချိန်မှာ ပြန်မလာသည့်အတွက် တစ်အိမ်လုံး ပျာယာခတ်နေသလို ဒယ်ဒီကလည်း ဟန်းဖုန်းကို ခေါ်မရ၍ အိမ်ဖုန်းကို ခေါ်ပြန်တော့လည်း တစ်ခါ မှ နောက်မကျစဖူး နောက်ကျနေသည်ဆိုသော သတင်းကိုသာ ရသည့် အတွက် ဖုန်းက တဂွမ်ဂွမ် ဆက်မြဲ ဆက်နေ၏။

အိမ်ထဲသို့ သူမ ရောက်ရောက်ချင်းမှာပင် ဒယ်ဒီ့ဖုန်းနှင့် တိုးနေသောကြောင့် ဖြေရှင်းပြလိုက်ရသေးသည်။ ဒယ်ဒီက ခွန်းချိုကို စိတ်ပူပန်လျက် ချက်ချင်း ပြန်လာမည် လုပ်နေသေးသည်။

"ချက်ချင်း ပြန်လာစရာတော့ မလိုပါဘူး ဒယ်ဒီရယ်၊ ဒါပေမဲ့ မြန်မြန် ပြန်လာခဲ့နော်၊ ဒီမှာ သမီးတစ်ယောက်တည်း ပျင်းလှပြီ"

"သမီး ပျင်းနေရင် မောင်ဆန်းသစ်စနဲ့ အဖော်လုပ်ပေါ့၊ အဲ သူငယ်က သမီးလေးကို တော်တော်လေး ခင်မင်နေရှာတယ်"

ဒယ်ဒီ့စကားကို ရှောင်ပြောင်လိုခြင်း မဟုတ်သော်လည်း သူမ နှုတ်ခမ်းတစ်ချက် တွန့်လျက် ပြုံးလိုက်မိသည်။ အဲဒီလူက သမီးကို ရိုးရိုးတန်းတန်း ခင်မင်ချင်တာ မဟုတ်ဘူး ဒယ်ဒီရေ လို့သာ အော်ဟစ် ရယ်မောပစ်ချင်မိ၏။

အနားမှာ ဆန်းသစ်စ ရှိနေသေးလို့သာ ချုပ်တိမ်းထားလိုက်





ခြင်း ဖြစ်သည်။ သူမ ဒယ်ဒီနဲ့ ဖုန်းပြောလို့ ပြီးဆုံးသွားသည့်အချိန်ထိ ဆန်းသစ်စက မပြန်သေးဘဲ သူမဘေးရှိ ကျွန်းကုလားထိုင်ကြီးပေါ်တွင် ခပ်နွဲ့နွဲ့ ထိုင်နေဆဲ ဖြစ်၏။

"ဟိုတ် မိဓေ၊ ငါ့အခန်းထဲက စားပွဲပေါ်မှာ ပိုက်ဆံအိတ် သွားယူခဲ့စမ်း"

ချက်ချင်းပင် မိဓေက အပေါ်ထပ် တက်ပြီး ပိုက်ဆံအိတ် ယူလျက် ပြန်ရောက်လာခဲ့၏။ အဲဒီထဲက တစ်ထောင်တန် တစ်ချပ်ကို ထုတ်ပြီး ဆန်းသစ်စဘက်သို့ ကမ်းပေးလိုက်၏။

"အဲဒါ ဘာလုပ်တာလဲ ချို"

"နင့်ကို ဆေးဖိုးပြန်ပေးတာလေ၊ ကူညီတဲ့အတွက်လည်း ပါတယ်"

"ဟာကွာ မင်းလုပ်လိုက်တာ ကိုယ့်အဆင့် ဘယ်နေရာထိ ရောက်သွားတယ်ဆိုတာရော တွေးကြည့်မိရဲ့လား"

"အဲဒါတွေ လျှောက်တွေးမနေစမ်းပါနဲ့၊ ဒီတိုင်းပဲ ငါ့ပိုက်ဆံ ပြန်ယူတာလို့ တွေးလိုက်ရင် ပြီးတာပဲ မဟုတ်လား"

"မဟုတ်သေးဘူးလေ ချို"

ဆန်းသစ်စက တစ်ခုခု ဆက်ပြောချင်နေသေးသည့် ပုံပေါ်၏။

"နင့်ကိုငါ ဘာအကြွေးမှ မတင်ချင်ဘူး ဆန်းသစ်"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသစ်စ သက်ပြင်းတစ်ချက် ချသည်။ နောက်မှ သူမ တင်ပေးထားသော ပိုက်ဆံအုပ်ကို လှမ်းယူလျက်

"ကောင်းပြီလေ မင်းက ဒီလောက်တောင် ပေးချင်စိတ်ပြင်းပြ နေရင် ငါ ယူလိုက်ပါ့မယ်၊ ဒါပေမဲ့ အဲဒီလို ယူလိုက်တဲ့အတွက် မင်း ငါ့ကို တစ်ခုတော့ ပြန်လိုက်လျော်ရလိမ့်မယ်"

"ငါ့ဘက်က ထိုက်တန်တဲ့ထက် ကျော်လွန်လာရင် ဘာကိုမှ ပေးမှာ မဟုတ်ဘူး ဆန်းသစ်စ"

"မင်းအတွက် အပန်းမကြီးပါဘူးလေ၊ ငါ့ကို မင်းကိုယ်တိုင် ဖျော်ထားတဲ့ ကော်ဖီတစ်ခွက်လောက် တိုက်ရုံပါပဲ"

သူမ နှုတ်ခမ်းတစ်ချက် မဲ့လျက် ရယ်လိုက်မိသည်။ ခေါင်းကို လည်း ဖြည်းညင်းစွာ ခါရမ်းပစ်လိုက်၏။

"မဖြစ်နိုင်ဘူး၊ ဆန်းသစ်စ၊ ငါ့ဒယ်ဒီကလွဲရင် ဘယ်သူ့ကိုမှ ကော်ဖီ ဖျော်မပေးဖူးဘူး"

ဒီတစ်ခါ ခေါင်းကို ခါရမ်းလိုက်သူက ဆန်းသစ်စ ဖြစ် နည်းနည်းလည်း စိတ်တိုသွားပုံရသည်။ မတတ်နိုင်ပါ ချစ်ခွန်းချိုသည် ဘယ်လိုက်စွမ်းကိုမဆို ဟန်ဆောင်မြှူသိပ်ပြီး သည် ညည်းခံလုပ်ပေးတတ်မည့် မိန်းမမျိုး မဟုတ်။

"ကဲကွာ ဒီလိုဆိုရင် ကိုယ့်ကို မင်းနဲ့တူတူ မနက်စာ စားခွင့်





တော့ပေး"

"ငါက အိမ်မှာပဲ စားမှာ"

"ဒီလိုဆို ငါလည်း အိမ်မှာပဲ စားမှာပေါ့"

ဒီကိစ္စကတော့ သိပ်ပြဿနာ မရှိသည်မို့ သူမ ခွင့်ပြုပေးလိုက် ပါသည်။ အဲဒီနေ့က မနက်စာကို ဆန်းသစ်စနှင့်အတူ စားခွင့်ရခဲ့ပေမယ့် ထမင်းစားနေချိန်မှာ ဘယ်သူ့ကိုမှ စကားမပြောတတ်လို့ပါဟူသော လုပ သည့် အကြောင်းပြချက်လေးနှင့်ပင် ဆန်းသစ်စရဲ့ စကားဖောင်ဖွဲ့လိုခြင်း ကို သူမ ရှောင်ရှားပစ်လိုက်၏။

စားသောက်ပြီးစီးတော့လည်း ကိုယ့်အခန်းထဲကိုယ် ပြန်ဝင်ကာ နေလိုက်မိ၏။ ဆန်းသစ်စ ဘယ်အချိန်မှာ ပြန်သွားမှန်းပင် သူမ မသိ လိုက်။ ခွန်းချိုကို တင်းသွားမှာတော့ သေချာပါသည်။

အဲဒီလိုဖြစ်မယ်ဆိုတာကို ကြိုသိလျက်နဲ့ နင် ရှေ့ဆက်တိုးလာ ဦးမယ်ဆိုရင်တော့ . . ။

■ ■ ■

"သေခန်းသွားတော့မယ်၊ ကားထုတ်ထားတော့လို့ သွားပြော လိုက်"

"ဟုတ်ကဲ့ မမလေး"

ခြေထောက်က ကိုယ့်ဘာသာ ရပ်တည်မရသည်မို့ သေးတာနေ



www.burmeseclassic.com

www.burmeseclassic.com



မိန္မာက တွဲပေးနေရတယ်။ အဲဒီ အခြေအနေကြီးကို တော်တော်လေးလည်း စိတ်ပျက်လာပါပြီ။

ကားနောက်ခန်းထဲထိ မိန္မာက တွဲတင်ပေးလိုက်ပြီး နေသားတကျ ဖြစ်တော့မှ ကားကို ထွက်စေလိုက်သည်။ ပြဿနာက အဲဒီမှာ စတော့တာပါပဲ။ ဆေးခန်းရှေ့လည်း ရောက်ရော ကားပေါ်က ဆင်းဖို့အတွက် သူမ ဒုက္ခတွေ့ပါပြီ။

သူ့ထံမှ တစ်ချက်လှမ်းကြည့်မိပေမယ့် သူကတော့ ခွန်းချိုကို ကြည့်မနေသည့်ရှိ သူမမှာ အကြီးအကျယ် အခက်တွေ့နေတော့၏။ သူက ကားတံခါးကို ဖွင့်ပေးထားသော်လည်း တော်တော်နှင့် ဆင်းမလာသောအခါကျမှ သူက ခွန်းချိုထံ လှမ်းကြည့်လိုက်ပါသည်။

နံပေါ်မှာ နဂိုအတိုင်း ရှိနေမြဲဖြစ်သော ခွန်းချိုကို မြင်တော့မှ သူ သဘောပေါက်သွားပုံ ရပြီး သူမ လက်မောင်းတစ်ဖက်ကို အသာအယာ ဆွဲထူကာ ဖေးမလိုက်ပါသည်။ ဆရာဝန်နား ရောက်သည်ထိ လိုက်ပို့ပြီးတော့ အခန်းပြင်တွင် စောင့်နေသော သူ့ကို မြင်နေရသည်။

ဆရာဝန်က ဆေးခန်းကို သုံးရက်တစ်ခါ လာပြရန် ပြောပြီး သူမက ပြန်ရန် နှုတ်ဆက်လိုက်ချိန်မှာပဲ ခွန်းချိုနားသို့ သူ ရောက်လာပါသည်။ သူမက ထိုင်ခုံနောက်မှီကို လက်ဖြင့် အားပြုလျက် ထရပ်လိုက်သည်။ ဒါပေမဲ့လည်း သူမတာသာ တစ်ယောက်တည်း လမ်းလျှောက်ရ





မှာတော့ ဘယ်လိုမှ မဖြစ်နိုင်သောကြောင့် သူ့ထံသို့ လှမ်းကြည့်လိုက်ရပြန်သည်။

သူက ခွန်းချို လက်မောင်းလေးကို ဖွဖွဆုပ်ကိုင်ကာ ထိန်းလျှောက်ပေးပါသည်။ သူ့လက်များသည် သူမ ထင်ထားသလို ကြမ်းတမ်းမနေပါ။ နာကျင်မှုတွေကိုလည်း မပေးပါ။ တကယ့်ကို သူမအတွက် လိုအပ်သော လက်တစ်စုံ ဖြစ်ခဲ့သည်။

ဆေးရုံအဝင်ဝတွင် မျက်နှာချင်းဆိုင်မှ လျှောက်လာသော လူတစ်ယောက် ဝင်တိုက်သွားသောကြောင့် သူမ ယိုင်သွားသောအခါမှာတော့ သူက ခွန်းချိုရဲ့ ပခုံးစွန်းလေးနှစ်ဖက်ကို ဖမ်းထိန်းထားပေးလိုက်ပါသည်။ ယိုင်သွားသော သူမ ဦးခေါင်းသည် သူ့ရင်ခွင်နှင့် အလွန်နီးကပ်တာ သူမကို စိုးရိမ်တကြီးနှင့် ငုံ့ကြည့်လိုက်သော သူ့နှာဝမှ ထွက်သက်လေကိုပင် ခံစားသိရှိလိုက်ရ၏။

သို့သော် သူက ချက်ချင်းပင် လူချင်းပြန်ခွာလျက် ပုံမှန်အတိုင်း သူမ လက်မောင်းလေးကိုသာ ပြန်လည်တွဲထားပေးပါသည်။ နွေးထွေးသော သူ့ထွက်သက်လေက သူမ နဖူးထက်မှာ ခုချိန်ထိ ငွေ့ငွေ့လေး ကျန်နေဆဲဖြစ်၏။

နောက်သုံးရက်အကြာ ဆေးခန်းသွားပြရန် သူမတို့ ကားလေး ဘီးလှိမ့်တုန်း ရှိသေး ဆန်းသစ်စ ပေါက်ချလာကာ ကားကို ခြံဝမှာတင်



www.burmeseclassic.com

www.burmeseclassic.com



တာခဲ့လျက် ခွန်းချိုတို့ ကားနှင့်ပင် ဆေးခန်းထိ ပါလာ၏။ ကားပေါ်မှာ ခွန်းချိုနှင့်သားချင်းကပ် ထိုင်တော့လည်း ပြောလိုက်သည့် စကားတွေက ရေပက်မဝင်။

ခွန်းချို မျက်နှာက လိုလားသည့်ပုံလား မလိုလားသည့်ပုံလား ဆိုတာလည်း အလေးမထား။ တကယ့်ကို စိတ်ပျက်ဖွယ်ရာပင်။

ဆေးခန်းရှေ့ရောက်တော့ ထုံးစံအတိုင်း ကေသရာက သူမကို ကားတံခါးဖွင့်ပေးရန် ဆင်းမည်အလုပ် ဆန်းသစ်က ကမန်းကတန်း လက်ကာပြလျက် ကားကို တစ်ပတ်ပတ်ကာ သူမဘက်မှ တံခါးကို လာဖွင့်ပေးပါသည်။ သူမ မထွက်နိုင်သေးခင် ကားထဲကို ကိုယ်တစ်ပိုင်း ဝင်လျက် လက်တစ်ဖက် ကမ်းပေးနေသေး၏။

သူမ တစ်ယောက်တည်း အကူအညီမပါဘဲ လမ်းမလျှောက်နိုင်သေးမှန်း သိထားသောကြောင့် သူ့လက်ကို ကိုင်ပါဆိုသည့် သဘော။ မရည်ရွယ်ထားပါဘဲနှင့် ခွန်းချိုရဲ့ မျက်လုံးများက ကားမောင်းသူ နေရာတွင် ထိုင်နေသည့် ကေသရာ့ထံသို့ ရောက်ရှိသွားကြသည်။

သူကလည်း ခွန်းချိုကို နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်နေသည်မို့ နှစ်ဦးသား မျက်လုံးချင်း သွားဆုံမိကြ၏။ သူက အရင် ခေါင်းငုံ့ ပစ်လိုက်ပါသည်။

မယောက်သာသည့်အခုံး ဆန်းသစ်ရဲ့ လက်များထဲသို့သာ သူမ





ရဲ့ လက်ဖဝါးလေးကို ထည့်ပေးလိုက်ရ၏။ အဲဒီနေ့က သူ ခွန်းချိုကို နည်းနည်းမှ ထပ်မကြည့်တော့ပါ။

နောက်ရက်တွေထဲ အနည်းငယ် လမ်းလျှောက်လို့ ရချိန်မှာ သူမ ခြံထဲဆင်းပြီး ထိုင်ဖြစ်သော်လည်း သူ့အရိပ်အယောင်ကို တွေ့ရခဲလှသည်။ တစ်ခါတလေ ဦးလှမြင့်နှင့်အတူ ခြံထဲမှာ စကားပြောရင်း ခိုင်းကူလုပ်ပေးတာ မြင်ရသော်လည်း ခွန်းချိုကိုတော့ နည်းနည်းလေးမှ လှည့်မကြည့်ခဲ့ပါ။

အိမ်မှာရှိသော အလုပ်သမားများကို အလုပ်ကိစ္စကလွဲ၍ မိန်းမနှင့်ယောကျ်ား စကားပြောခွင့်မပေးထားသောကြောင့် သူသည် ဦးလှမြင့်ကလွဲ၍ မည်သူနှင့်မျှ စကားပြောဆို ဆက်ဆံခြင်း မရှိပါ။ ဆေးရုံသွားကြည့်သည့် အချိန်ကလွဲလို့ အိမ်ထဲမှာသာ အနေများသော သူ့ကို ကြည့်ရတာ ရည်းစားတွေဘာတွေလည်း ရှိပုံမရ။

အိုး ဘာဖြစ်လို့ အဲဒီလို ကိစ္စတွေထိ သူမ လိုက်တွေးမိနေသလဲ မသိပါ။ တကယ်ဆို ဘာမှလည်း မဆိုင်ပါဘဲ။

ကေသရာနဲ့ပတ်သက်လာရင် ကလေ့စားချေဖို့ကလွဲပြီး သူမ ဦးနှောက်ထဲကို ဘာမှအရောက်မခံတာက အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ချို နိုးပြီလား"

ခုတလော အိမ်ကို ဆန်းသစ်စ တစ်ယောက် အလာစိပ်နေ
တစ်ရက်ခြားတစ်ခါ နှစ်ရက်ခြားတစ်ခါလောက်ကို ရောက်ဖြစ်နေသည်
လာတိုင်းလည်း ခွန်းချို အတွက်ဆိုကာ တစ်ခုမဟုတ် တစ်ခု ဝယ်လာ
တတ်မြဲ။

"ဒီမှာလေ ချို ကြိုက်တယ်ဆိုလို့ အင်းလျားလိတ်ထဲ ကိုယ်
ဝင်ဝယ်လာတာ"

မျက်စိရှေ့သို့ ရောက်လာသော ကိတ်မုန့်များကို ချို တစ်ချက်
သာ စွေကြည့်လျက် ဘာမှပြန်မပြောဖြစ်။

"ချို မကြိုက်လို့လားဟင်"

"ကြိုက်ပါတယ်၊ ဒါပေမဲ့ မစားချင်ဘူး။ မိနန္ဒာရေ ဒီမုန့်တွေ
လာယူပြီး နင်တို့ ဝေစားလိုက်ကြ"

ဆန်းသစ်စ မျက်စိမျက်နှာတွေ အကြီးအကျယ် ပျက်သွားလျှ
မိနန္ဒာ လက်ထဲတွင် ပါသွားသော ကိတ်မုန့်ထုပ်ကို မျက်စိတဆုံး လိုက်
ကြည့်နေသည်။

"ဘာလဲ ဒီနေ့လာတာက ငါ့ကို ကိတ်လာပို့တာလား"

ဆန်းသစ်စ မျက်နှာက ဘယ်လိုမှ ဟန်ဆောင်လို့မရအောင်
ပျက်ယွင်းနေပါသည်။ သူမကတော့ ခပ်တည်တည်ပါပဲ။ ဒယ်ဒီက ဆ





သစ်စ အိမ်လာရင် နှင်မထုတ်ပါနဲ့၊ ကောင်းကောင်းမွန်မွန် လက်ခံ
စကားပြောလိုက်ပါဆိုလို့ ဒီလောက်ထိ လိုက်လျောထားခြင်း ဖြစ်၏။

ခွန်းချို သဘောအတိုင်းသာဆို ဒီလိုလူကို ကိုယ့်ဆီချဉ်းကပ်
နေတာ သိသိကြီးနှင့် လက်ခံစကားပြောမိလိမ့်မည် မဟုတ်။ တစ်ခါတည်း
နှင်ကို အပြတ်ပြောလွှတ်ပစ်မှာ ကျိန်းသေပါသည်။ ခုတော့

သူမ ခြံထဲဆင်းလျှင် နောက်က ပါလာသည်။ သူမ ထမင်းစား
လျှင်လည်း အားမနာပါးမနာ ဝင်စားတတ်သေးသည်။ တကယ့်ကို မျက်
နှာပြောင်တိုက်သော လူစားမျိုးဖြစ်၏။

အခုလည်း ကြည့်ပါဦး။ သူနဲ့ စကားမပြောချင်လို့ ခြံထဲဆင်းလာ
ပြီး စိန်ပန်းပင်ကြီးအောက်က ခုံမှာထိုင်ကာ စာအုပ်ဖတ်နေစဉ် နောက်က
လိုက်လာဖြစ်အောင် လိုက်လာ၏။ ဒယ်ဒီ့စကားကြောင့် အိမ်လာတာကို
နှင်မထုတ်ခြင်း ဖြစ်သော်လည်း ခုတော့ ဆန်းသစ်စရဲ့ လုပ်ရပ်က
ကိုယ့်အိမ်ထဲကိုယ်နေတာပင် လွတ်လွတ်လပ်လပ် မရှိတော့ပါ။

"ချိုက ကိုယ့်ကို ခုချိန်ထိ စိမ်းနေတုန်းပဲနော်"

ဘယ်တော့မှလည်း ရင်းနှီးလာမှာ မဟုတ်ဆိုတာ ခုချိန်ထိ
မသိရှိသေးရှာသော ဆန်းသစ်စကို သူမ စိတ်ပျက်ပျက်နှင့် တစ်ချက်
ကြည့်လိုက်သည်။ ဖတ်လက်စ စာအုပ်ကိုတော့ အဖတ်မပျက်စေရပါ။

"အဲဒီစာအုပ်ကို ခဏလောက် ချထားပြီး ကိုယ်နဲ့ စကားပြော



www.burmeseclassic.com

www.burmeseclassic.com



ပါလား ချိုရယ်”

“ငါ ဒီစာအုပ်ကို သိပ်ကို စိတ်ဝင်စားလွန်းလို့ ဖတ်နေတာ ငါ မကြိုက်ဆုံးက အဲဒီလို ငါ စာအုပ်ဖတ်နေတုန်းမှာ အလိုက်ကန်းဆိုး မသိဘဲ လိုက်နှောင့်ယှက်နေတာကိုပဲ”

သူမက ပေါ်တင်ပြောလိုက်တာမို့ ဆန်းသစ်စ မျက်နှာ အိုကျသွားလျက် စကားလမ်းကြောင်းလည်း ပျောက်သွားပုံရလေသည် သူမကတော့ စာအုပ်ကိုသာ ဆက်ဖတ်နေလိုက်၏။

“ဦးလှမြင့် ဒရိုင်ဘာ ရှိတယ် မဟုတ်လား၊ သူ့ကို ခေါ်လွှ လိုက်ပါ”

အနီးတွင် ပန်းပင်များ ရေလောင်းနေသော ဦးလှမြင့်ကို ခွန် က လှမ်းပြောလိုက်၏။ ဦးလှမြင့် အနားမှ ထွက်သွားသည်။

“ချို့ကို ကိုယ် အဲဒီကိစ္စလည်း ပြောချင်နေတာ၊ ဘာဖြစ်လို့ အဲဒီကောင်ကို အလုပ်ဆက်ခန့်ထားသေးတာလဲ၊ ဒီကောင်က ချို တစ်ခုခု ပြန်လုပ်နေရင် ချိုပဲ နစ်နာမှာနော်”

သူမ ဆန်းသစ်စကို ဘုကြည့်ကြည့်ပစ်လိုက်၏။ သူက သူ ကိုယ်တိုင် ခန့်ထားသော အလုပ်သမားကိစ္စမှာတောင် ဝင်ရောက် စွ ဖက်ချင်နေသေး၏။

“အဲဒါ ငါ့ကိစ္စ၊ ငါ့အလုပ်သမားကို ငါ ကြိုက်တဲ့အတိုင်း





ထားမယ်၊ ကြိုက်တဲ့သူကို ခန့်တယ်၊ သူတို့ကိုယ်တိုင်လည်း ငါ့ကို ပြန်မပြော ခဲ့ဘူး။ အဲဒီတော့ တစ်ခုခု ပြန်လုပ်မှာကိုလည်း နင် စိတ်ပူပေးစရာ မလိုဘူး၊ ရှင်းတယ်နော်”

သူမ စကားအဆုံးမှာပင် ကေသရာ ရောက်လာပါသည်။ သူ့ကို မြင်သည်နှင့် ဆန်းသစ်စ မျက်လုံးများက အရောင်ပြောင်းသွား၏။ ဆန်း သစ်စ ရင်ထဲမှာ ခရျိန်ထိ ကေသရာ့အား ကျေနပ်နိုင်သေးပုံ မပေါ်ပါ။ ကေသရာကတော့ ဆန်းသစ်စကို လှည့်ပင်မကြည့်။ အဲဒါပဲ တောင်းပါ သည်။

“ဒီနေ့ ကားရေဆေးရမယ့်နေ့နော်၊ ရှေ့တစ်ပတ်က နင် သွား ဆေးတဲ့ ဆိုင်က မသန့်ရှင်းဘူး၊ ကားအောက်ပိုင်းတွေက ရေတောင် သိပ်မစိုချင်သလိုပဲ၊ ဆိုင်ပြောင်းပြီး ဆေးလိုက်ပါ၊ ဟံသာဝတီပိုင်းနားက ဆိုင်က ကောင်းတယ်၊ အဲဒီကို သွားလိုက်”

သူ ခေါင်းငုံ့နာခံလျက် ခွန်းချိုတို့နားမှ ပြန်ထွက်သွားပါသည်။ သိပ်မကြာခင်မှာပဲ မတ်ခ်တူးလေးနှင့် သူ ထွက်သွားတာကို မြင်လိုက်ရ၏။

“ချို ဘာဖြစ်လို့ အဲဒီလောက်ထိ လိုက်ကြည့်နေရတာလဲ”

သူမ ကိုယ့်ကိုယ်ကို သတိမထားလိုက်မိဘဲ ကေသရာ မောင်း သွားသော ကားလေး ခြံထဲမှ ထွက်သွားသည်ကို မျက်စိတဆုံး လိုက်ကြည့် နေမိခြင်းအား ဆန်းသစ်စက မလိုတမာသံနှင့် မေးလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ချက်ချင်းပင် ဖော်လက်စ တခုစ်ထဲ စိတ်ကို ပြန်နှစ်လိုက်ပါသည်။

"ရှိ မင်းနဲ့ အဲဒီ ဒရိုင်ဘာကောင်နဲ့က ရိုးတော့ ရှိပါတယ်နော်"

"ဘာ နင်ဘာပြောလိုက်တယ်"

ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်ပြီး ဆန်းသစ်စနှင့် မျက်နှာချင်းဆိုင် အော်ပစ်လိုက်သောကြောင့် ဆန်းသစ်စ ကိုယ်တိုင်လည်း လန့်သွားပုံရသည်။သူ့စကားမှားသွားမှန်းလည်း သိလိုက်ပုံပါပဲ။

"မဟုတ်ပါဘူး ကိုယ်ပြောချင်တာက မင်းနဲ့သူနဲ့"

"နင် ဘာမှ ဆက်မပြောနဲ့တော့ ဆန်းသစ်စ၊ နင့်ကိုငါက ဒယ်ဒီ့စကားကို နားထောင်တဲ့အနေနဲ့ ဒီအခြေအနေလောက်ထိ လက်ခံခဲ့တာကို နင်က ရောင့်တက်ချင်တယ်"

"ဟာ မင်း အဲလို ပြောရအောင် ကိုယ်က အခြေအနေမဲ့ရေတဲ့ကောင်မှ မဟုတ်တာ"

"နင့်ဟာနင် ဘာကောင်ဖြစ်ဖြစ် ငါ မကြောက်ဘူး။ နင်လည်း ငါ့အကြောင်းတွေ ကြားဖူးမှာပါ၊ ငါက ဘယ်ယောကျ်ားကိုမှ အရောဝင်တတ်တဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး"

"အေး၊ နင် စောင့်ကြည့်နေလိုက်ပါ၊ တစ်ချိန်ချိန်မှာတော့ ချစ်ခွန်းချိုဆိုတဲ့ မိန်းမဟာ ဆန်းသစ်စ အတွက်ပဲ ဖြစ်စေရမယ်"

ဆန်းသစ်စ တစ်ယောက် ရှက်ရမ်းရမ်းကာ ပြောဆိုလျက်





သူ့ ထားနက်ကြီးကို မောင်းထွက်သွားသည်။ သူမ အတွက်ကတော့ ...ဘော်လေးနှစ်ဖက် မြောက်လျက် ပခုံးလေးတစ်ချက် တွန့်လိုက်ရုံသာ။

■ ■ ■

သူ ခွန်းချိုကို လုံးဝ စကားမပြောပါ။ အရင်တလည်း သူနဲ့ ...လုပ်ကိစ္စတွေကလွဲလို့ ဘာစကားမှ အားအားလျားလျား ပြောဆိုဖူးခြင်း ...ရှိပါသော်လည်း ခုတလောတွင်တော့ သူသည် သူမ ခြေမိုင်းနိုင်သော ...နေရာများတွင်သာ နေလျက် ကမင်တကာ ရှောင်ရှားလျှောက် ရှိသည်တု ...ချို ထင်နေမိသည်။

"ဟဲ့ မိနစ္စာ ဒရိုင်ဘာကို သွားခေါ်ခဲ့စမ်း၊ စကြည့်ခန်းထဲကို ...တခဲ့ ပြောလိုက်"

ညစာစားပြီးချိန်တွင် စိတ်ထဲမှ အလိုလိုနေရင်း သူ့ကို အလို ...ဖြစ်လာသောကြောင့် ပြဿနာတစ်ခုခု ရှာချင်စိတ် ဖြစ်လာ၍ ...ခေါ်လွှတ်လိုက်မိခြင်း ဖြစ်သည်။

သူသည် ခွန်းချို အလုပ်ခြင်ဆိုင်သွားသည့် ရက်တိုင်း ဆိုင်ထဲမှ ...ထွက်လာလျှင် ကားထဲမှာ အိပ်ပျော်နေတတ်၏။ သူမရဲ့ ဆံပင်ပေါင်း ...ခြင်း မျက်နှာပေါင်းတင်ခြင်းနှင့် လက်သည်းခြေသည်း ပြုပြင်ခြင်းတွေ ...သည် ဘယ်လောက်များ ကြာမြင့်နေလို့ သူက အိပ်ပျော်နေရတာပါ။ ...ကိစ္စကို ပြဿနာလုပ်ရမည်လို့ စိတ်ထဲမှာ ကြိတ်တွေးပြီး ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာ ကျေနပ်နေမိတ်။

ဟုတ်တယ်လေ စုရက်ပိုင်း (သူ့ကို ခွန်းချိုက ပါးရှုပ်လိုက်ပြီးသည့်နောက်ပိုင်း)မှစကာ သူ့အမူအရာတွေက တော်တော်လေးကို ပြောင်းလဲလာ၏။ သူမကိုလည်း ကလန်ကဆန် သိပ်မလုပ်တော့ဘဲ ဘယ်တုန်းကမှ မခေါ်ဘူးခဲ့သော မမလေး၊ ဟူသည့် အသုံးအနှုန်းကိုပင် ခေါ်ဝေါ်တတ်လာသည်။

အဲဒီတော့လည်း သူမ အပြစ်မရှိ အပြစ်ရှာစရာတိစွက က... ပေါ်တွင် သူ့ အိပ်ပျော်နေတတ်သည့် ကိစ္စတစ်ခုပဲ ရှိတော့သည်။

နာရီကို ကြည့်လိုက်မိသည်။ သူမ မိနစ္စာကို လွှတ်ကာ ခေါ်... နိုင်းလိုက်သည့် အချိန်ကနေ ဆယ့်ငါးမိနစ်ပင် ရှိနေပြီ။ ဒါသူမကို မခန့်လေးစား လုပ်တာပဲ။ ချစ်ခွန်းချိုက သူမ ခေါ်လျှင် ချက်ချင်း... ရောက်လာမှ ကျေနပ်တတ်မှန်း သူ မသိတာလည်း မဟုတ်ပါဘဲနဲ့။

"မိနစ္စာ ဟဲ့ မိနစ္စာ"

သူမရဲ့ အသံကျယ်ကျယ်ကြောင့် အခန်းထဲသို့ အပြေးလေး... လှမ်းဝင်လာတာ မိစော ဖြစ်လို့နေသည်။

"ဟဲ့ မိစော မိနစ္စာ ဘာလုပ်နေလဲ"

"သူ မမလေး ခေါ်ခိုင်းလိုက်လို့ သွားခေါ်တာ ပြန်မလာသေး... ပါဘူး"





"ဘာ"

သူမ အသံကြောင့် မိစော ကိုယ်လုံးလေးပင် ဆတ်ခနဲ တုန်ယင်သွား၏။ ဒေါသတွေက ခုမှ ပြောင်းဆန်နေအောင် ဖြစ်ပေါ်လာသည်။ သွားခေါ်ခိုင်းလိုက်သည့် လူကပါ ပြန်ရောက်မလာသေးဘူးဆိုတော့ သူတို့ ဘာတွေဖြစ်နေကြတာလဲ။ သူမ မသိအောင် ဘာတွေများ လုပ်နေကြလို့လဲ။

အတွေးတို့က တောင်စဉ်ရေမရ ရှုပ်ယှက်ခတ်လာ၏။ ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်လိုက်မိသည်။ သူမ ဦးတည်ချီသွားတာက ကားဂိုဒေါင် အပေါ်ထပ်ဆီသို့ ဖြစ်သည်။

အိမ်မကြီးနှင့် ကားဂိုဒေါင်က မဝေးလှသော နေရာတွေဆိုပေမယ့် သူမ စိတ်ထဲမှာ မရောက်နိုင်တော့ဘူးလို့ဘဲ ထင်မှတ်နေမိသည်။ လှမ်းလိုက်ရသော ခြေလှမ်းတိုင်းဟာလည်း ပင်ပန်းလွန်းလှ၏။ ရင်တွေက အဆမတန် တုန်ယင်မောဟိုက်နေတာလည်း ထူးဆန်းလွန်းပါသည်။

ကားဂိုဒေါင်အပေါ်ထပ်ကို ကေသရာ အလုပ်စဝင်သည့်နေ့က တစ်ခါသာ ရောက်ဖူးခဲ့၏။ ဒါ ဒုတိယအကြိမ် ဖြစ်သည်။ လှေကားထစ်များကို ဖြတ်ကျော်နေရသော သူမ ခြေထောက်တွေ အေးစက်နေ၏။ ဘယ်လိုမြင်ကွင်းမျိုးကိုများ မြင်လိုက်ရမလဲဆိုပြီး ထိတ်လန့်နေသလောက လည်း ဆိုးရွားလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူနဲ့မိနန္ဒာကို ဘယ်လိုမြင်ကွင်းမျိုးနဲ့ပဲ မြင်

မြင်ရ သူမအတွက် ဘယ်လောက်များ ထူးဆန်းသွားမှာမို့လဲ၊ ဟင့်အင်

အဲဒီလို မတွေးပေးနိုင်ပါ။ ဘယ်လိုနည်းနဲ့မှ အဲဒီလိုမျိုး မတွေးပေးနိုင်ပါ

"ဟင်"

သူမ ကြောက်လန့်နေခဲ့သော မြင်ကွင်းမျိုးပါပဲ။ ဖျာထက်တွင်

ဝက်လက်လှန် အိပ်နေသော ကေသရာ သူ့ဘေးမှာမှ မိနန္ဒာက

ထိုင်လျက် သူ့မျက်နှာကို ဘာလုပ်နေမှန်းမသိ၊ မိနန္ဒာကိုယ်လုံးနှင့်

ကွယ်နေသောကြောင့် သူ့မျက်နှာကိုတော့ သူမ မမြင်ရပါ။

ထိုမြင်ကွင်းကို သဲကွဲစွာ တွေ့ပြီး နောက်ပိုင်းတော့ သူမ

မျက်လုံးများသည် ပြာဝေလျက် ဘာကိုမှ သေချာစွာ မမြင်ရတော့ပါ

ခြေလှမ်းများက သူတို့နှစ်ဦးရှိရာဆီသို့ ဒေါသတကြီး။

ပြင်းထန်လှသော ခြေသံကြောင့် မိနန္ဒာက သူမကို လှည့်ကြည့်

သည်။ မိနန္ဒာ ဒီဘက်သို့ အလှည့်မှာပဲ ခွန်းချိုက ပါးပြင်ကို အရှိန်ပြ

လွှဲရိုက်ချပစ်လိုက်တော့၏။ ခန္ဓာကိုယ်တစ်ခုလုံး ယိမ်းယိုင်ကာ ကြမ်းပြ

ပေါ်သို့ ဝုန်းခနဲ ပြိုလဲကျသွားသည်ထိ ရိုက်ချက်က ပြင်းထန်လွန်းသွ

ခဲ့ပါသည်။

ထိတ်လန့်အံ့သြနေသော မျက်ဝန်းအစုံနှင့် မိနန္ဒာက အရိုက်

လိုက်ရသော ပါးတစ်ဖက်ကို အုပ်ကိုင်ကာ သူမကို မော့ကြည့်နေသည်





မိနန္ဒာရဲ့ မျက်ဝန်းများတွင် တောင်းပန်တိုးလျှိုးမှုကို အတိုင်းသား မြင်တွေ့နေရသည်။

"နင်တို့ ဒီလိုတွေ ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ၊ ငါ ခေါ်ခိုင်းလိုက်တာကိုတောင် ဂရုမစိုက်ရလောက်အောင် ဖော်ဖော်လေးပဲ သည်းနေတယ်ပေါ့ ဟုတ်လား"

"မ မဟုတ်ဘူး မမလေး။ အဲဒီလို မဟုတ်ပါဘူး။ ကျွန်မတို့ အဲဒီလို မဟုတ်ပါဘူး"

"နင် ငါ့ကို ဘာမှလာရှင်းမပြမနေနဲ့"

သူမရဲ့ ဒေါသတွေက မိနန္ဒာထံတွင်သာ ရှိနေဆဲမို့ သူ့ကို သတိမထားမိခဲ့သမျှ ခုမှ လှမ်းကြည့်မိချိန်မှာတော့ ဖျာထက်တွင် လဲအိပ်နေဆဲဖြစ်သော သူ့ကိုမြင်လိုက်ရသည်။ မှိတ်ထားသော မျက်ခွံများအောက်မှ မျက်လုံးသည်လည်း ဂနာမငြိမ်နိုင်စွာ ယောက်ယက်ခတ်နေသည်။

သူမထံမှ ဒေါသတကြီးသံများ ရပ်တန့်သွားတော့မှ သူ့ညည်းညူသံတိုးတိုးလေးကို ကြားလိုက်ရခြင်း ဖြစ်၏။

"သူ ဘာဖြစ်တာလဲ၊ ငါ့ကိုပြောစမ်း"

ခွန်းချို အသံတွင် ဒေါသတွေ ကင်းစင်လျက် တုန်ယင်နေမှုတွေကတော့ အစားထိုး ဝင်ရောက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကေသရာ အဖျားတွေ တော်တော် တက်နေတယ် မမလေ

အဲဒါကြောင့် ကျွန်မက ရေပတ်တိုက်ပေးနေတာပါ"

ဖြစ်နိုင်ပါသည် ကေသရာ လဲနေသော ဖျာဘေးတွင် ရေဇ

တစ်လုံးနှင့် မျက်နှာသုတ်ပဝါလေးတစ်ထည်ကို ခုမှပဲ သူမ မြင်လိုက်သေ

ကြောင့် ဖြစ်သည်။

"သူ ဖျားနေတယ်ဆိုရင်လည်း ငါ့ကိုလာပြီး အကြောင်းကြ

ရမှာ မဟုတ်ဘူးလား။ ခုတော့ နင်လုပ်ချင်တာတွေ နင့်ဘာသာ ရှ

လုပ်နေတယ်"

"ကျွန်မ ကျွန်မ တော်တော်လေး စိတ်ပူသွားမိလို့ပါ၊ ကိုေ

သရာ့ကိုယ်တွေက ဖအားပူပြီး သတိက မရှိတစ်ချက် ရှိတစ်ချက်လည

ဖြစ်နေတယ်"

"နင့်ကိစ္စကို ထားလိုက်တော့၊ လောလောဆယ် ငါ့ကို ရေခဲ

နဲ့ အဝတ်သန့်သန့် တစ်ထည်သွားယူပေး"

မိနန္ဒာ အံ့ဩသော မျက်လုံးများဖြင့် ခွန်းချိုကို ကြည့်နေပြ

သည်။ ဒီလိုမျိုး စိုးရိမ်ပူပန်နေသော ခွန်းချိုရဲ့ မျက်နှာမျိုးကို ဘယ်

မြင်ဖူးခြင်း မရှိသောကြောင့် ဖြစ်ပါလိမ့်မည်။

"ဟဲ့ ငါ ပြောနေတာ မကြားဘူးလား။ ငါ့ကို ဘာကြောင့်ကြ

နေတာလဲ"





"ဟုတ် ဟုတ်ကဲ့ မမလေး"

ခွန်းချို ကိုယ်တိုင်ကတော့ သူမ အခန်းထဲမှ ဆေးသေတ္တာကို

ပြေးယူရသည်။ သူမ အမှုအရာတွေက အရေးအကြောင်းမှာ သင့်တော်

လားလို့ သူမ မတွေးမိပါ။ အို ဘယ်တုန်းကရော အဲဒီလို အတွေးမျိုး

တွေ သူမ တွေးခဲ့ဖူးလို့လဲ။

လုပ်ချင်တာတွေ ဖြစ်ချင်တာတွေကို ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ

တ်ဝန်းကျင်ဆိုတာကို ဂရုမစိုက်တဲ့ လုပ်နေကျပဲ မဟုတ်လား။ ဒါပေမဲ့

ောက်လေးနဲ့တော့ ဘယ်သူက သူမကို မဟုတ်တဲ့ အတွေးမျိုးတွေ

ဝန်ရဲမှာမို့လဲ။

တိုက်သင့်သည့် ဆေးများကို သူမ ရွေးချယ်ကြည့်နေတုန်းမှာပဲ

ည်းများယူလျက် မိနန္ဒာ ပြန်ရောက်လာပါသည်။

"ထားခဲ့ပြီးရင် နင် သွားလို့ ရပြီ"

မိနန္ဒာရဲ့ အကြည့်တွေ၊ ခွန်းချိုကို ကြည့်လိုက်သော အကြည့်

တွေ ပြီးတော့ ခုနက အခန်းထဲမှာ ဆေးသေတ္တာ ဝင်ယူတုန်းက

ရဲ့ ပျာယာခတ်နေပုံကို အံ့ဩတကြီး ရပ်ကြည့်နေခဲ့သော မိစောရဲ့

ကြည့်တွေ၊ အဲဒီအကြည့်တွေ အားလုံးကို သူမ သိပါသည်။ ဒါပေမဲ့

တ်နိုင်စွာပင် လျစ်လျူရှုပစ်လိုက်၏။

တကယ်တမ်း သူမ ဘာဆေးကိုမှ မတိုက်ရဲပါ။ သူ ဘာဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မှန်းလည်း ခွန်းချို မသိ၊ နောက်ဆုံးတော့ မတတ်နိုင်စွာပင် ဆရာဝန်ထံ ဖုန်းလှမ်းဆက်လိုက်ရတော့၏။ သူမတို့၏ မိသားစုဆရာဝန် ဒေါက်တာ နိုင်လင်းကတော့ အံ့ဩနေသေးသည်။

ခွန်းချိုက အိမ်က ဒရိုင်ဘာ နေမကောင်းသည့်ကိစ္စကို အသည်းအသန် ဖုန်းဆက်ခေါ်လို့တဲ့၊ အားလုံးအတွက်တော့ ဒီအဖြစ်တွေဟာ သိပ်ကို အံ့ဩစရာ ကောင်းနေမည်မှန်းလည်း ခွန်းချို သိသည်။ ခွန်းချို ကိုယ်တိုင်လည်း အံ့ဩမိတာပါပဲ။

ဘာကြောင့်များ သူမ ဒီလိုတွေ ဖြစ်နေရတာပါလိမ့်။ ဘာကြောင့်များ ဒီလောက်ထိ ယောက်ယက်ခတ်နေရပါလိမ့်၊ ဘာကြောင့်များ ခြေဖျားလက်ဖျားတွေ အေးစက်သည်ထိ စိတ်တွေ ပူပန်နေမိပါလိမ့်။ သူမ ကိုယ်တိုင်လည်း မသိတော့ပါ။

မျက်လုံးများ မှိတ်လျက် တိုးတိတ်စွာ ညည်းညူနေသော သူ့ဘေးတွင် ခွန်းချိုသည် ငြိမ်သက်စွာ ထိုင်လျက် သူ့မျက်နှာကိုသာ ငေးမောနေမိ၏။ ဒီလူကို သူမ မုန်းသည်။ ဒီလူကို ကလဲ့စားချေဖို့အတွက်လည်း သူမ ကိုယ်တိုင် ဒရိုင်ဘာ ခန့်ခဲ့တာ ဖြစ်သည်။

သူမကို အော်ဟစ်ပြောဆိုထားသည့်အတိုင်း သူ့ကိုလည်း ပြန်လည် ပြောဆို ဆက်ဆံချင်သောကြောင့် ဒီဇာတ်လမ်းကို သူမ ဖန်တီးခဲ့ခြင်း ဖြစ်သည်။





သူမ ဖန်တီးခဲ့သည့်အတိုင်းလည်း သူ့ကို အလုပ်သမားတစ်ယောက်အနေနှင့် စိတ်ကြိုက် ဆက်ဆံခွင့် ရခဲ့သည်။ ဒါပေမဲ့ တကယ်တမ်းမှာ သူမ မျှော်လင့်ခဲ့သလို နိုင်နေပါရဲ့လား။ ဟင့်အင်း မသေချာသေးပါ။

သူ နေမကောင်းဖြစ်နေရုံလောက်လေးကို သူမ ဒီလောက်ထိ အသည်းအသန် ဖြစ်နေမိလျှင် ရှေ့လျှောက်ရော သူမ နိုင်ပါဦးတော့မလား။

သူ့နဖူးပေါ်သို့ ရေအေးဝတ် တင်ပေးလိုက်၊ ဝဲတက်နေသော ချွေးချည်တို့ကို လက်ခုံဖြင့် သုတ်လိုက်နှင့် သူမ အလုပ်ရှုပ်နေခဲ့သည်။ ထိုအချိန်မှာပဲ ဒေါက်တာ နိုင်လင်း ရောက်လာခဲ့၏။

"သမီးက အသည်းအသန်နဲ့ ဖုန်းလှမ်းဆက်တော့ သမီး ဒယ်ဒီများ ပြန်ရောက်လာပြီး သွေးပြန်တက်နေသလားလို့ အန်ကယ်က စိတ်ပူသွားတာ၊ လတ်စသတ်တော့ သမီးတို့အိမ်က ဒရိုင်ဘာ ဖြစ်နေတာကိုး"

သူမ နည်းနည်း ရှက်သွားမိပေမယ့်လည်း ခပ်လျှမ်းလျှမ်းသာ ပြုံးပြဖြစ်လိုက်သည်။ ဒေါက်တာနိုင်လင်းက ဆေးထိုးပေးပြီး ရေချွေးတောင်း၏။ မိနစ်ပိုင်းတို့လည်း မရှိသည်မို့ သူမသာ ပြန်ပြေးယူပေးခဲ့သည်။

ဆေးထိုးပေးပြီးသွားတော့ သောက်ဆေးများကို သောက်ရန်



www.burmeseclassic.com

www.burmeseclassic.com



အညွန့်အား သေချာ မှာကြားပေး၏။ ပြန်ခါနီးကျမှ သူမကို ပြုံးစစ ကြည့်လျက်

"အနက်ကယ်တော့ပော့ ယုံတောင် မယုံနိုင်ဘူး။ ချစ်ခွန်းရို့ အစစ်မှ ဟုတ်ရဲ့လားလို့တောင် ထင်မိတယ်၊ ရေပတ်လည်း သမီးပဲ တိုက်ပေးနေတာ မဟုတ်လား။ အေး အေး နည်းနည်း နည်းနည်းစီ ခြားခြားပြီး တိုက်ပေးနော်၊ အဲဒီတော့မှ အပူမြန်မြန်ကျမှာ"

ဒီတစ်ခါလည်း သူမ ခပ်ပြုံးပြုံးလေးသာ နေလိုက်ရတာပါပဲ။ ကိုယ့်မှာက ပြန်ပြောစရာ စကားမှ မရှိတော့တာ။

ဆရာဝန် ပြန်သွားတော့လည်း သူ့ဘေးတွင် ထိုင်ကာ ရေဝတ် ကပ်ပေးနေမိသည်။ သူ သတိမရှိပါ။ သူ့ဘေးတွင်ထိုင်ကာ စိတ်ပူပန်စွာ နှင့် ရေပတ်တိုက်ပေးနေသူသည် ချစ်ခွန်းရို့မှန်းလည်း သူ မသိနိုင်ပါ။

အဲဒါကပဲ ခပ်ကောင်းကောင်း မဟုတ်လား။

"ဟင်း ဟင်း ပူလိုက်တာ၊ အရမ်းပူတာပဲ"

မသဲမကွဲ ကြားရသော သူ့အသံများ ဖြစ်၏။ ဟုတ်မှာပါ သူမ အသားနဲ့ ထိတွေ့နေသော သူ့နဖူးပြင်သည်ပင် မီးတောက်တစ်ခု ပမာ ပူခြစ်နေ၏။ ရေတွေ တစ်ဖလုံပြီး တစ်ဖလုံ လဲလှယ်နေရသော်လည်း သူ့အဖျားက ကျသင့်သလောက် ကျမသွားပါ။

စိတ်ဖိစီးမှုတွေ များလွန်းပြီး ပင်ပန်းသွားတာကြောင့်ပါ တဲ့။





ဒေါက်တာ နိုင်လင်းက ထိုသို့ ပြောသွားသည်။ သူ့မှာဘယ်လို စိတ်ဖိစီး မှုတွေ ရှိနေလို့လဲ။ ဆေးရုံပေါ်တွင် လောကကြီးနှင့် အဆက်အသွယ်ပြတ် တောက်ကာ ရှင်လျက်သေနေသော ဘဝနှင့် လဲလျောင်းနေရသော သူ့ အဖေကြောင့်လား။

ဒါမှမဟုတ် သူမရဲ့ အလုပ်သမားတစ်ယောက်အဖြစ် စိတ်တူး ချစ်စွာ ၊ ပြီးတော့ မလွှဲသာမရှောင်သာ နေနေရသောကြောင့်လား။ ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် အရာအားလုံးသည် ဘယ်လိုမှကို ပြန်လည် ပြုပြင်ယူရန် မရနိုင်တော့သောကိစ္စများသာ ဖြစ်သည်။

သူ့အပေါ်မှာ စိုးရိမ်ပူမန်မိတာတွေ ဂရုစိုက်မိလာတာတွေကို ဖယ်လိုက်ပါလျှင် သူမထံမှ ကေသရာ့ကို မကျေနပ်နိုင်သေးသော ခံစား ချက်များလည်း ကျန်ရှိနေဆဲ ဖြစ်၏။ အဲဒါတွေကိုတော့ သူမ နည်းနည်း လေးမှ အလျှော့မပေးနိုင်ပါ။

လျှော့ချင်းလျှော့ ဘယ်ကရောက်လာမှန်း မသိသော သူ့အ တွက် စိုးရိမ်ပူပန်စိတ်တွေကိုသာ လျှော့ချပစ်ရမည် ဖြစ်သည်။

"ချစ် ချစ်ခွန်း ရို့"

အသံက တုန်ယင်နေသော်လည်း ပီပီသသ ကြားလိုက်ပါသည်။ အဲဒါ သူမ နာမည်ပဲ၊ ဘာလို့များ သူက သူမ နာမည်ကို ဖျားသည့် အချိန်မှာ ကယောင်ကတမ်း ရေရွတ်နေရတာလဲ။ နချိန် သူ့အတွေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဘာတွေများ ရှိနေမှာလဲ။

ဘယ်လိုအရာတွေကို မြင်ယောင်နေလို့ သူ့နှုတ်ဖျားကနေ ယောင်မိသည်ထိ ဖြစ်ရတာလဲ။ သူမ သိချင်လာမိသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့အတွက် ခွန်းချို စိတ်ပူနေသည့်အချိန်မှာ သူ့ မသိစိတ်ထဲတွင်လည်း ခွန်းချို ရောက်နေခဲ့သည်ပေါ့။

ထိုအကြောင်းကို စဉ်းစားမိပြီး ပြုံးမိမလိုလို ဖြစ်သွားသော ကိုယ့်ကိုယ့်ကိုပင် အံ့ဩသွားမိ၏။ သူ့ကို စတင်သိကျွမ်းမိချိန်မှစပြီး သူမဘဝမှာ မဖြစ်ဘူးသည့် ခံစားချက်တွေကိုပဲ အမြဲတမ်း ခံစားနေခဲ့ရသည်။ အဲဒါက ဘာသဘောလဲ။

"မင်း မင်းကို ငါ လုံးဝ"

သူ့အသံက တိုးတိတ် တုန်ယင်နေသည်မို့ နောက်ဆက်တွဲ စကားတွေကို သူမ သေချာ မကြားရပေ။ နားရွက်ကို သူ့နှုတ်ခမ်းနားကပ်လျက် ဂရုစိုက် နားထောင်ကြည့်တော့မှ

"လုံး လုံးဝ မကျေနပ်ဘူး။ မင်းကို မင်းကို ငါ မုန်း မုန်းတယ်"

"ဟင်"

နှုတ်ဖျားကနေ အာမေဋိတ်သံလေး ဟင်ခနဲ ထွက်ပေါ်သွားသည်ထိ သူမ တုန်လှုပ်ချောက်ချားသွားမိသည်။

အဲဒါ အဲဒါဟာ သူမ လုံးဝကို မျှော်လင့်မထားခဲ့သော စကား





…ဟုတ်သေးပါဘူးလေ၊ မျှော်လင့်ထားပါလျက်နဲ့ တကယ်တမ်း ကြားလိုက်ရသောအချိန်တွင် ရင်မဆိုင်နိုင် ဖြစ်သွားသော စကား။

ဖြစ်နိုင်ပါ့မလားလို့ တွေးနေစရာ မလိုပါ။ သိပ်ကိုဖြစ်နိုင်ပါသည် ဆိုတဲ့ အဖြေမျိုးပဲ ထွက်လာမှာ ကျိန်းသေ၏။ ခွန်းချိုက သူ့ကို မကျေနပ်…ဖြစ်နေသလို သူ့ဘက်ကလည်း သူမ လွန်လွန်ကျူးကျူး ဆက်ဆံပြီး …နှောင်ထားတာတွေထက် နာကျည်းနေပါလိမ့်မည်။

ဒါဆိုရင် သူ ဘာကြောင့်များ သူမရှေ့မှာ ငြိမ်ကျိုးစွာ နေနေရသေး…လဲ။ ခွန်းချိုသာဆိုလျှင် ကိုယ် နာကျည်းနေသည့် လူတစ်ယောက်ရှေ့မှာ ဘယ်လိုနည်းနဲ့မှ အခုလို နေနိုင်လိမ့်မည် မဟုတ်။

ခုနက သူ့အတွက် စိုးရိမ်ပူပန်နေတာတွေလည်း ဘယ်နားကို …ကုန်သည် မသိ။ လူတစ်ကိုယ်လုံး တုန်ယင်လျက် ချောက်ချား…မိသည်။ သူ့စိတ်ထဲမှာ ခွန်းချို နည်းတူပဲ တွေးနေသလား။ ဒီလိုဆိုရင် …ကြားက အာဃာတတွေသည် ပျောက်ဖျက်မရလောက်အောင် …ကုန်တာတော့ သေချာပါသည်။

ခုချိန်မှာ သူ့ကို ခွန်းချိုက ကလဲ့စားချေခွင့်ရနေပါသည် ဆိုရင် …မှ ပြည့်ပြည့်ဝဝတော့ မဟုတ်သေး။ သူ့ကို ဒီလိုမျိုး အထက်စီး…ဆက်ဆံသလို သူမဘက်ကလည်း ပေးလိုက်ရတာတွေ အများကြီး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ ဆန်းသစ်စ ပြောသလိုမျိုး သူက ခွန်းချိုရဲ့ ကိုစွတွေမှာ ဝင်ပါလိုက်သောအခါ ဘာလိုလို ထင်ချင်စရာတွေ ဖြစ်ကုန်သည်။ အဲဒါဟာ ဘယ်ယောကျ်ားလေးနဲ့မှ အရောတဝင် မနေခဲ့ဘူးသော ဘယ်လိုသတင်းမျိုးမှ မထွက်ခဲ့ဘူးသော ခွန်းချိုအတွက်တော့ တကယ့်ကို ဆိုးရွားသော ရလဒ်ဖြစ်၏။

ခုချိန်လောက်ဆို ဆန်းသစ်စသည် ချစ်ခွန်းချိုရဲ့ ဒရိုင်ဘာအကြောင်းကို အသိုင်းအဝိုင်းထဲတွင် ဖွပြီး ဖြစ်ပါလိမ့်မည်။ ဆန်းသစ်စသည် ဘယ်လိုပဲ ဂုဏ်သရေရှိ သူဌေးသားပုံ ဖမ်းထားပေမယ့် တကယ့်တကယ်တမ်းတွင်တော့ သူ့ရဲ့ မျက်နှာကို ကြည့်ရုံနှင့် ဘယ်လိုလူစားမျိုးဖြစ်မည်ဆိုတာ သူမ အကဲခတ်၍ ရပါသည်။

ဒါကြောင့်လည်း ဟိုတစ်နေ့က ရှော့ပင်းမောလ်တစ်ခုတွင် မတော်တဆ ဆုံဖြစ်ကြသည့် ဒယ်ဒီ့ စီးပွားပြိုင်ဘက်ရဲ့သမီးက ခွန်းချိုကိုရော ၊ ခွန်းချိုနောက်ကနေ ပစ္စည်းတွေ လိုက်သယ်ပေးနေရသည့် သူ့ကိုရော လှောင်ပြောင်သရော်သည့် အကြည့်များနှင့် ကြည့်သွားခြင်းပေါ့။

သူမအတွက်တော့ အဲဒီလို ဖွခံရခြင်းသည် ကြီးမားသော နစ်နာဆုံးရှုံးမှုကြီး ဖြစ်၏။ သူမတို့ စီးပွားရေးလောကမှာက ဦးဆောင်သူတွေချင်းတင်မက သူတို့ရဲ့ သားသမီးတွေကပါ သူ့ထက်ငါသာအောင်





လိုက်လံ ပြိုင်ဆိုင်နေကြခြင်း ဖြစ်သည်။

အဲဒါကြောင့်လည်း ယောကျ်ားလေးတွေနဲ့ ပတ်သက်ပြီးတော့ တစ်ခါမှ သတင်းမထွက်ဘူးသည့် ခွန်းချိုဆီက ဒီသတင်းမျိုး ထွက်ပေါ်လာခြင်းအား ခွန်းချိုကို ကြိတ်ပြီး မနာလိုဖြစ်နေကြသည့် လူတွေကတော့ ဝမ်းသာပါလိမ့်မည်။

အဲဒီလိုကိစ္စတွေနဲ့ ပတ်သက်ပြီး ကေသရာ့ကိုတောင် သူမ ဘာအပြစ်တင်စကားမှ ထပ်မပြောခဲ့ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူမ ဒါတစ်ချက်ချပြီးခဲ့ပြီလေ။ ဆန်းသစ်စရဲ့ ရှေ့မှာကိုပဲ သူ့ပါးပြင်ကို အားရပါးရ လွှဲရိုက်ချပစ်လိုက်ပြီးပြီလေ။

ဆန်းသစ်စ ထိုကြိတ်ခဲ့သည့် ကိစ္စရော၊ သူမက ထိုသို့ ရိုက်ချပစ်လိုက်သည်ကို သူက ငြိမ်ခံနေခဲ့သည့်ကိစ္စရော၊ နှစ်ခုလုံးသည် ဆန်းသစ်စအတွက်တော့ တကယ့်ကို အလကားရသွားသည့် ချစ်ခွန်းချိုရဲ့ သတင်းတစ်ပုဒ် ဖြစ်ခဲ့မှာပေါ့။

အဲဒီလိုမျိုးတွေ ဖြစ်ပျက်ခံပြီးတော့တောင် သူမရဲ့ မကျေနပ်မှုတွေအတွက် သူ့ကို အနားမှာပဲ ဆက်ထားခဲ့၏။ သူ့ကို ကလဲ့စားချေလိုသည်။

ခွန်းချို သိပါသည်။ ကိုယ့်ကို အော်ဟစ် ဆော်ကားသလို ဖြစ်ခဲ့တာကို မကျေနပ်သည့်အတွက် ကိုယ့်စိတ်ကြိုက် ပြောဆိုဆက်ဆံနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဆီမှာ အလုပ်ပြန်ခန့်လိုက်သည့် သူမရဲ့ လုပ်ရပ်သည် သိပ်
ကလေးဆန်နေသည် ဆိုတာပေါ့။

အတွေးတွေနှင့် တုန်လှုပ်သွားမိသော ခွန်းချိုသည် ကယော
ကတမ်း စကားတွေ တိတ်ဆိတ်လျက် ပြန်လည် ငြိမ်သက်သွားသော
သူ့မျက်နှာကို ထိတ်လန့်တကြား ကြည့်လိုက်မိသည်။

ဒီလူ ငါ့ဆီမှာ အလုပ်ဝင်နေတာဟာ ရိုးမှရိုးရဲ့လား။ ဆန်းသ
ပြောခဲ့သလို ငါ့ကို ချဉ်းကပ်ချင်တာကြောင့်များလား။ သူတို့လို လူတန်း
တွေက ရုပ်ကလေး ဗန်းပြပြီး ချမ်းသာတတ်ကြတယ် မဟုတ်ဘူးလာ

အို မဟုတ်သေးပါဘူး ကေသရာဟာ ငါ့ဆီကနေ ဘာတွေမျ
ရယူခဲ့ဖူးလို့လဲ။ ငါ သူ့အတွက်နဲ့ ဘာတွေများ ပိုက်ဆံအပိုကုန်ခဲ့ရလို့လဲ

မဖြစ်တော့ပါဘူး သူမ ဆက်ထိုင်နေလျှင် မဟုတ်ကဟုတ်
အတွေးပေါင်း သောင်းခြောက်ထောင်နှင့် ရူးသွပ်သွားတော့မလား မပြေ
တတ်။ ထိုင်နေရာမှ ထလိုက်ပြီး သူ လုံနေရာနှင့် ဆန့်ကျင်ဘက်
လျှောက်လာခဲ့မိသည်။

စာကြည့်စားပွဲပုလေးနားသို့ ရောက်တော့ သူမ ခြေလှမ်းများ
ရပ်တန့်သွားပြန်၏။ ဖွင့်လျက်သားလေး တင်ထားသော သားရေနက်
စာအုပ်လေးတစ်အုပ်၊ သူတစ်ပါးပစ္စည်းကို ခွင့်မတောင်းဘဲ ကိုင်
မကောင်းမှန်း သိပေမယ့် စားပွဲပုလေးဘေးတွင် ထိုင်ချလိုက်မိသည်





ရေးလက်စ စာမျက်နှာ ဖြစ်ဟန်တူ၏။ အဖုံးဖွင့်လျက်သား
သောလိပ်ပင်လေးတစ်ချောင်းပင် အလယ်၌ ဒီတိုင်းလေး ညှပ်ထား၏။

မင်း ငါ့ကို စော်ကားခဲ့တာတွေအတွက် တစ်နေ့နေ့မှာတော့
ငါပြန်ပြီး ရယူရလိမ့်မယ် ချစ်ခွန်းချိုး ကျေးဇူးတရားတစ်ခုကို
မသိတတ်တဲ့ မင်းအတွက်...၊ တကယ်တော့ ဖေဖေက
မကာယ်တင်ခဲ့သင့်ဘူး..။

ခုချိန်မှာ ဆေးရုံမှာ လဲနေတဲ့လူဟာ ဖေဖေ့နေရာမှာ မင်းပဲ
ဖြစ်နေရမှာ၊ အဲဒီတော့ ငါ့အဖေအတွက် ငါ့အတွက် ငါလိုချင်
တာကို ပြန်ယူရလိမ့်မယ်..။

ငါ့အဖေ ဖြစ်ခဲ့တာတွေ ခံစားခဲ့ရတာတွေအတိုင်း မင်းလည်း
ပြန်ဖြစ်စေရမယ်၊ ငါ့ရှေ့မှာလည်း စော်ကားခဲ့သမျှတွေအတွက်
တောင်းပန်ရလိမ့်မယ်၊ တစ်နေ့နေ့မှာတော့ မင်းဟာ ငါ့လက်
အောက်ကို ပြန်ရောက်လာစေရမယ်..။

မျက်ရည်တစ်စက်က စာမျက်နှာထက်သို့ ပေါက်ခနဲ ကျသွား
သည်။ သူမရဲ့ ပန်းသွေးရောင် သမ်းနေသော လက်ချောင်းလေးများ
ကတုန်ယင်လာလျက် ဘာကိုမှ မယုံကြည်နိုင်အောင် ဖြစ်နေမိ၏။
စာအုပ်အစကနေ နောက်ဆုံးရေးထားသော အချိန်ထိ သူမနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထိသက်သော အကြောင်းအရာများကို တစ်ခုချင်းစီ ကွက်ကွက်ကွ
တွင်း မြင်လာအောင် ရေးသားထားသည်။ သူမအပေါ် နာကျည်းနေသော
သူ့ခံစားချက်တွေ၊ ပြီးတော့ သူ့အဖေအကြောင်းတွေ။

ဆက်မဖတ်ချင်တော့လောက်အောင် သူမ တုန်လှုပ်ချောက်ခြ
လာမိသည်။ သူ့ရဲ့ နာကျည်းချက်တွေက သူမလိုမှ ကလေးမဆန်ခဲ့ထ

သူ သူဟာ ခွန်းချိုထက်တောင် ပိုပြီး ရည်ရွယ်ချက် ကြီး
မားမားနဲ့ ကလဲ့စားချေနေတာပါလား။ သူဟာ သိပ်ကြောက်စရာကော
ပါလား။

ခွန်းချိုရဲ့ ကလေးဆန်သော ကလဲ့စားချေခြင်းထက်တော
သူက ပိုလို့ ပြင်းပြင်းထန်ထန် ကလဲ့စားချေချင်နေတာပါလား။ ခွန်
သူ့ကို ကြောက်သွားပါပြီ၊ ကြောက်တာမှ တောက်တည်ရာမရှွာ ကြော
လန့်လာခြင်းမျိုး ဖြစ်၏။

ငြိမ်သက်စွာ လဲလျောင်းနေသော သူ့ကိုတစ်လှည့်၊ မျက်စိ
တွင် ရှိသော ဒိုင်ယာရီ စာအုပ်လေးကို တစ်လှည့် ကြည့်နေမိသည်

ဘာတွေ ဘယ်လိုဖြစ်ကုန်သည်ကို သူမကိုယ်တိုင်ပင် မသွေး
တော့ပါ။ ဒယ်ဒီ ပြောခဲ့သလိုပဲ ခွန်းချိုတော့ မြွေပွေးခါးပိုက် ပိုက်မိနေပ

ဒါပေမဲ့ ထိုမြွေပွေးကို သူမ. . .။

■ ■ ■



## အခန်း (၅)

ဒီရက်ပိုင်း သူမ စိတ်တွေ မငြိမ်မသက် ဖြစ်နေသောကြောင့်
စိတ်ငြိမ်ဆေးတွေ ပြန်သောက်နေရ၏။ ဒီက ကျွန်းထိမှာလည်း ဒယ်ဒီ
ဆိုယ်တား လချုပ်အစည်းအဝေးပွဲကို တက်ပေးရဦးမည်။ သူမ ကိုယ်တိုင်
လည်း စိတ်မတည်ငြိမ်နိုင်သေးသောကြောင့် ကားမမောင်းနိုင်ပါ။
ကေသရာ ကလည်း ခုချိန်ထိ အိပ်ရာထဲက မထနိုင်သေး။
သူ့အများက နာတာရှည်နေသည်။ နောက်ဆုံးတော့ သူမသည် ဆန်းသစ်
ထံသို့သာ ဖုန်းဆက်လိုက်ရတော့၏။

"ဆန်းသစ်စ ငါပါ"

"သိတယ် သိတယ် ဒီနံပါတ်ကို မြင်ကတည်းက သိပြီးသား။
ဒါ ပြော ကိုယ် ဘာကူညီရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပုံက ခွန်းချိုကပဲ သူ့ဆီမှာ အမြဲတမ်း အကူအညီ ယူ
နေသည့်ပုံမျိုး။ အေးလေ ဘာထူးလို့လဲ ခုလည်း သူ့ကို ကားမောင်း
ပေးဖို့အတွက် အကူအညီတောင်းရဦးမှာပဲ မဟုတ်လား။

ဘယ်လိုပဲဖြစ်ဖြစ် ဆန်းသစ်စ လေသံက ချိုချိုသာသာ ဖြစ်
တာ တော်ပါသေးသည်။

"ငါ ခိုင်းတာ လုပ်ချင်တဲ့လူတွေ သိပ်များနေပေမယ့် အဲဒီအ
မှာမှ နင့်ကို ခိုင်းလို့ အကောင်းဆုံးမို့လို့ သတိတရနဲ့ ဖုန်းဆက်လိုက်တာ

ဆန်းသစ်စ ဘက်မှ အနည်းငယ် အသံတိတ်သွား၏။

"ဟဲ့ ငါ ပြောတာ ကြားလား"

"အေးလေ ကိုယ်ကလည်း မင်းဘယ်လောက် ပြောပြော မ
နိုင်ဘူးဆိုတော့ ကူညီရဦးမှာပေါ့"

ဆန်းသစ်စ အသံက အပြည့်အဝ ကျေနပ်နေပြီဖြစ်သ
အသံတော့ မဟုတ်။ ဒါပေမဲ့ သူမ တောင်းသည့် အကူအညီကို ပေး
မည်ဆိုတာတော့ ကြိုတင် ခန့်မှန်းလို့ ရ၏။

တကယ်လည်း ပေးခဲ့ပါသည်။ ကုမ္ပဏီရှေ့ထိ ဆန်းသစ်
ကားဖြင့်သာ လိုက်ပို့ပေးခဲ့ပြီး အစည်းအဝေး ပြီးဆုံးသည်ထိ စော
ကာ ပြန်လိုက်ပို့ပေးခဲ့သည်။

တစ်လမ်းလုံး ကောင်းမွန်နေပါလျှက်နဲ့ အပြန်လမ်းပေါ် ရော





တော့မှ

"နေ့လယ်စာ စားချိန်တောင် ကျော်နေပြီ၊ ကိုယ်တို့ တစ်ခုခု
ဝင်စားကြရအောင်"

နာရီကိုကြည့်လိုက်မိတော့ နေ့လယ် နှစ်နာရီ ထိုးတော့မည်။
မိုက်ထဲက ဆာလောင်မှုကလည်း ဆန်းသစ်စ ပြောလိုက်မှပင် ပိုလို့
သိသာလာသလိုလို။

ထိုလမ်းမပေါ်ရှိ ဂျပန်စတိုင်ဆိုင် တစ်ဆိုင်မှာပဲ ဝင်စားဖြစ်ခဲ့သည်။
ထိုသို့ စားနေရင်းနှင့်မှ သူမ ခေါင်းထဲသို့ အကြံအစည်တစ်ခု ဝင်လာ
ခြင်း ဖြစ်၏။ ဆန်းသစ်စကိုသာ အသုံးချနိုင်လျှင် ပြီးပြီပေါ့။

ကေသရာက သူမကို ကလဲ့စားချေသည့်အနေနှင့် သူ့ဘက်ကို
ခွန်းချိုစိတ်တွေ ယိုင်လာအောင် ကြိုးစားနေတာ မဟုတ်လား။ သူ့ထက်
အောက်မှာ သူပြိုင်ဖက် အားလုံးပြီးသည့် ပုံစံမျိုး။ အဲဒီလို သောင်းချွတဲ
သူမကို သွေးတိုးသွင်းရှင်နေတာ မဟုတ်လား။

အဲဒါမျိုးတော့ ဘယ်တော့မှ မဖြစ်စေရပါ။ အဲဒီအတွက် အ
ကောင်းဆုံး သရုပ်ဆောင်ဖြို့ ဆန်းသစ်စကို အသုံးချလိုက်ရင် ပြီးပြီ
ပေါ့။

"ကိုယ် ရှင်းလိုက်မယ်နော်"

သူမ ဘာမှမပြောပါ။ အသာပြုံးလျှက် ခေါင်းညိတ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ကစပြီး ဆန်းသစ်စကို အနည်းငယ် လိုက်လိုက်လျောလျော
ဆက်ဆံရပါတော့မည်။

"အိမ်လိုက်ခဲ့ဦးလေ"

ကားမောင်းနေရင်းနှင့် သူမကို မျက်လုံးများ ပြူးလျက်သ
လှည့်ကြည့်သည်။

"ကိုယ်က မင်းကို အိမ်ရှေ့ထိအရောက် ပြန်ပို့ပေးမှာပါ"

"အိမ်ထဲဝင်ထိုင်လို့လည်း ရပါတယ်၊ တစ်ခုခုသောက်ပြီး
ပြန်ပေါ့"

ဒီတစ်ခါတော့ ကားကို လမ်းဘေးသို့ ထိုးရပ်ပစ်လိုက်သည်
ဆန်းသစ်စ တုန်လှုပ်သွားဟန် ရှိသည်။ သူမကတော့ စိတ်ထဲက
ကြိတ်ရယ်နေမိ၏။ နင့်ကို အသုံးချပြမှ ငါ နိုင်မှာမို့လို့ ဆောရီးပဲ ဆ
သစ်စရေ။

"မင်း တကယ်ပဲ ကိုယ့်ကို ဖိတ်ခေါ်နေတာပါနော်"

"ဟုတ်ပါတယ် ဒီနေ့ကိစ္စမှာ တကယ့်ကိုပဲ ကျေးဇူးတင်လို့
ညနေစာအတွက်ရောပေါ့"

"ကျေးဇူးဆပ်တဲ့ သဘောကြီးလား"

"နောက်ကိုလည်း နင့်စိတ်ကြိုက် ဝင်နိုင်ထွက်နိုင်ပါတယ်"

"ဟား ကိုယ်အိပ်မက်များ မက်နေတာလားလို့ ထင်မိထ





ရှည်"

"ဟင်း ဟင်း နင်နဲ့ငါနဲ့ မိတ်ချင်းလည်း ရင်းနှီးနေတာပဲ၊
သူငယ်ချင်း ရင်းနှီးရင် မိဘတွေကလည်း ပိုတောင် သဘောကျကြဦး
မယ်။ ငါ့ဒယ်ဒီစကားကိုလည်း နားထောင်ပြီးသား ဖြစ်တာပေါ့"

ဆန်းသစ်စမှာ ကားကိုပင် ချက်ချင်းပြန်မမောင်းနိုင်သေးဘဲ
နေသည့် မျက်နှာနှင့် ငါးမိနစ်မျှ ပေါက်ပေါက်ဖောက်နေသေး၏။ ဘာတွေ
ပြောနေသည်ဆိုတာတော့ သူမလည်း သေချာ နားမလည်ပါ။ သူ့ကို
ထိုမျိုး လိုက်လျောသည့်အတွက် အရမ်းကို အံ့သြဝမ်းသာကြောင်းတွေ
ဆိုတာတော့ နားမထောင်ဘဲနှင့်ကို သိသာလွန်းနေပါသည်။

အိမ်ပြန်ရောက်တော့ အမေ့ထည်ထူထူ တစ်ထည်ဝတ်လျက်
ခြံထဲဆင်းပြီး ထိုင်နေသော ဖေကျောကို မြင်ထဲဝင်ဝင်ချင်းမှာပင် လှမ်း
တွေ့လိုက်ရသည်။ သိပ်ကောင်းတဲ့ အနေအထားပဲပေါ့။

ဆန်းသစ်စရဲ့ မာစီဒီးကားနက်ကြီးနှင့် ပြန်လာသော သူမကို
မြင်သည်လည်း အံ့သြနေပါလိမ့်မည်။ ဦးလှမြင့် ပြောပြထားလို့ ဆန်းသစ်စ
ကို အကူအညီတောင်းကာ အစည်းအဝေးသွားခဲ့ရကြောင်းလည်း သူ
သိပြီးဖြစ်ပါလိမ့်မည်။

ထမင်တကာကိုပင် သူ ထိုင်နေသော နေရာနားထိ ခပ်ငြည်
ငြည်နှင့် လျှောက်သွားလိုက်သည်။ ဆန်းသစ်စကလည်း နောက်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ထပ်ချပ်မကွာ လိုက်ပါလာ၏။

"နင် သက်သာရဲ့လား"

သူ ခွန်းချိုကို တအံ့တဩနှင့် မော့ကြည့်ပါသည်။ သူ့ကို စကား လာပြောသည့်အတွက် အံ့ဩခြင်းလား။ ဒါမှမဟုတ် သူမက ဆန်းသစ် နှင့်အတူ ရှိနေခြင်းကို အံ့ဩခြင်းလားတော့ မသိပါ။

"သက်သာပါတယ်"

"အေး မသက်သာသေးရင်လည်း အေးအေးဆေးဆေး အနား ယူပါ၊ လောလောဆယ် ငါ သွားစရာ လာစရာရှိရင် ဆန်းသစ်က လိုက်ပို့ပေးလိမ့်မယ်"

ပြောပြီးလှည့်ထွက်လာခဲ့သော သူမကို ဒီတစ်ခါတော့ သူ လိုက် ကြည့်နေမှာ သေချာပါသည်။ သူမ နောက်ပြန်လှည့်မကြည့်ဘဲနှင့်ကို အတပ်ပြောနိုင်၏။ ဘယ်သူမှ မသိအောင် သူမ တစ်ယောက်တည်း ရယ်မောလိုက်မိပါသည်။

■ ■ ■

ဒီနေ့တော့ ဒယ်ဒီ ပြန်လာမည်မို့ လေဆိပ်ကို သွားကြိုရမည်။ ကေသရာက ပြန်လည် ကျန်းမာလာပြီ ဖြစ်သော်လည်း ဆန်းသစ်ကို သာ လိုက်ပို့နိုင်းရန် သူမ ဆုံးဖြတ်ထား၏။

"နင်ကတော့ အေးအေးဆေးဆေး အနားယူပါဦး။ လောလော





ယ် ဆန်းသစ်က ငါ့ကို သိပ်ကူညီချင်နေတာဆိုတော့"

သူ ပြုံးပါသည်။ သူ့အပြုံးကို ခွန်းချို အဓိပ္ပါယ် မဖော်တတ်ပါ။ မဲ့ အဲဒါဟာ သူ့ရဲ့ ပထမဆုံး အပြုံးလည်း ဖြစ်၏။ သူ့အပြုံးများ ည် အသက်ဝင်လှသည်။ ဒါပေမဲ့ နက်နဲလွန်းနေ၏။ သူမအတွက် တော့ အဖြေရှာရန် ခက်သော ပုစ္ဆာတစ်ပုဒ်မင် ဖြစ်သည်။

လေဆိပ်သွားရန် ချိန်းထားသည့် အချိန်ထက် နာရီဝက်စောပြီး သစ်စ ရောက်လာပါသည်။

"ဘယ်လိုဖြစ်တာလဲ၊ ငါချိန်းထားတာ ငါးနာရီမှပါ"

"မင်းဖျော်တိုက်တဲ့ ကော်ဖီသောက်ချင်လို့"

ထိုအချိန်တွင် အနားမှာ ကေသရာ ရှိနေသည်မို့ သူမက ာ်နှာကို ခပ်ပြုံးပြုံးလေး လုပ်လျက်

"ကောင်းပြီလေ ဧည့်ခန်းထဲမှာ ခဏလေးစောင့်၊ ငါ ကိုယ်တိုင် ်လာခဲ့မယ်"

ဆန်းသစ်ကိုတော့ ခွန်းချို အသုံးချနေသော ကာလတစ် ာက် မျက်နှာကြီး ပြုံးတီတီနှင့် ဝမ်းသာနေတာကိုသာ မြင်ရတော့မည် ာ ရှသည်။

ဒါပေမဲ့ နောက်ဖေးခန်းထဲမှ ကော်ဖီပန်းကန်လေး ကိုင်ထွက် ်လာသူသည်သာ ခွန်းချို ဖြစ်လျက် ထိုကော်ဖီကို ဖျော်ပေးလိုက်သူ



www.burmeseclassic.com

www.burmeseclassic.com



သည့် မိစော ဖြစ်မှန်းကိုတော့ ဆန်းသစ်စ ဘယ်လိုနည်းနဲ့မှ မသိနိုင်ပါ။

ယောကျ်ားဆိုတာ သူမအတွက် မလိုအပ်တဲ့ အရာတစ်ခုလို့ သတ်မှတ်ခဲ့ဖူးပေမယ့် ခုတော့လည်း ယောကျ်ားတစ်ယောက်ကို အနိုင်ရဖို့ အတွက် ကလဲ့စားချေနိုင်ဖို့အတွက် တခြားယောကျ်ားတစ်ယောက်သည် လိုအပ်သည့် အသုံးချခံ လူတစ်ယောက် ဖြစ်လာခဲ့ရပြီ။

"ကောင်းလိုက်တာကွာ၊ မဆိုးဘူး။ အချိုအဆိမ့် အားလုံး အနေတော်ပဲ"

ဆန်းသစ်စက အဲဒီလို ပြောလေ ခွန်းချိုကတော့ ကြိတ်ပြုံး မိလေသာ ဖြစ်သည်။ ကောင်းမှာပေါ့ ခွန်းချို ကိုယ်တိုင်တောင် ကော်ဖီ ဆို မိစော ဖျော်တာကိုသာ အနှစ်သက်ဆုံး ဖြစ်၏။

"ကဲ ကိုယ်တို့ သွားကြတော့မလား"

ကော်ဖီကို တစ်စက်မကျန်တော့သည့်ထိ သောက်ချပစ်လိုက် ပြီးတော့ ဆန်းသစ်စက တက်ကြွနေသည့် လေသံမျိုးနှင့် ပြောလာသည်။

"အင်း နည်းနည်းတော့ စောပါသေးတယ်၊ ငါလည်း အဝတ် အစားလေးတော့ လဲပါရစေဦး"

"ဟာကွာ ဟုတ်သားပဲ၊ ကိုယ်က မဖျော်တိုက်စဖူး မင်းဖျော် တိုက်တဲ့ ကော်ဖီကို သောက်ပြီးတော့ စိတ်တွေတောင် ဘာတွေဖြစ်ကုန် တယ် မသိဘူး"





"ဟုတ်ပါပြီ နောက်လည်း အဲဒီ လက်ရာ သောက်ချင်ရင် ခိုင်းလာခဲ့ပေါ့၊ အမြဲ ဖျော်တိုက်မှာ၊ ခုတော့ ခဏလေးစောင့်"

သူမက အဝတ်အစားကို ခပ်သွက်သွက်လေး လဲလှယ်လိုက် သည်။ ဂျင်းပင်မီးခိုးရောင်ရင့်ရင့်ကို အဝါနုရောင် ကိုယ်ကျပ်လက်ပြတ် သားနှင့် အပေါ်က မီးခိုးရောင်ဖျော့ဖျော့ကုတ်ကို ထပ်ဝတ်လိုက်သည်။ ဆံပင်ကောက်များကိုတော့ ဒီတိုင်းဖြန့်ချထားလိုက်၏။

မပါမဖြစ်သော ဖီးရောင်မျက်မှန်ဝိုင်းကြီးကိုလည်း ယူလိုက်ရ သေးသည်။ နှစ်လက်မသာ မြင့်သော လေဒီရှူးအဖြူလေးကို စီးပြီးသော အချိန်မှာတော့ သူမအတွက် အဆင်သင့် ဖြစ်သွားပြီ ဖြစ်သည်။

"ချိုကတော့ ဘယ်အချိန်ကြည့်ကြည့် အမြဲတမ်း လှပနေတာပဲ"

ကားထဲ ဝင်ခါနီး ချီးကျူးသလိုလို ပြောပြီး မျက်လုံးကျွတ်တော့ မတတ် ကြည့်နေသော ဆန်းသစ်စကို သူမ စိတ်ထဲက မသတီသော် လည်း ဟန်ဆောင်ပြုံးပြလိုက်ရပါသည်။ ဒီတစ်ခါတော့ ကေသရာလည်း သူမတို့ဘက်သို့ လှမ်းကြည့်နေမှန်း သေသေချာချာ မြင်နေရပါသည်။

ဆန်းသစ်စ အပေါ်တွင် ချက်ချင်းကြီး ပြောင်းလဲသွားသော ခွန်းချိုရဲ့ အမူအရာတွေအတွက် ကေသရာ အံ့အားသင့်နေဟန် ရှိသည်။

သူမ လိုချင်တာလည်း အဲဒါပဲလေ။ ဘာမဟုတ်တဲ့ ဒရိုင်ဘာ တစ်ယောက်ကို စိတ်ကူးထဲ အဝင်ခံမယ့်အစား ဆန်းသစ်စကိုသာ ဟန်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွေးချယ်ထားခြင်းက သူမကိုယ်တိုင်အတွက် စိတ်ညစ်ညူးရသော်လည်း အဘက်ဘက်က အဆင်ပြေနေခဲ့တာပဲ မဟုတ်လား။

ဒရိုင်ဘာတစ်ယောက်က ချစ်ခွန်းချိုလို မိန်းမတစ်ယောက်ကို သူ့လက်အောက်ရောက်လာအောင် ဘယ်လိုနည်းတွေနဲ့များ သိမ်သွင်းမှာပါလိမ့်။ ရလိမ့်မယ်လို့ရော မျှော်လင့်နေခဲ့တာလား။ ဘယ်တော့မှ မဖြစ်လာစေရပါ။

လေဆိပ်က ပြန်ရောက်တော့ ကေသရာကို မတွေ့ရပါ။ ဒယ်ဒီ့ ခါးတစ်ဖက်ကို ဖက်တွယ်လျက် ခွန်းချိုက ကျွန်းကုလားထိုင်ကြီးပေါ်တွင် ထိုင်လိုက်သည်။ ဆန်းသစ်စကတော့ ခပ်ပြုံးပြုံးလုပ်ကာ ကြည့်နေ၏။

"ဒီကလေး ဘယ်လိုဖြစ်နေတာတုန်း"

"ဒယ်ဒီကလည်း သမီးတို့ မတွေ့ရတာ ဘယ်လောက်တောင် ကြာလဲဆိုတာ မေ့နေပြီလား၊ သမီးမှာ ဒယ်ဒီမရှိတော့ ပျင်းနေရတာ အဖော်လည်း မရှိဘူး"

"အဲဒါကြောင့် မောင်ဆန်းသစ်စကို ဒယ်ဒီက ကောင်းကောင်း မွန်မွန် ဆက်ဆံနိုင်းတာပေါ့"

"ချိုက ကျွန်တော့်ကို တော်တော်တော့ ခင်မင်လာတဲ့ ပုံပါပဲ"

ဆန်းသစ်စက ဝင်ပြောလိုက်ခြင်း ဖြစ်၏။

ဟွန်း ရယ်ရတယ်။ နင့်ကိုင်ငါက အသုံးချစရာရှိလို့ ဟန်ဆောင်





နေရတာ။ နင်လို ယောကျ်ားမျိုးကို ငါ့တစ်သက် ဦးနှောက်ထဲတောင် ထည့်မှာ မဟုတ်ဘူး ဆန်းသစ်စရဲ့၊ ကိုယ့်ကိုယ်ကို သိပ်မြှောက်မနေနဲ့ဦး။

ထိုစကားများကို စိတ်ထဲကနေ ပြောနေမိသော်လည်း ခွန်းချိုတော့ မျက်နှာကို ရွှန်းရွှန်းဝေအောင် ပြုံးထားပါသည်။

"ဒယ်ဒီ ထမင်းစားလိုက်တော့နော်၊ သမီး မိန်းမှာထားတာကို ချက်ခိုင်းထားတယ်"

"စားတာပေါ့ကွာ ဒယ်ဒီလည်း အိမ်ထမင်း အိမ်ဟင်း စားချင်နေတာ ကြာပြီ၊ မောင်ဆန်းသစ်စလည်း တစ်ခါတည်း ဝင်စားသွားလေ"

"ဟုတ်ကဲ့ စားမှာ အန်ကယ်၊ ကျွန်တော်လည်း ဗိုက်ဆာနေပြီ"

ခွန်းချိုက ဆန်းသစ်စကို တစ်ချက်လှမ်းကြည့်လိုက်၏။ ဒယ်ဒီ့ ရှေ့မှာလာပြီး သူမနဲ့ပဲ သိပ်ကိုရင်းနှီးသည့်ပုံ ဖမ်းပြနေသည်။ တရားလွန် ဖြစ်လာလျှင်တော့ သူမလည်း ဟန်ဆောင်ပြုံးပြနိုင်မည် မဟုတ်တော့ သေချာသည်။

ထမင်းဝိုင်းတွင်လည်း သူမ အမြင်ကပ်လာလောက်အောင်ကို ဆန်းသစ်စ တစ်ယောက် အလုပ်ရှုပ်နေ၏။ သူက အိမ်ရှင်လိုလိုနှင့် ရှိသမျှ ဟင်းတွေကို ဒယ်ဒီ့ပန်းကန်ထဲသို့ ဒိုင်ခံထည့်ပေးနေသည်။ ဒယ်ဒီ ကိုယ်တိုင် တားယူရသည်အထိ ဖြစ်သည်။

"ကြက်အသည်းအမြစ်က ဒယ်ဒီ မကြိုက်ဘူး၊ မစည်နဲ့ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ငါ့အတွက် ချက်ထားတာ"

ကြက်အသည်းတစ်တုံးကို ဒယ်ဒီ့ပန်းကန်ထဲ ထည့်ရန် ပြင်

သော ဆန်းသစ်၏ လက်များ တန့်သွားကာ ဒယ်ဒီ့ကိုလည်း ပျာပျာသ

တောင်းပန်နေသေး၏။

"ကဲ ဆန်းသစ်ရဲ့ နင့်ဘာသာ အေးအေး စားစမ်းပါဟာ

နင့်ကို ကြည့်ရတာ ငါ ခေါင်းမူးလာပြီ"

သူမရဲ့ စိတ်ပျက်လက်ပျက် အပြောကြောင့် ဆန်းသ

မျက်နှာ နည်းနည်း ပျက်သွား၏။ သို့သော် ချက်ချင်းပင် ပြန်ပြုံးလို

ပြီး ရယ်မောနေပြန်သည်။ ထမင်းစားနေရင်းနှင့် စကားပြောသည်

ဒယ်ဒီလည်း မကြိုက် သူမလည်း သဘောမကျပါ။

ဒယ်ဒီ့မျက်နှာကို ကြည့်တည်းကလည်း နည်းနည်းတော့ စိ

ပျက်နေပြီဖြစ်ကြောင်း ခွန်းချို ရိပ်မိသည်။

"ဒယ်ဒီ နားတော့မလား"

"နေဦးကွ၊ ဒယ်ဒီ အသီးလေးတော့ စားပါရစေဦး"

ထမင်းစားသောက်ပြီးစီးလို့ ဧည့်ခန်းထဲမှာ ပြန်ထိုင်ဖြစ်ကြသ

ထိ ဆန်းသစ်စ မပြန်သေးပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလောက်ထိ

တာကိုတောင် ခုချိန်ထိ မပြန်နိုင်သေးသော ဆန်းသစ်ကို မြင်ပြင်း

လှပါပြီ။ နေဦး ဒယ်ဒီ့အလစ်မှာ တစ်ခုခုတော့ ပြောပစ်လိုက်ဦးမည်





ချိုက ‌တေးထားလိုက်၏။

"သမီး ခြေထောက်က တော်တော်လေး ကောင်းနေပြီပဲ၊ ဒယ်ဒီ

အဲဒါကို တော်တော်လေး စိတ်ပူနေသေးတာ"

"လုံးဝကို ကောင်းသွားပါပြီ ဒယ်ဒီရဲ့၊ ဒီမှာ ကြည့်လေ"

သူမက ခြေဖဝါးတစ်ခုတည်းကို လှုပ်ရှားပြလိုက်၏။

"ကောင်းသွားရင် ပြီးတာပဲ၊ ဒယ်ဒီက သမီးတစ်ယောက်တည်း

တော့ ပိုစိတ်ပူမိတာပေါ့"

"ကျွန်တော်ကိုယ်တိုင် ဆေးခန်းလိုက်ပြလိုက်သေးတယ် အန်

ယ်ရဲ့၊ ဖြစ်တဲ့နေ့ကလည်း ကျွန်တော့်ကားနဲ့တွေ့လို့ပေါ့၊ နို့မို့ ဘယ်အချိန်

ထိ လမ်းပေါ်မှာ လဲနေမယ် မသိဘူး"

"အဲဒါကြောင့်လည်း မောင်ဆန်းသစ်ကို ကျေးဇူးတင်နေမိတာ

ဒြော် ဖါနဲ့ သမီး သမီးရဲ့ ဒရိုင်ဘာအသစ်ကို ဒယ်ဒီ မတွေ့ရသေးဘူး

"

ပါးစပ်နားရောက်နေသော ပန်းသစ်တော်စိပ်လေးပင် တန့်ခနဲ

သွားရ၏။ ဒယ်ဒီက ကေသရာ့ကို တော်တော်လေး စိတ်ဝင်စားနေပုံ

သည်။

"ဒယ်ဒီ တွေ့ချင်လို့လား"

"အေး ခေါ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီနဲ့တွေ့ရင် ကောသရာ ဘာများပြောလိုက်မလဲလို့ ေ
လန့်မိပေမယ့် နောက်ဆုံးတော့လည်း မီဇောကို အခေါ်လွှတ်လိုက်ရ
သည်။ ချက်ချင်းလိုလိုပင် သူ ရောက်လာပါသည်။ သူ့မျက်နှာက သာ
ပါပဲ။ ဘယ်လို ဒေါသတွေ အာဃာတတွေနဲ့မှ ဖုံးလွှမ်းခံထားရခြ
မရှိပါ။ သူမ နည်းနည်းတော့ စိတ်အေးသွားရပါသည်။

ဒယ်ဒီက သူ့ကို ခြေဆုံးခေါင်းဆုံး စေ့စေ့စပ်စပ် တစ်ချက်ကြ
ပြီး ပြုံးလိုက်သည်။ ခေါင်းကိုလည်း တဆတ်ဆတ် ညိတ်နေသေး

ဒယ်ဒီ ဘာကို သဘောကျနေတာပါလိမ့်။ ဘယ်လိုပဲဖြစ်ဖြ
သူ့မျက်နှာ သူ့ကိုယ်နေဟန်ထား အားလုံးသည် ဒရိုင်ဘာတစ်ယော
ထက်တော့ သာလွန်နေတာ အသိသာကြီးပဲ ဖြစ်၏။

"မင်းက ကိုမြတ်မောင်ရဲ့ တစ်ဦးတည်းသော သား ကေသ
ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ကိုမြတ်မောင် သက်သာရဲ့လားကွ"

"ဟုတ်ကဲ့ ဖေဖေကတော့ ဒီလိုပါပဲ၊ Coma ဖြစ်နေတာ
တော့ အိပ်ရာထဲမှာ ပက်လက်ပဲပေါ့"

"အေး အေး အန်ကယ် ကိုယ်တိုင်လည်း လာကြည့်ပါဦးမ
မင်း ထိုင်လေကွာ"





ဒယ်ဒီက သူ့ကို သူမတို့ ထိုင်နေလည့် ဝိုင်းထဲမှာပဲ ဝင်ထိုင်
ခိုင်းလိုက်သည့်အတွက် သန်းသစ်စရော သူမကိုယ်တိုင်ပါ အံ့ဩဘနန်း
ဖြစ်သွားရ၏။

သူကလည်း ခပ်တည်တည်ပင် ဝင်ထိုင်လိုက်ပါသည်။

"မင်းအဖေနဲ့ အန်ကယ်နဲ့က အလုပ်ရှင်နဲ့ ဒရိုင်ဘာဆိုပေမယ့်
ဒီကုမ္ပဏီစထောင်တည်းက လက်တွဲလာတာဆိုတော့ ရင်းရင်းနှီးနှီးပဲ
နေကြတယ်ကွ၊ အန်ကယ့် အချစ်ဆုံး သမီးလေးကို ကယ်တင်ခဲ့တဲ့အတွက်
လည်း အန်ကယ်က သိပ်ကို ကျေးဇူးတင်ပါတယ်"

"အဲဒီလို ကျေးဇူးတင်တဲ့အတွက်လည်း ကျွန်တော်က ပြန်ပြီး
ကျေးဇူးတင်ပါတယ်"

သူ အရဲ့တိုက်လိုက်မှန်း ခွန်းချို သိလိုက်ပါသည်။ သူ့ထံသို့
လည်း ရှုးရှုးစိုက်စိုက် တစ်ချက်ကြည့်လိုက်မိ၏။ သူကတော့ ခပ်ပြုံးပြုံး
လေးပဲ ခွန်းချိုကို ပြန်ကြည့်နေပါသည်။

အဲဒီအပြုံးကို သူမ မုန်းလိုက်တာ။

"သမီးက မလုပ်ထုတ် မကိုင်တတ်မို့ မင်းကို ဒရိုင်ဘာ ခန့်
ထားတာပါ၊ မင်းက ကွန်ပျူတာနဲ့ ကျောင်းပြီးထားတယ်၊ စာရင်းကိုင်
သင်တန်းလည်း ပြီးထားတယ်လို့ အန်ကယ် ကြားထားတယ်၊ သမီးက
ဒီမှာ အတင်းခေါ်ခန့်လိုက်လို့ မင်းလုပ်နေတဲ့ ကုမ္ပဏီကနေ ထွက်လာခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်လား"

"ဟုတ်ပါတယ် အန်ကယ်"

သူ ခေါင်းညိတ် ဝန်ခံလိုက်ချိန်မှာ သူမ အလွန် အံ့အားသင့်

သွားရ၏။ သူ့ကို ဘယ်လိုနည်းနဲ့မှ ပညာတတ်တစ်ယောက် ဖြစ်လိမ့်မယ်

လို့ မတွေးမိခဲ့ဘူးပါ။ အလွန်ဆုံး အထက်တန်းလောက်ပဲ တတ်သော

လူတစ်ယောက်လို့ ထင်မှတ်ထားခဲ့၏။

ပြီးတော့ သူမဆီမှာ ဒရိုင်ဘာ ဝင်လုပ်ဖို့အတွက်ကို လက်

လုပ်နေသည့် ကုမ္ပဏီကနေ ထွက်လာခဲ့ရသည့် တဲ့။ အဲဒါတွေ အားလုံး

ဟာ အမှန်တွေတဲ့လား။ ဘယ်လိုမှကို မယုံကြည်နိုင်ပါ။ ဒီကိစ္စတွေ

ဒယ်ဒီကရော ဘယ်လိုသိတာလဲ။ ဒယ်ဒီ ကြားလာတဲ့ သတင်းတွေကရော

မှားယွင်းနေတာ မဖြစ်နိုင်ဘူးလား။

ဒါပေမဲ့ ဒယ်ဒီ ကြားလာတာတွေ မှားလာတယ်ဆိုရင်တော်

ဘာဖြစ်လို့ ကေသရာကပါ ဝန်ခံနေရတာလဲ။ မဟုတ်ဘူးဆိုရင်တော့

သူ ငြင်းကို ငြင်းလိမ့်မှာပေါ့။ ခက်တာက သူ မငြင်းခဲ့ဘူးလေ။ ကာယက

ရှင် ကိုယ်တိုင်ကိုက ဝန်ခံနေခဲ့တယ်လေ။

ခုတော့ ဘယ်လိုမှ ထင်မှတ်မထားတာတွေ ဖြစ်ပျက်လာခဲ့ပြီ

သူ့ကို အံ့သြတကြီးနဲ့ ကြည့်နေခဲ့မိတာ သူမ တစ်ယောက်တည်းတော့

မဟုတ်။ ဆန်းသစ်စသည်လည်း သူ့ကိုကြည့်လိုက် ခွန်းချိုကို ကြည့်





လိုက်နှင့် ဗျာဗျာဖြစ်နေပုံရသည်။

"မင်း အဆင်ပြေမယ်ဆိုရင်တော့ အန်ကယ့်ကုမ္ပဏီမှာ တစ်

နေရာပေးဖို့ စဉ်းစားထားတယ်ကွ"

သူ ခွန်းချိုကို လှမ်းကြည့်လိုက်ပါသည်။ အကြည့်ချင်း ဆုံသွား

သောကြောင့် သူမကပင် ခပ်မြန်မြန် အကြည့်လွှဲပစ်လိုက်ရ၏။

"ကျွန်တော့်ကို ခန့်ထားတာက မျှော်ခွန်းချိုနဲ့ သူ ခွင့်ပြုရင်

တော့ ကျွန်တော် လုပ်ပါ့မယ်"

"ကဲ သမီး ဘယ်လိုသဘောရလဲ၊ ဒယ်ဒီကတော့ သူ့အရည်

အချင်းနဲ့သူ ထိုက်တန်တဲ့ နေရာမှာပဲ ထားချင်တယ်၊ လူတော်တစ်ယောက်

ကို မဟုတ်တဲ့ နေရာတစ်ခုမှာ အကြာကြီး မညှင်းထားပါနဲ့ကွယ်"

"ရှင် သမီး သမီးက"

သူမ ဘာပြောရမည်မှန်း မသိပါ။ သူ့ကို မကျေနပ်သောကြောင့်

ဒရိုင်ဘာအဖြစ် အိမ်မှာ ခေါ်ခန့်ထားတာမှန်း ဒယ်ဒီ သိနေပြီးသားလေ။

ဒါပေမဲ့ သူ့ရှေ့မှာ ဒီလိုကြီး ပြောပစ်လိုက်တာကတော့ သူမ မျက်နှာ

ဘယ်မှာထားရမှန်း မသိလောက်အောင် အနေခက်စေပါသည်။

"ကဲပါ သမီးအတွက် ဒယ်ဒီက ဒရိုင်ဘာအသစ်တစ်ယောက်

ရှာပေးပါ့မယ်၊ မောင်ကေသရာကို ဒယ်ဒီ့ကို ပေးလိုက် ဟုတ်ပြီလား"

"သမီး စဉ်းစားဦးမယ် ဒယ်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



သူမအသံကို တည်ငြိမ်အောင် ကြိုးစားလျှက် တစ်လုံးချင်
ပြောချလိုက်သည်။ ဒယ်ဒီကတော့ သူမကို ပြုံးတုံ့တုံ့နှင့်ပင် ကြည့်
ပါသည်။ သူမကတော့ ကေသရာ့ထံသို့ ခပ်ရှူးရှူး ကြည့်ပစ်လိုက်၏
"အန်ကယ့် ကုမ္ပဏီမှာ လူလိုနေရင် ကျွန်တော် ရှာပေးပါ့မယ်
ကေသရာက ဒရိုင်ဘာပဲ"

ဒယ်ဒီ့မျက်နှာ တည်သွားသည်။ ထိုမျက်နှာတည်တည်က ဆ
သစ်စ ဝင်ပြောလိုက်သော စကားကို မနှစ်မြို့မှန်း ဖော်ပြနေ၏။

"မောင်ဆန်းသစ်စ မကြားလိုက်ဘူးနဲ့ တူတယ်၊ အန်က
ပြောပြထားပြီးပြီလေ၊ ကေသရာဟာ ဘယ်လိုအရည်အချင်းတွေ ရှိ
လူတစ်ယောက်လဲ ဆိုတာကိုပေါ့၊ သူ လုပ်ခဲ့တဲ့ ကုမ္ပဏီက အန်က
လက်အောက်မှာ ရှိနေတဲ့ ကုမ္ပဏီခွဲလေး တစ်ခုပဲ၊ အဲဒီကနေ
အကြောင်းတွေကို အန်ကယ် သိခဲ့ရတာပါ"

ဆန်းသစ်စ မျက်နှာပျက်နေပါပြီ။ ချက်ချင်းပင် ထပြန်
မည့်ပုံ ပေါက်နေ၏။ ဒါပေမဲ့ မကောင်းတတ်လို့ ဆက်ထိုင်နေရပုံ

"ကဲ အဲဒါဆို သမီးလေးက စဉ်းစားထားလိုက်ပါ၊ အဖြစ်
ဆုံးကို စဉ်းစားပေါ့၊ မောင်ကေသရာလည်း သွားလို့ ရပါပြီ"

ကေသရာက ချက်ချင်းပင် ဒယ်ဒီ တစ်ယောက်တည်
နှုတ်ဆက်ပြီး ထထွက်သွား၏။ သူမ ရင်ထဲက မကျေနပ်နိုင်ခြင်းတွေ





ဘယ်လိုမှ ချုပ်ထိန်းထားလို့ မရတော့ပါ။

"ဒယ်ဒီ ဘယ်လိုလုပ်လိုက်တာလဲ"

"ဘာကိုပြောချင်တာလဲ သမီးရဲ့"

သူမ ဒေါသထွက်နေသလောက် ဒယ်ဒီကတော့ တည်ငြိမ်နေ
ပါသည်။

"ကေသရာ့အကြောင်းတွေကို ဒယ်ဒီ ဘယ်လိုသိတာလဲ အဲဒါ
တွေက အမှန်တရားတွေရော ဟုတ်ရဲ့လား။ သူ လိမ်ညာနေတာရော
မဖြစ်နိုင်ဘူးလား"

"သမီးက သိဝ်ကို တစ်ဖက်စောင်းနင်း ဖြစ်နေပြီ ဒယ်ဒီက
ဒီကိစ္စတွေကို ကေသရာ ပြောလို့ သိတာ မဟုတ်ဘူးလေ၊ ဒယ်ဒီ သူ့
အကြောင်းကို စုံစမ်းရင်းနဲ့ သိလာခဲ့ရတာ၊ ကြားကြားချင်းတုန်းကတော့
ဒယ်ဒီ ကိုယ်တိုင်လည်း မယုံကြည်နိုင်ဘူး။ ဒါပေမဲ့ နောက်ပိုင်းကျမှ
ယုံစားမိလာခဲ့တာ၊ သမီးက သူ့ကို ကလေးဆန်ဆန် ကလဲ့စားချေချင်
လို့ ဒရိုင်ဘာ ခေါ်ခန့်ထားတာ ဆိုပေမယ့် သူ့ဘက်ကတော့ သူ့အစေနဲ့
ဆက်သက်ပြီးတော့ အဖုအထစ် ရှိနေမှာပဲ၊ နဂိုက ကောင်းနေတဲ့ အလုပ်
တစ်ခုကို ပစ်ပြီးတော့တောင် သမီးဆီမှာ ဒရိုင်ဘာ လာလုပ်တယ်ဆိုတာ
သူ့မှာ သမီးကို တစ်ခုခုပြန်လုပ်ချင်တဲ့ စိတ်ရှိနေလို့ပဲ ဖြစ်ရမယ်လို့
ဒယ်ဒီ တွေးမိတာနဲ့ ကေသရာအကြောင်းတွေကို စုံစမ်းကြည့်လိုက်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို သိရတာ၊ အဲဒီတော့ ဒယ်ဒီ ကိုယ်တိုင် စုံစမ်းသိလာခဲ့ရတာနှ
မှားစရာ အကြောင်းကို မရှိဘူး''

''ဟင့်အင်း ဟင့်အင်း သမီး မယုံနိုင်ဘူး ဒယ်ဒီ''

ကြားရသမျှဟာ အမှန်တွေချည်းမှန်း သိသွားခဲ့ပေမယ့် အ
ဘယ်လိုမှ ယုံကြည်လက်ခံလို့ မရသေးပါ။ သူဟာ ခွန်းချိုကို ကလဲ့
ချေချင်နေမှန်းလည်း သိပါလျက်နဲ့ သူမကတော့ ခုချိန်ထိ ဘာ
သေသေချာချာ လက်မခံနိုင်ဖြေသေးဘဲ ဖြစ်နေရသည်။

တဖြည်းဖြည်းနဲ့ သူ့အကြောင်း အမှန်တရားတွေကို သိ
လေလေ ခွန်းချိုဘက်က ရှုံးနိမ့်နေခဲ့မှန်း ပေါ်လွင်လာလေလေ ဖြစ်
သည်။ သူမ ဂေါသရာကို ဆက်သည်းမခံနိုင်တော့ပါ။

''ဟဲ့ သမီး ဘယ်လဲ''

ရုတ်ခနဲ ထပြေးထွက်ခဲ့သော သူမကို ဒယ်ဒီက အလန့်တ
နှင့်အော်မေး၏။ သူမ ပြန်မဖြေနိုင်ခဲ့ပါ။ စိတ်တွေက ဂေါသရာ
အပြည့်အဝ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။ နောက်ကနေ ခြေသံ
ကပ်ပါလာတာ သိလိုက်၏။ ဆန်းသစ်စပဲ ဖြစ်လိမ့်မည်။

''ခရိုင်ဘာ ခရိုင်ဘာ နင် အခု ထွက်ခဲ့''

ဂိုဒေါင်ရှေ့တွင် ဒေါသတကြီးနှင့် ခွန်းချို အော်ဟစ်လိုက်မိ
ချက်ချင်းလိုလိုပင် သူ ထွက်လာပါသည်။





''ဘာခိုင်းမလို့လဲ မမလေး''

''နင် ငါ့ကို အရွဲ့တိုက်နေတာလား''

''ကျွန်တော် ဘာမှလည်း မလုပ်ရပါလားဗျာ''

''တကယ်တော့ နင်က သိပ်ကြောက်ဖို့ကောင်းတယ်''

''အဲဒါကတော့ မကောင်းမှု လုပ်ထားတဲ့လူတွေက ခြေပြည်ကို
ကြောက်သလိုမျိုး ကြောက်လန့်နေတာ ဖြစ်မှာပါ''

''ဘာ နင်ဘာပြောလိုက်တယ်''

သူမ ဒေါသတွေ ဘယ်လိုမှကို မထိန်းနိုင်တော့ပါ။ စိတ်ရှိလက်
အော်ပစ်လိုက်မိ၏။ သူကတော့ ဘာမှမဖြစ်သလို တည်ငြိမ်သော
က်လုံးများဖြင့် ခွန်းချိုကို စူးစိုက်ကြည့်နေသည်။

''တကယ်တော့ မင်းကသာ ငါ့ကို ဒုက္ခပေးချင်တဲ့အတွက်
ဘာနေရာ ခေါ်ခန့်ထားခဲ့တာ မဟုတ်လား။ ငါကလည်း စေးစိတ်
ဖြတ် နေပေးခဲ့ပါတယ်''

သူမ စိတ်လှုပ်ရှားနေသလောက် ဂေါသရာက အလွန်တည်ငြိမ်
ဉ်ကျက်သော အသံမျိုးဖြင့် တစ်လုံးချင်း ပြောချလိုက်ပါသည်။ သူမ
ပ်ခမ်းတစ်ချက် တွန့်လျက် မဲ့လိုက်မိသည်။

အဲဒီလို နေပေးခဲ့တာကလည်း နင့်အဖေအတွက်နဲ့ နင့်ကိုငါ
ခုပ်ခဲ့မိတာတွေအတွက် ငါ့ကို ကလဲ့စားချေချင်လို့ပဲ မဟုတ်လား။ ခုမှ



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ငါ ဖြစ်စေချင်တဲ့အတိုင်း ငါ့စိတ်ကြိုက် နေပေးခဲ့တယ်ဆိုတဲ့ အသုံးအနှုန်းမျိုးတွေ လာမသုံးစမ်းပါနဲ့။ ရွံစရာ ကောင်းတယ်ဟု သူမ တွေးလိုက်မိသည်။

ဒါပေမဲ့ သူမ ထုတ်မပြောပါ။ အဲဒီလို ပြောလိုက်ခြင်းအားဖြင့် သူမတို့ရဲ့ ကစားပွဲက အရှိန်ပျက်သွားပါလိမ့်မည်။

ဘယ်လိုပဲဖြစ်ဖြစ် ခုချိန်မှာ သူမ ရှုံးနေပါတယ်လို့ ဘယ်သူက ပြောနိုင်သေးလို့လဲ။ သူမ ဖြစ်စေချင်ခဲ့သည့်အတိုင်း ကေသရာဟာ သူမ လက်အောက်မှာ ရှိနေခဲ့တုန်းပဲ မဟုတ်လား။ ကေသရာ ဖြစ်ချင်တာတွေ ကတော့ တစ်ခုမှ ဖြစ်မလာခဲ့သေးဘူးလေ။

ကေသရာက သူမကို ချုပ်ကိုင်ချင်သည်။ ဒါပေမဲ့ တကယ်တမ်းမှာ သူမကို ကေသရာ နည်းနည်းမှ မချုပ်ကိုင်နိုင်ခဲ့ဘူးလေ။ သူမကအလုပ်ရှင် ကေသရာက ဒရိုင်ဘာ၊ ဘာထူးခြားမှုမှ မရှိခဲ့ပါ။

"ခုလည်း မင်းခွင့်ပြုမှ ငါက မင်းအပေ ကမ်းလှမ်းချက်ကို လက်ခံမှာပါ"

"ဟော့ကောင် အနိုကယ်က မင်းကို မျက်နှာသာပေးလိုက်တယ် ဆိုပြီး စကားကို အပေါ်စီးက ပြောနေတာလားကွ"

"ခင်ဗျား မှားနေပြီနော်၊ ကျုပ် ပြောလိုက်တဲ့ စကားတွေ အားလုံး အပေါ်စီးက တစ်ခုမှ မပါဘူး။ ချစ်ခွန်းချို ခွင့်ပြုမှ ကျုပ်က





…အကြောင်းကို ပြောင်းမှာလို့ ကောင်းကောင်းမွန်မွန် ပြောနေတာပဲ …တယ်"

"ဒါပေမဲ့ မင်းလေသံက မာနေတယ်ကွ"

ဆန်းသစ်စက သူမဘက်ကနေ မျက်နှာလုပ်တာ ဝင်ပြောလိုက် …ပြီး ဖြစ်ပေမယ့် ကေသရာ့ကို နိုင်အောင် ပြောနိုင်မှာတော့ မဟုတ်မှန်းတော့ …သူမ သိနေပါသည်။ ဆန်းသစ်စကို တည့်တည့်စိုက်ကြည့်လျက် ခပ်သွဲ့သွဲ့ …ပြုံးလိုက်သော ကေသရာ့ အမူအရာက ဆန်းသစ်စ မျက်နှာကို …ထိုးနှက်လိုက်သလို ဖြစ်သွားပုံပါပဲ။

"မင်းက ခုတော့ ငါတို့ကို အာခံပြီပေါ့"

"ဟား ခင်ဗျား တော်တော် ရယ်ရတဲ့လူပဲဗျ၊ ဦးနှောက်ကို …ကောင်းကောင်း အသုံးချတတ်တဲ့ လူတိုင်း ကျုပ်ပြောတဲ့ စကားတွေကို …နားလည်တယ်၊ ပြီးတော့ ခင်ဗျားက ,ကျုပ်နဲ့ စကားပြောစရာ ဘာ …အကြောင်းမှလည်း မရှိဘူး မဟုတ်လား။ မချစ်ခွန်းချိုနဲ့သာ ပြောစရာရှိ ပြောရမှာပေါ့"

"ဟုတ်တယ် နင် ငါနဲ့ ပြောရလိမ့်မယ်၊ ဆန်းသစ်စ နင် ပြန် …တော့၊ သူနဲ့ငါ နှစ်ယောက်တည်း ပြောစရာ ရှိတယ်"

ခွန်းချိုက ဆန်းသစ်စကို ပြန်ရန် ပြောလိုက်သော်လည်း အနား …တွင် ရပ်နေဆဲ ဖြစ်၏။ ဆန်းသစ်စ ပုံစံကြည့်ရတာ သူမကို ကေသရာနှင့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချသည့်ဟန်မျိုး ဖြစ်သည်။

"ဆန်းသစ်စ နင့်ကိုငါ ဖြန့်တော့လို့ ပြောနေတယ်လေ"

သူမ ဒုတိယအကြိမ် ထပ်ပြောလိုက်ရ၏။ အဲဒါကပဲ သူတို့နှစ်ယောက်၏ ရန်ပွဲမစ ဖြစ်သွားခဲ့တာပါ။

"မင်းကို ဒီကောင်နဲ့ ဒီလိုနေရာမှာ စိတ်မချပါဘူး။ ကိုယ် မပြန်နိုင်သေးဘူး"

"ဘာ ဟောကောင် မင်း ဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်တယ် မင်းတို့လို အောက်တန်းစား ကောင်မျိုးတွေကို စိတ်ချရတာ မဟုတ်ဘူး။ ခုတောင် ခွန်းချိုကို မင်းဘာဝမှန်း လိမ်ထားတာ ကြည့်ပါလား"

"အဲဒါ ငါ လိမ်ထားတာ မဟုတ်ဘူးကွ၊ မလိုအပ်လို့ မပြော တာ"

"ဘယ်လိုပဲဖြစ်ဖြစ် မင်းတို့လို အသိုင်းအဝိုင်းက လူတွေက တော့ ဒီလိုတွေပါပဲ၊ ကိုယ့်ကိုယ်ကို အဟုတ်ကြီး ထင်နေတတ်ကြတာ"

"တော မင်းကွာ"

လျှင်မြန်လွန်းသောကြောင့် ဘာဖြစ်သွားမှန်းပင် ခွန်းချို မသိ လိုက်ပါ။ ဆန်းသစ်စကတော့ မြေပြင်ပေါ်မှာ ပက်လက်ကြီး လဲနေပြီ

"နင် နင် ဘယ်လိုလုပ်လိုက်တာလဲ"





သူမ ပါးစပ်လေးကို လက်နှစ်ဖက်ဖြင့် ပိတ်မိလျက် ကြောက်ရွံ့ သွားမိသည်။ ဆန်းသစ်စရဲ့ နှုတ်ခမ်းထောင့်စွန်းမှာ သွေးတွေမြင်မကောင်း အောင် ယိုစီးကျလာ၏။ တော်တော်ပြင်းထန်သည့် လက်သီးပြင်းအား ထင် ဖြစ်ပါလိမ့်မည်။ ဆန်းသစ်စမှာ လဲရာကနေတောင် မထနိုင်သေးပါ။

"နင် ရိုင်းလှချည်လား ကေသရာ"

"ငါ ရိုင်းတာလား၊ နင့်အကောင် ရိုင်းတာလားဆိုတာ နင် မမြင်ဘူးလား"

"လောလောဆယ်တော့ နင် ရိုင်းနေတာပဲ ငါ မြင်သေးတယ်ဟဲ့ အောက်တန်းစားရဲ့"

"မင်း ငါ့ကို စော်ကားနေတာတွေ အားလုံး ရပ်တန်းကနေ ရပ်လိုက်ပါ ချစ်ခွန်းချို၊ မင်းကိုငါ ဘာမှမလုပ်ချင်ဘူး"

"အေး နင်လုပ်ချင်လို့လည်း မရပါဘူး။ ငါ့အသားကို တစ်ချက် ထိုလိုက်တာနဲ့ နင် ဘာဖြစ်သွားမယ်ထင်လဲ"

"ဘာလဲ ငါ မင်းကို မထိတို့ရဲဘူးလို့များ မင်း ထင်လို့ ခု စိမ် ခေါ်နေတာလား"

ကဲ ကြည့်ပါဦး ပြောလိုက်သည့်ပုံကို။

ခွန်းချိုမှ ခေါ်သမထွက်ရင် ဘယ်သူ ထွက်တော့မှာလဲ ထို့ ကြောင့်ပင် အကျင့်ပါနေသော ခွန်းချို လက်တစ်ဖက်က မြောက်တတ်



www.burmeseclassic.com

သွားခဲ့ရ၏။ ဒါပေမဲ့ မရိုက်လိုက်ရပါ။ သူက ဖမ်းချုပ်ထားလိုက်သော ကြောင့် ဖြစ်သည်။

"နင် ငါ့ကို လွှတ်စမ်း"

သူ လွှတ်မပေးပါ။

ဒါပေမဲ့ ဖြုန်းခနဲ ထလာသော ဆန်းသစ်က သူ မကာကွယ် လိုက်နိုင်ခင်မှာပင် သူ့မျက်နှာတည့်တည့်ကို ထိုးချပစ်လိုက်တော့၏။ အရှိန်မထိန်းနိုင်ဘဲ ကြမ်းပြင်ပေါ် ဖင်ထိုင်လျက် လဲကျသွားသည့်တိုင် ကေသရာက ခွန်းချိုရဲ့လက်ကလေးကို လွှတ်မပေးသောကြောင့် သူ ပြုတ်ကျသွားသောအခါ သူမသည်လည်း သူ့ကိုယ်ပေါ်သို့ ဝိလျက်သား လေး ထပ်ကျသွားတော့၏။

"လွှတ်စမ်း အရိုင်းစိုင်းကောင် လွှတ် ငါ့ကို ခုလွှတ်"

"ပြောလိုက်ပါဦး။ မင်းအသားကို တစ်ချက်တို့ရင် ငါ ဘာဖြစ် သွားနိုင်တယ်ဆိုတာကို ပြောကြည့်စမ်းပါဦး"

သူ့နှုတ်ခမ်းထက်က သွေးတွေ စီးကျလာသည်။ ဒါပေမဲ့ သူ့ မျက်နှာ ပြုံးရယ်နေ၏။ ထိုအခြေအနေကို မြင်ပြီး ဆန်းသစ်က အိမ် ကြီးဘက်သို့ လှည့်ပြေးသွား၏။ ဒယ်ဒီ့ကို သွားခေါ်တာ ဖြစ်ပါလိမ့်မည်

ထိုအချိန်မှာပဲ အဆိုးရွားဆုံး လုပ်ရပ်အဖြစ် သူက ခွန်းချိုရဲ့ နှုတ်ခမ်းလေးများကို ခပ်ကြမ်းကြမ်းပင် ဖိကပ်နမ်းပစ်လိုက်သောအခါမှ





တော့

"နင် နင်"

နာကျင်ရှက်ရွံ့မှုနှင့်အတူ တစ်ကိုယ်လုံးတွင် ရှိသမျှသော သွေး များ ပြောင်းပြန်စီးဆင်းကုန်သလို ခံစားလိုက်ရ၏။ ထိုစိတ်နှင့်ပင် အား ကုန်ရုန်းပြီး ရုန်းကန်ပစ်လိုက်သောအခါ သူ့ရဲ့ အချုပ်အနှောင်များကြားမှ သူမ လွတ်မြောက်သွားခဲ့ပါသည်။

ချက်ချင်းပင် မတ်တပ်ထရပ်ပစ်လိုက်မိပြီး သူ့ကို နာကျည်းစွာ ကြည့်လိုက်မိ၏။ သူကလည်း ခွန်းချိုနားတွင် ထရပ်လိုက်ပြီး

"နာသွားလား"

"နင့်ကိုငါ ရွံတယ် သိလား"

အပြေးထွက်လာမိသော ခြေလှမ်းများသည် တုန်ယင်လျက် ရင်လုံးများက ပြာဝေလျက်၊ ရင်ခုန်နှုန်းတို့က မြောင်းဆန်နေခဲ့ကြသည်။

ဂိုဒေါင်ဘက်သို့ အပြေးတစ်ပိုင်း လျှောက်လာနေသော ဒယ်ဒီ နှင့် ဆန်းသစ်ကို မျက်ရည်တွေကြားက ဝိုးတဝါးဝါး မြင်မိသည်။

"သမီး ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ သမီး"

သူမရဲ့ အမူအရာကို ကြည့်ပြီး ဒယ်ဒီက စိုးရိမ်တကြီး မေးလိုက် သော်လည်း သူမမှာ ဖြေစရာ စကားလုံး ရှားပါးနေသောကြောင့် ခေါင်းကို သာ ခါရမ်းပစ်လိုက်မိသည်။

"ဟိုကောင့်ကို သွားကြည့်ရအောင်ပါ အန်ကယ်"

ဆန်းသစ်က ဒယ်ဒီ့ကို လက်ဆွဲမတတ် ခေါ်သွားသည်။ သူမလည်း အခန်းထဲ ပြေးဝင်ခဲ့မိ၏။ ခုတင်ထက်တွင် အရုပ်ကြိုးပြတ် ပစ်လှဲချလိုက်ပြီးတော့ ဝမ်းနည်းစွာ ငိုကြွေးလိုက်မိသည်။

လုပ်ရက်လိုက်တာ ။ ခွန်းချိုကိုမှ သူ ရက်ရက်စက်စက် လှပ်ပစ်လိုက်ခြင်း ဖြစ်သည်။ နာကျင်သွားသော နှုတ်ခမ်းများကို လက်နှင့်စမ်းကိုင်ကြည့်တော့ ကပ်စေးစေး ဖြစ်နေတာ တွေ့ရ၏။ သူမ လက်ချောင်းလေးများကို နှုတ်ခမ်းထက်မှ ပြန်လည်ခွာကြည့်မိသည်။

နီရဲသော သွေးစလေးများ။ သူ့နှုတ်ခမ်းထက်မှ သွေးစများ ပေကျံလာခဲ့ခြင်း ဖြစ်၏။ ထိုသွေးစများကို မြင်တော့ ရင်ထဲက နာကျင်မှုက ပိုလို့ ဆိုးလာသည်။ တစ်သက်နဲ့တစ်ကိုယ် ဘယ်ယောကျ်ားသားနဲ့မှ နီးနီးကပ်ကပ်တောင် မနေခဲ့ဘူးသည့် သူမကိုမှ ဒီလို လုပ်ရပ်မျိုး ဒီလို အနမ်းမျိုး သူ ပေးရက်သည်။

နင်က ငါ့ကို ဒီလိုနည်းတွေနဲ့ အနိုင်ယူချင်နေခဲ့တာလား ကေသရာ။ ဟင့်အင်း နင် ဘယ်တော့မှ မအောင်မြင်စေရဘူး သိလား။

■ ■ ■

"ညက ကိစ္စမှာ ကေသရာ မှားတယ်လို့ ပြောလို့မရဘူး သမီး"

"ရှင်"

ဒယ်ဒီ့စကားက သူမကို တကယ်ပဲ စိတ်ညစ်ညူးသွားစေ၏။ သူမကို ကေသရာ လုပ်လိုက်သည့် ဖြစ်ရပ်အား ဒယ်ဒီ မတွေ့လိုက်ရှာသော ဒီစကားကို ပြောထွက်ခြင်း ဖြစ်သည်။ တကယ်တမ်း နစ်နာခဲ့ရတာက ဒယ်ဒီ့သမီးပါ ဒယ်ဒီရဲ့ လို့ ငိုယို ပြောပြနေလို့လည်း မတတ်နိုင်သည့် အနေအထားဖြစ်သည်။

"ဒယ်ဒီ သူ့ကို ညက ဘာတွေပြောလိုက်လဲ"

"အဖြစ်အပျက်ကို မေးကြည့်ရုံပါပဲ။ တကယ်တော့ ဆန်းသစ်ကလည်း နည်းနည်း လွန်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီကောင်လေးကို သေချာတော့ ပြန်စောင့်ကြည့်ရတော့မယ်၊ သူ့ရဲ့ ကာရိုက်တာကို ဒယ်ဒီ သိပ်သဘောမကျဘူး"

"ဘာကို ဆိုလိုတာလဲ ဒယ်ဒီ"

သူမက မသိနားမလည်စွာ မေးမိတော့ ဒယ်ဒီက သူမ ပခုံးလေးကို ဖွဖွဖက်လျက်

"တကယ်တော့ ဒယ်ဒီက ဆန်းသစ်နဲ့သမီးလေးကို ရင်းရင်းနှီးနှီး နေစေချင်ခဲ့တယ်၊ ဘာလို့လဲဆိုတော့ ကိုသော်တာနဲ့ ဒယ်ဒီနဲ့က သမီးနဲ့ သူ့သားကို လက်ထပ်ထိမ်းမြားပေးချင်တဲ့ ဆန္ဒတွေ ရှိနေကြလို့ပဲ"

"ဟာ သမီး ဘယ်လိုမှ လက်မခံနိုင်ဘူးနော် ဒယ်ဒီ"

ချက်ချင်းပင် အကြောက်အကန် ငြင်းလိုက်မိသော ခွန်းချို

အား ဒယ်ဒီ မျက်တောင်မခတ် ကြည့်နေပါသည်။ ခွန်းချိုရဲ့ အမူအရာတွေကို အကဲခတ်နေခြင်း ဖြစ်၏။

"ဒယ်ဒီတို့ကလည်း ဒီတိုင်းပြောထားရုံပဲ ရှိတာပါ၊ သမီးတို့ကာယကံရှင်တွေဘက်က သဘောတူမှ ဒယ်ဒီတို့ဘက်ကလည်း လက်ခံဆောင်ရွက်မှာပါ သမီးရဲ့၊ သမီးသိပါတယ်လေ၊ ဒယ်ဒီက သမီးရဲ့ဆန္ဒကို အမြဲဦးစားပေးခဲ့တယ်ဆိုတာ"

"သမီး သိပါတယ် ဒယ်ဒီ"

"ဒါပေမဲ့ သမီး၊ မောင်ကေသရာ့ကိစ္စမှာတော့ ဒယ်ဒီ နည်းနည်းလေး ဘဝင်မကျနိုင်တာ ရှိနေတယ်"

ခွန်းချိုသည် သူ့နာမည်ကို ကြားလိုက်ရုံနှင့် ဆတ်ခနဲ တုန်သွားမိ၏။ သူ့ကို သူမ ကြောက်နေတာလား။ ဟင့်အင်း သူ့ကို မကြောက်ပါဘူး၊ မထင်မှတ်ထားတဲ့ သူ့လုပ်ရပ်တွေကို လန့်နေမိတာ။

"မောင်ကေသရာဟာ သမီးကို အကြီးအစည်တစ်ခုနဲ့ ချဉ်းကပ်လာတာလို့ ဒယ်ဒီ ထင်ခဲ့ပေမယ့် တကယ်တမ်းကျတော့ သူဟာ သမီးရဲ့လက်အောက်မှာ ဒရိုင်ဘာတစ်ယောက်အဖြစ် ကောင်းကောင်းမွန်မွန်ပဲ နေလာခဲ့တယ်၊ သူ့ရဲ့ တကယ့်အစည်အချင်းနဲ့ ဘာမှမဆိုင်တဲ့ ဒရိုင်ဘာအလုပ်ကို ဝင်လုပ်နေရတာတောင်မှ သူ ဘာစောဒကမှ မတက်ခဲ့ဘူး"

"အဲဒါ အဲဒါက"





ဟုတ်တော့လည်း ဟုတ်သည်။ သေးလူတစ်ယောက်အနေနှင့် ကြည့်ရင် ကေသရာဟာ ခွန်းချိုအပေါ်မှာ သိပ်ကို တာဝန်ကျေသော ဒရိုင်ဘာတစ်ယောက် ဖြစ်၏။ ဒါပေမဲ့ ကိုယ့်ဝမ်းနာ ကိုယ်သာ သိပါသည်။

"အဲဒါကြောင့် ဒယ်ဒီက သူနဲ့ထိုက်တန်တဲ့ နေရာတစ်ခုကို ပေးချင်တယ်၊ ကုမ္ပဏီမှာကလည်း လူလိုနေတယ်လေ သမီးရဲ့၊ ကိုမြတ်မောင်ကိုလည်း ကျေးဇူးဆပ်ပြီးသား ဖြစ်တာပေါ့"

"ဟင့်အင်း ဒယ်ဒီ သမီး မပေးနိုင်ဘူး၊ သူ ကိုယ်တိုင်ကလည်း သမီး ခွင့်ပြုမှ ကုမ္ပဏီမှာ လုပ်မှာပါ"

သူမရဲ့ ငြင်းဆန်မှု တစ်ခုတည်းနှင့်ပင် ဒယ်ဒီက လိုက်လျောခဲ့ပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် ခွန်းချိုရဲ့ ဒရိုင်ဘာဟာ ကေသရာပဲ ဖြစ်နေစေရမည်။

■ ■ ■

ဒီနေ့တော့ သူမ လိုချင်တာလေးတွေက နည်းနည်းများနေသဖြင့် ကေသရာ့လက်ထဲမှာ အထုပ်အပိုးတွေ မနိုင်မနင်း ဖြစ်နေခဲ့သည်။

"နင့်လက်ထဲကဟာတွေကို ကားထဲမှာ သွားထားလိုက်၊ ဝယ်စရာတွေ ကျန်သေးတယ်"

သူက ခွန်းချို စကားအဆုံး အနားမှ လှည့်ထွက်သွားပါသည်။ သူမက အဲဒီနားလေးမှာပဲ ရပ်စောင့်နေလိုက်၏။ ဟိုအမြင့်အမှုကြီး

www.burmeseclassic.com



ဖြစ်ပျက်ခဲ့သော်လည်း သူမက မသိချင်ယောင် ဆောင်နေခဲ့သည်။ ဒါပေ့ ထူးဆန်းစွာပင် အဲဒီည ပြီးနောက်ပိုင်း သူ့အပြုအမူတွေက ခွန်း အပေါ်၌ သိသိသာသာ ပြောင်းလဲလာ၏။

"ဟိတ် နင် ချစ်ခွန်းချို မဟုတ်လား"

သူမ ပန်းလေး တစ်ဖက်ကို ပုတ်ကာ အားရဝမ်းသာ ပြော လိုက်သော သူမတို့နှင့် ရွယ်တူ မိန်းကလေးနှစ်ယောက် ချက်ချင်း မှတ်မိလိုက်ပါသည်။

အထက်တန်းကျောင်းတုန်းက တစ်တန်းတည်း တက်ခဲ့ရသော ကူးကူးနှင့် ခေမီ။

"နင် ဒီမှာ ဘာရပ်လုပ်နေတာလဲ"

ကူးကူးက ခွန်းချိုကို ခြေဆုံးခေါင်းဆုံးကြည့်လျက် မေးသည် ကူးကူးရဲ့ အဲဒီလို မျက်လုံးမျိုးနှင့် အကြည့်တွေကို သဘောမကျနိုင်စွာ ကျွန်မက ခပ်မဲ့မဲ့ ပြုံးလိုက်မိ၏။

"ငါ ဝယ်ထားတဲ့ ပစ္စည်းတွေ သိပ်များနေလို့ ဒရိုင်ဘာ ကားထဲမှာ ပြန်သွားထားခိုင်းနေတာ၊ ဝယ်စရာတွေက မကုန်သေး လေ ဟင်း ဟင်း။ နင်တို့ကရော ဘာလာလုပ်တာလဲ၊ လက်ထဲ ဘာမှ မပါပုံအရတော့ ဒီအတိုင်း လျှောက်ကြည့်နေကြတာနဲ့ တူတယ်"

ခွန်းချိုရဲ့စကားက တော်တော်လေးကို တသွားတာကြော





ဆိုမိန်းမနှစ်ယောက်ရဲ့ မျက်နှာတွေက ဟန်မဆောင်နိုင်လောက်အောင် ရှော်ယွင်းသွားသည်။

"ကိုယ်တို့က ခုမှ ရောက်တာလေ"

ခေမီက စကားကို ဖာထေးလိုက်သေးသည်။ တကယ်တော့ သူတို့သည်လည်း ခွန်းချိုလိုပင် ငွေကြေးချမ်းသာသည့် မိဘများရဲ့ သမီး များ ဖြစ်ကြ၏။ ရုပ်ရည်အရလည်း ခွန်းချိုကိုမမီသည့်တိုင် သူ့ဟာနဲ့သူ ချောမော လှပကြပါသည်။

"ဒါနဲ့ ခေမီ နင်တောင် ဟိုတလောတုန်းက စင်ကာပူမှာ အဝန်းသွားဖြေတယ်ဆိုတဲ့ သတင်းကြားလိုက်သေးတယ်၊ ဘာလဲ အဝန်း ချွေရင်းနဲ့ နှာခေါင်းသွားပြင်လာတာလား"

ခေမီ့မျက်နှာ အကြီးအကျယ် ပျက်ယွင်းသွား၏။ နှာခေါင်းကို လည်း ယောင်ယမ်းပြီး စမ်းနေသေးသည်။ ထိုအပြုအမူကြောင့်ပင် ခွန်းချို အာ ပိုရယ်ချင်လာခြင်း ဖြစ်၏။

"ငါတို့ကတော့ အဲဒါမျိုးတွေ့အတွက် အချိန်ကုန်ခံနေစရာ မလို လို့ တော်သေးတယ် ဟင်း ဟင်း"

သူမ ရှေ့မှ မိန်းမနှစ်ယောက် ဖြစ်ပျက်နေသည့် မျက်နှာတွေကို ကြည့်ရင်း ခွန်းချိုမှာ ဟန်မဆောင်နိုင်စွာပင် ရယ်မောလိုက်မိ၏။ ရှိ ထက်လာသော ထိုနှစ်ယောက်ရဲ့ မျက်နှာများက ဒေါသတွေ ဆူပွက်နေမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိလာစေသည်။

ဒါပေမဲ့ သူတို့ကိုယ်သူတို့ မသေသပ်စွာ ချုပ်ထိန်းလိုက်ကြရ တန်ဆောင်ပြုံးလျက်

"နင့်ကို တွေ့တာနဲ့ အတော်ပဲ သိလား၊ ချစ်ခွန်းချို၊ ငါ ကျောင်းက လူတွေချည်းပဲ တွေ့ဆုံပွဲလေး လုပ်မလို့ အဲဒါ နင်လာ တော်တော်လေး ပြည့်စုံသွားမှာပဲ"

"ဘာအတွက်လဲ"

ကူးကူးက ပြုံးရယ်လျက် စကားကို ရွှန်းရွှန်းဝေအောင် ပြေ နေတုန်း သူမက အေးတိအေးစက် ပြန်မေးလိုက်ခြင်းကြောင့် ကူး ရှိုးတိုးရှန့်တန့် ဖြစ်သွားပြီး မျက်နှာက ချက်ချင်းပင် တည်သွား

"ဘာအတွက်လဲဆိုတော့ ငါတို့ မတွေ့ကြတဲ့အတွင်းမှာ ဘယ် တွေ အိမ်ထောင်ကျ၊ ဘယ်သူတွေက ဘာဖြစ်နေတယ်ဆိုတာမျိုး သိနိုင်အောင်လို့ပေါ့"

"ငါမှ မသိချင်ဘဲ"

"အဲဒီ ပွဲနေ့ကျရင် ကိုယ်ကတော့ သတို့သားလောင်းလေး တက်မှာလေ၊ အဲဒီပွဲမျိုးမှာ ဒီလိုတက်မှ ပန်းသင့်တာ မဟုတ်လား"

"ဟုတ်တယ်ကွ အဲဒီလို နေ့ကို မလာချင်လို့ ရှောင်ဖယ်နေ လူတွေက တစ်ကိုယ်တည်း အထီးကျန်သမားတွေ များတယ်၊ ဥပ





စကားအပြောအဆို မတတ်လွန်းလို့ ယောကျ်ားတွေက ချဉ်နေတဲ့ လူမျိုး ပေါ့၊ အဲဒီလို လူမျိုးကိုလည်း မသိခင်ကပဲ လူတွေက သည်းသည်းလှုပ် ကြတာပါ၊ နောက်ဆုံးတော့လည်း ခံ့ရင်းက ခံ့ရင်း ဖြစ်သွားရတာပဲ"

တစ်ယောက်ကိုတစ်ယောက် ပြောသလိုလိုနှင့် အတိုင်အဖောက် ညီစွာပင် သူမကို ထိုးနက်လိုက်သော ထိုမိန်းမနှစ်ယောက် ရှေ့ကနေ သူမ ချက်ချင်းပင် ထွက်လာခဲ့ချင်၏။ သို့သော် သူတို့ကို မယှဉ်နိုင်၍ ရှောင်ထွက်သွားခြင်းဟုတော့ အထင်မခံနိုင်ပါ။

"ဘယ်လိုလဲ ချစ်ခွန်းချို၊ နင် လာမှာလား"

"လာရမှာပေါ့၊ နင်တို့ပဲ ပြောတယ်လေ၊ နင်တို့နဲ့တင် မပြည့်စုံ လို့ ငါလာမှ ပြည့်စုံသွားမှာဆို၊ အဲဒီတော့ ငါက လာပေးရမှာပေါ့ မဟုတ် ဘူးလား"

"ကောင်းပြီလေ ဒါဆိုရင် မနက်ဖြန်နေ့၊ လာဖြစ်အောင် လာခဲ့ပါ၊ နင်တို့နှစ်ယောက်ကို ငါ စောင့်နေပါ့မယ်"

အဲဒါဟာ ဘာအဓိပ္ပါယ်နဲ့ ပြောလိုက်တဲ့ စကားလဲဆိုတာ သူမ သေချာသိလိုက်ပေမယ့် အပြုံးမပျက်ဘဲ နေပြခဲ့သည်။ အဲဒီနှစ်ယောက် ထွက်သွားတော့မှ သူမ သက်ပြင်းလေး ချဖြစ်၏။ ကိစ္စတော့ သိပ်မရှိပါ။ တွေ့ဆုံပွဲလုပ်မည့် ဟိုတယ်က ဆန်းသစ်စတို့ ပိုင်သော ဟိုတယ်တွင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မသက်သာသည့်အဆုံး ဆန်းသစ်စကို ခေါ်သွားရင်ေတာ
ရနေတာပဲ မဟုတ်လား။ ထိုအချိန်မှာပင် သူမနားသို့ ကောသရာ ပြ
ရောက်လာခဲ့၏။

"ကြာလိုက်တာ၊ ပစ္စည်းလေး သွားထားတာကို ဘာတွေ လုပ်
မှန်း မသိဘူး"

သူ ဘာမှပြန်မပြော။ ခေါင်းငုံ့ရပ်နေ၏။ သူ့ရဲ့ အဲဒီလို ပုံစံ
သူမ သည်းမခံနိုင်တော့ပါ။ တကယ်တော့ သူမ လိုချင်ခဲ့တာသည်
အဲဒီလိုမျိုး သူမ ရှေ့မှာ ဘာမှပြန်မပြောဘဲ ခေါင်းငုံ့ရပ်နေသည့် ပုံစံမျိုး
ပင် ဖြစ်၏။

ဒါပေမဲ့ ခုကျတော့လည်း အဲဒီ အမူအရာမျိုးကို သူမ အပြ
ကပ်နေခဲ့မိပြန်သည်။ ခွန်းချို စိတ်တွေလည်း ဘာတွေဖြစ်နေပြီလဲ မ
တော့ပါ။

"ပြန်မယ်"

နောက်ကြောင်းပြန်လှည့်လိုက်သော သူမကို သူက တစ်ချ
စိုက်ကြည့်လိုက်ပြီး ဘာမှမပြောဘဲ နောက်ကနေ ပါလာပြန်၏။ သူ
ဘာမှဝယ်ချင်စိတ်လည်း မရှိတော့ပါ။

ကားပေါ်ရောက်သည်နှင့် သူမ ပထမဆုံး လုပ်သော အလု
သည် ဆန်းသစ်စဆီ ဖုန်းခေါ်ခြင်းပင် ဖြစ်၏။





"ဆန်းသစ်စ ငါ နင့်ကို အကူအညီတစ်ခု တောင်းချင်တယ်"

"ထင်ပါတယ် မင်းကိုယ်တိုင်ဆီကို ဖုန်းစဆက်တည်းက တစ်ခုခု
လိုချင်တာ ရှိနေပြီဆိုတာကိုပေါ့"

"ရှည်ရှည်ဝေးဝေးတွေ မပြောတော့ဘူး။ မနက်ဖြန်မှာ ငါနဲ့တူတူ
စိတ်ဆိုးစားပွဲတစ်ခု တက်ပေးရမယ်၊ အဝေးကြီးတော့ မဟုတ်ဘူး။ နင်တို့
မိုးထယ်မှာပဲ"

"ဟာ ချို့ မင်း တကယ်ပြောနေတာလား"

ဆန်းသစ်စ ဆီက မယုံကြည်နိုင်စွာ အံ့သြတကြီးနှင့် မေးလိုက်
သော အသံကို ကြားရသည်။ အေးပေါ့ ချစ်ခွန်းချိုနဲ့အတူ ပွဲတစ်ပွဲကို
အတူတက်ခွင့်ရမယ်ဆိုတာ ဆန်းသစ်စအတွက်တော့ တကယ့်ကို ကြီးမား
သည့် အခွင့်အရေးကြီးပဲ မဟုတ်လား။

"နင့်ရဲ့ ပါတနာအနေနဲ့ တက်ရမှာပေါ့နော်"

"အေး ဆိုပါတော့၊ အဲဒါ မနက်ကိုးနာရီမှာ နင် ငါ့ကို လာကြို
ဦး"

ဆန်းသစ်စက ကတိတွေ အထပ်ထပ်ပေးပြီး ဖုန်းချသွားသည်။
ထွေးဆုံပွဲကိုစွ အဆင်ပြေသွားပေမယ့် သူမ ရင်ထဲမှာ မကျေလည်နိုင်တာ
ကြီးက ရှိနေသေးသည်။

အဲဒါကတော့ ကောသရာပါပဲ၊ နောက်ကြည့်မှန်ထဲက တစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးများကို မြင်နေရသည်။ ရှေ့တည့်တည့်ကိုသာ အာရုံစူးစိုက်လျက် ကားမောင်းတာကလွဲပြီး ဘာကိုမှ ဂရုမစားသည့် မျက်လုံးမျိုးဖြစ်သည်။

"မြို့ပြင်ဘက်ကို မောင်းပေးပါ"

ထိုစကားသံကို ကြားတော့မှ သူ ခွန်းချိုကို တစ်ချက်လှမ်းကြည့်သည်။ ဘာမှပြန်မမေးဘဲ ကားကို လမ်းကြောင်းပြောင်းလိုက်၏။ သူမတို့ ကားလေးသည် တရိပ်ရိပ်နှင့် မောင်းနှင်လာခဲ့တာ လေးဆယ့်ငါးမိနစ်ခန့် အကြာမှာတော့ မှော်ဘီကိုပင် ကျော်လာခဲ့သည်။

ကားပြတင်းကနေ လှမ်းမြင်နေရသော စိမ်းစိမ်းစိုစို လယ်ကွင်းများ။ တစ်ခါတစ်ခါ လယ်ကွင်းစပ်တွင် အထီးကျန်ဆန်စွာ ရှိနေသော အုတ်ဂူဖြူဖြူများကို ဟိုတစ်စ ဒီတစ်စ တွေ့ရ၏။ ကားရှင်းသော လမ်းတစ်နေရာတွင် ခွန်းချိုက ကားကို ရပ်ခိုင်းလိုက်ပါသည်။

ကားတံခါးကို ဖွင့်ကာ ငြိမ်သက်စွာ ထိုင်နေမိ၏။ အခု မွန်းကျပ်နေသော စိတ်တွေသည် ကောသရာကြောင့်ဆိုတာ သေချာနေပါလျက် အဲဒီလို မွန်းကျပ်မှုတွေ ကင်းဝေးသွားအောင် လုပ်ရမည့် နည်းလမ်းတော့ဖြင့် သူမ ရှာမတွေ့နိုင်ပါ။

"စားစရာ တစ်ခုခု ရှိမလား"

ဆာလောင်လာသော ဝမ်းဗိုက်ကြောင့် သူမ ဟိုဟိုဒီဒီ လျှောက်





ကြည့်မိတော့ ဟိုးခပ်လှမ်းလှမ်းမှာ တဲအိမ်ဆိုင်လေးတစ်ဆိုင်ကိုသာ သွားတွေ့သည်။ အဲဒီလိုဆိုင်လေးက သူမ စားဖို့ ဘာတွေများ ပေးနိုင်မှာတဲ့လဲ။ တစ်ယောက်တည်း ရေရွတ်မိသော အသံကို သူက ကြားလိုက်ပုံနှင့် အဲဒီဆိုင် သေးသေးလေးဘက်သို့ ထွက်သွားပါသည်။

ခဏကြာတော့ အထုပ်တစ်ထုပ်နှင့်အတူ သူ ပြန်ရောက်လာ၏။ ထိုအထုပ်ကို သူမထံသို့ ကမ်းပေးသည်။ သူမ လှမ်းမယူပါ။ အခွံငါးဖိုလေးတွေနှင့် ထန်းသီးတွေ ဖြစ်ပုံရသည်။

"ဘာလုပ်ဖို့လဲ"

"ဗိုက်ဆာနေတယ် မဟုတ်လား။ စားလိုက်လေ"

"ဒီဟာကြီးကို ငါက"

သူမက အထုပ်များလေးကို လက်နှင့်အသာတို့လျက် မျက်နှာရှုံ့ကာ ပြောလိုက်သည်။ ခေါင်းကို ခါရမ်းကာ တစ်ဖက်သို့လှည့်ထွက်လိုက်မိ၏။

"စားကြည့်လိုက်ပါ"

သူ့အသံက ဘယ်လို အာဃာတ ဘယ်လို ဒေါသတွေမှ မရှိဘဲ ငြိမ်အေးနေ၏။ အဲဒီလူဟာ ခွန်းချိုကို ကလေးစားချေဖို့ ချဉ်းကပ်နေခဲ့သည်ဆိုတာ ဘယ်သူက ယုံမှာတဲ့လဲ။

"တော်ပြီ နင့်ဟာနင် စားတော့၊ ငါ မစားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနားမှာ တားစရာ ဘာမှမရှိဘူး။ တော်ကြာ အဆောလွှန်သွာ
ရင် ဘယ်လိုလုပ်မလဲကွ"

သူ့အသံသည် အထက်စီးဆန်သော အသံမျိုး မဟုတ်ဘဲ
လူကြီးတစ်ယောက်က စိတ်ပူစွာ ပြောဆိုနေသည့် အသံမျိုးနှင့်ပင် တူနေ
သေးသည်။ ဒါမှမဟုတ် သူမရဲ့ စိတ်တွေကပဲ ထင်နေကြသည်လား
မသိပါ။

သေချာတာကတော့ သူနဲ့ပတ်သက်ပြီး ခွန်းချိုတွင် ပြဿနာ
လုပ်ချင်စိတ် နည်းပါးနေခဲ့ခြင်းပါပဲ။

"တားလိုက်ပါ။ မင်း တစ်ခုခု ဖြစ်မှာစိုးလို့"

သူသည် ထိုစကားကို ပြောပြီးတော့မှ သူ့ဘာသာ မျက်နှာလွှဲ
သွားခဲ့၏။ သူက ခွန်းချို တစ်ခုခုဖြစ်မှာစိုးတယ် တဲ့။ အဲဒါဟာ ရုတ်တရက်
မထင်မှတ်ထားပါဘဲ ထွက်ကျလာသော စကားမျိုးပဲ မဟုတ်လား။ အဲဒါ
ကြောင့်လည်း ထိုစကားအတွက် သူ ကိုယ်တိုင်ပင် ရှက်ရွံ့သွားခဲ့ပုံ ရ
ပါသည်။

ခွန်းချိုနားကနေ ထွက်ခွာသွားပြီး ခပ်လှမ်းလှမ်းတွင် သွား
ရပ်နေ၏။ သူမသည်လည်း သူ့နောက်သို့ လိုက်သွားမိသည်။ ကားထဲမှာ
မှုန်းကျပ်လွန်းလှပါပြီ။ သူ့အနားတွင် ကပ်ရပ်လိုက်သောကြောင့် သူ
အလန့်တကြားနှင့် လှည့်ကြည့်၏။





ဘာမှတော့ မပြောဘဲ ရှေ့သို့ ပြန်လှည့်သွားပြန်သည်။ လေ
…တွင် သူ့ထံမှ အနံ့တစ်ခုကို ခွန်းချို ရှူရှိုက်လိုက်ရသည်။ ကားထဲ
…င် သူမ ရနေကျ အနံ့မျိုးပင် ဖြစ်၏။ တန်ဖိုးကြီးကြီး ပေးရသော
…မွှေးနံ့မျိုး မဟုတ်ဘဲ ဆပ်ပြာခဲတစ်ခုမှ ရတတ်သော အနံ့မျိုး ဖြစ်သည်။

"မင်းစိတ်တွေ မှုန်းကျပ်နေပုံ ရတယ်"

သူ စကားစလာခဲ့၏။ သူမ ပြန်ပြောသင့်သလား မဝေခွဲနိုင်ပါ။
…ချိုသည် ကိုယ့်အလုပ်သမားတစ်ယောက်နှင့် ဘယ်တုန်းကမှ စကား
…ည် ပြောတတ်ခဲ့သည့် လူမျိုး မဟုတ်ပါ။

"ငါ့ကို အမှန်အတိုင်း ပြောပြစမ်းပါ၊ မင်းစိတ်တွေ သိပ်မှုန်း
ကျပ်နေတယ် မဟုတ်လား"

"နင်က သိလှချည်လား"

ခွန်းချိုက ခပ်တိုးတိုးပင် ပြန်ပြောလိုက်သည်။

"ငါက မင်းမျက်နှာကို ကြည့်တာနဲ့ ဘာဖြစ်နေတယ် ဘာလိုချင်
…နေတယ်ဆိုတာ သိတယ်"

"ဟင် တကယ်"

သူမသည် ကလေးတစ်ယောက်လိုပင် ရူးစမ်းလိုစိတ်နှင့် မေး
လိုက်ခြင်း ဖြစ်၏။ သူကလည်း လူကြီးဆန်စွာပင် ပြုံးလိုက်ပြီး

"တကယ်ပေါ့ ဘာလို့လဲဆိုတော့ မင်းမျက်နှာက သိပ်ကို သိသာ



www.burmeseclassic.com

www.burmeseclassic.com



လွန်းတယ်၊ မင်း ဟန်ဆောင်ထားရင် မျက်လုံးတွေက မတည်ငြိမ်ဘူးလေ”

သူ ခွန်းချိုကို အဲဒီလောက်ထိ လိုက်ကြည့်ထားခဲ့သည်ပေါ့။ အေးပေါ့လေ သူ ကလဲ့စားချေမည့် လူတစ်ယောက်ကို သူ ဒီလောက်တော့ လေ့လာထားမှာပေါ့။ ဒါဆိုရင် ခွန်းချိုကရော သူ့အကြောင်းတွေကို ဘယ်လောက်များ သိပါသလဲ။

သူမ ဘာမှမသိပါ။

“နင်က ငါ့ကို ကလဲ့စားချေချင်နေတဲ့သူဆိုတော့ ငါ့အကြောင်းတွေကို လေ့လာထားမှာပေါ့ ဟုတ်လား”

“မင်း ဘယ်လိုပြောလိုက်တာလဲ”

“အမှန်တွေကိုပဲ ပြောတာလေ ကောသရာ”

သူမသည် စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထားလျက် သူ့မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး ပြောလိုက်သည်။

ခွန်းချိုကို ပြန်လည်စိုက်ကြည့်နေသော သူ့မျက်လုံးများသည် နက်ရှိုင်းကာ တောက်ပနေကြ၏။ အဲဒီ မျက်လုံးအကြည့်တွေကို ကြာကြာရင်မဆိုင်ရဲသောကြောင့် သူမကပင် စတင်ကာ မျက်လွှာချပစ်လိုက်ပါသည်။

“မင်း ဗိုက်သိပ်ဆာနေလား၊ ငါတို့ ဒီနားက ရွာတစ်ရွာထဲ





ဝင်ကြည့်ရင်တော့ ထမင်းဆိုင်တစ်ဆိုင် တွေ့နိုင်မှာပါ”

“ဘယ်လို ထမင်းဆိုင်မျိုး ဖြစ်မှာမို့လဲ၊ ငါ့ကို တွေ့ကရာ စားတဲ့ မိန်းမလို့ ထင်နေတာလား”

“မင်းကလေ တကယ့်ကို စောနာနဲ့ မတန်တဲ့ မိန်းမ သိလား”

သူ ခေါသထွက်သွားသည်။ မျက်နှာကြီး နီရဲလျက် သူမ နားကနေ ထွက်ခွာသွား၏။ ကားဘေးနားမှ သစ်ရိပ်တစ်ခုအောက်တွင် သူ ထိုင်လိုက်သည်။ ခွန်းချိုလည်း ကားထဲ ပြန်ဝင်ထိုင်နေလိုက်သည်။ ဗိုက်ထဲမှ ဆာလောင်မှုကလည်း တော်တော်လေး ဆိုးရွားနေပြီ။

အိမ်လည်း မပြန်ချင်သေးပါ။ လယ်ကွင်းကို ဖြတ်တိုက်လာသည့် လေအေးအေးလေးကို ခံစားရင်း မျက်လုံးများကို မှိတ်ထားလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

သစ်ပင် ပင်စည်လုံးကို မှီလျက် သူ အိပ်ပျော်သွားခဲ့ရာကနေ လန့်နိုးလာသည့် အချိန်မှာ မိုးစုန်းစုန်းချုပ်နေခဲ့ပြီ။ ပတ်ဝန်းကျင်တစ်ခု လုံး မှောင်မည်းလျက် ကောင်းကင်မှာ ကြယ်လေးတွေတောင် လင်းလက် တောက်ပနေခဲ့ပြီ။

သူ ရုတ်ခနဲ မတ်တပ်ထရပ်လိုက်၏။ လက်မှ နာရီကို ကြည့် လိုက်တော့ ညရှစ်နာရီ ထိုးနေပြီ။ ခွန်းချိုရော ခွန်းချို ဘာလုပ်နေသလဲ။

ကားဆီသို့ ခြေလှမ်းသုံးလှမ်းတည်းဖြင့် အရောက်လှမ်းသွား မိသည်။

"ဟောဗျာ"

သူ့နဖူးသူ ရိုက်ပစ်လိုက်မိသည့်ထိ စိတ်ပျက်သွားမိသည်။





ခွန်းချိုလည်း ကားထဲမှာပင် အိပ်ပျော်နေသည်။ သူ ခွန်းချိုကို နိုးရပါ ညည်း။ ကားတံခါးကို ဆွဲဖွင့်လိုက်၏။

"ချစ်ခွန်းချို ချစ်ခွန်းချို"

မနိုးပါ။ သူ့အသံကို ထပ်မြှင့်လိုက်သည်။ သို့သော် တုတ်တုတ်မျှ ပင် မလှုပ်။ သူ နည်းနည်းတော့ စိတ်ပျက်သွားမိသည်။ သူမ ပခုံးစွန်း လေးကို လှုပ်ကိုင်နိုးရန် ပြင်လိုက်၏။

သို့သော် သူ့လက်တွေက သူမ အသားကို ထိတွေ့ရန်အတွက် တွန့်ဆုတ်နေကြသည်။ ကားထဲသို့ ကိုယ်တစ်ပိုင်း ကုန်းဝင်နေရာကနေ ချက်ချင်း ပြန်မတ်လိုက်မိ၏။

အဆမတန် ခုန်လှုပ်နေသော သူ့ရင်ဘတ်ကို လက်နှင့်ဖိထားမိ သည်။ သူ ဘာတွေဖြစ်နေတာလဲ။ ခုတလော ချစ်ခွန်းချိုကို မြင်မိလျှင် သူ့ရင်ဘတ်တွေ အဲဒီလိုပဲ ထိန်းမနိုင် သိမ်းမရ ခုန်လာတတ်၏။ အဲဒါ ဘယ်လိုဖြစ်တာလဲ။

အရင်ကဆို သူမကိုမြင်လျှင် သူ့ရင်ထဲမှာ မုန်းတီးခြင်းတွေပဲ ရှိခဲ့၏။ ချစ်ခွန်းချို ပြောသမျှတွေကို ခေါင်းငုံ့ခံနေခဲ့ရသော်လည်း တစ် ချိန်ချိန်မှာ သူမကို ရအောင်ယူပြီး ဖေဖေ့ကိုယ်စား ကလဲ့စားချေချင်စိတ် တွေသာ ရှိခဲ့သည်။

ဒါပေမဲ့ ခုကျတော့ သူ့ရင်ခုန်သံတွေကိုပင် သူ ပြန်ကြားနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဘယ်လိုလုပ်ရပါ့မလဲ။ ခွန်းချိုကို မနိုးတော့ဘဲ သူ့ဘာသာ ကား မောင်းပြန်လိုက်ရင် ကောင်းမလား။ ဘယ်လိုပဲဖြစ်ဖြစ် သူမကို နိုးလိုက် ရင်လည်း အိမ်ပြန်ဖို့ အမိန့်သာ ချမှတ်ဦးမှာ ဖြစ်သည်။

ဟုတ်တယ် နောက်မှ ပြောချင်ရာ ပြောပါစေတော့။ သူ့ဘာသာ ပဲ မောင်းပြန်လိုက်တော့မည်။ ကားမောင်းသူနေရာတွင် ဝင်ထိုင်လိုက်ပြီး ကားစက်ကို နှိုးလိုက်သော်လည်း နိုးမရ ဖြစ်နေ၏။

ဟင် ဘယ်လိုဖြစ်တာလဲ။ သူ မောင်းလာခဲ့တုန်းက နည်းနည်း အမှားအယွင်းမရှိပါဘဲ ညက်ညောနေခဲ့တာပါ။ ဒီလို ကားကောင်းကြီးတွေ က တစ်ပတ်တစ်ခါ ဆာဗစ်ဖင် ဝင်နေတာမို့ အလဟဿ ပျက်သည်ဟူ၍ မရှိဘူးပါ။

"ဟာ သေစမ်းကွာ"

သူ စိတ်ပျက်စွာပင် ညည်းညူလိုက်မိတော့သည်။ ဆီမရှိတော့ပါ ဒိုင်ခွက်က ဇီးရိုးမှာ ပြနေသည်။ ဒီလိုမျိုး မြို့ပြင်ဘက်ထိ လာဖြစ်မယ်မှန်း ကြိုမှမသိခဲ့တာ။ အဲဒီတော့ ဆီကိုလည်း လုံလောက်အောင် မဖြည့်ခဲ့မိဘူး ပေါ့။

ခုချိန်ကြီးမှ ဒုက္ခတော့ များပါပြီ။ ဒီကိစ္စကို ချစ်ခွန်းချိုအား နှိုးပြောလျှင်လည်း သေချာပေါက်ကို သူ အပြောအဆို ခံရတော့မည် ဒါက ကိစ္စမရှိပါ။ အရေးကြီးတာက လိုနေတဲ့ ဆီကို ဘယ်ကရနိုင်မယ်





ဆိုတာပဲ ဖြစ်သည်။

ဒီနားတစ်ဝိုက်က ရွာတွေမှာ စုံစမ်းကြည့်လျှင်တော့ သိနိုင်ပါ သည်။ သူ့ဆုံးဖြတ်ချက်အတိုင်း ကားတံခါးကို ပိတ်ပစ်ကာ ရွာတွေဘက် ခပ်သွက်သွက် လျှောက်ခဲ့လိုက်၏။

ရွာတွေဆီရောက်ရန် တော်တော်လေး လမ်းလျှောက်လိုက်ရ သည်။ လယ်ကွက်ရှစ်ခုစာလောက်ကို ဖြတ်ပြီးမှ အိမ်ခြေအနည်းငယ်ကို တွေ့ရသည်။ ဒါပေမဲ့ ရလာသည့် သတင်းကတော့ အားတက်စရာ မရှိပါ။ ဓာတ်သုံးဆီဆိုင်တွေက သူတို့ ကားရပ်ခဲ့သည့် လမ်းမကြီးအတိုင်း သုံးမိုင်လောက် လျှောက်သွားရဦးမည် တဲ့။

သူ စိတ်ပျက်စွာပင် ပြန်လာခဲ့ရသည်။ အဲဒီအချိန်မှာပဲ ပြဿနာ တို့ စတင်ရင်ဆိုင်လိုက်ရခြင်း ဖြစ်၏။ ငိုကြွေးနေသည့် အသံသဲ့သဲ့လေးကို သူ ဟိုးခပ်လှမ်းလှမ်းကပင် လှမ်းကြားနေရသည်။ ပထမတော့ ဇဝေဇဝါ ဖြစ်နေမိသေး၏။ နောက်တော့ မိန်းကလေး တစ်ယောက် ငိုကြွေးနေသည့် အသံဆိုတာ သိသာလာပါသည်။

ဒီလို နေရာမျိုးကြီးမှာ ဒီလိုအချိန် ငိုကြွေးနေသူသည် လူစစ် စစ်ရော ဟုတ်ပါရဲ့လား။ မကောင်းဆိုးဝါး တစ်ကောင်ကောင်များလားလို့ ထင် တွေးလိုက်မိသေးသည်။ ဒါပေမဲ့ ထိုငိုသံက ရပ်ထားခဲ့သော ကားနှင့် နီးလာလေ ပိုလို့ ပီပီပြင်ပြင် ကြားလာရလေမို့ သူ့စိတ်ထဲ ထင့်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူ အံ့သြသွားမိသည်။ ထိုငိုသံလေးသည် ကားထဲမှ ထွက်ပေါ် လာနေခြင်း ဖြစ်၏။ သူ ကားနားကို ချက်ချင်းရောက်သွားပြီး ကားနော် တံခါးကို ဆင့်ခေါက်ပစ်လိုက်သည်။

မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ငိုရှိုက်နေသော ခွန်းချို ကိုယ်လုံးလေး ဆတ်ခနဲ တုန်သွားလျက် သူ့ကို မျက်ရည်ရွှဲ နေသော မျက်လုံးဝိုင်းလေးများဖြင့် မော့ကြည့်၏။

အဲဒီ မျက်နှာလေးသည် သူ ဘယ်တုန်းကမှ မမြင်ဘူးခဲ့သော မျက်နှာလေး ဖြစ်သည်။ သနားစဖွယ် ထိုမျက်နှာလေးသည် ကြောက်ရွံ့ အားငယ်ခြင်းတွေနဲ့ ပြည့်နှက်နေ၏။ သူ့ရင်ထဲက ဘယ်ကဘယ်လို ဝင်လာမှန်းမသိသော သနားစိတ်တွေကလည်း အတိုင်းအဆမရှိ ယိုစီး လာရသည်။

သူ့ကိုမြင်သည်နှင့် ကားတံခါးကို အတင်းတွန်းဖွင့်ကာ ခုန်ဆင်း သုန်းကား ဆင်းလာလျက် သူ့ ဘယ်လိုမှ ထင်မှတ်မထားပါသော အ[illegible] အမူတစ်ခုကို ခွန်းချို လုပ်လိုက်ပါသည်။

အိခနဲ ဝင်လာသော ခန္ဓာကိုယ် ထွေးထွေးလေး။ အနီးကပ် ရလိုက်သော ရေမွှေးနံ့သင်းသင်းနှင့် နွေးထွေးသွားသည့် အထိအတွေ့ သူ့ရင်တွေ တဒိုင်းဒိုင်းနှင့် စည်းချက်မညီညာစွာ ခုန်လှုပ်ကုန်ကြပြီ။





ဘာလုပ်ရမှန်း မသိပါဘဲ မျက်လုံးအပြူးသားနှင့် သူ တောင့် တောင့်ကြီး ရပ်နေမိသည်။

"ဘာလို့ ထွက်သွားတာလဲ၊ ဘယ်ကိုထွက်သွားတာလဲ၊ ဘာလို့ ချိုကို တစ်ယောက်တည်း ထားခဲ့တာလဲ"

ငိုရှိုက်သံလေး စွက်လျက် ဗလုံးဗထွေး ပြောလိုက်သော ခွန်းချို စကားတွေသည် သူ့ရင်ထဲကို တည့်တည့်ကြီး ဝင်လာ၏။

"ချိုကို နှစ်ထားခဲ့ပြီမှတ်လို့ ဒီ တစ်ယောက်တည်း ဘယ်လောက် ကြောက်လဲ သိလား"

"ခွန်းချိုရယ်"

သူ့ရင်ခွင်ထဲကနေ တတွတ်တွတ် ပြောနေသော ခွန်းချိုကို သူ မထိန်းချုပ်နိုင်တော့စွာ ပွေ့ဖက်ထားလိုက်မိသည်။ ငိုရှိုက်နေသော ကောင်မလေးအသံ မတိတ်သွားသေးပါ။

တစ်ယောက်နှင့်တစ်ယောက် တင်းကျပ်စွာ ထွေးပွေ့ထားသော ဒီလူနှစ်ယောက်ကို ဘယ်သူတွေက အချင်းချင်း ကလဲ့စားချေရန် ကြိတ် ကြံနေကြသည့် လူနှစ်ယောက်လို့ ထင်မှာတဲ့လဲ။ အတော်ကြာကြာ ငိုရှိုက် ပြီးမှ ခွန်းချိုသည် သတိဝင်လာသူလို သူ့ရင်ခွင်ထဲမှ ရုန်းထွက်ရန် ကြိုးစားတော့၏။

ကျောပြင်လေးကို သိုင်းဖက်ထားသော သူ့လက်များအား



www.burmeseclassic.com

www.burmeseclassic.com



အသာအယာပင် ဖြေလျှော့ပေးလိုက်သည်။ ခွန်းချိုသည် သူနှင့် မျက်နှ
ချင်းဆိုင်တွင် ရပ်လျက် ခေါင်းငုံ့ထားပါသည်။

သူ တစ်ခုခုပြောရန် ပြင်လိုက်၏။ သို့သော် အာခေါင်
ခြောက်သွေ့နေသောကြောင့် ဘယ်လိုစကားလုံးမှ ထွက်ကျမလာခဲ့
ခန္ဓာကိုယ်နှစ်ခုသည် နီးကပ်နေလွန်းသောကြောင့် သူ ယောင်ယမ်း
နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

နောက်ဆုတ်လိုက်သော သူ့ခြေလှမ်းများကို ခေါင်းငုံ့နေသေ
ခွန်းချို မြင်လိုက်ပုံနှင့် သူ့ကို မော့ကြည့်ပါသည်။ သူမ မျက်ဝန်းတွ
မျက်ရည်စတို့ ခိုတွဲနေဆဲ ဖြစ်၏။

တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းဆုံပြီး စူးစိုက်ငေ
ကြသော ဝဏ္ဏနီပေါင်းများစွာ ကြာမြင့်သွားပြီ။ မည်သူမျှလည်း အကြည့်
မလွှဲမိကြပါ။ လေတစ်ချက် ခပ်ပြင်းပြင်း တိုက်လိုက်သောကြောင့် သူ
ဆံပင်များ ဖွာခနဲ လွင့်စဉ်သွား၏။

"ကားက ဆိုက်ရောက်နေတယ်"

သူ အဆက်အစပ် မရှိစွာပင် ပြောလိုက်သည်။ ခွန်းချို ချက်
ပြန်လည်လာ၏။ ထိတ်လန့်သွားသော မျက်ဝန်းလေးများကို သူ မြင်
လိုက်ရသည်။

"အဲဒါဆို ဘယ်လိုလုပ်ကြမလဲ"





ဒီလို အခက်အခဲမျိုးကို တစ်သက်တာမှာ တစ်ခါမှ မကြုံတွေ့
ဘူးသည့် ခွန်းချိုအတွက်တော့ တော်တော်လေးကို ထိတ်လန့်စရာ ကိစ္စ
ကြီးတစ်ခု ဖြစ်နေပါလိမ့်မည်။

"ဆိုက ဝယ်လို့တော့ ရတယ်။ ဒါပေမဲ့ ဒီနေရာကနေ ရွှေကို
သုံးမိုင်လောက် သွားရမယ်"

"ဟာ ဘယ်လိုလုပ်သွားမှာလဲ"

"ကျွန်တော် သွားဝယ်လိုက်မယ်လေ"

"နင် သွားဝယ်ရင် ငါ တစ်ယောက်တည်း ကျန်ခဲ့မှာပေါ့"

အသံလေးက ပြန်မာသွားပြီ ဖြစ်သော်လည်း ထိုခပ်မာမာ
အသံလေးထဲကပင် အားငယ်မှုကို မြင်တွေ့လိုက်ရသည်။

"အဲဒါဆို မင်းပါ လိုက်ခဲ့မလား"

"အို ငါ မလိုက်နိုင်ပါဘူး။ ဒီလောက် အဝေးကြီးကို ကားလည်း
မရှိဘဲ ဘယ်လိုသွားမှာလဲ"

ဟုတ်ပါသည် ကိုယ့်မြို့ထဲကလွဲလို့ ဟိုနားဒီနားကိုတောင် ကား
နှင့်မှ သွားတတ်သော သူမအတွက် ဒီလိုလမ်းမကြီးပေါ်မှာ ညအချိန်
မှောင်ကြီး သုံးမိုင်လောက် လမ်းလျှောက်ဖို့ဆိုတာ တော်တော်လေး
ခံယဉ်းနေပါလိမ့်မည်။

ပြီးတော့ စီးထားသည့် ဒေါက်မြင့်ဖိနပ် နက်ပြာရောင်လေးက



www.burmeseclassic.com

www.burmeseclassic.com



လေးလက်မခွဲလောက် မြင့်နေပြန်သေးသည်။ သူ့ သက်ပြင်းချလိုက်မိ၏။ ရွှေချယ်ရေလမ်းက တော်တော်လေး ရှားပါးနေပါပြီ။

"မင်း ဒယ်ဒီဆီကို ဖုန်းဆက်ကြည့်လို့ ရတယ်လေ"

သူမ စိတ်ပျက်စွာ ခေါင်းခါရမ်းလိုက်သည်။

"ဖုန်းလိုင်း မမိဘူး"

သူ ရှာထဲသွားနေစဉ်အတွင်းမှာ သူမ ဖုန်းဆက်ကြည့်ပြီးလောက် ပြီပေါ့။ ဖုန်းလည်း ဆက်လို့မရ။ သူ့ကိုလည်း မတွေ့သောအခါ သူမ သိပ်ကို ထိတ်လန့်သွားရှာမှာပေါ့။

အမြဲတမ်း မာနကြီးနေခဲ့သော ကောင်မလေးတစ်ယောက်ရဲ့ မျက်ရည်တွေကို သူ မြင်ခွင့်ရလိုက်ချိန်မှာ သူ့စိတ်ထဲက သနားကြင်နာ တွေသည် နူးညံ့စွာ ထွက်ကျလာခဲ့၏။ ခုချိန်ထိ သူမ မျက်နှာလေး ညှိုးငယ်နေရှာတုန်းပါ။

"ကျွန်တော်တို့ ဒီမှာပဲ တစ်ညလုံး နေရတော့မယ့်ပုံပဲ"

"အို အဲဒီလို ဘယ်ဖြစ်မလဲ"

ခွန်းချို မျက်နှာလေး ရဲရဲနီသွားတာကို ညအမှောင်ထဲမှာပင် သူ ကောင်းကောင်း မြင်လိုက်ရ၏။

"မင်း ကားထဲမှာ စိတ်ချလက်ချ အိပ်ပါ။ ကျွန်တော် အပြင်မှာ ပဲ စောင့်ပါ့မယ်"





"ကောင်းပြီလေ"

ခွန်းချို ကားထဲသို့ ပြန်ဝင်သွားချိန်မှာ ခုနက သစ်မြစ်ဆုံလေး ပေါ်မှာပဲ သူ ပြန်ထိုင်နေလိုက်၏။ မိုးလေအေးအေးတစ်ချက် တိုက်ခတ် သွားသောကြောင့် သူ စိမ့်ခနဲ ချမ်းသွားသည်။ လက်နှစ်ဖက်ကို ယှက်ပိုက် လျက် သူ ကွေးကွေးလေး ထိုင်နေမိ၏။

သိပ်မကြာခင်မှာပဲ မိုးဖွဲဖွဲလေးများ စတင်ရွာသွန်းလာသည်။ သူ ထိုင်နေသော သစ်ပင်ကြီးက အုံ့အုံ့ဆိုင်းဆိုင်း ရှိသည်မို့ သူ့ထံသို့တော့ မိုးစက်လေးများ ကျမလာသေးပါ။ ဒါပေမဲ့ နောက်ထပ် နည်းနည်းကြာ မှာပဲ မိုးစက်များက ပြင်းထန်လာကာ တဝုန်းဝုန်း ရွာချလိုက်သောကြောင့် သူ့ခန္ဓာကိုယ်ပေါ်သို့ မိုးစက်ပွင့်ကြီးများ အဆက်မပြတ် လာရောက်ရိုက် ခတ်တော့သည်။

ခဏချင်းမှာပင် သူ့တစ်ကိုယ်လုံး ရွှဲရွှဲစိုသွား၏။ သူ့ ဝတ်ထား သော တီရှပ်ပါးလေးနှင့် ပုဆိုးတစ်ထည်လုံးလည်း ရစရာ မရှိအောင် ရွှဲနစ်နေပြီ။ ဆံပင်များက ရေစိုလျက် သူ့မျက်နှာပေါ်သို့ ရေစက်များ တစ်စက်ချင်း စီးကျနေသည်။

သူ ဘယ်လိုမှ မခံနိုင်တော့ပါ။ ချမ်းလွန်းလို့ တဆတ်ဆတ် တုန်ယင်လာခဲ့သည်။ ထိုအချိန်မှာပင် ကားတံခါးလေး ဖျပ်ခနဲ ပွင့်လာ လျက်

www.burmeseclassic.com



"ဟိုတ် ဒီလောက် မိုးတွေရွာနေတာကို အပြင်မှာ ဘာထိုင်လုပ်နေတာလဲ၊ လာ ကားထဲဝင်ခဲ့"

သူ ကြားလိုက်ရသော စကားသည် အကယ်စင်စစ် ဟုတ်ပါရဲ့လား။ ချစ်ခွန်ချို ပြောလိုက်သော စကားဆိုတာ သေချာရဲ့လား။ သူ ဘာမှမစဉ်းစားနိုင်တော့ဘဲ ကားဆီသို့ ထပြေးခဲ့မိသည်။ သူမ ဖွင့်ပေးထားသော တံခါးကနေ အသင့်ဝင်လိုက်၏။

ကားထဲဝင်လိုက်သည်နှင့် မွှေးမွှေးမှုကို အရင်ဆုံး ခံစားလိုက်ရသည်။ ဒါပေမဲ့ သူ့တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေဆဲ ဖြစ်၏။

"အဲဒီလောက် မိုးတွေ ရွာနေတာကို ဘာလို့ အပြင်မှာ ထက်ထိုင်နေတာလဲ"

"ဗျာ"

သူ ဘယ်လို ပြန်ဖြေရမလဲ။ ကားထဲမှာ သူမ တစ်ယောက်တည်း ရှိနေသည်မို့ လွတ်လပ်စွာ နေနိုင်ရန် သူက ဒုက္ခခံပေးခဲ့ခြင်း ဖြစ်သည်။

"ခုတော့ ကြည့်ဦး ဗိုက်ရွှဲနေတာပဲ၊ ဘယ်လိုလုပ်ကြမလဲ"

သူမ၏ အသံသည် ရင်းနှီးလွန်းသော လူတစ်ယောက်၏ ဗိုးရိမ်ပူပန်သံမျိုး ဖြစ်သည်။ သူ့ရင်ထဲ တစ်မျိုးကြီး ခံစားရကာ သူမ မျက်နှာလေးကို တည့်တည့်စိုက်ကြည့်နေမိသည်။ သူ့အကြည့်ကြောင့်ပင် သတိ





ထက်လွှတ်နှင့် ရင်းနှီးစွာ ပြောနေသော စကားသံလေး ပျောက်ပျက်သွား၏။

ကားထဲတွင် တိတ်ဆိတ်ခြင်းကသာ ကြီးစိုးသွားပြန်သည်။ ကားခေါင်မိုးပေါ် တဖြောင်းဖြောင်း ရိုက်ခတ်နေသော မိုးစက်သံများကိုသာ ငြိမ့်မြိမ့် ကြားနေရသည်။ တော်တော်နဲ့ စဲမည့်ပုံ မပေါ်သည့် မိုးလည်း ဖြစ်၏။

ခွန်ချိုက မျက်လုံးများမှိတ်ကာ နောက်သက်သို့ ခပ်လျှောလျှော ထားသည်။ သူမကို ငေးကြည့်နေမိရုံးနှင့် သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ ချမ်းတက်လာခဲ့၏။ ရေစိုဝတ်များမှ ရေစေးကလည်း တကြမ်းပြင်မှာ အိုင်ထွန်းနေခဲ့ပြီ။

"ဟင်း ဟင်း ချမ်းလိုက်တာ"

လက်မောင်းနှစ်ဖက်ကို လက်ဝါးနှစ်ဖက်ဖြင့် ယှက်သိုင်းပွတ်ရင်း သူ့ အသံထွက် ညည်းတွားလိုက်မိသည်။ ခွန်ချို မျက်ဝန်းများ ပွင့်လာခဲ့၏။

"အရမ်းချမ်းနေတာလား"

"ကျွန်တော့်ကြောင့် နိုးသွားတာလား"

"မဟုတ်ပါဘူး ငါ အစတည်းက အိပ်မပျော်ပါဘူး။ နင် သိပ်ချမ်းနေတယ်ဆိုရင်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဝယ်လာသော ပစ္စည်းထုပ်များထဲမှ ဖလတ်စတေ

ထစ်ခုကို ရွေးထုတ်လိုက်ပြီး အထဲမှ တီရှပ်တစ်ထည် ထုတ်လျက်

"ရော့ အဲဒါကို လဲလိုက်၊ ဒယ်ဒီ့အတွက် ဝယ်လာခဲ့တာ"

"အာ အန်ကယ့်အတွက် ဝယ်လာတာကို မဝတ်ချင်ပါဘူး"

သူ အကြောက်အကန် ငြင်းလိုက်မိသည်။ ခွန်းချိုက မျက်မှေ

များ တွန့်ကျုံ့ကာ သူ့ကို စူးစိုက်ကြည့်နေ၏။ အဲဒီ မျက်ဝန်းတွေ

သူ ဘာလို့များ ရှုန်းမထွက်နိုင်ခဲ့တာပါလိမ့်။

"ကျွန်တော် ဘယ်လိုလဲရမှာလဲ"

သူ့အကြောင်းကြောင်း အမေးကို ခွန်းချိုလည်း ဘာပြန်ဖြေရမှ

မသိဘဲ ကြောင်တောင်တောင်နှင့် ပြန်ကြည့်နေမိ၏။ သူက အင်္ကျီ

ခွန်းချိုဘက်သို့ ပြန်ထိုးပေးလိုက်ရင်း

"မလဲတော့ရင် ကောင်း"

သူမ မျက်လုံးများကို စုံမှိတ်ပစ်လိုက်၏။

"မြန်မြန်လဲ"

အဝတ်နှင့်အသားတို့ ပွတ်တိုက်သံကို သူမ ကျယ်လောင်စွ

ကြားနေရသည်။ ဒယ်ဒီ့အင်္ကျီက သူ့ထက်တော့ ကြီးနေမှာ သေချာ

"ပြီးပြီ"

မျက်လုံးများကို ဖွင့်ကြည့်လိုက်တော့ ဒယ်ဒီ့အတွက် ဝယ်ထ





သည့် အီပိစ်အယ်လ်ဆိုဒ် တီရှပ်မီးခိုးစင်းက သူနှင့် တော်တော်ကြီး မွ

နေ၏။ ကျွန်မ ကြိတ်ရယ်လိုက်မိသည်။ ဒါကို သူက မြင်ဖြစ်အောင်

မြင်သွား၏။

"ကြည့်ရဆိုးလို့လား"

"ဟုတ်တယ် နင့်ကို ကြည့်ရတာ ပြာဂလောင် ပြာလချောင်နဲ့

တူနေတယ် ဟား ဟား"

သူ့ကို လှောင်ပြောင်ပြီး ဟက်ဟက်ပက်ပက် ရယ်မောနေသော

ခွန်းချိုကို သူ တစ်ခါမှ မမြင်ဘူးသည့် လူတစ်ယောက်လို ငေးကြည့်နေမိ

၏။ ထိုအကြည့်များကို သတိထားမိသွားသော ခွန်းချိုသည် ရယ်ရင်း

တန်းလန်းကြီးနှင့် အိုးတိုအမ်းတမ်း ဖြစ်သွားရသည်။

"ဘာကြည့်နေတာလဲ"

"မင်း အဲဒီလို ရယ်နေတာ တစ်ခါမှ မတွေ့ဘူးလို့"

"အိုး ရယ်တာပဲ ထူးဆန်းလား"

သူက ခွန်းချို ရှက်နေပုံကို ကြည့်ကာ ခပ်သဲ့သဲ့ ရယ်လိုက်မိ

သည်။ သူမက သူ့ကို မျက်စောင်းလေး ထိုးကြည့်လိုက်၏။

သူ ခံစား၍ ရပါသည်။ ခွန်းချိုသည်လည်း သူ့လိုပဲ ပြောင်းလဲ

နေခဲ့ပြီ ဆိုတာပေါ့။ အမြဲတမ်း ခက်ထန်မာကျောနေခဲ့သော ခွန်းချိုသည်

ခုတော့လည်း အပြစ်ကင်းသည့် ကလေးလေးတစ်ယောက်လို ဖြူစင်လွန်း



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့၏။

"နင့်မှာ ငါ့ကို အဲလို ရယ်ခွင့်မရှိဘူးလေ"

သူမ အသံက အနည်းငယ် မာကျောသွားပြန်၏။ ဒါပေမဲ့ တမင်လုပ်ကြံ ပြောလိုက်သော အသံဖြစ်မှန်း သူ သိပါသည်။

"ကျွန်တော် မရယ်တော့ပါဘူး"

သူ ခပ်တည်တည်နှင့် ပြန်ပြောလိုက်သည်။ ခွန်းချိုက စိုရွှဲနေသော သူ့ပုဆိုးကို ကြည့်လိုက်ပြီး

"နင့်အောက်ပိုင်းကိုတော့ ဘယ်လိုမှ မကူညီနိုင်ဘူး"

"ရပါတယ် ကျွန်တော် မချမ်း ဟာဝ် ဟာဝ်ချိုး ပါဘူး"

"ဟယ် ဘယ်လိုကြီးတုန်း"

ဒီတစ်ခါတော့ သူမ ဟန်မဆောင်နိုင်စွာပင် ရယ်မောမိပါတော့သည်။ သူလည်း ရှက်ရယ် ရယ်နေ၏။ နောက်တော့ သူက လုပ်မိလုပ်ရာဖြင့် ရေစိုနေသော သူ့အင်္ကျီကို ကားတံခါးဟလျက် ညှစ်ချလိုက်သည်။

"ပေး ငါ လုပ်ပေးမယ်"

သူ့လက်ထဲမှ ညှစ်ပြီးသား အင်္ကျီကို ဆွဲယူကာ ဖြန့်လျက် ကားနောက်မှီတွင် လွှားထားပေးလိုက်၏။

"ကျေးဇူးတင်ပါတယ်၊ မင်းအတွက် ပထမဆုံးပဲ မဟုတ်လား"

သူ့စကားကြားမှ ကိုယ့်လုပ်ရပ်ကိုယ် နည်းနည်းရှက်သွားမိ၏။





ရုတ်ပါရဲ့လေ ချစ်ခွန်းချိုဟာ ဘဝတစ်လျှောက်မှာ သူများက ကိုယ့်ကို ပြုလုပ်ကိုင်ပေးတာကိုပဲ ခံယူလာခဲ့ခြင်း မဟုတ်လား။ ခုတော့။

ပြီးတော့လည်း ကေသရာ ဆိုတာ သူမကို ကလဲ့စားချေချင်နေသော ယောကျ်ားတစ်ယောက်၊ အဲဒီယောကျ်ားကိုမှ . . .။

"မင်း ဘာဖြစ်သွားတာလဲ"

သူက ခွန်းချို မျက်နှာကို အရိပ်လို ကြည့်နေမိတာမို့ ရှက်တက်တက် ဖြစ်နေသော အမူအရာကနေ ရုတ်ခြည်း တည်သွားတာကိုလည်း သတိထားလိုက်မိပါသည်။

"ငါ ကြောက်နေတယ်"

အသံက တိုးတိုးလေး။

"ကျွန်တော် ရှိတယ်လေ"

"အဲဒီ ကျွန်တော်ကိုပဲ ကြောက်တာ"

"ဟာ"

ခွန်းချို ဘာကိုဆိုလိုချင်တာလဲ။ သူနဲ့တူတူ ခုလိုမျိုး ရှိနေရတာကို ကြောက်တာလား။ ဒါဆိုရင်တော့ သူ့ရဲ့ ဂုဏ်သိက္ခာကို စော်ကားလိုက်တာနဲ့ တူတူပင် ဖြစ်နေပြီလေ။

"ကျွန်တော့်ရဲ့ ဂုဏ်သိက္ခာကို မယုံကြည်ဘူးလား"

"ငါ ကြောက်တာ အဲဒါ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက ခွန်းချိုကို ကလေးစားချေချင်လို့ ခွန်းချိုရဲ့ ဒရိုင်ဘာအလုပ် ကို အသာတကြည် လက်ခံခဲ့ခြင်း ဖြစ်၏။ ဒါပေမဲ့ ခုချိန်မှာတော့ အဲ ကလေးစားချေချင်စိတ်တွေဟာ ပျောက်ရှနေခဲ့ပါပြီ။

ရင်ခုန်သံတွေ၊ သနားကြင်နာချင်စိတ်တွေက အဲဒီ ကလေးစား ချေချင်ခဲ့သည့် ကြီးမားသော ဆန္ဒကြီးကိုတောင် ခုချိန်မှာ ဝါးမြိုပစ်လျှ ရှိသည်။ မာနကြီးချင်ယောင် ဆောင်ထားသော ကောင်မလေးတ ယောက်ရဲ့ ရင်ထဲက အပြစ်ကင်းစင်စွာ ရယ်မောတတ်မှုတွေကို မြင်တွေ့တတ်ခဲ့ပြီ။ ချစ်ခွန်းချိုသည် လောကကြီးအကြောင်းကို နာ မလည်သော ကလေးတစ်ယောက်ပမာ ဖြစ်သည်။

ဒါပေမဲ့ ခွန်းချို ကိုယ်တိုင်ကလည်း မြွေမြွေချင်း ခြေမြင်ဆိုသ လို သူ့ရဲ့ ကလေးစားချေချင်သည့် စိတ်ကို ကြိုသိနေခဲ့ဟန် ရှိ၏။

ဒါဆို ခွန်းချို ကြောက်နေတာ အဲဒါကိုလား။

"ကျွန်တော် ကလေးစားချေမှာကို ကြောက်နေတာလား"

ခွန်းချို ဘာမှပြန်မဖြေပါ။ သူ့မျက်နှာကိုသာ စိုက်ကြည့်နေ ၏။ ခွန်းချိုရဲ့ ထိုအကြည့်များကို သူ နားလည်ပါသည်။ သူတို့နှစ်ယော ဖြစ်နေခဲ့တာတွေကို သူတို့နှစ်ယောက်လုံးရဲ့ စိတ်တွေထဲကနေ အရ ချင်းလည်း သိနားလည် နေခဲ့ကြပြီး

"ကိုယ့်ကို မုန်းနေလား"





ခွန်းချိုသည် စကားမပြောတတ်တော့သည့် လူတစ်ယောက်လို ငြိမ်သက်တိတ်ဆိတ်နေခဲ့၏။ ဒါပေမဲ့ နူးညံ့သော မျက်လုံးလေးများက တော့ သူ့မေးခွန်းကို အဖြေပြန်ပေးနေကြပါသည်။

"ကြောက်တာပါ"

"ကိုယ် မင်းကို ကလေးစားချေလိမ့်မယ်လို့ မင်းဘာယ်က ကြား သာတာလဲ"

"သူများပြောလို့ ကြားတာ မဟုတ်ဘူး။ မျက်စိကြီးနဲ့ ဖတ်ခဲ့ရ တာ၊ နှင့် ဒိုင်ယာရီကိုလေ"

"ကိုယ့်ဒိုင်ယာရီ ဟုတ်လား။ ကိုယ့်ဒိုင်ယာရီကို မင်းက ဘယ်လို လုပ် သိနေတာလဲ"

"နှင် နေမကောင်းဖြစ်တဲ့ညက ငါမှာတော့ စိတ်တွေပူပြီး ရေခဲ ထုပ် ကပ်ပေးဖို့ နှင့်အခန်းထဲ လာရင်းတွေ့..."

သူမ စကားတွေ တစ်ဝက်တစ်ပျက်မှာတင် ရပ်သွား၏။ သွားပြီ သူ နေမကောင်းဖြစ်နေတုန်းက ခွန်းချို ကိုယ်တိုင် စိတ်ပူပန်စွာ နှင့် ပြုစုပေးခဲ့တာတွေကို သူ့ရှေ့တည့်တည့်မှာမှ ဖွင့်ပြောပြလိုက်မိပြီ။

သူ့မျက်နှာက မယုံကြည်နိုင်ခြင်းတွေနဲ့ ပြည့်နှက်သွား၏။ ခွန်းချို က တစ်ဖက်သို့လှည့်ကာ မသိချင်ယောင်ဆောင်နေလိုက်မိတော့သည်။ သူက အဲဒီလို လှည့်သွားသော ခွန်းချို မျက်နှာကိုပင် အတင်းလိုက်ကြည့်

www.burmeseclassic.com



ရင်း

"ကိုယ် နေမကောင်းဖြစ်နေတုန်းက ပြုစုပေးခဲ့တာ ခွန်း

ကိုယ်တိုင်ပေါ့ ဟုတ်လား"

သူ့အသံက နူးနူးညံ့ညံ့နှင့် ချိုမြိန်လွန်းနေ၏။ ခွန်းချို ရင်

မှာ ဘာတွေဖြစ်နေပြီလဲ မသိတော့ပါ။ သေချာတာကတော့ ခုချိန်

သူနှင့် မျက်နှာချင်းဆိုင်မိလျှင် ခွန်းချို မျက်နှာပေါ်၌ တစ်စုံတစ်ခု

ရှာဖွေတွေ့ရှိသွားမှာ ခွန်းချို ရှက်ရွံ့နေခဲ့သည်။

"ကိုယ့်ကို ပြန်ဖြေဦးလေ"

"အဲဒါဆို ဘယ်သူလို့ ထင်နေတာလဲ"

သူက ခွန်းချိုနှင့် မျက်နှာချင်း မဆုံဆုံအောင် ကြိုးစား

ခွန်းချိုကလည်း သူ့ဘက်ကို လုံးဝ မလှည့်ဘဲ ရှောင်တိမ်းနေခဲ့သည်

နောက်ဆုံးတော့ သူ စိတ်မရှည်နိုင်တော့သလိုနှင့် သူမ ပခုံးနှစ်ဖက်အ

ဆုပ်ကိုင်ကာ သူ့ဘက်သို့ ဆွဲလှည့်ပစ်လိုက်ပါသည်။

"ခွန်းချိုရယ် ဘာလို့များ ဟန်ဆောင်နေရတာလဲ"

ဒီတစ်ခါတော့ သူမက သူနှင့် ရဲရဲဝံ့ဝံ့ပင် မျက်နှာချင်းဆို

လိုက်ပါသည်။

"အောင်မာ ဘယ်သူက ဟန်ဆောင်လို့လဲ ဘာကို ဟန်ဆော

လို့လဲ၊ တကယ်တမ်း ဟန်ဆောင်ခဲ့တာက ဘယ်သူလဲ"





"မင်းက ကိုယ့်ကို စိတ်ပူခဲ့တယ်ပေါ့ ဟုတ်လား ခွန်းချို၊ ကိုယ် ယုံတောင် မယုံနိုင်ဘူး"

"စိတ်ပူတာ မဟုတ်ဘူး။ တော်ကြာ ငါ့ခြံထဲမှာ နင် တစ်ခုခု ဖြစ်သွားရင် အမှုပတ်မှာစိုးလို့ လန့်တာ"

"မယုံပါဘူး ခွန်းချို မျက်လုံးတွေက လိမ်ပြောနေမှန်း သိသာတယ်"

"အောင်မာ ပိုင်စိုးပိုင်နင်းနဲ့ ငါ့ကိုတောင် စေ့စေ့လိုက်သေးတယ်"

"ခွန်းချို မလိမ်နဲ့တော့နော်၊ ကိုယ့်ကို စိတ်ပူရင် ပူခဲ့တယ်ပေါ့ ပြီးတော့ အဲဒီလို စိတ်ပူတာကလည်း"

သူက စကားကို ရှေ့မဆက်ပါ။ သူမကို ပြုံးလျက်ကြည့်နေ၏။

"ကိုယ် မင်းအပေါ်မှာ ကလဲ့စားချေချင်စိတ်တွေ ရှိခဲ့တာ ဝန်ခံပါတယ်၊ ဒါပေမဲ့လေ သံယောဇဉ်ဆိုတာ သိပ်ကြောက်ဖို့ ကောင်းတယ်၊ ရန်သူလို သတ်မှတ်ထားတဲ့ လူတစ်ယောက်ကိုတောင် အနေကြာရင် သံယောဇဉ် ဖြစ်သွားရော၊ ကိုယ် သံယောဇဉ် ရှိနေတဲ့ မိန်းကလေးတစ်ယောက်ကို ကလဲ့စားချေဖို့ဆိုတာ တော်တော် ခဲယဉ်းသွားပြီလေ၊ မင်းလည်း ကိုယ့်ကို သံယောဇဉ် ရှိနေတာ ကိုယ် မြင်နေရတယ်"

"ဟင် ဘယ်လိုကြီးလဲ အတင်းကြီးကို မြင်ပစ်လိုက်တော့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို စိတ်ပူခဲ့တယ်ဆိုတည်းက ကိုယ့်အပေါ်မှာ သံယောဇဉ် ရှိလို့ပဲပေါ့ ခွန်းချိုရယ်"

သူမ မငြင်းတော့ပါ။ ခုမှပဲ သူမရဲ့ မွန်းကျပ်နေခဲ့သည့် ခံစားချက်တွေ အားလုံးပျောက်ရှသွားတော့တယ်။

"ဟူး တကယ်ကို ခုမှပဲ ပေါ့သွားတော့တယ်"

"သိသားပဲ ကောင်မလေးတစ်ယောက် ကိုယ့်ကြောင့် စိတ်တွေမွန်းကျပ်ပြီး မြို့ပြင်ထိတောင် ထွက်လာရတယ်ဆိုတာလေ"

သူက ပြုံးစစနှင့် နောက်ပြောင်ပါသည်။ ခွန်းချိုက သူ့ရင်ဘတ်ကို လက်သီးဆုပ်လေးနှင့် ထုပစ်လိုက်၏။

"အဲဒီလို လိုက်စနေရင် ငါ အော်ပစ်လိုက်မှာနော်"

"အိုကေ မစတော့ဘူး။ ဒါပေမဲ့ ကိုယ့်ကို စကားတစ်ခွန်း ပြောပေးပါ"

"ဘာလဲ"

"ဘာပြောစေချင်တာလဲ မသိဘူးလား"

"ဟင့်အင်း သိဘူး"

"ဒါဆို ကိုယ် အရင်ပြောပြမယ်"

ကေသရာက ခွန်းချို နားနားသို့ ကပ်လျက် တိုးတိုးလေး ပြောလိုက်သည်။ 'ချစ်တယ်' တဲ့။





"ဘာပြောစေချင်တာလဲ သိပြီလား"

"ဟင့်အင်း မသိဘူး"

"ဟား ဟား ရယ်ရတယ်၊ မသိဘူး ဆိုတဲ့ ကောင်မလေးက ခု ကိုယ့်ရင်ခွင်ထဲ ရောက်နေတာပေါ့ ဟုတ်လား"

သူက ခွန်းချို ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲတွင် နစ်မြုပ်နေအောင် ထွေးဖက်ထားလိုက်ပြီး . . .။

■ ■ ■

လက်မှ နာရီကို ကြည့်လိုက်တော့ ရှစ်နာရီ ခွဲတော့မည်။ ဒီနေ့မနက် တွေ့ဆုံပွဲရှိတာကို တစ်လျှောက်လုံး သူမ မေ့နေခဲ့၏။ ခုနစ်နာရီထိုးလောက်ကမှ ခွန်းချိုတို့ နှစ်ယောက်လုံး နိုးကြခြင်း ဖြစ်သည်။ ရာသီဥတုကလည်း ညက တစ်ညလုံး ဖွဲဖွဲဖြိုင်ဖြိုင် ရွာနေခဲ့သော မိုးသည် သူ မဟုတ်သလို သာယာကြည်စင်လျက် ရှိ၏။

မိုးစင်စင်လင်းပြီမို့ သူက ခွန်းချိုကို ထားခဲ့ကာ ဆီသွားဝယ်ဖြည့်ခဲ့ပြီးလည်း ဖြစ်သည်။

"ကဲ သွားကြမယ်"

"နေဦး"

စက်နှိုးနေရင်းတန်းလန်းနှင့် သူက နောက်ဖက်သို့ လှည့်ကြည့်ပါသည်။ ခွန်းချိုက ကားတံခါးကို ဖွင့်ဆင်းပြီး မောင်းသူဘေးမှ ထိုင်ခုံ



www.burmeseclassic.com

www.burmeseclassic.com



တွင် ဝင်ထိုင်လိုက်သည်။ သူ့အပြုံးက ကျေနပ်သူတစ်ယောက်၏ တော

ပနေသော အပြုံးမျိုး ဖြစ်၏။

"မင်းရဲ့ တွေ့ဆုံပွဲကို မှီပါဦးမလား"

"အိမ်မပြန်တော့ဘဲနဲ့ ဟိုတယ်ကို တန်းသွားရင်တော့ မှီနိုင်

တယ်"

"မင်းအဝတ်အစားတွေ မလဲတော့ဘူးလား"

"မေ့နေပြီလား။ မနေ့က တိုက်တိုက်ဆိုင်ဆိုင်ပဲ ဂါဝန်တ

တစ်ထည် ဝယ်လာခဲ့တယ်လေ၊ အဲဒါလေး ဝတ်လိုက်မှာပေါ့။ တော်

တယ်၊ မနေ့က ပစ္စည်းတွေ အများကြီး ဝယ်ဖြစ်တာ၊ ကျန်တာကတေ

ဟိုတယ်ထဲ ရောက်မှ ကြည့်လုပ်လိုက်မယ်"

"အဲဒီ ဂါဝန်က လှတော့ လှပါတယ်၊ သိပ်မတိုလွန်းဘူးလား

ပေါင်လယ်လောက်သာ ရှိသော လိမ္မော်ရောင် ဂါဝန်လေ

ဝယ်တုန်းက ကေသရာ ဘေးမှာပါနေသည်မို့ ပြောလိုက်ခြင်း ဖြစ်

သူက ခွန်းချိုရဲ့ ဝတ်စားပုံတွေကို မနှစ်သက်မှန်း အရင်တည်းက သိ

ပြီးသားပါ။

"ဒါ ဝတ်နေကျပဲဟာကို"

"ကိုယ် မကြိုက်ဘူးလို့ ပြောခွင့်ရှိလား"

"ပြောခွင့်ပေးပါတယ်၊ ဒါပေမဲ့ လောလောဆယ်တော့ အဲ





ဝတ်မှ အဆင်ပြေမှာလေ"

"ထားလိုက်ပါတော့ နောက်တစ်ခုက မင်းက ဆန်းသစ်စကို

လာခေါ်ဖို့ ပြောထားတယ်လေ"

"အင်း ဟုတ်တယ် အဲဒီကိစ္စက ဘယ်လိုလုပ်ရမလဲ မသိဘူး။

ဒီပွဲက ပါတနာ မပါလာရင် ငါ့ကို ဝိုင်းလှောင်ကြမှာ"

"အမှန်အတိုင်း ပြောရရင်တော့ ဆန်းသစ်စကို မင်းအဲလိုမျိုး

အရောဝင်နေတာ ကိုယ် မကြိုက်ဘူး။ အဲဒါရော ပြောခွင့်ရှိလား"

"အမလေးနော် စကားတွေ အားလုံးကို ပြောပြီးမှ ပြောခွင့်ရှိ

လား။ လာလုပ်နေတယ် ငါ့နှယ် ရယ်ချင်လိုက်တာ"

ခွန်းချိုက တကယ်ပင် ရယ်မောလိုက်ပါသည်။ သူ့မျက်နှာက

သူမ ရယ်မောလိုက်ခြင်းကြောင့် ရှုတည်တည်ကြီး ဖြစ်သွား၏။

"ဘာလဲ စိတ်ဆိုးသွားတာလား"

"မဟုတ်ပါဘူး ဒါပေမဲ့ တစ်ခုတော့ ထားမြစ်ချင်တယ်၊ ကိုယ်က

မင်းထက် သုံးနှစ်တောင် ကြီးတယ်၊ အဲဒီတော့ စကားပြောရင် နင်နဲ့ငါနဲ့

ဆိုတာမျိုးတွေ မသုံးနှုန်းပါနဲ့၊ အဲဒီလိုရော တားခွင့်ရှိလား"

"ဟွန်း နည်းနည်းတော့ များလာပြီ၊ ကဲပါလေ ဒစ်စကော

ချလက်စနဲ့တော့ ဆ ာ်လျှော့ပေးလိုက်ပါ့မယ်၊ နင်နဲ့ငါနဲ့ မပြောတော့ဘူး

ဒါပေမဲ့ ဘယ်လိုပြောရတယ်ဆိုတာလည်း သင်ပေးဦး"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာ ပြုံးရွှင်သွား၏။ လက်တစ်ဖက်က စတီယာရင်
လွှတ်လျက် သူမ ခေါင်းလေးကို ပွတ်သပ်လိုက်ပြီး ‘လိမ္မာတယ်’

“ဟိုနားက ဆိုင်ရှေ့မှာ ခဏ ရပ်လိုက်”

သူမ ညွှန်ပြရာဆိုင်သည် အမျိုးသားတွေအတွက် သီးသ
ပစ္စည်းစုံရနိုင်သော ဆိုင်ကြီးဖြစ်၏။

“ဘာလုပ်ဖို့လဲ”

“ချစ်ခွန်းချိုရဲ့ ပါတနာဆိုတော့ သားနားသပ်ရပ်နေမှ ဖြစ်
လေ”

“ကိုယ်က မင်းရဲ့ ပါတနာ ဟုတ်လား”

သူက သူ့ကိုယ်သူ လက်ညှိုးထိုးလျက် စအံ့တကြနှင့် တစ်
ချင်းစီ ပြောပါသည်။ သူမက ခေါင်းညိတ်ဝန်ခံလျက် ဆိုင်ထဲသို့ ခပ်တ
တည် ဝင်လာခဲ့သည်။ သူလည်း နောက်ကနေ ယောင်လည်လည်
ပါလာ၏။

ဘာဘာရီတံဆိပ် အနက်ရောင် ရှပ်လက်ရှည်သည် ကော
နှင့် အံဝင်ခွင်ကျစွာပင် လှပနေ၏။ ကော်လံ အတွင်းဘက်နှင့် လ
ကြယ်သီးတပ်သည့် အတွင်းဘက်တွေမှာ လေးထောင့်ကွက်လေး
ကို သူမ သဘောကျစွာ ကြည့်နေမိ၏။ နောက်တော့ ဂျင်းပြာရင့်
ဘောင်းဘီရှည်တစ်ထည်။





“ဖိနပ်လည်း ကြည့်ရဦးမယ်”

“ဟိုဘက်က ဒေါက်တာမာတင်လေး လှတယ်”

အဲဒေးက လှမ်းကြည့်ပြီး ဒေါက်တာမာတင် တံဆိပ် ဖိနပ်မှန်း
အောင် ပြောနိုင်သည့် သူ့ကို ခွန်းချိုက အံ့ဩစွာနှင့် ပြန်ကြည့်
က်မိ၏။ သူကတော့ သူ ဘာမှမပြောခဲ့သလိုလိုနှင့် ခွန်းချိုနားကနေ
က်သွားသည်။

သူ လှတယ်ဆိုသော ဖိနပ်လေးကိုပဲ သူမ ရွေးချယ်ဝယ်ယူလိုက်
း နာရီဝယ်ပေးရန် ကြည့်လိုက်သော်လည်း သူ့လက်တွင် ပတ်ထားသော
ရီတစ်လုံးက ရှိနေသေးသည်။ ခွန်းချိုက မပြောမဆိုနှင့် သူ့ညာလက်
ဆွဲယူမကြည့်လိုက်သည်။ သူက နာရီကို ညာလက်တွင်သာ ပတ်တတ်
င်း သူမ သတိထားမိတာ ကြာပြီဖြစ်၏။

“ဟင်”

သူမ အံ့ဩသွားရသည်။ သူ့မျက်နှာလည်း အနည်းငယ်
ယွင်းနေ၏။

“အဲဒါ အစစ်လား”

အစစ်မှန်း သေချာနေပါလျက်နှင့် ကေသရော့လက်တွင် ပတ်
သော ရာဒိုတံဆိပ် စိန်လေးတွေပါသည့် နာရီကို လက်ညှိုးလေးနှင့်
ထောက်ပြီး သူမ မေးလိုက်မိသည်။ တကယ်တော့ ခွန်းချိုက အံ့ဩပါး



www.burmeseclassic.com

www.burmeseclassic.com



နာရီတစ်လုံးပဲ ဖြစ်မည်ဆိုပြီး သူ့လက်မှ နာရီကို ဘယ်တုန်းကမှ စိတ်ဝင်တစား မကြည့်ခဲ့ပါ။ ခုမှ

"အစစ်လို့ ထင်တာပဲ၊ ဟိုးအရင်က သူဌေးသူငယ်ချင်း တ... ယောက် သူ့အကျကို လက်ဆောင်ပေးခဲ့တာပါ၊ သူနဲ့တော်တော်ကြာ... ပေါင်းခဲ့တော့ နာမည်ကြီးတံဆိပ် တော်တော်များများကို ကိုယ် သိရ... တယ်လေ"

"ဩော် ဒီလိုလား"

ခုမှပင် သူမ ရင်ထဲက အလုံးကြီး ကျသွားတော့၏။ ထင်တော့... ထင်သားပဲ။ ကေသရာဟာ အဲဒီလို ပစ္စည်းမျိုးတွေကို ဘယ်လိုနည်း... ကိုယ်ပိုင်ငွေနဲ့ ဝယ်နိုင်မှာ မဟုတ်တာကိုပေါ့။

အားလုံး ဝယ်ယူပြီးစီးသွားသည့် အချိန်မှာတော့ သူမ... တကယ့်ကို သပ်ရပ်ခန့်ညားပြီး တည်ကြည်သည့် ယောကျ်ားတစ်ဦး... အသွင်မျိုး ပိုပေါ်လွင်လာ၏။ သူ့ကိုကြည့်ရတာ ဒီလိုပစ္စည်းတွေကို အ... တမ်း ဝတ်ဆင်နေရသူတစ်ဦးလို သက်တောင့်သက်သာ ရှိလွန်း၏။

ခွန်းချို ထင်နေတာက ပဆိုးဝတ်တာသာ တွေ့ရသော သူသည်... ဒီလိုမျိုးတွေ ဝတ်လိုက်ရင် ဖနည်းနည်းအများတော့ အဆင်မပြေလော... ဘူးလို့ တွေးထားခဲ့တာ ဖြစ်၏။ ခုတော့ တခြားစီပါပဲလား။

"ကဲ ဒီလောက်တောင် ဆင်ပေးပြီးရင် သွားလို့ ရပြီလား"





"အင်း ရပြီ ဒါပေမဲ့"

သူမက ကားပေါ်တက်ခါနီးမှာ သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်... လိုက်ပြီး

"ဒီလောက်ထိ ခန့်ချောကြီးမှန်း မသိခဲ့ဘူး၊ တော်ကြာ ဟိုမိန်းမ... တွေ မြင်လို့ ကြွေသွားရင် ဘယ့်နှယ်လုပ်မလဲ"

"ပြောပစ်လိုက်ပေါ့၊ အဲဒါ ငါ့အိမ်က ဒရိုင်ဘာလို့၊ နင်တို့... ကြိုက်ရင် ယူလိုက်ကြလို့"

"ဟွန့် ရှင်ကြီး နစ်နာနေပါဦးမယ်"

ခွန်းချိုက နှုတ်ခမ်းလေး ရွဲ့ကာ မလိုတမာ ပြောတော့ သူက... အက်ဟက်ပက်ပက် ရယ်မောလိုက်ပါသည်။

ဟိုတယ်ကိုရောက်တော့ ဆယ်နာရီ ထိုးနေပြီ။

တွေ့ဆုံပွဲ ကျင်းပရာ ခန်းမထဲသို့ ဝင်ခါနီးတွင် သူက ဘယ်ဘက်... လက်ကို ကွေးပေး၏။ ခွန်းချိုက ညာဘက်လက်လေးဖြင့် သူ့လက်မောင်း... ကို ချိတ်တွယ်လိုက်ပါသည်။

သူမတို့နှစ်ယောက် ခန်းမဆောင်ထဲ ဝင်သွားသည်နှင့် အားလုံး... ရဲ့ အကြည့်တွေက စူးနစ်စွာ ကျရောက်လာခဲ့သည်။ ဒီလိုပွဲမျိုးကို ဘယ်... တော့မှ တက်လေ့တက်ထ မရှိသော မျှစ်ခွန်းချိုကို စိတ်ဝင်တစားနှင့်... ကြည့်ကြသလို ခွန်းချိုဘေးက သူ့ကိုလည်း မျက်လုံးတွေ ကျွတ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



မတတ် ကြည့်နေကြ၏။

လိမ္မော်ရောင် ဂါဝန်ကိုယ်ကျပ်တိုတိုလေးက ခွန်းချို၏ အလှ[illegible] ပေါ်လွင်နေစေသည်။ ဆံပင်တွေကိုတော့ အနောက်တက်တွင် ခပ်မြင့်မြင့် လေး ပင့်တင် စည်းထားခဲ့၏။ အနက်ရောင် ကြိုးသိုင်းဖိနပ်အမြင့်ကြီး က ပိန်သွယ်သော အရပ်ကို ရှည်မတ်နေစေသည်။

မနေ့က ပစ္စည်းမျိုးစုံ ဝယ်ဖြစ်ခဲ့တာကိုပင် စိတ်ထဲက ကြိတ်[illegible] ကိုယ့်ကိုယ်ကို ကျေးဇူးတင်နေမိတော့သည်။

"စားချင်တာ ရှိရင် ယူစားနော်၊ အရင်က ကုမ္ပဏီမှာ လုပ်[illegible] တဲ့ လူပဲ၊ ဒီလိုပွဲမျိုးတွေလည်း တက်ဖူးမှာပေါ့နော်"

သူ ခွန်းချိုကို ပြုံးကြည့်နေ၏။ ကလေးတစ်ယောက်က ဆရာ[illegible] လုပ်ခြင်း ခံရသော လူကြီးတစ်ဦး၏ အပြုံးနှင့် အကြည့်မျိုး ဖြစ်သည်။ ထိုအချိန်တွင် သူမတို့နားသို့ ကူကူးတို့အတွဲ ရောက်လာသည်။

"ဘယ်လိုလဲ ကူကူး၊ နင်တို့ရောက်နေတာ ကြာပြီလား"

ခွန်းချိုက အရင်ပင် ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်၏။ ကူကူး[illegible] သူမ စကားကိုပင် မတုံ့ပြန်နိုင်သေးဘဲ ကေသရာကို ခြေဆုံးခေါင်းဆုံး မျက်စိကျွတ်မတတ် ကြည့်နေသည်။ ကူကူးဘေးတွင် ပါသော အမျိုးသား ကပင် ခွန်းချိုကို အားနာပါးနာနှင့် မရှိသွားဖြဲ လုပ်ပြလိုက်ပြီး ကူကူး[illegible] လည်း တံတောင်နှင့် မသိမသာ တွတ်လိုက်သည်။





"ဘယ်လိုလဲ ကူကူး၊ အဆင်မှပြေရဲ့လား"

သူမက တမင်တကာ အရွဲ့တိုက်မေးလိုက်၏။ ကေသရာက [illegible]တည်တည်ပဲ ပြုံးနေပေမယ့် ကူကူးကတော့ ခွန်းချို ကိုယ်တိုင်ပင် [illegible]မြင်ကပ်လောက်အောင် ဖေးလွှန်းလှပါသည်။

"နင့်လူနဲ့ ငါတို့ကို မိတ်ဆက်ပေးပါဦး"

ကေသရာ့ကို ခွန်းချို အလန့်တကြား မော့ကြည့်လိုက်မိသည်။ [illegible]တို့နှစ်ယောက် အဲဒီကိစ္စအတွက် မတိုင်ပင်ခဲ့ကြဘူးလေ။ တော်ကြာ [illegible]သရာက သူ့ကိုယ်သူ ခွန်းချို၏ ဒရိုင်ဘာပါလို့ အမှန်အတိုင်း ဝင်ပြော [illegible]ိုက်ရင် သူမ ကြိုးစားထားသမျှတွေတော့ ပျက်စီးကုန်တော့မည်။

"သူ သူ့နာမည်က ကေသရာ တဲ့"

"အင်း ပြီးတော့ရော"

ကူကူးက အပြည့်အဝ စပ်စုတော့မည့် ဟန်ပန်မျိုးဖြင့် ခွန်းချိုကို [illegible]ထောက်ပေးလိုက်ပါသည်။ အဲဒီမှာပဲ သူမ ပါးစပ်က ဘာမှထွက်မလာ [illegible]တော့ဘဲ နှုတ်ဆွံ့အနေခဲ့ခြင်း ဖြစ်သည်။

"သူ သူက အဟင်း"

ခွန်းချို တစ်ယောက်တည်း ကူကယ်ရာမဲ့စွာပင် ကေသရာအား [illegible]ကြည့်လိုက်မိ၏။ ကေသရာကလည်း သူမကို စာမေ့နေသော [illegible] [illegible]ယောက်အား ကြည့်သော ဆရာတစ်ယောက်၏ မျက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျက်

"မင်းကတော့လေ နာမည်မေ့နေပြန်ပြီ မဟုတ်လား။ ရှိုင်ရယ် လေကွာ၊ ဒီလောက် လွယ်တဲ့ဟာကို အမြဲမေ့တယ်၊ သူကတော့ အဲလိုမဲ ဖူး ကျွန်တော် မပါရင် ဘာမှမလုပ်တတ်သလိုပဲ၊ ကျွန်တော်က ရှိုင်ရယ် တံဆိပ်နဲ့ပိုင်မျိုးစုံ တင်သွင်းဖြန့်ချိနေတာပေါ့"

"ခြော် နာမည်ကြီးပဲ၊ ပြည်တွင်းက သစ်သီးဆိုင်တွေထဲမှာ တော်တော်နာမည်ရနေတာလေ"

ကူကူးရဲ့အမျိုးသားအဖော်ကပါ အားတက်သရော ဝင်ပြော လိုက်ခြင်း ဖြစ်၏။ ခွန်းချိုကတော့ ဒီလောက်ကြီးမားသည့် လိမ်လည်မှု မျိုးကို ကျူးလွန်လိုက်သည့် သူ့အား အံ့အားတသင့်နှင့် ငေးကြည့်နေမိ သည်။ သူက နည်းနည်းလေးမှ အပြုံးမပျက်ပါ။

ကူကူးက သူ့လူနှင့် မိတ်ဆက်ပေးပြီး သူမတို့နားမှ ထွက်သွား သွား၏။ ခေမီ ရောက်လာတော့လည်း ထိုနည်းလည်းကောင်းပင် သူက ခပ်တည်တည်နှင့် ကြီးမားသော လိမ်လည်မှုကြီးကို ကျူးလွန်နေသည်။ အပြုံးမပျက်ဘဲ ဘာမှမဖြစ်သလို လိမ်နိုင်သော သူ့ကိုကြည့်ပြီး ခွန်းချို လန့်လာမိ၏။

သူ့ကို ဒီပွဲသို့ ခေါ်လာမိတာ မှားသွားပြီလား။ ဆန်းသစ်စကို ခေါ်လာခဲ့ရ အကောင်းသားဟုပင် တွေးလာမိ၏။ ခေမီ့သတို့သားလောင်း





နှင့် ကေသရာတို့အဖွဲ့ကျနေတုန်းမှာ သူမ မသိမသာလေး ခွာထွက်လာခဲ့ ၏။

ကျောင်းတုန်းက လူအားလုံးနီးပါးသည် သူမနှင့်ကေသရာကို သာ စိတ်ဝင်စားနေကြသည်။ အဲဒါကြီးကိုပဲ သူမ စိတ်ပျက်လာမိခြင်း ဖြစ်၏။ အဆိုးရွားဆုံးကတော့ ခွန်းချိုကိုလည်း ဘာမှမတိုင်ထားပါဘဲ သူ့ဘာသာနှင့်သူ လိမ်လည်နေသည့် ကိစ္စပါပဲ။

ခန်းမထောင့်တစ်နေရာတွင် တစ်ကိုယ်တည်း စိတ်အိုက်စွာ ထိုင်နေစဉ်မှာပင် ခန်းမတွင်းသို့ မျက်နှာကြီးမှုန်ကုတ်လျက် ဝင်လာသော ဆန်းသစ်စကို ခွန်းချို လှမ်းမြင်လိုက်ရ၏။ မျက်လုံးတွေပင် ပြာဝေသွား သည်ထိ သူမ ထိတ်လန့်သွားမိသည်။

မတော်တဆများ ကေသရာ့ကို တွေ့သွားပါလျှင် လိမ်ညာထား သမျှတွေ အားလုံးသည် လှလည်ခေါင်မှာပင် ဘူးပေါ်သလို ပေါ်ကုန်တော့ မည်။ ထိုင်နေရာမှ ခပ်မြန်မြန် ထလျက် ဆန်းသစ်စနားသို့ အပြေးတစ် ပိုင်း လျှောက်သွားလိုက်သည်။

"ဟဲ့ ဆန်းသစ်စ"

သူမကိုမြင်တော့ ဆန်းသစ်စ မျက်နှာက မကောင်းဆိုးဝါး တစ်ကောင်ကို မြင်လိုက်ရသည့်အလား။ သူမနားသို့ ချက်ချင်းရောက်လာ လျက် လက်တစ်ဖက်ကို ဖမ်းကိုင်ရင်း လူရှင်းသည့် ထောင့်တစ်နေရာသို့



www.burmeseclassic.com

www.burmeseclassic.com



ဆွဲခေါ်သွားပြီး

"မင်းဘာယ်တွေ လျှောက်သွားနေတာလဲ ချို၊ အိမ်မှာ မင်း ဒယ်ဒီလည်း တော်တော် သွေးပျက်နေပြီ"

"ငါ ငါ ဒယ်ဒီ့ဆီ ဖုန်းဆက်ဦးမလို့ပါပဲ"

"မင်းက ခုထိ ဖုန်းဆက်ဦးမလို့ပါပဲ ရှိသေးတယ်၊ ငါနဲ့အနက်ကယ် နဲ့ကတော့ ခေါင်းမီးတောက်နေတာပဲ ရှာလိုက်ရတာ တစ်မြို့လုံး နှံ့နေပြီ ပြီးတော့ ဟိုအကောင်ရော ဒရိုင်ဘာကောင်ရော၊ အဲဒီ ဒရိုင်ဘာကောင်က နင့်ကို တစ်ခုခု လုပ်လိုက်တာလား၊ သူ ပြန်မပို့ပေးတာလား"

"မ မဟုတ်"

"အာ ကြာပါတယ်၊ လာ အိမ်ပြန်မယ်"

ခွန်းချို့ လက်ကို အတင်းဆွဲလျက် ဆန်းသစ်စက ဟိုတယ် အပြင်ဘက်သို့ ဆွဲခေါ်ထုတ်သွား၏။ သူမ ဘယ်လိုမှ ရုန်းလို့မရပါ။

ဆန်းသစ်စက သူ့မာစီဒီးကားနက်ကြီးထဲသို့ သူမကို တိုးထည့် လိုက်ပြီး ကားကို တရကြမ်း မောင်းထွက်လိုက်သည်။ တစ်လမ်းလုံး သူမမှာ ကျန်ခဲ့သည့် ကေသရာ့အတွက် တွေးပူရတာတစ်မျိုး၊ ဒယ်ဒီ့ကို ဘယ်လိုရှင်းပြရပါ့မလဲလို့ တွေးပူရတာတစ်မျိုးနှင့် လူတစ်ကိုယ်လုံးသာ အငွေ့ပျံ ပျောက်ကွယ်သွားလိုက်ချင်တော့၏။

"သမီး သမီး ပြန်ပါလာတယ်နော်"





ကားပေါ်မှ ဆင်းလာသော သူမကို ပြေးဖက်လိုက်သော ဒယ်ဒီ့ ကို သူမကလည်း ပြန်လာပွေ့ဖက်လိုက်ပြီး

"ဒယ်ဒီ့ကို စိတ်ပူအောင် လုပ်မိသွားတယ်"

"အဲဒါကြောင့် သမီးကို ဒယ်ဒီ ပြောပါတယ်၊ ကေသရာ့မှာ အကြံအစည်တစ်ခုခု ရှိကို ရှိပါတယ်လို့လေ၊ ခုတော့ ငါ့သမီးကို သူ ဘာလုပ်လိုက်သေးလဲ၊ ဒယ်ဒီ့ကို အမှန်အတိုင်း ပြောစမ်း၊ အဲဒီကောင်ကို ဒယ်ဒီကိုယ်တိုင် သတ်ပစ်မယ်"

"မဟုတ်ဘူး ဒယ်ဒီ၊ ကေသရာနဲ့ ဘာမှမပတ်သက်ဘူး"

ဒယ်ဒီရော ဆန်းသစ်စကပါ ညက ခွန်းချို့ ပြန်မလာသည်ကိုစွ တို့ ကေသရာနှင့် ပတ်သက်နေသည်ဟု တစ်ထစ်ချ တွေးထားကြပုံ ရ သည်။

"အေးအေးဆေးဆေး ထိုင်ပြီး သမီး ရှင်းပြပါ့မယ် ဒယ်ဒီ"

ဒယ်ဒီ့ကို လက်တွဲလျက် ကျွန်းကုလားထိုင်ကြီးပေါ်တွင် ထိုင် ခိုင်းလိုက်ပြီး သူမကလည်း ဒယ်ဒီနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ကာ

"တကယ်တော့ မနေ့က သမီး စိတ်တွေ သိပ်မွန်းကျပ်နေလို့ မြို့ပြင်ဘက်ကို ကားမောင်းပြီး ပို့ခိုင်းခဲ့တယ်၊ ဒါပေမဲ့ ကံဆိုးချင်တော့ သမီးတို့မှာ ဆီက လုံလုံလောက်လောက် ပါမသွားခဲ့ဘူး၊ ဆီဆိုင်တွေက လည်း တော်တော်လေး ဝေးတယ်၊ မိုးတွေကလည်း သည်းကြီးမည်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှာနေတာနဲ့ သမီးတို့ တစ်ညလုံး ကားထဲမှာပဲ အချိန်ကုန်ခဲ့ကြတယ်"

"သမီးတို့နှစ်ယောက်ပေါ့ ဟုတ်လား"

ဒယ်ဒီမေးခွန်းနှင့် မျက်လုံးအကြည့်တို့က အဓိပ္ပါယ် လေးနက် နေ၏။ သူမ သတိထားပြီး ဖြေရပါမည်။

"ဟုတ်ပါတယ် ဒယ်ဒီ၊ ပထမတော့ ကေသရာက ကားပြင် ထွက်နေတာပါ။ ဒါပေမဲ့ မိုးတွေ တအားသည်းလာတော့ သမီးကိုယ်တိုင် သူ့ကို ကားထဲ ခေါ်လိုက်တာပါ"

"ဘာ ဘယ်လို ချို မင်းကိုယ်တိုင်တောင် ကေသရာကို ကား ခေါ်ထိုင်နိုင်းတယ် ဟုတ်လား"

အရေးထဲမှ ဆန်းသစ်စက အလန့်တကြားနှင့် ဝင်ပြောနေသော သည်။ သူမက ဆန်းသစ်စကိုတော့ မျက်စောင်းသာ ထိုးပစ်လိုက်၏

"ကားထဲ ခေါ်ထိုင်နိုင်းတယ် ဆိုပေမယ့် သူက ရှေ့ခန်း ဒရိုင်ဘာနေရာမှာပဲ ထိုင်တာပါ။ သမီး အပေါ်မှာ သူ ဘာမှ မကျူးလွန် ပါဘူး"

"ခု သမီး ပြောသွားတဲ့ စကားတွေကို ဒယ်ဒီ ယုံရမှာလား သမီး"

"အပြည့်အဝ ယုံကြည်လို့ ရပါတယ် ဒယ်ဒီ"

ဒယ်ဒီက ခေါင်းတဆတ်ဆတ် ညိတ်လျက်





"ဟုတ်ပါပြီ သမီး ပြောသွားတာတွေကို ဒယ်ဒီ လက်ခံသင့်သလောက် ခံလိုက်ပါတယ်၊ ဒါပေမဲ့ ခုလောလောဆယ်မှာ ကေသရာက ဘယ်ရောက်နေလဲ၊ သမီးကရော ဘာလို့များ ဆန်းသစ်စတို့ ဟိုတယ်မှာ ရှိနေရတာလဲ"

"အဲဒါက သမီး ဒီနေ့ မနက်မှာ အထက်တန်းကျောင်းတုန်းက သူငယ်ချင်းတွေနဲ့ မိတ်ဆုံစားပွဲ သွားရောက်ရလို့ အချိန်နှောက်ကျနေတာနဲ့ အိမ်မပြန်သေးဘဲ အရင်ဝင်နှင့်လိုက်တာပါ၊ ကေသရာကိုတော့ အနားက ဆိုင်တစ်ဆိုင်ဆိုင်မှာ မုန့်သွားစားနိုင်းထားတာ၊ အဲဒါကို ဆန်းသစ်စက အတင်းလက်ဆွဲခေါ်လာတာကိုး ဒယ်ဒီရဲ့"

"သမီး ဖုန်းဆက်လို့ ရတယ်လေ"

ဒယ်ဒီက သူမကို တကယ့်ကိုပဲ တရားခံစစ်သလို စစ်ဆေးနေပါပြီ။ သူမ သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး

"မြို့ပြင်ဘက်မှာက ဖုန်းလိုင်းမမိဘူး ဒယ်ဒီ၊ ခုမနက် ပြန်ရောက်တော့လည်း သမီး ဖုန်းဖွင့်ဖို့ကို မေ့သွားခဲ့တယ်"

သူမရဲ့ ဖြေရှင်းချက်တွေထဲမှာ မုသားလေးတွေ ပါဝင်ပေမယ့်သည်း ရှစ်ဆယ်ရာခိုင်နှုန်းလောက်ကတော့ အမှန်တွေသာ ဖြစ်သည်။

"ကဲ ကဲ သမီးလည်း ပင်ပန်းလာမှာပေါ့၊ အခန်းထဲမှာ သွားနားလိုက်ပါ၊ ကားကတော့ ကေသရာ ပြန်ယူလာမယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဒယ်ဒီ"

သူမ မင်သေသေနှင့်ပင် ပြောလိုက်ရပြန်၏။ အခန်းထဲ ရောက် တာတောင် သူမမှာ ရေမိုးမချိုးနိုင်သေးဘဲ ကောသရာကို မျှော်နေမိသည် ခုလောက်ဆို ကောသရာ တစ်ယောက် သူမ ပျောက်လို့ ဒေါင်းတော အောင် ရှာနေလောက်ပြီထင်သည်။

ဒုက္ခပါပဲ ပြန်မလာဘဲနှင့် ဘယ်အချိန်ထိ ဆက်ရှာနေဦးမှာ မသိပါ။ ခွန်းချိုမှာ အဝတ်အစားပင် မလဲနိုင်သေးဘဲ ဝရန်တာ ထွက် နေမိ၏။ ဘယ်လိုပဲဖြစ်ဖြစ် သူမ ပျောက်သွားတာ သေချာရင် နောက် တော့ သူ အိမ်ကိုပဲ လိုက်လာရမှာပါ။

သိပ်မကြာပါ နာရီဝက်လောက်နေတော့ ခြံထဲသို့ ပရာဒို လေး ပြန်ဝင်လာခဲ့၏။ ကားမောင်းလာခဲ့တာ သူမှန်းလည်း ဟိုအဝေး တည်းက လှမ်းမြင်နေရသည်။ သူမက ဒယ်ဒီ မမြင်ခင်မှာ အရင်ဦးအော လှမ်းခေါ်လိုက်၏။

တော်ပါသေးရဲ့ ကောသရာက နားပါးစွာ ကြားပေလို့ပေါ့။ သူ မြင်တော့ မျက်မှောင်ကြီးကျုံ့ကာ ကြည့်နေ၏။ ခွန်းချိုက ခုနက တင် ရေးထားသော စာတိုလေးကို အောက်သို့ ပစ်ချပေးလိုက်သ သူက သွက်လက်စွာ ကောက်ယူပြီး ကားကို သိမ်းလိုက်၏။

နောက်ဆယ့်ငါးမိနစ်မျှ အကြာမှာတော့ ဧည့်ခန်းထဲတွင်





သရာ့ကို ညကအကြောင်း မေးနေတာ ခွန်းချို အားလုံး ကြားနေရ၏။ သူမက လှေကားထိပ်နားကနေ ခိုးနားထောင်နေခြင်း ဖြစ်သည်။ ကောသရာ ဖြေသွားတာတွေလည်း ခွန်းချို ဖြေသွားတာတွေနှင့် တစ်ထပ်တည်းပင် ဖြစ်၏။

ခုနက ပစ်ချပေးလိုက်သော စာတိုလေးထဲမှာ ဒယ်ဒီ့အား ခွန်းချို ဖြေခဲ့တာတွေကို တစ်လုံးမကျန် ရေးပြလိုက်တယ်လေ။ အဲဒါကြောင့်လည်း သူမတို့နှစ်ယောက်ရဲ့ အဖြေများ တူညီနိုင်ခြင်းပေါ့။

ခုမှပင် ရင်ထဲက အလုံးကြီး ကျသွားတော့၏။ လေပူကြီးတစ်ချက်ကိုပင် ဟူးခနဲ မှုတ်ထုတ်ပစ်လိုက်မိသည်။ စိတ်ထဲမှာ ပေါ့ပါးလန်းဆန်းသွားနှင့် ခုမှပင် ရေကို ဝအောင် စိမ်ချိုးပစ်လိုက်တော့၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဘာလို့ အဲလို လုပ်တာလဲ"

ခွန်းချိုက သူ့ကိုခေါင်းအပေါ်ထပ်သို့ ဘယ်သူမှ မသိအော
အသာလေး ခိုးတက်လာခဲ့ခြင်း ဖြစ်၏။ ဒယ်ဒီလည်း ကုမ္ပဏီသွား
သည်မို့ ပြဿနာ မရှိပါ။ ပြီးတော့ ဒယ်ဒီ ယုံကြည်အောင်လို့ သူမသ
သုံးလေးရက်လောက် အိမ်တွင်းအောင်းနေလိုက်ရသေး၏။

သူမ အပြင်တွေ ဆက်ထွက်နေလျှင် ကေသရာနဲ့ အဖြ
တွေ့နေမည်မို့ အိမ်ထဲမှာပဲ ရှောင်နေလိုက်ခြင်း ဖြစ်၏။

ခုဆို ကေသရာ့မှာ အလုပ်တစ်ခု တိုးလာခဲ့၏။ ဒယ်ဒီ့
ကုမ္ပဏီအသွား လိုက်ပို့ရခြင်း ဖြစ်သည်။ ကုမ္ပဏီမှာက ဒရိုင်ဘာ
ယောက် သက်သက်ရှိသည်မို့ ကျန်သည့်အပိုင်းများကိုတော့ သူ တာ





မယူရပါ။

"ဘာကိုပြောတာလဲ ခွန်းချို"

"မိတ်ဆုံစားပွဲနေ့က ကိစ္စလေ"

"အဲဒါ ကိုယ်က ခွန်းချိုကို မေးရမှာပါ။ မင်းအသိမိတ်ဆွေတွေ ကြားထဲမှာ ကိုယ့်ကိုတစ်ယောက်တည်း ပစ်ချထားပြီး မင်းကတော့ အိမ်ပြန်လာတာ ကောင်းသလား"

"ဟာ အဲဒါက ဆန်းသစ်စ ရောက်လာတာလေ။ သူ ရောက်လာပြီး အတင်းဆွဲခေါ်လို့ အိမ်ပြန်ပါလာတာ၊ တော်တော် ဂရုစိုက်တယ် ဟုတ်လား။ ပြန်ပေးဆွဲသွားရင်တောင် သိမှာ မဟုတ်ဘူး"

အဲဒီလို ပြောတော့လည်း သူက ရယ်နေပြန်သည်။ သူမတာ မျက်စောင်းထိုးပစ်လိုက်၏။

"ပြောပါဦး ဘာလို့ အဲဒီနေ့က သူငယ်ချင်းတွေရှေ့မှာ မဟုတ်တာတွေ လျှောက်ပြောတာလဲ"

သူမက နှုတ်ခမ်းလေးဆူလျက် ခပ်ဆတ်ဆတ် မေးလိုက်သည်။

"ကိုယ် ဘာပြောလို့လဲ"

"ခုမှ မသိချင်ယောင် ဆောင်နေတယ် ဟုတ်လား။ ဘာအဲ့ နှင်းရယ်တဲ့ဆိပ်နဲ့ သစ်သီးပိုင်တွေ ထုတ်တယ် ဟုတ်လား"

"ကိုယ် အဲဒီလို ပြောလိုက်တော့ မင်း ဂုဏ်တက်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး ကိုယ့်ဂုဏ်နဲ့ကိုယ် ရှိပြီးသားပါ၊ အဲဒီလိုကြီး
လိုက်တော့မှသာ အလိမ်တွေ ပေါ်ကုန်ရင် သွားပြီ၊ ချစ်ခွန်းချိုရဲ့ သိ
တွေ နည်းနည်းမှ ရှိတော့မှာ မဟုတ်ဘူး"

"ဒါဆို ကိုယ်က ဘာလဲ၊ မင်းရဲ့ ဒရိုင်ဘာပါလို့ အမှန်အတိုင်း
ပြောစေချင်ခဲ့တာလား"

"အဲ အဲဒီလိုလည်း မဟုတ်ဘူးလေ"

အဲဒီလိုကျပြန်တော့လည်း သူမ လက်မခံနိုင်ပါ။ ချစ်ခွန်း
ချစ်သူဟာ ဒရိုင်ဘာတစ်ယောက်ဆိုတာကို ဘယ်လိုနည်းနဲ့မှ လက်မ
ပါ။ အမှန်တရားဆိုပေမယ့် အဲဒီ အမှန်တရားကို လူတွေသိကျ
သူမ ရှက်လွန်းလို့ သေဆုံးသွားနိုင်ပါသည်။

"မင်းက အမှန်အတိုင်းကျတော့လည်း မပြောစေချင်ဘူး
ပြောတော့လည်း မကျေနပ်ဘူးဆိုတော့ ကိုယ် ဘာလုပ်ပေးရမှာလဲ

"ထားလိုက်ပါတော့လေ၊ လောလောဆယ်တော့ ဘယ်သူ
လည်း အဲဒါကြီးကို လိုက်စုံစမ်းနေမယ် မထင်ပါဘူး"

"ဩော် ဟိုးက ပုံပေါ်မှာ မင်းဝယ်ပေးထားတဲ့ အဝတ်အ
တွေ အားလုံးရှိတယ်၊ ပြန်ယူသွားလိုက်တော့"

"ဟွန် ပြန်ယူသွားပြီး ဘာလုပ်ရမှာလဲ"

"လုပ်ချင်တာ လုပ်ပေါ့၊ ကိုယ်က အဲဒီတုန်းက မင်းကို ကျ





အကဲသက် ဝတ်ပေးခဲ့တာပဲ ရှိတယ်"

"မသိဘူးကွာ ပြန်မယူသွားဘူး။ တစ်ယောက်ယောက် တွေ့
သွားရင် အထင်လွဲနေမှာပေါ့၊ မိန့်နွှာက အခန်းဝင်ရှင်းနေကျ"

"မင်းအခုဝင်မပြေရင်လည်း ထားခဲ့ပါ။ ကိုယ်ပဲ သိမ်းထားလိုက်
မယ်"

"ဒါမှ တို့ကိုကိုပေါ့"

"ဘာ ဘယ်လို ခေါ်လိုက်တယ်"

ကောသရာက အံ့ဩလွန်းမက အံ့ဩနေသော မျက်နှာနှင့်
ပြောလိုက်သည်။ အဲဒီလိုကြီးကျတော့လည်း သူမ ရှက်ကာ ခေါင်းငုံ့ထား
မိ၏။

"ကိုကို လို့ ခေါ်လိုက်တာလေ"

ခပ်ဖွာဖွာ ထိုင်နေရာကနေ သူမအနားသို့ ကောသရာ ချက်ချင်း
ရောက်လာသည်။ ပြီးတော့ သူမ မျက်နှာလေးကို စေ့စေ့ကြည့်ကာ

"အရမ်းလိမ္မာတာပဲကွာ"

ကောသရာက ပြုံးရယ်ကာ သူမ မန်းလေးကို ဖွဖွဖက်ထားလိုက်
၏။

"နောက်ဆို အဲလိုပဲ ခေါ်မှာလား"

သူမ ညင်သာစွာ ခေါင်းညိတ်ပြလိုက်သည်။ ဘာတွေပြီးပါစေ



www.burmeseclassic.com

www.burmeseclassic.com



တော့ ခွန်းရှို့သည့် ကေသရာ့ကို ရင်ထဲက နှစ်နှစ်ကာကာ ချစ်မြတ်နိုး နေမိပါပြီ။ ကေသရာသာ သောဖမှာ ရှိနေမည်ဆိုလျှင် အရာအားလုံးကို ရင်ဆိုင်ရဲသည့် သတ္တိတွေ ရှိနေခဲ့ပါပြီ။

■ ■ ■

"သမီးကို ဒယ်ဒီ ပြောစရာ ရှိတယ်ကွယ်၊ ခဏနေရင် စာကြည့်ခန်းထဲကို လာခဲ့ပါ"

ထမင်းဝိုင်းတွင် ဒယ်ဒီက စားသောက်နေရင်းနှင့် ပြောသည်။ သူမ ရင်ထဲ နည်းနည်းထိတ်သွားၿ။ ဒယ်ဒီက အတည်ပေါက်နှင့် ပြောစရာရှိတယ်ဟု ဆိုလာလျှင် အရေးကြီးကိစ္စတစ်ခုခု ရှိလို့ပဲ ဖြစ်ကိုဖြစ်ရမည်။

ခွန်းရှို့ ထင်သည့်အတိုင်းပါပဲ၊ အခန်းထဲ ရောက်သည်နှင့် ဒယ်ဒီက သူမကို ခပ်တည်တည်ပင် ကြည့်လျက်

"ထိုင် သမီး သမီးအတွက် အရေးကြီးတဲ့ကိစ္စတစ်ခု ဒယ်ဒီ ဖွင့်ပြောပြမလို့"

"ဟုတ်ကဲ့ ပြောပါ ဒယ်ဒီ"

ဒယ်ဒီက ကော်ဖီတစ်ငုံ ယူငုံလိုက်ပြီး ခွက်ကို ဖွဖွလေး ပြန်





...လိုက်ကာ

"သမီးလည်း အသက်နှစ်ဆယ့်သုံးနှစ် ပြည့်ပြီးပြီဆိုတော့ အိမ်...ထောင်ချထားပေးမလို့ပဲကွဲ့"

"ရှင်"

ပြောမယ့်ပြောတော့လည်း ဒယ်ဒီက တဲ့တိုးကြီးကို ပြောချလိုက်...ခြင်း ဖြစ်သည်။ မျက်လုံးပြူးသွားလောက်သည့်ကို ဒယ်ဒီ့စကားက ထ...သွားပါသည်။

"ဒယ်ဒီက သမီးကို အိမ်ထောင်ချထားပေးဖို့ လာပြောနေတာ...ထားလို့လား၊ ဆန်းသစ်စတော့ မဟုတ်ပါဘူးနော်"

သူမက တမင်သက်သက် ရယ်မောကာ ပြောချလိုက်၏။

"သေချာတယ် သမီး၊ မောင်ဆန်းသစ်စ ပဲ"

"ဟာ ဒယ်ဒီကလည်း အဓိပ္ပါယ် မရှိလိုက်တာ၊ သမီး သူ့ကို...ယ်လိုနည်းနဲ့မှ လက်ခံလို့ မရဘူး။ ယောက်ျားကြီးဖြစ်ပြီး နေရာတကာ...သွင်းတယ်၊ သူ့မှာ ရုပ်ကလေးချောပြီး ဝတိုင်လေး မိုက်တာကလွဲရင်...မှ မရှိဘူး ဒယ်ဒီရဲ့"

သူမက ဆန်းသစ်စကို သဘောမကျသည့်အတိုင်း ပွင့်ပွင့်လင်း...လင်း ဖွင့်ပြောပြလိုက်ပေမယ့် ဒယ်ဒီကတော့ ခေါင်းကိုသာ အဆက်မပြတ်...ခါနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ဒယ်ဒီပုံကြည့်ရတာ ယတိပြတ် ဆုံးဖြတ်ထား ခဲ့ပြီးသည့်ပုံပါပဲ။

"ဒယ်ဒီ သမီး ပြောတာတွေကို ကြားတယ် မဟုတ်လားဟင်"

"ကြားတယ် သမီး၊ ဒါပေမဲ့ အဲဒါတွေက ပြင်ဆင်မယ်ဆို ပြင်လို့ ရတဲ့ကိစ္စတွေပဲ၊ မောင်ဆန်းသစ်စက သမီးကို သိပ်ချစ်ရှာတယ် ငါ့သမီးလေးအပေါ်မှာလည်း အနွံအတာ ခံမယ့်ပုံ အပြည့်ပဲ"

သူမ စိတ်ပျက်လွန်းနေပါပြီ။ ကိုကိုရေ ဒီမှာ ခွန်းချိုကို ထာ ကြည့်ပါဦး။

"ဘယ်လိုတွေပဲဖြစ်ဖြစ် သမီးကတော့ ဆန်းသစ်စကို နည်း နည်းမှ သဘောမကျဘူး၊ ဒယ်ဒီ"

"မရဘူး သမီး။ အဲဒါ ပြစ်ချက်တစ်ခု မဟုတ်ဘူး။ အဲဒီဟာတို့ အကြောင်းပြပြီးတော့ သမီးလေး ငြင်းဖို့ မကြိုးစားပါနဲ့၊ ဒယ်ဒီ ခွင့်မပြု ဘူး"

"မဟုတ်သေးဘူး ဒယ်ဒီရယ်"

သူမ ရှင်းပြရန် ကြိုးစားသော်လည်း ဒယ်ဒီက ဘယ်လို လက်ခံမည့် အနေအထားမှ မရှိတာကို ကြည့်တာနှင့်ပင် သူမ သိလိုက် သည်။ ဒယ်ဒီ ဘာဖြစ်လို့များ ဒီကိစ္စကို မြန်းစားကြီး စီစဉ်ချင်ရတာ လိမ့်။





"ကဲ သမီး သွားချင် သွားလို့ရပြီ"

"သမီး လက်မခံဘူးနော် ဒယ်ဒီ"

ခွန်းချိုဘက်က လုံးဝ လက်မခံနိုင်တာကိုတော့ ဒယ်ဒီ သိနေ စေချင်ပါသည်။ ထို့ကြောင့်ပင် အသံကို အတတ်နိုင်ဆုံး မာမာပဲ ပြောပစ် လိုက်၏။ ဒယ်ဒီကတော့ အပြုံးမပျက်ပါ။

"ပြောပြီးသားပဲ ဒယ်ဒီက သမီးကို ဒီကိစ္စ တိုင်ပင်နေတာ မဟုတ်ဘူး။ အသိပေးတာ၊ ပြောပြတာလေ သမီး သိလား"

"ဟင့်အင်း သမီး မသိချင်ဘူး ဒယ်ဒီ"

"မသိချင်လို့ လုံးဝ မရဘူး သမီး။ မနက်ဖြန်ကျရင် ကိုသော်တာ တို့ လင်မယားပါ လာကြလိမ့်မယ်"

"ဟင်"

သူမ ဘာမှ မပြောနိုင်တော့ပါ။ နေရာမှာတင် ကျောက်ရုပ် တစ်ရုပ်ကဲ့သို့ ငြိမ်သက်စွာ ရပ်တန့်နေမိသည်။ အမြဲတမ်း ဒယ်ဒီ့ဆီက အလိုလိုက်မှုတွေကိုပဲ ရခဲ့သမျှ ခုတစ်ခါတော့ ဒယ်ဒီက အလျှော့ပေးမည့် ပုံ မပေါ်ပါ။

ခွန်းချို ဘယ်လိုလုပ်ရမလဲ ကိုကိုရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

"ခွန်းချို တကယ်ပြောနေတာလား"

သူ ထိတ်လန့်သွားမိသည်။ ခွန်းချိုကို မနက်ဖြန်ဆို ဆန်းသစ်စက လာတောင်းတော့မည် တဲ့။ သူ ဘာလုပ်ရမှာလဲ။ ဘာလုပ်နိုင်မှာလဲ။

ကန်ပေါင်နားမှာ ကားထိုးထားပြီး စကားပြောနေကြခြင်း ဖြစ်ပေမယ့် နှစ်ယောက်လုံး ရင်ထဲမှာ အေးမြ လန်းဆန်းသော လေကို အငွေ့အသက်နှင့် ဆန့်ကျင်စွာပင် ပူလောင်နေကြ၏။

ခွန်းချိုနဲ့ ပတ်သက်ပြီး သူ ဘာမှ မတတ်နိုင်တော့ဘူးလား။ အဲဒီလိုပဲ ထိုင်ကြည့်နေရတော့မှာလား။ ရင်ထဲမှာ ပျာယာခတ်နေသော်လည်း မျက်နှာပေါ်မှာတော့ မပေါ်အောင် ထိန်းချုပ်ထားလိုက်ပါသည်။ သူက သွေးပျက်ပြနေလျှင် ခွန်းချိုက ဘယ်အားကိုးနိုင်ပါတော့မလဲ။





ထို့ကြောင့်ပင် စိတ်ကို အတည်ငြိမ်ဆုံး ထားထားပါသည်။

"ခွန်းချိုတို့ ဆန်းသစ်စကို ဖွင့်ပြောလိုက်ရင် ကောင်းမယ်နဲ့တူတယ် ကိုကို"

"ဟာ မဖြစ်ဘူး ခွန်းချို၊ သူဟာ အဲဒီလို ပြောပြလိုက်လို့ အသာတကြည်နဲ့ လွှတ်ပေးမယ့် လူမှ မဟုတ်တာ၊ ပိုတောင်ဆိုးသွားဦးမယ်၊ အဲဒါတော့ လုံးဝ မလုပ်လိုက်နဲ့"

"အဲဒါကို ခွန်းချိုတို့ ဘယ်လိုလုပ်ကြမှာလဲ ကိုကိုရဲ့"

ငိုသံလေးများပင် ပါနေပြီဖြစ်သော ခွန်းချို အသံလေးကို နားထောင်ပြီး သူ တော်တော်သနားသွားမိသည်။ ချစ်ခွန်းချို ဆိုတာ မျက်ရည်ဆိုတာမျိုးကို မရင်းနှီးပါဘဲ ကြီးပြင်းလာခဲ့ရသော လိုတရ မင်းသမီးလေးတစ်ပါး ဖြစ်၏။

ခုလို သူ့ကို ချစ်မိတော့မှပင် အမြဲလိုလို စိတ်ဆင်းရဲကာ ငိုကြွေးနေရ၏။ အဲဒီလို မြင်ကွင်းမျိုးကို သူ ဘယ်လိုအင်အားမျိုးနဲ့ ကြည့်နေနိုင်မှာလဲ။

"ကိုကို့ကို ချစ်မိတာကိုက ခွန်းချို ငိုကြွေးဖို့ ဖြစ်လာတယ်နဲ့ တူတယ်"

"အဲဒီလို မပြောပါနဲ့ ကိုကိုရဲ့၊ ခွန်းချို ငိုနေတာက ကိုကို့နဲ့ ခွဲရမှာစိုးလို့ပါ၊ ကိုကို့နဲ့ခွဲရရင် ခွန်းချို သေသွားလိမ့်မယ်နဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



တကာယ်ကို ဆတ်ဆတ်ကြဲ မာနခဲမလေးရဲ့ ပါးစပ်ကနေ ထွက်ကျလာသော ထိုစကားများသည် သူ့အတွက် သီးသန့်ဖြစ်နေခဲ့တာကတော့ အံ့ဩစရာ ကောင်းလွန်း၏။

သူကိုယ်တိုင် နာကျည်းစွာနှင့် လက်စားချေလိုခဲ့သော မိန်းမတစ်ယောက်ကို သူသည်လည်း ထူးဆန်းစွာပင် အသည်းပေါက် မတတ်ချစ်နေမိပြီး ဝေးရမှာကို မတွေးချင်လောက်အောင် စိုးကြောက် နေမိသည်။

"ကိုကိုလည်း ခွန်းချိုနဲ့ ခွဲရမှာကို မခံနိုင်ပါဘူးကွာ"

သူ့ပခုံးပေါ်မှာ နွဲ့မှီလာသော ခွန်းချို နဖူးလေးကို သူ့မေး ဖြင့် ပွတ်သပ်လျက် ညင်သာစွာ နှစ်သိမ့်ပေးနေရသည်။

"မငိုလိုက်ပါနဲ့ ခွန်းချိုရယ်၊ မင်း ငိုလိုက်ရင် ကိုယ့်မှာ ရင်ဆို အင်အားတွေ ဆုတ်ယုတ်ကုန်မှာမို့ပါ၊ အဲဒါကြောင့် ဘယ်တော့ မျက်ရည် မကျလိုက်ပါနဲ့နော်၊ ကိုကို့ကို အဲဒီ ကတိပေးလား"

ခွန်းချိုက သူ့ရင်ခွင်ထဲကနေ မျက်လုံးလေး လှမ်းကြည့်လျ

"ကိုကိုနဲ့ ဘယ်တော့မှ မခွဲရပါဘူးလို့ ကိုကို့ဘက်က ကတိ နိုင်ရင် ခွန်းချိုလည်း မငိုတော့ဘူးလို့ ကတိပေးမယ်လေ၊ ကိုကို ကတိပေးလား"

သူ ခွန်းချိုရဲ့ လက်လေးကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပြီး





"ကိုကိုတို့ ဘယ်တော့မှ ခွဲရမှာ မဟုတ်ပါဘူး ကလေးရဲ့၊ အဲဒါကြောင့် မငိုနဲ့နော်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

ဆန်းသစ်စရဲ့ မာစီဒီးအနက်ရောင် ကားကြီး ခြံထဲကို ဝင်လာ

တာ လှမ်းမြင်လိုက်ရတည်းက သူမ စိတ်ရှုပ်သွားမိသည်။ ကားပေါ်မှ

ဆင်းလာသော ဆန်းသစ်စ မိဘတွေ မျက်နှာကတော့ တကယ့်ကို

ရွှန်းရွှန်းဝေနေ၏။ ဒယ်ဒီကိုယ်တိုင် အိမ်ရှေ့ကနေ ထွက်ကြိုပြီး ဖက်ရ

တကင်း ဖြစ်နေကြသည်။

သူမ ကြည့်မရဆုံးကတော့ ဆန်းသစ်စ ပဲပေါ့။ ကားပေါ်က

ဆင်းလာတည်းက မျက်လုံးများက တစ်စုံတစ်ခုကို ရှာဖွေနေကြသည်

ဟန်၊ အဲဒါ ခွန်းချိုကိုပဲ ဖြစ်မည်။ မျက်နှာကိုက ကြည့်ပါလား။ လှပ်ရှာ

တာတွေ လုပ်လိုက်ရ၍ စိတ်ကျေနပ် ပျော်ရွှင်မှု အပြည့်အဝရနေသော

မို့တက်နေသည့် ချောကလက်ရုပ်နဲ့။





ခွန်းချိုက စိတ်ပျက်ပျက်နှင့် မျက်နှာကို မဲ့ရွဲ့လိုက်မိပြီး ပြတင်းပေါက်ကနေ ကိုယ်ကို ခွာလိုက်၏။ ဘယ်လိုလုပ်ကြမလဲ နောက်ဆုံးတော့ ဆန်းသစ်စသည် တကယ့်ကိုပဲ ခွန်းချိုကို လာရောက်တောင်းရမ်းနေခဲ့ပြီ။ သူမ လက်မခံနိုင်ပါ။ သူမက ကိုကို့တစ်ယောက်တည်းကိုသာ ရင်ထဲကနေ တွယ်တာစွာ ချစ်နေမိသည်။

ဘယ်လိုမှ ဆန်းသစ်စကို စိတ်ကူးထဲတောင် ထည့်မပေးနိုင်ပါ။ ဒါကို ဆန်းသစ်စ သိမှ ဖြစ်လိမ့်မည်။ လူကြီးတွေ စုံတုန်း သူမ ဖွင့်ပြောပြလိုက်ရင် ကောင်းမလား။ သူမရဲ့ ချစ်သူဟာ ကောသရာပါလို့လေး ဒါဆိုရင် ဒယ်ဒီ့ကို သိက္ခာကျအောင် လုပ်သလိုတော့ ဖြစ်သွားမည်။

ဟူး ခွန်းချို စိတ်တွေ ယောက်ယက်ခတ် လွန်းလှပြီ။

"မမလေး အောက်မှာ ဧည့်သည်တွေ ရောက်နေပြီမို့လို့ ဆင်းလာခဲ့ပါတော့ တဲ့၊ ဆရာ ခေါ်နေပါတယ်"

အခန်းဝတွင် လာခေါ်သော မိနှစ္စာကို ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး ထွက်သွားရန် လက်ပြလိုက်၏။ အခန်းတံခါးကို ပြန်ပိတ်ကာ မိနှစ္စာ ထွက်သွားသည်။

ခုချိန်မှာ သူမ ဘယ်သူနဲ့မှ မတွေ့ချင်။ ဘယ်သူ့အသံကိုမှ မကြားချင်။ ဘယ်လိုလှုပ်ရှားမှုကိုမှလည်း မလုပ်ချင်တော့စွာ အလွန်ကြီး ပြတ် ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီကလည်း ဒီကိစ္စကို ငြင်းခွင့်ပေးမှာ မဟုတ်တာ သေ
နေခဲ့ပြီ။ အရင်ကလို သူမ ဆန္ဒအတိုင်း မဖြစ်နိုင်တော့တာလည်း သေ
နေသည်။

သူမ ကိုကိုနဲ့လည်း မဝေးချင်ပါ။ ဘယ်လိုမှလည်း ဖွင့်ပြော
၍ မဖြစ်သော ဇာတ်လမ်းမျိုး ဖြစ်သည်။ ချစ်ခွန်းချိုလို မိန်းမကာစ်ယော
က သူမရဲ့ ဒရိုင်ဘာနှင့် ပြန်ကြိုက်နေသည်ဆိုလျှင် ပတ်ဝန်းကျင်တ
လုံးက ဘယ်လိုတွေ ပြောကြမလဲ။ လှောင်ပြောင်လိုသော ကဲ့ရဲ့လိုသေ
အထင်သေးသော အကြည့်ပေါင်းစုံနှင့် ကြည့်ကြမှာပေါ့။

ဒီမိန်းမ ဒီလောက် မာနကြီးခဲ့တာ နောက်ဆုံး ဘာဖြစ်သွ
သလဲဆိုတော့ အကြည့်တွေနဲ့ မျက်လုံးတွေကို ခွန်းချို ကြောက်မိတ
တော့ အမှန်ပါပဲ။ ပြီးတော့ ဒီကိစ္စကြီးကို ဖွင့်ပြောပြလိုက်လျှင် အ
တကွဲနှင့် အထင်သေးခံရမှာ သူမ တစ်ယောက်တည်းလည်း မဟု

ပတ်ဝန်းကျင်မှာ သိက္ခာကြီးမြင့်စွာ နေလာခဲ့သော ဒယ်ဒီ
ထိခိုက်တော့မည်။ ဒီလို အဖြစ်မျိုးကိုလည်း ခွန်းချို လက်မခံနိုင်ပြ
ဘယ်လိုလုပ်ရပါ့မလဲ။ စဉ်းစားရလွန်းလို့ သူမ ခေါင်းပင် မီးထတော
တော့မတတ် ဖြစ်နေခဲ့ပြီ။

ထိုအချိန်မှာပင် တံခါးခေါက်သံ ပေါ်လာပြန်၏။ သူမ စိတ်
သွားသည်။ ဘယ်သူ့ကိုမှ မတွေ့ချင်လို့ တစ်ယောက်တည်း အခန်းထဲ





ပိတ်ပြီး နေနေကာမှ တစ်ယောက်ပြီးတစ်ယောက် လာနှောင့်ယှက်နေကြ
သည်။

အဆက်မပြတ် ထွက်ပေါ်နေသော တံခါးခေါက်သံကြောင့် သူမ
စိတ်ကနေ မျိုးစုံရေရွတ်ပြီး ထဖွင့်ပေးလိုက်သည်။ အခန်းဝတွင် မြင်
လိုက်ရသူကြောင့် ခွန်းချို သေချင်စော် နံကာ တံခါးကိုပင် ပြန်ပိတ်ရန်
ကြိုးစားလိုက်၏။ သို့သော် ဆန်းသစ်က လက်သွက်စွာပင် တံခါးကို ပြန်တွန်း
ထားပါသည်။

"နင် ဘာလုပ်တာလဲ"

"မင်း ဘာလို့ ဆင်းမလာသေးတာလဲ"

"ငါက ဘာကိစ္စ ဆင်းလာရမှာလဲ"

သူမက တံခါးကို ပိတ်ရန် ကြိုးစားနေသော်လည်း ဆန်းသစ်
ရဲ့အားကို မတွန်းကန်နိုင်ဘဲ ဖြစ်နေခဲ့၏။ ခွန်းချိုကသာ အားကုန်တွန်း
နေရပေမယ့် ဆန်းသစ်ကတော့ ပြုံးပြုံးလေးပါပဲ။ ပြုံးနိုင်မှာပေါ့။ ခုချိန်
မှာ ခွန်းချိုက အားနည်းတဲ့ဘက်ကို ရောက်နေခဲ့ပြီ မဟုတ်လား။

ကိုယ့်ဘာသာ တွေးရင်းနှင့် မျက်ရည်က ဝဲတက်ချင်လာပြန်
သည်။ ဒါပေမဲ့ သူမ မငိုပါ။ ကိုကို့ကို ပေးထားသော ကတိအား ခွန်းချို
ဖျက်ပါဘူးလေ။

နောက်ဆုံးတော့ သူမပင် အလျှော့ပေးလိုက်ကာ တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ထားသော လက်များအား ဖြေလွှတ်ပေးလိုက်၏။ ဒါပေမဲ့ ဆန်းသစ်စ ကိုတော့ မျက်နှာချင်းမဆိုင်ပါဘဲ အခန်းထဲသို့ လှည့်ဝင်လာခဲ့သည်။ ဆန်းသစ်စ နောက်ကနေ ပါလာပါ၏။

"အောက်မှာ ဖေဖေတို့ ပါတယ်၊ ချို ဆင်းတွေ့လိုက်ပါနော်"

"ငါ မတွေ့ချင်ဘူးလို့ ပြောပြီးပြီနော်"

သူမသည် နောက်ဆုံးအချိန်ထိ အလျှော့မပေးနိုင်တာကတော့ သေချာသည်။

"ဘာဖြစ်လို့လဲ အောက်မှာ ကိုယ့်မိဘတွေ ပါလာတယ်၊ ချိုက မျက်နှာပျက်အောင် လုပ်မလို့လား၊ ဟင်"

"နင့်မိဘတွေကိုတော့ ဒယ်ဒီ့ကိုယ်စား အားနာပေမယ့် သူတို့နဲ့ ငါ့ကြားမှာ မျက်နှာပျက်စရာကိစ္စတွေ ဖြစ်အောင် ဖန်တီးခဲ့တာက နင် ကိုယ်တိုင်ဆိုတော့ နင်ပဲ ဖြေရှင်းလိုက်ပေါ့"

"မင်း အဲလို မပြောနဲ့ ချို"

"အဲလို မပြောလို့ ငါက ဘယ်လိုပြောရမှာလဲ၊ ဒီကိစ္စကြီးတစ်ခုလုံးကို ငါ့စိတ် ငါ့သဘော ဘာမှမပါဘဲနဲ့ နင့်ဘာသာ စီစဉ်ခဲ့တာ၊ အဲဒါမှာ ငါ့ကိုလာပြီး မျက်နှာပျက်အောင် မလုပ်ပါနဲ့လို့ လာမတောင်းဆိုနဲ့တော့၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"မင်း တကယ်ပဲ အဲလို လုပ်တော့မှာလား ချို"





"ဟုတ်တယ် ငါ အဲလိုပဲ လုပ်မှာ"

"သေချာပြီလား"

"သိပ်သေချာတာပေါ့"

သူမရဲ့ မျက်နှာသည် ပကတိ တည်ကြည်သော မျက်နှာသာ ဖြစ်၏။ ခုချိန်ထိ သူမ စိတ်ထဲက ဆုံးဖြတ်လို့ ပြီးသွားပြီ။ ဒီကိစ္စကြီးသော ပျက်သွားမည်ဆိုလျှင် သူမ ဘာမဆို လုပ်ပါမည်။

"ဒါဆိုရင် ကိုယ့်ကို အကြောင်းပြချက်ပေးပါ"

"တချို့ကိစ္စတွေက အကြောင်းပြချက် မလိုဘူးလေ ဆန်းသစ်စရဲ့ ဒါပေမဲ့ နင့်ကိုငါ အကြောင်းပြချက် ပေးမှာပါ။ နင့်ကိုငါ ငြင်းရတာ အဓိကကတော့ အဲဒီ အကြောင်းပြချက်ကြောင့်ပေါ့၊ ဒါပေမဲ့ အဲဒီ အကြောင်းပြချက် မရှိရင်လည်း နင့်ကိုငါ ငြင်းမှာပဲ"

သူမ စကားကြောင့် ဆန်းသစ်စ မျက်နှာက တော်တော်လေးကို ပျက်သွားသည်။ သို့သော် သူက ကိုယ့်ကိုယ်ကို ခပ်တည်တည် မျက်နှာမျိုးဖြစ်အောင် ချက်ချင်းပြင်လိုက်ပြီး

"ပြောလေ ငါ နားထောင်နေပါတယ်"

ဘယ်လိုပဲဖြစ်ဖြစ် သူမ ပြောလိုက်ပါတော့မည်။ အဲဒီတော့ ကိစ္စတွေ အားလုံးသည် ရှင်းလင်းသွားမှာ ဖြစ်၏။ ဒီအချိန် မေမေ့ကို ဖြစ်ရင်လည်း ကိစ္စတော့ သိပ်မရှိ၊ အိမ်မှာ ကေသရာ မရှိလို့သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဖေဖေ ဦးမြတ်မောင်က ကံကောင်းထောက်မစွာ သတိပြန်လည်လာပြီး ခုဆို သူတို့အိမ်လေးကိုတောင် ပြန်ရောက်သွားခဲ့ပြီ။ ထို့ကြောင့် ကေသရာက သူ့ဖေဖေနှင့် ခဏသွားနေနေပါသည်။

သူမက စကားစပြောရန် အရှိန်ယူသည့်အနေနှင့် လော်ကို တစ်ချက်ပြင်းပြင်း ရှူသွင်းလိုက်ရသည်။

"တကယ်တော့ ငါ့မှာ ချစ်သူရှိတယ် ဆန်းသစ်စ"

ဆန်းသစ်စ မျက်နှာက ကမ္ဘာပေါ်မှာ အထူးဆန်းဆုံး စကားကို ကြားလိုက်ရသည့် လူပမာပါပဲ။ မျက်လုံးများပြူးကာ ပါးစပ်အဟောင်းသားနှင့် အံ့သြတကြီး ဖြစ်နေသည်။ ဒါပေမဲ့ အတန်ငယ်ကြာတော့ သူက အံ့သြနေသည့် အနေအထားကနေ ချက်ချင်းပင် တဟားဟားနှင့် အော်ရယ်တော့၏။

ဆန်းသစ်စ ရူးသွပ်သွားတာတော့ မဖြစ်နိုင်ပါ။

"ချိုရယ် မင်းကိုယ့်ကို လိမ်ချင်ရင်လည်း တခြားနည်းလမ်း သုံးချင်သုံးပါ ဟား ဟား ဟား။ ဘယ်လိုမှ မယုံကြည်နိုင်စရာ ယုတ္တိမရှိတဲ့ ကိစ္စကြီး။ မင်းက ချစ်သူရှိတယ် ဟုတ်လား။ မင်းက ရည်းစားထားနေတယ်ပေါ့ ဟုတ်လား"

ဆန်းသစ်စ ရယ်မောနေပုံက တကယ့်ကို လှိုက်လှိုက်လှဲလှဲ ဖြစ်၏။ သူမ ခံပြင်းသွားပါသည်။





"နင် ဘာရယ်နေတာလဲ ဆန်းသစ်စ"

"သိပ်ရယ်ရလို့ပါကွာ၊ မင်းက ရည်းစားရှိတယ် ဆိုတာလေး မင်းလို ဘယ်ယောက်ျားကိုမှ အလွယ်တကူ အထင်မကြီးတတ်တဲ့ မိန်းကလေးတစ်ယောက်က ဒီရက်ပိုင်းလေးအတွင်းမှာ ဘယ်လို ယောက်ျားမျိုးနဲ့ ရင်းနှီးသွားပြီး ဘယ်အခြေအနေထိ ဖြစ်ပျက်ကုန်တာလဲ၊ ကိုယ်တော့ နားမလည်နိုင်ဘူးကွာ ဟင်း ဟင်း"

ခုချိန်ထိ သူ မယုံသေးပါ။ ပြောပြနေရသော ခွန်းချိုပင် စိတ်ပျက်လာသည်ထိ ဆန်းသစ်စက ခွန်းချိုအား ချစ်သူမရှိလောက်ပါဘူးဟု ယုံကြည်နေလေသည်။

"နင် မယုံကြည်ဘူးဆိုရင်လည်း မတတ်နိုင်ဘူး။ ဒါပေမဲ့ အဲဒါတွေက အဖြစ်မှန်တွေပဲ"

သူမက နောက်ဆုံးအနေနှင့် စိတ်ပျက်လက်ပျက် ပြောပစ်လိုက်တော့ ဆန်းသစ်စ မျက်နှာ နည်းနည်းတော့ တည်သွားသည်။ တည်သွားသည်ဆိုတာကလည်း ခုနကလို ခွက်ထိုးခွက်လန် မရယ်တော့တာ ဖြစ်သည်။

"ဒါဆို မင်းချစ်သူက ဘယ်သူလဲ၊ ကိုယ် ယုံကြည်အောင် ပြောပြလေ"

ကဲ ဘယ်လိုလုပ်မလဲ သူမ ပြောရတော့မည်။ မပြောပြီးတာနဲ့

www.burmeseclassic.com



ထကြိုင်နက် အဖြစ်အပျက်တွေ အားလုံးဟာ လက်ရှိဖြစ်နေတာတွေကနေ ပြောင်းပြန်တွေ ဖြစ်ကုန်ရတော့မည်။ ကိုကို့နာမည်ကိုသာ သိလိုက်ရင် ဒီတစ်ခါတော့ ဆန်းသစ်စ တကယ် ရှုးသွပ်သွားမည်နှင့် တူ၏။

သူမမှာ ချစ်သူရှိတယ်ဆိုတာကိုတောင် လက်မခံနိုင်သော မယုံကြည်နိုင်သော ဆန်းသစ်စသည် အဲဒီ ချစ်သူဟာ ကေသရာမှန်းသာ သိလိုက်ရင် တော်တော်လေး ပွက်လောရိုက်သွားနိုင်ပါသည်။ ထို့ကြောင့်ပင် သူမက ဆုံးဖြတ်ချက်တစ်ခုကို ခပ်မြန်မြန် ချလိုက်ပြီး

"ငါတို့ တစ်နေရာရာမှာ သွားပြောကြရအောင်"

ဒီလောက်ဆိုရင်တော့ သူမ ပြောနေတာ အမှန်တွေမှန်း ဆန်း သစ်စ ရိပ်မိလောက်ပါပြီ။ မျက်နှာက တည်ရာကနေ ပျက်ချင်ချင် ဖြစ်လာ၏။ မတတ်နိုင်တော့ပါ။

"ကောင်းပြီလေ သွားကြတာပေါ့၊ နင့်ချစ်သူဆိုတာကို ငါလည်း တော်တော်လေး သိချင်ပါတယ်"

မင်းနဲ့ကိုယ်ဟု သုံးနှုန်းနေရာကနေ နင်နဲ့ငါဆိုပြီး ပြောင်း သွားသော ဆန်းသစ်စရဲ့ အခေါ်အဝေါ်ကြောင့် သူမ မဲ့ပြုံးလေး ပြုံးလိုက် မိသေး၏။ ခုလေးတက်ဆို ဆန်းသစ်စ ရင်ထဲမှာ ပေါက်ကွဲတော့မည့် ဗုံး တွေ ဘယ်နှလုံး ရှိနေပြီလဲ မသိပါ။

"နင့်မိဘတွေနဲ့ ဒယ်ဒီ့ကိုပဲ နင်ပဲ တစ်ခုခု အကြောင်းပြ





သွားပြောလိုက်ပါ၊ ငါ အဝတ်အစား လဲပြီး ဆင်းလာခဲ့မယ်"

ဆန်းသစ်စ သူမ အခန်းထဲကနေ တွန့်ဆုတ် တွန့်ဆုတ်နှင့် ပြန်ထွက်သွား၏။ ခွန်ရှိုးကတော့ စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းချုပ်ရင်း အဝတ်ကို မလဲချင် လဲချင်နှင့် လဲလှယ်နေရသည်။ ပေါ့ပေါ့ ပါးပါး ဖြစ်စေရန် ဂျင်းပင်တိုလေးနှင့် တီရှပ်ဆင်စွယ်ရောင်လေးကို ဝတ်ဆင်လိုက်သည်။ ဆံပင်တွေကိုလည်း ဒီတိုင်းပဲ ခပ်မြှင့်မြှင့်လေး စည်းနှောင်လိုက်သည်။

မျက်နှာကိုတောင် ဘာမှမလိမ်းခြယ်ခဲ့။ သူမမှာ လိမ်းခြယ်ချင် စိတ်လည်း မရှိလောက်အောင် စိတ်ညစ်ညူးနေရသည် မဟုတ်လား။ တော်ပါသေးရဲ့ ဘာမှမလိမ်းဘဲလည်း မွှတ်နေအောင် လှသော မျက်နှာ လေးမို့လို့ပေါ့။

အောက်ထပ်သို့ သူမ ဆင်းလိုက်သည်နှင့် ဧည့်ခန်းထဲတွင် ထိုင်နေကြသော လူအားလုံးရဲ့ မျက်လုံးများက သူမထံသို့သာ ရောက်လာ ကြသည်။ အနည်းငယ် အနေရခက်စွာပင် ပြန်လည်ပြုံးပြလိုက်ရ၏။

"သမီးနဲ့သား အပြင်ထွက်ပြီး မုန့်စားကြမလို့ဆို၊ သမီးလေးကို သွားကို အတင်းပူဆာနေတယ် တဲ့"

ဆန်းသစ်စ ဖေဖေက သူမကို ပြုံးကြည့်ရင်း တစ်ခွန်း ပြောလာ၏။ ခွန်ရှိုးမှာတော့ မရှိသွားဖြစ်သော လုပ်နေလိုက်ရသည်။ အသိုင်းအ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းအကဲခတ်မိတော့ သူမအား မျက်နှာတည့်ကြီးနှင့် ကြည့်နေတာ တွေ့လိုက်ရ၏။

ခုလိုမျိုး အပြင်ထွက်တာဟာ မုန့်စားချင်လို့ မဟုတ်မှန်း ဒယ်ဒီကတော့ ရိပ်မိနေမှာပေါ့။ ပြီးတော့ ညည့်သည့်တွေ ရောက်နေတာကိုတောင် အောက်သို့ ဆင်းမလာခဲ့သည့် သူမကြောင့် ဒယ်ဒီ မျက်နှာပူနေမှာပေါ့။

"ဒယ်ဒီ သမီး ဆန်းသစ်စနဲ့ အပြင်ခဏသွားမယ်နော်"

"အေး သမီး မောင်ဆန်းသစ်စကို အကုန်လျှောက် ပူဆာမနေနဲ့ဦး"

"အမယ်လေး ပူဆာစမ်းပါစေရှင်၊ သားက သမီးလေးကို သည်းသည်းလှုပ်နေတာလေ"

ဆန်းသစ်စ မေမေက ရွှန်းရွှန်းဝေအောင် ပြန်ပြောလိုက်ပြီ သည်။ လူကြီးတွေကတော့ သူမနှင့်ဆန်းသစ်စကိစ္စကို တော်တော်လေး အားတက်သရော ဖြစ်နေကြပုံ ရ၏။

"ဘယ်သွားမှာလဲ ဆန်းသစ်စ"

ကားပေါ်ရောက်တည်းက ငြိမ်သက်နေသော ဆန်းသစ်စကို သူမပင် စတင်စကားပြောလိုက်ရ၏။ ဆန်းသစ်စက လှရှင်းသော လမ်း သွယ်လေးတစ်ခု၏ ထောင့်ချိုးနားတွင် ကားထိုးရပ်လိုက်ပြီး

"ဒီမှာပဲ ပြောကြတာပေါ့၊ အေးအေးဆေးဆေး ပြောလို့ ရှာ





ဘူ"

ဟုတ်တော့လည်း ဟုတ်ပါသည်။ စားသောက်ဆိုင်တို့ ဘာတို့ ဆိုလျှင်တောင် အေးအေးဆေးဆေး ပြောနိုင်လိမ့်မည် မဟုတ်။

"ငါ ပြောပြရတော့မလား"

"ပြောလေ ငါ သေချာနားထောင်နေပါတယ်"

သူမသည် စိတ်ကို အပေါ့ပါးဆုံးဖြစ်အောင် ထားလိုက်ပြီးမှ သူ့ကို တစ်ချက်ရှိုက်သွင်းလိုက်ပြီး

"ငါ့ချစ်သူက ကေသရာ"

"ဘာ"

ကျယ်လောင်လှသော ဆန်းသစ်စ အသံက လှရှင်းသော လမ်းလေးထဲမှာ ကျယ်လောင်စွာ ဟိန်းထွက်သွား၏။ အဲဒီလို ဖြစ်လိမ့် မယ်လို့ သူမ ခန့်မှန်းပြီးသားမို့ နည်းနည်းမှ မလန့်မိပါ။

ဆန်းသစ်စရဲ့ သွေးပျက်သွားသည့် ပုံက တကယ့်ကို မယုံကြည် နိုင်စွယ်ပင် ဖြစ်သည်။ မျက်လုံးအပြူးသားနှင့် ခေါင်းတခါခါဖြစ်တာ သဘောရင်ကြီးကို ပြုတ်ထွက်သွားတော့မတတ် ဆုပ်ကိုင်ဖျစ်ညှစ်ထားလေ၏။

"နင် ငါ့ကို နောက်နေတာ မဟုတ်လား ချစ်ခွန်းရို့"

"ငါ မနောက်ဘူး ဆန်းသစ်စ၊ အမှန်တွေ ပြောနေတာပါ။ ငါနဲ့ ကေသရာနဲ့ ချစ်နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ"

ကားအက်ရှာဘုတ်ကို တဇုန်းဇုန်း ထုကာ သူ အော်ဟစ် ပေါက်ကွဲ
နေပါသည်။ ကြာတော့ သူမ စိတ်ရှုပ်ထွေးလာ၏။

"ဒီမှာ ဆန်းသစ်စ နင် ဘာလို့ အဲလောက်ထိ ဖြစ်ပျက်နေ
တာလဲ"

"ဘာ နင် ဘယ်လိုမေးလိုက်တယ် ချစ်ခွန်းရို့၊ အဲလောက်
ဖြစ်ပျက်ရတာပေါ့၊ နင့်ချစ်သူဆိုတဲ့လူက နင့်အိမ်က ဒရိုင်ဘာ
အဲဒီကိစ္စက ဘယ်လောက်တောင် ကြီးမားတယ်ဆိုတာ နင် တကယ်
မသိဘူးလား"

"အချစ်က ဒရိုင်ဘာတို့ သူဌေးသားတို့ကို သိတာ မဟုတ်
လေ ဆန်းသစ်စရဲ့"

ဆန်းသစ်စက ပေါက်ကွဲနေသလောက် သူမကတော့ သူ
တိုင်ပင် ပြန်အံ့ဩပယူရလောက်အောင် တည်တည်ငြိမ်ငြိမ်နှင့် ရှင်း
နိုင်သေးသည်။ ကိုကို့ နာမည်ကို ထုတ်ပြောလိုက်ပြီးပြီမို့ ရင်ထဲ
ရှင်းသွားတာလည်း ဖြစ်နိုင်ပါသည်။

"ဟား အဲဒီစကားမျိုးကို နင့်ပါးစပ်က ထွက်လာလိမ့်မယ်
ငါ လုံးဝထင်မထားဘူး။ နင် တော်တော် မျက်နှာပြောင်တိုက်ရဲ
"နင် ဘာကိုပြောချင်တာလဲ"





"ကိုယ့်အိမ်က ဒရိုင်ဘာတစ်ယောက်ကို ပြန်ကြိုက်ရဲတဲ့ နင့်ရဲ့
မျက်နှာပြောင်တိုက်မှုကို ပြောတာလေ"

"နင့်မှာ အဲဒီလို ပြောပိုင်ခွင့် မရှိဘူး။ အဲဒါကိုတော့ နင်
သတိထားပါ"

"ပြောရမယ် ပြောကို ပြောရမယ်၊ ဒီကောင်က နင့်လို သူဌေး
သမီးတစ်ယောက်ကို ကြိုက်ခဲ့တာ တကယ်စစ်မှန်တဲ့ ချစ်ခြင်းလို့များ
နင် မှတ်နေလား"

ဆန်းသစ်စ စကားကို သူမက လှောင်ပြုံးလေးနှင့် တုံ့ပြန်လိုက်
ရင်း

"အေး ဖြစ်ရင်လည်း ဖြစ်မှာပေါ့၊ ငါ့စည်းစိမ်တွေကို မက်လို့ပဲ
ဖြစ်ဖြစ်၊ ငါ့ကို ကလဲ့စားချေချင်လို့ပဲဖြစ်ဖြစ် တစ်ခုခုပေါ့၊ ဒါပေမဲ့ သူ့ကို
ငါကိုယ်တိုင်က ချစ်နေမိတာလေ၊ ပြီးတော့လည်း သူဌေးသမီးကို ချိုင်တယ်
ဆိုတာ သူတို့လို အတန်းအစားတွေပဲ လုပ်တတ်တာမျိုး မဟုတ်ပါဘူး။
အချင်းချင်း ပြိုင်ဆိုင်မှုတွေနဲ့ သူ့ထက်ငါ သာချင်တဲ့ လောဘတွေနဲ့
အပိုင်ချိုင်ချင်ကြတဲ့ လူတွေလည်း ရှိနေမှာပဲလေ"

ဆန်းသစ်စ မျက်နှာ နည်းနည်းပျက်သွား၏။ တကယ်ဆို ဆန်း
သစ်စတို့ လုပ်ငန်းတစ်ခု အသစ်ချဲ့သည့်နေရာမှာ ဒယ်ဒီ့ဆီမှ အကူအညီ
ကြီးကြီးမားမား ယူစရာ ရှိနေသည်လို့ သူမလည်း တစ်စွန်းတစ်စ ကြား



www.burmeseclassic.com

www.burmeseclassic.com



တားသားပဲ။

"ဒါပေမဲ့ သူတို့လို အောက်တန်းစားတွေက ပိုပြီး"

"နင်အခု ဘာစကားပြောလိုက်တာလဲ"

တည်ငြိမ်စွာနှင့် စကားပြောနေသော ခွန်းချို မျက်နှာ ရဲတက် သွားလျက် လူတစ်ကိုယ်လုံး ဒေါသတွေနှင့် ပြည့်နှက်သွားရသည်။ ဆန်း သစ်ကတော့ သူမ ခုလိုမျိုး ဒေါသဖြစ်သွားတာကို ကြည့်ပြီး အားရပါး ပင် ရယ်နေသေး၏။

"ဟား ဟား ချစ်ခွန်းချို ချစ်ခွန်းချို တော်တော်ရယ်ရတာပဲ အရင်ကတော့ နင်ကိုယ်တိုင်ပဲ ဒီလိုမျိုး ခေါ်ခဲ့တာလေ၊ ခုကျမှ ဖြစ်နေ လိုက်တာ ကြည့်ပါဦး နင် မရှက်ဘူးလား"

"ဘာ နင် ဘာပြောလိုက်တယ်"

"ငါ ပြောလိုက်တာ ရှင်းရှင်းလေး။ နင် ကိုယ်တိုင် အောက်တန်း စား ဒရိုင်ဘာလို့ ခေါ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်၊ ငါ့ရှေ့မှာပဲ အဲဒီကောင် ရဲ့ ပါးကို နင် ချုပ်ခဲ့သေးတယ်လေ၊ မေ့သွားတာတော့ မဟုတ်ပါဘူး နော်"

သူမ ကိုယ်တိုင်လည်း ထိုအဖြစ်တွေကို ပြန်တွေးမိတိုင်း ကိုကို့ ကို အားနာစွာ မျက်နှာပူမိသည်။ ကိုယ့်ကိုယ်ကိုလည်း အတော်လေး စိတ်ပျက်ခဲ့မိ၏။ အဲဒီလိုမျိုးတွေ ပြုမူခဲ့မိလို့လည်း ချစ်ခွန်းချို ဆိုတာ





တာနကြီးပြီး လူမှုရေး နားမလည်သည့် မိန်းကလေးတစ်ယောက်အဖြစ် နာမည်ကြီးခဲ့ရခြင်းပေါ့။

"ဟုတ်တယ် ဆန်းသစ်စ အဲလို လုပ်ရပ်မျိုးတွေကို ငါ လုပ်ခဲ့ တယ်၊ ဒါပေမဲ့ ခုချိန်မှာ အဲဒီလုပ်ရပ်တွေကပဲ ငါ့ဘဝရဲ့ အမှားယွင်းဆုံး လုပ်ရပ်တွေ ဖြစ်နေမှန်း ငါ သိလာခဲ့တယ်၊ အဲဒီ အသိနဲ့အတူ ငါ ကိုကို့ကို သိပ်ချစ်နေမှန်းလည်း သိလာခဲ့ရတယ်၊ ကိုကို မရှိရင် ငါ မနေနိုင်ဘူး။ ငါ့ဘဝရဲ့ ပြည့်စုံမှုက ကိုကို ရှိနေမှ ဖြစ်မှာ"

"ဟား တကယ်ကို ပြောင်မြောက်တဲ့ စကားလုံးတွေပဲ ကြား ရတာ စိတ်မချမ်းသာလိုက်တာ"

"ဆောရီးပဲ နင် စိတ်ချမ်းသာစေမယ့် စကားမျိုးတွေ ငါ မ ပြောပေးနိုင်ဘူး"

"ရတယ်လေ ဒါပေမဲ့လည်း ငါက ဒီတိုင်းကြီးတော့ စိတ်ဆင်းရဲ ခံနေမှာ မဟုတ်ဘူး။ ငါလည်း ငါ့စိတ်ချမ်းသာမှုကို ငါ့ဘာသာ ရှာယူမှာပဲ"

ဆန်းသစ်စက ကားစက်ကို နှိုးကာ တရှိန်ထိုး မောင်းထွက်လိုက် ၏။ သူမပင် ထိတ်လန့်သွားမိသည်။ သူ့မျက်နှာ အမူအရာက လုပ်မိလုပ် ရာ လုပ်တော့မည့်ပုံမျိုး။

"ဆန်းသစ်စ နင် ဘယ်လိုမောင်းနေတာလဲ၊ ကားကို ရပ်စမ်း"

ဆန်းသစ်စ နှုတ်ခမ်းထက်မှ အပြုံးသည် ကြောက်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



နေမယ်။

"နင့်ကိုငါ ပြောနေတယ်လေ၊ ဘယ်ကို မောင်းနေတာလဲလို့"

"နင်က ဒီလောက်ထိတောင် ငါ့ကို စိတ်ဆင်းရဲစေချင်ပေမယ့် ငါကတော့ ငါ့ကိုယ်ငါ စိတ်ဆင်းရဲမခံနိုင်ဘူး။ အဲဒီတော့ ငါ့စိတ်သက်သာ ရာ ရမှုအတွက် ငါ့ဘာသာ လုပ်မှာပဲ"

"နင် ရူးသွားပြီလား၊ ခုချက်ချင်း ကားကို ရပ်လိုက်စမ်း ဆန်းသစ်စ"

"မရပ်ပေးနိုင်ဘူး။ ခုချိန်မှာ ငါ့စိတ်ထဲ ရှိတဲ့အတိုင်းပဲ ဆုံးဖြတ် မယ်"

"နင် မရပ်ပေးရင် ငါခုန်ချပစ်လိုက်မယ်နော် ဆန်းသစ်စ"

သူမက ပြောလည်း ပြော ကားတံခါးကိုလည်း တွန်းဖွင့်နေ ပေမယ့် ဘယ်လိုမှ မအောင်မြင်နိုင်ဘဲ ဖြစ်နေသည်။

"နင် ဆက်လုပ်မနေနဲ့တော့၊ ရမှာလည်း မဟုတ်ဘူး။ ငါ တံခါးတွေအားလုံးကို လော့ချပြီးသွားပြီ"

"နင် နင် တော်တော် မိုက်ရိုင်းတဲ့ကောင်ပဲ"

ခွန်းချိုက ဆန်းသစ်စရဲ့ မျက်နှာကို လက်သည်းများဖြင့် ... လက်ရှိ ကုတ်ဖဲ့ပစ်လိုက်သည်။ ဒေါသတကြီးနှင့် သူမဘက်သို့ လှည့်ကြ... လာသော ဆန်းသစ်စ မျက်နှာက ကြောက်မတ်ဖွယ်ကောင်းလော...





အောင် ဆိုးဆိုးရွားရွား နာကျင်နေဟန် ရှိ၏။

"နင့်ကို အခုရပ်ပေးလို့ ပြောနေတယ်နော်"

သူမအသံများ တုန်ယင်လာကာ ဒေါသနှင့် ထိတ်လန့်မှုကြောင့် ... ကိုယ်လုံးလည်း တဆတ်ဆတ် တုန်နေမိသည်။ ဆန်းသစ်စကတော့ ... နာတစ်ကောင်လို ပြုံးလျက် ကားကို အရှိန်အဟုန်ပြင်းစွာ မောင်းနှင် နေသည်။

ခွန်းချို ပါးစပ်က ဆန်းသစ်စကို နာကျင်စေမည့် စကားလုံးတွေ ... လည်း ထွက်နေခဲ့ဖြစ်သည်။ ဝိုလည်းမို့ ပြောလည်းပြောကာ ဆန်းသစ် ... ရဲ့ လက်မောင်းတွေကိုလည်း တဘုန်းဘုန်း ထုနေမိသော သူမ ကိုယ် ... ပင် အချိန်တွေ ကြာလာတော့ နာကျင်မောပန်းလာခဲ့၏။

ဆန်းသစ်စ မောင်းနှင်နေသော ကားလေးသည်လည်း တိုက် ... ကိုပင် ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။ ဘယ်လိုမှ အော်ဟစ်ရုန်းလို့ ... တော့သည့်အဆုံး သူမ တစ်ယောက်တည်း ကြိတ်၍ ရှိုက်ငိုနေမိသည်။

ကိုကိုရေ ခွန်းချို အဖြစ်ကို လာကြည့်ပါဦး။ ဒီအခြေအနေကနေ ... ပြောက်အောင် ခွန်းချိုကို ဘယ်သူမှ မကယ်တင်နိုင်တော့ဘူးလား။ ... ချို ကိုကို့ကိုသာ တနေမိသည်။

ကိုကိုသာ သိရင် ဘယ်လိုနေလိမ့်မလဲ။ ကိုကိုသာ သိနိုင် ... ရှုတော့ အကူအညီ ရမှာ ကျိန်းသေ၏။ ဒါပေမဲ့ ခုအဖြစ်... ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုကို မပြောနဲ့၊ ဘယ်သူမှ မသိနိုင်ပါ။ ဒီမှာ ဖြစ်ပျက်နေတာတွေကို ဘုရားသာ သိနိုင်ပါတော့မည်။

အဲဒီလိုဆိုရင် သူမမှာ လွတ်လမ်းမရှိတော့ဘူးလား။ သူမကို ကယ်တင်မည့်သူ မရှိတော့ဘူးလား။ ခရီးက ဝေးလာလေလေ သူမ သွေးပျက်မတတ် ဖြစ်လာလေပင် ဖြစ်၏။

“ငါ တောင်းပန်ပါတယ် ဆန်းသစ်စရယ်၊ ကားကို ရပ်လိုက်ပါ နော်၊ ငါတို့ အေးအေးဆေးဆေး ဆွေးနွေးရင်လည်း ရပါတယ်”

“နင် ငါ့ကို အရူးလုပ်နေတာလား။ နင်နဲ့ငါ့အခြေအနေ ဆွေးနွေးရအောင် ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ၊ ငါက နင့်ကို လိုချင်တယ် နင်ကတော့ တခြားတစ်ယောက်ကို လိုချင်နေတယ်၊ အဲဒါကြီးက ဘယ်လို မှ ဆွေးနွေးဖို့ အခွင့်မပြေတော့ဘူးလေ”

“ငါ အနူးအညွတ် တောင်းပန်ပါတယ်ဟာ၊ ကားကို ရပ်လိုက် ပါနော်”

“မရဘူး ချစ်ခွန်းချို၊ ငါ့ကို မတောင်းပန်နဲ့၊ ဘယ်လူသား တစ်ယောက်ကိုမှ မတောင်းပန်ခဲ့ဖူးတဲ့ နင့်ရဲ့တောင်းပန်မှုတွေက ဘယ်လို နည်းနဲ့မှ အရာမထင်နိုင်ဘူး”

သူမ ကလေးတစ်ယောက်လို အော်ငိုပစ်လိုက်မိတော့သည်။ သူမသည် ကူကယ်ရာမဲ့သည်ဆိုတော့ ခံစားမှုကို ခုမှပင် ကောင်းကောင်း





ကြီး နားလည်လာတော့၏။ ဒါပေမဲ့ ဒီလိုနဲ့ပဲတော့ သူမရဲ့ ဘဝကို အဆုံးရှုံးမခံနိုင်ပါ။

“နင့်ကိုငါ ကားရပ်ခိုင်းနေတာ နင် မရပ်ဘူးလား”

“နင် ငါ့စကားကို မရှင်းဘူးနဲ့ တူတယ်၊ ငါက ငါဖြစ်ချင်တာ ကို ဖြစ်အောင် လုပ်တော့မှာ”

“ကောင်းပြီလေ နင်က ဒီလိုဆိုမှတော့”

ခွန်းချိုသည် ဘာမပြော ညာမပြောနှင့် ကားစတီယာရင်ကို တစ်ဖက်သို့ အားကုန်ဆွဲလှည့်ပစ်လိုက်ရာ

“ဟာ ပော့ မင်း အား”

တစ်ဖက်လမ်းကြောမှ မျက်နှာချင်းဆိုင် မောင်းဝင်လာသော အဝေးပြေးကားကြီး တစ်စင်းနှင့် ဆန်းသစ်စ မောင်းလာသော မာစီး ဒီးကားနက်လေးသည်...။

ကျယ်လောင်သော မြည်ဟီးသံကြီးနှင့်အတူ သူမ ခန္ဓာကိုယ် တစ်ခုလုံး ပတ်ချာလည်လျက် မျက်လုံးများထဲတွင် အရာအားလုံး ဆိတ် သုဉ်းပျောက်ကွယ်ကုန်လေသည်။

■ ■ ■



www.burmeseclassic.com

## အခန်း (၈)

ကြားလိုက်ရသော သတင်းက မယုံကြည်နိုင်စရာ ကောင်းလွန်း

လို့ တခဏတော့ သူ ကယောင်ချောက်ချား ဖြစ်နေမိသေး၏။

ဆန်းသစ်စက ခွန်းချိုကို ကားတင်ပြေးတာ သုံးလယ်ပြီး...

တွင် ယာဉ်တိုက်မှု ဖြစ်လို့တဲ့။ ဘယ်လိုမှကို မယုံကြည်သေးဘဲ သူ

တစ်ယောက်တည်း ခေါင်တောင်တောင်နှင့် ထိုင်နေမိသည်။ သူဦးနှောက်

ထဲမှာ ဘာဆိုဘာမှ မရှိတော့သလိုပါပဲ။

သူ အိမ်ပြန်ပြီး မေမေ့ကိုစုတွေ၊ ခွန်းချိုနဲ့ ရှေ့ဆက်ဖို့ကိုစု...

စီစဉ်စရာရှိတာ စီစဉ်နေတုန်း ရက်ပိုင်းလေးအတွင်းမှာမှ ခုလို အဖြ...

အပျက်တွေ ဖြစ်ပျက်ကုန်ခြင်း ဖြစ်သည်။ ဒီသတင်းတွေကိုတောင် သူ...

ရန်ကုန်ပြန်ရောက်မှ ဦးလှမြင့် ပြောပြ၍ ကြားရခြင်း ဖြစ်သည်။





ကြားကြားချင်းပင် သူ အရုပ်ကြိုးပြတ် လဲကျသွားခဲ့သော်လည်း

ခုထိလည်း သူ့စိတ်တွေ မတည်ငြိမ်နိုင်သေးပါ။ သူ တစ်ယောက်တည်း

ယောက်ယက်ခတ်လျက် ထိုင်ရာကနေ ဆတ်ခနဲ ထရပ်လိုက်မိပြန်သည်။

မဖြစ်သေးပါဘူး။ သူ ခွန်းချိုကို သွားကြည့်ရမည်။ သူ့ကို မတွေ့ရတာ

ခွန်းချို ဘယ်လောက်တောင် အားငယ်နေရှာမလဲ။

သူ အပြေးထွက်ခဲ့မိ၏။ သူ့ရင်ထဲမှာ ဖြတ်သန်းလာခဲ့သော

လမ်းတွေကိုလည်း မမြင်။ လူတွေကိုလည်း မတွေ့ပါ။ သူ့အသိ သူ့

မှတ်ဉာဏ်ထဲတွင် ခွန်းချို တစ်ယောက်သာ ရှိသည်။

ဆေးရုံပေါ်ကို အပြေးတက်လာခဲ့သော သူ့ခြေလှမ်းတွေသည်

ကြမ်းပြင်နှင့် မထိသလိုပင် လွတ်ဟာမှုကို ခံစားနေရသည်။ ခွန်းချို

ရှိနေသော အခန်းကို စုံစမ်းပြီး တန်းတန်းမတ်မတ် တက်လာခဲ့ပါသော်

လည်း အခန်းရှေ့တည့်တည့် ရောက်ချိန်တွင်

"မင်း မင်း ကေသရာ"

ခွန်းချို ဒယ်ဒီက လူနာခန်းထဲမှ ထွက်လာပြီး သူ့ကို မြင်သည်

နှင့် သရဲတစ္ဆေတစ်ကောင်အား မြင်လိုက်ရသူလို မျက်နှာပျက်သွား၏။

ကေသရာ ကိုယ်တိုင်က ဘာတွေဖြစ်နေမှန်း နားမလည်နိုင်သေးသော

ကြောင့် ခွန်းချို ဒယ်ဒီ ရှိရာဆီသို့ လျှောက်သွားမိသည်။

ဘယ်လိုမှ မထင်မှတ်ရွာဘဲ နီးကပ်စွာ မျက်နှာချင်းဆိုင်မိသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကေသရာ့မျက်နှာတည့်တည့်ကို အရှိန်ပြင်းစွာ ဝင်ရောက်လာသေ
လက်သီးချက်၊ အင်္ဂါမိသွားသော ထိုလက်သီးချက်ကြောင့်ပင် 
မင်ထိုင်လျက် လဲကျသွားပြီး ဘာကိုမှ နားမလည်နိုင်စွာနှင့် မော့
ကြည့်နေမိသည်။

"မင်း ဘယ်လိုကောင်လဲ"

"ဗျာ"

"ဝါသမီးကို မင်းဒီလိုဖြစ်အောင် လုပ်ခဲ့တာကွ"

"ဗျာ"

သူ တကယ်ကို ဘာမှနားမလည်နိုင်ပါ။ ဘာတွေဖြစ်ကုန်
မှန်းလည်း မသိတော့ပါ။

"အန်ကယ် ဘာကိုပြောချင်တာလဲ မသိဘူး"

"မင်းကြောင့် မင်းက သားရေပေါ်အိပ် သားရေနားတ
ခုကွာ"

"ကျွန်တော် ခွန်းချို အပေါ်မှာ ဘယ်တုန်းကမှ အဲဒီလို
မတွေးမိပါဘူး"

"အေး မင်းကသာ မတွေးမိဘူး လုပ်နေတာ ဝါသမီးတ
ဒီလိုမျိုး ဖြစ်သွားခဲ့ပြီ"

သူ ဘာကို နားလည်ရမှာလဲ။ ခွန်းချိုကို ကားတင်ပြေးသွ





အာက ဆန်းသစ်စ ပဲလေ။ ကေသရာမှ မဟုတ်တာ။

"ကျွန် ကျွန်တော် ဘာကိုမှ နားမလည်ဘူးဗျာ"

"ကောင်းပြီ မင်းနားလည်အောင်လို့ ဒီအခန်းထဲမှာ ဝင်တွေ့
လိုက်၊ ဝါသမီးနဲ့ မင်းကို ပေးမတွေ့နိုင်သလို အချိန်တွန်ခံပြီးလည်း
ရှင်းပြမနေနိုင်ဘူး"

အနားမှ ထွက်သွားသော ခွန်းချို အယ်ဒီကိုယ်ပင် လိုက်မကြည့်
နိုင်တော့တဲ့ ကမ္ဘာကယာ မတ်တပ်ထကာ အနောက်ဘက်ရှိ အခန်းထဲသို့
သူ ပြေးဝင်သွားခဲ့သည်။

ခုတင်ပေါ်တွင် ပက်လက်လဲနေသော ဆန်းသစ်စ ကို တွေ့
လိုက်ရ၏။ သူ့ခေါင်းတွင် ပတ်တီးဖွေးနေတာကလွဲလို့ ကျန်တာအားလုံး
အကောင်းပကတိပင် ဖြစ်သည်။

ဒါဆို ခွန်းချိုရော . . ။ ခွန်းချိုလည်း ဘာမှမဖြစ်လောက်ပါဘူး
ဆိုသော အတွေးက သူ့ခေါင်းထဲကို အရင်ဆုံး ဝင်လာခဲ့သည်။

ဒါပေမဲ့ ခုလိုမျိုး ဆန်းသစ်စ တစ်ယောက် မဖြစ်စလောက်လေး
အဲ ခံစားရတာကို သူ မကျေနပ်နိုင်ပါ။ ဖြစ်နိုင်လျှင် ခုတင်ပေါ်မှာ
လှဲနေသော ဆန်းသစ်စကိုတောင် ထပ်ပြီး ပြေးထိုးချင်လိုက်သေးသည်။
ဆန်းသစ်စရဲ့ အမေဟု ထင်ရသည့် မိန်းမကြီးတစ်ယောက် ရှိနေသော
ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"သားက ဘယ်သူလဲကွဲ့"

"ကျွန်တော်က ကေသရာပါ"

"ဟင်"

အမျိုးသမီးကြီးရဲ့ မျက်လုံးတွေက အရောင်တွေ ရှုံ့ရှုသွားသလို မှိန်းနေသော ဆန်းသစ်စရဲ့ မျက်လုံးတွေလည်း ဖျတ်ခနဲ ပွင့်လာသည်။ သူ့ကို မြင်တော့ အကြီးအကျယ် မျက်နှာပျက်သွားလျက်

"မှင်း မင်း ဘာလာလုပ်တာလဲ"

"ငါက ခွန်းချိုကို လာကြည့်တာပါ၊ ဒါပေမဲ့ အနံကယ်က ဒီ အခန်းထဲ ဝင်သွားလိုက်ပါဆိုလို့"

ကေသရာက သူ လာချင်လွန်း၍ လာခြင်း မဟုတ်ကြောင်း အရိပ်အမြွက် ပြောလိုက်၏။

"ခွန်းချို ဘာမှမဖြစ်ဘူး မဟုတ်လား"

အဲဒီ မေးခွန်းကိုတော့ သူက စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းလျက် မေးလိုက်ခြင်း ဖြစ်သည်။

"မင်း သိချင်ရင် သွားကြည့်လိုက်ပေါ့၊ ငါက မင်းမျက်နှာကို လုံးဝ မြင်ချင်စိတ် မရှိဘူးကွ"

"ငါလည်း တူတူပါပဲ၊ ငါ့ချစ်သူကို ကားတင်ပြေးတဲ့ အကောင် တစ်ကောင်က ဒီလောက် ဒဏ်ရာလေးပဲ ရတာလောက်ကို ဘယ်လို





မကျေနပ်နိုင်ဘူး"

"ဟေ့ သူငယ် မင်းက ငါ့သားကို ဒီလို ရှိုင်းရှိုင်းစိုင်းစိုင်း ဆက်ဆံရအောင် ဘယ်လိုအဆင့်ရှိလို့လဲ၊ ဟွန်း ကေသရာဆိုတဲ့ ငြိုပ်ကောင်ဆိုမှတော့ ဟိုအိမ်က အနိုင်ဘာပဲ ဖြစ်မှာ၊ အဲ့ပါရဲ့အေး ဒီလောက် ရိုင်းစိုင်းပြီး အဆင့်မရှိတဲ့ကောင်ကို ဘယ်လိုဦးနှောက်နဲ့များ ရွေးချယ်ခဲ့ တယ်ဆိုတာ ဒီအကောင်ကြောင့်များ အရှိန်နဲ့ သွားနေတဲ့ ကားရဲ့ စတီယာ ရင်ကို ဆွဲလှည့်ပစ်ပြီး ကားခေါင်းချင်းဆိုင်ပစ်ရတဲ့ စိတ်ဓာတ်ကတော့ တကယ့်ကို အံ့လောက်ပါရဲ့"

ဒီလိုဆိုရင်တော့ သူနဲ့ခွန်းချိုတို့ ချစ်သူတွေ ဖြစ်နေကြတာကို လူကြီးတွေ အားလုံး သိပြီးကြပြီပေါ့။ ဒါကြောင့် ခွန်းချို အသိဒီတ သူ့ကို ဒေါသတွေနှင့် ဆွဲထိုးသွားခဲ့ခြင်းပေါ့။ သူ ခုမှပင် အားလုံးကို နားလည်သွားတော့၏။

သူ ထိုအခန်းထဲကနေ ပြေးထွက်ခဲ့သည်။ ခွန်းချိုက တကယ့်ကို ရိုက်ချိုးရဲဆန်သည့် အလုပ်ကို လုပ်ခဲ့ခြင်းပဲ၊ သူ့အတွက်ကြောင့်နဲ့ ဒီ လောက်ထိ ခွန်းချို လုပ်ပစ်လိုက်မည်လို့ မထင်ထားခဲ့ပါ။

မတော်တဆ အသက်အန္တရာယ်ကိုပင် ရန်ရှာလာနိုင်သည့် အပြုအမူမျိုး မဟုတ်လား။ သူ့ကို ခွန်းချို တကယ်ပဲ ချစ်မြတ်နိုးခဲ့သည် ဆိုတာ သူ ထပ်ခါထပ်ခါ ယုံကြည်သွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ ခွန်းချို အခန်းရှိရာဘက်ဆီ ခပ်သွက်သွက် လျှောက်ခဲ့လိုက်၏။ သို့သော် အခန်းဝမှ သူ ဝင်မည် အလုပ်မှာပင် ခွန်းချို ဒယ်ဒီက ထွက်တွေ့သွားပြီး ကမန်းကတန်း ထွက်လာလျက် ကေသရာ ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်သည်။

"မင်း ဘာလာလုပ်ပြန်တာလဲ"

"ကျွန်တော် ခွန်းချိုကို လာကြည့်တာပါ"

ယိုင်သွားသော ခန္ဓာကိုယ်ကို ပြန်မတ်လိုက်ပြီး ဣန္ဒြေမပျက်စေဘဲ တည်တည်ငြိမ်ငြိမ်နှင့် ပြောလိုက်၏။

"မင်းကို ဘယ်သူက ခွင့်ပြုလို့လဲ"

"ခွန်းချိုက ခွင့်ပြုမှာပါ"

"အေး သူ ခွင့်ပြုပေမယ့် ငါ ခွင့်မပြုဘူးကွ"

"ရပါတယ် အန်ကယ်၊ ကျွန်တော်ကတော့ နေ့တိုင်းလာပြီး ခွန်းချိုကို ရအောင် ဝင်တွေ့ခွင့်ရဖို့ ကျွန်တော် ကြိုးစားမှာပါ"

"မင်း ဘယ်လောက်ပဲ ကြိုးစားပါစေ ငါကတော့ တွေ့ခွင့်မပေးနိုင်ဘူး။ အဲဒါ ပထမဆုံးနဲ့ နောက်ဆုံးစကားပဲ"

သူ အခန်းထဲသို့ မျက်လုံး တစ်ချက်ဝေ့ကြည့်ပြီး ထိုအခန်းရှေ့မှ ထွက်ခွာလာခဲ့သည်။ ဘာပြဿနာမှ မလုပ်ဘဲ တိတ်ဆိတ်စွာ ထွက်ခွာလာသော သူ့ကို ခွန်းချို ဒယ်ဒီပင် အံ့သြသွားပုံရသည်။ ကြောင်တောင်





တောင်နှင့် လိုက်ကြည့်နေသေး၏။

သူကတော့ နောက်သို့ လုံးဝ လှည့်မကြည့်တော့ဘဲ ထွက်ခွာလာခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် ခွန်းချို ဒယ်ဒီစိတ်ထဲမှာ သူ ပြန်သွားပြီလို့ ထင်မှတ်စေချင်သည်။ တကယ်တမ်းတော့ သူ မပြန်ပါ။ ပုန်းလျှိုးကွယ်လျှိုးနှင့် လူအလစ်ကို စောင့်နေခဲ့ခြင်းသာ ဖြစ်သည်။

နောက်ဆုံးတော့ သူ စောင့်နေခဲ့သည့် အချိန် ရောက်လာပါသည်။ ခွန်းချို ဒယ်ဒီလို အလုပ်များသော လူတစ်ယောက်က ဆေးရုံမှာ ဘယ်လောက်ကြာအောင် နေနိုင်မှာမို့လဲ။ ပြီးတော့ ခွန်းချို အခြေအနေကလည်း သူ အရမ်းစိတ်ပူခဲ့သလို ဆိုးဆိုးရွားရွား ဖြစ်ပုံမရပါ။

ဘယ်သူမှ မရှိတော့သော အခန်းထဲသို့ သူ ခပ်သွက်သွက်လေး ဝင်ခဲ့လိုက်သည်။ ခုတင်ထက် လှဲနေသော ခွန်းချိုကို တွေ့လိုက်ရ၏။ လက်တွင် ကျောက်ပတ်တီးကိုင်ထားတာ မြင်ရသည်။ မျက်နှာထက်တွင် ပွန်းပဲ့နေသော ဒဏ်ရာအနည်းငယ် ရှိ၏။

သွေးရောင်လွှမ်းနေသော နှုတ်ခမ်းလေးများကို မြင်သည်နှင့် တခြားဘာမှ မဖြစ်ဘဲ ကျန်းမာရေးကောင်းနေမှန်း သူ သိလိုက်သည်။ သူ ဝင်လာတာကို ခွန်းချို မသိပါ။ မျက်လုံးလေးများ မှိတ်လျက် ရှိနေ၏။

ခုတင်နားသို့ ခြေသံ့မွမွနင်းလျက် တိုးကပ်သွားလိုက်ပြီး မတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရတာ ကြာပြီဖြစ်သည့် မျက်နှာလှလှလေးကို ငေးမောကြည့်နေမိသည်။ ခွန်းချိုရဲ့ မျက်နှာလေး နည်းနည်းတော့ ပိန်ကျသွားသည်။

သူ့ကို ဘယ်လောက်တောင်များ လွမ်းနေခဲ့မှာပါလိမ့်။ ကိုယ်ဝန်ကိုင်းကာ သူမရဲ့ နဖူးပြင်လေးကို အသာအယာ နမ်းယစ်လိုက်၏။ မျက်လုံးလေးများ ဖျတ်ခနဲ ပွင့်လာပါသည်။ သူ့ကိုမြင်တော့ အံ့ဩစွာပင် ထထိုင်သည်။

"ခွန်းချို နေကောင်းရဲ့လား"

"ကိုကို"

လက်တစ်ဖက်တည်းဖြင့် သူ့ကို တအားဖက်လျက် ရင်ခွင်ထဲသို့ တိုးဝင်ပြီး အတင်းငိုရှိုက်နေသော ကောင်းမလေးကို သူသည်လည်း တင်းကျပ်စွာ ပြန်လည်ပွေ့ဖက်ထားမိသည်။ ခုမှပဲ သူ့ရင်ထဲမှာ ပူလောင်နေခဲ့ရတာတွေ အားလုံး ငြိမ်းချမ်းသွားသည်။

"ကိုကို့အသံကို ခုနတည်းက ကြားမိနေတာ၊ ကိုကို လာသေးလားဟင်"

"ကိုကို ရောက်နေတာ ကြာပြီ၊ အနိကာယ်က တွေ့ခွင့်မပေးလို့ ပုန်းပြီး စောင့်နေတာ"

"မသိပါဘူး၊ ခွန်းချိုက နားကြားမှားတာ မှတ်လို့"

ခွန်းချိုက ရယ်မောလိုက်သည်။ အပြစ်ကင်းစင်သော ကလေး





လေးတစ်ယောက်ကို ပြန်တွေ့လိုက်ရသလိုပင် ဖြစ်၏။ ဒါပေမဲ့ သူ ခွန်းချိုကို ခပ်တင်းတင်းပင် ကြည့်လိုက်မိသည်။ ရယ်မောနေသော ခွန်းချို မျက်နှာလေး တည်သွား၏။

"ကိုကို ဘာဖြစ်နေတာလဲဟင်"

"ခင်ဗျားလေးကို မေးရပါဦးမယ်၊ ဘာလို့များ ဒီလို မိုက်ရူးရဲတဲ့ အပြုအမူမျိုးကို လုပ်ရတာလဲ၊ မတော်တဆ တစ်ခုခုဖြစ်သွားရင် ကျုပ်က ရင်ဘတ်ကြီး ဟက်တက်ကွဲဦးမယ်"

"ဟွန်း အဲလိုမှ မလုပ်ရင် ကိုကို့နဲ့ ဝေးသွားမှာပေါ့၊ တို့လူယုတ်မာက ဘယ်လိုမှ ပြောမရတော့အောင် ရူးနေတာလေ"

ခွန်းချိုက မဲ့ကာရွဲ့ကာနှင့် ပြောပြနေသေးသည်။ သူလည်း ဆန်းသစ်စကို သတ်ပစ်ချင်လောက်အောင် မုန်းတီးနေမိပေမယ့် ခုချိန်မှာတော့ ခွန်းချိုကို ပြန်လည်ပိုင်ဆိုင်ရပြီမို့ အားလုံးကို မေ့ပစ်လိုက်နိုင်ပါသည်။

"ခွန်းချိုကို ကိုကို တစ်ခုမေးချင်တယ်"

"မေးလေ ကိုကို"

သူက ခွန်းချိုရဲ့ မျက်လုံးများတည့်တည့်ကို တည်ငြိမ်စွာ စိုက်ကြည့်လိုက်ပြီး

"ကိုကို့ကို ချစ်တာ သေချာလား"



www.burmeseclassic.com

www.burmeseclassic.com



"အာ ကိုကိုကလည်း ဘာများမေးမှာလဲလို့"

ခွန်းချိုက မျက်စောင်းလေးထိုးလျက် ခုတင်စွန်းတွင် ထိုင်နေသော သူ့ပခုံးပေါ် ခေါင်းမှီလာသည်။

"ကိုကို့ကို ချစ်လွန်းလို့ ဒီလိုတွေ လုပ်ပစ်ခဲ့တာပေါ့"

အသံခပ်တိုးတိုးလေးက သူ့ရင်ထဲမှာ အေးတွေပြည့်ဖြိုးလာစေ၏။ ရှေ့ဆက်ရမည့် ခရီးအတွက်လည်း ဒီစကားသံလေးက အားဆေးတစ်ခွက်ပင် ဖြစ်သည်။

"ကိုကို ခေါ်တဲ့နောက်ကို လိုက်ရဲလား"

ခွန်းချို ခေါင်းလေး ငြိမ့်ပတ်သွားသည်။ သူ့မျက်နှာကို တချက်မက်မက် မော့ကြည့်လိုက်

"ကိုကိုသာ ခေါ်ရင် ဘယ်သွားသွားလိုက်မှာ"

သူ့စိတ်တွေကို မထိန်းချုပ်နိုင်တော့ဘဲ သူ့ကို မော့ကြည့်နေသော ခွန်းချို၏ နှုတ်ခမ်းလေးအား ငုံနမ်းပစ်လိုက်မိသည်။

■ ■ ■



ဘယ်သူမှ မမြင်အောင် ပုန်းကွယ်ပြီး လေ့ကားထစ်များကို ခပ်သွက်သွက် ဖြတ်သန်းလိုက်၏။ သူ့ကုတ်အင်္ကျီကို ခွန်းချိုပေါ်တွင် ခြုံပေးထားလိုက်ပြီး ခေါင်းစွပ်စွပ်ပေးထားလိုက်ခြင်းကြောင့် တော်ရုံတန်ရုံ ကြည့်မိသူများက ခွန်းချိုမှန်း မသိကြတော့ပါ။

ဆေးရုံအပြင်ဘက်သို့ ရောက်မှ သူတို့နှစ်ယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သက်ပြင်းချနိုင်ကြတော့သည်။ သူက ပါကင်ထိုးထားသော အနီရောင် ကားလေးတစ်စီးနား အရောက်တွင် ရီမုဒ်နှင့် လှမ်းဖွင့်လိုက်ပြီး

"တက်"

"ဟင် ကိုကို အဲဒါ ဘာကြီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းချိုက သူ့လက်မောင်းတစ်ဖက်ကို အတင်းဖမ်းဆွဲထားလိုက်ပြီး မျက်လုံးပြူးလေးများဖြင့် မေး၏။

"ကားလေ"

"ဟင် မဟုတ်ဘူးလေ ကိုကိုရဲ့ ခွန်းချို ပြောတာက"

သူက ကားတံခါး ဆွဲဖွင့်လျက် ခွန်းချို လက်များလေးကို ဖမ်းဆုပ်ပြီး ဝင်ထိုင်နိုင်းလိုက်သည်။ ကားမောင်းသူ နေရာတွင် သူက ဝင်ထိုင်ကာ စက်နှိုးလိုက်သည်ထိ ခွန်းချိုက မျက်လုံးဝိုင်းလေးများဖြင့် သူ့ကို ငေးမောကြည့်နေဆဲ။

"ဘာလဲ ခွန်းချို လန့်နေတာလား။ ကိုကို ခေါ်တဲ့နောက်ကို ဘယ်သွားသွား လိုက်မှာဆို"

"အင်း ဟုတ်တယ်လေ၊ ဒါပေမဲ့ ဒီကားကြီးက"

သူ ရယ်မောလိုက်မိသည်။

"ကဲ သွားကြမယ်၊ လမ်းရောက်မှ ကိုကို အားလုံး ရှင်းပြမယ် နော်"

လမ်းတစ်လျှောက်လုံး သူ့မှာ ···င်းရင်းနှင့် စာတ်လမ်းကို ခင်းပြနေရသည်။ ခွန်းချိုကလည်း ပုံပြင်နားထောင်နေသော ကလေး တစ်ယောက်လို ငြိမ်သက်စွာ နားထောင်နေခဲ့၏။

"ကိုကိုက မေမေနဲ့ အဲဒီလို စကားများခဲ့ပြီး အိမ်ပေါ်က





ဆင်းလာခဲ့တာ၊ ငယ်ငယ်တည်းက ကွဲကွာသွားတဲ့ ဖေဖေ့ကို လိုက်ရှာခဲ့တယ်လေ၊ ရန်ကုန်မှာ ဖေဖေ့ကို ပြန်ရှာတွေ့တော့ မင်းတို့အိမ်က ဒရိုင်ဘာတစ်ယောက် ဖြစ်နေခဲ့ပြီ၊ ကိုကိုက တားပေမယ့် ဖေဖေက ဆက်လုပ်ခဲ့တယ်၊ နောက်ပိုင်း ဖြစ်ခဲ့တာတွေကတော့ မင်းသိတဲ့ အတိုင်း ပဲပေါ့။ နောက်ဆုံး မေမေက ဖေဖေ ဒီလိုမျိုး အိပ်ရာထဲ လဲနေတဲ့ သတင်းကြားပြီး အရင်က ဖြစ်ခဲ့တာတွေကိုလည်း မေ့ပစ်လိုက်ပြီး ဖေဖေ့ကို ပြန်လက်ခံခဲ့တယ်လေ၊ အဲဒါကြောင့် ကိုကိုက ဖေဖေ့ကို မေမေ့ဆီ လိုက်ပို့နေရတာ၊ အဲဒီအတွင်းမှာ မင်းလေးက ပြဿနာတွေ အကြီးကြီး ရှာထားတယ် ဟုတ်လား"

သူက ကားမောင်းနေရင်းနှင့် ခွန်းချိုရဲ့ နဖူးလေးကို ဖွဖွလှမ်း ထုလိုက်သည်။ ခွန်းချိုကတော့ ပါးစပ်လေး အဟောင်းသားနှင့် အံ့ဩ ဘနန်း ဖြစ်နေသည်။

"ဒါဆို ပြင်ဦးလွင်က ဗိုင်လှုပ်ငန်းကို ကိုကို တကယ်ပိုင်တာ ပေါ့"

"ဘာလဲ ကိုကိုက အရှက်မရှိ လိမ်ပြောခဲ့တယ်လို့ ထင်နေတာ လား"

"ကိုကို အဲလို မလိမ်တတ်မှန်းသိလို့ အဲဒီတုန်းက အံ့ဩခဲ့ရ သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ နု ကိုကို မသိမ်မှုန်း သိပြီ မဟုတ်လား။ အံ့ဩသေးလား"

"အင်း အံ့ဩသေးတယ်၊ ကိုကိုက နွန်းချိုအတွက်တော့ အမြဲတမ်း အံ့ဩစရာတွေ ဖန်တီးပေးနိုင်တဲ့ ယောကျ်ားတစ်ယောက်ပဲ"

"ဒီကောင်မလေး လက်ကိုးသွားပြီ တော်တော် အပြောကောင်းလာပါလား"

"ဟွန်း ဘာဆိုင်လို့လဲ ကိုကိုကလည်း"

■ ■ ■



၉

မျက်စိတစ်ဆုံးရဲ့ ဟိုးဘက်ဆီထိ ကျယ်ပြန့်လှသော စပျစ်ခြံကြီးက သူမကို ရင်သပ်ရှုမော ဖြစ်နေစေသည်။

"ဟား သိပ်အံ့ဩဖို့ ကောင်းတာပဲ ကိုကို"

"ကောင်မလေး အံ့ဩပြန်ပြီ"

သူက နွန်းချိုကို ချစ်မြတ်နိုးစွာ ငေးကြည့်ရင်း ပြောလိုက်သည်။ နွန်းချိုက သူ့ရှားသို့ အပြေးလေး ပြန်ရောက်လာပြီး

"ကိုကို့အမေကလည်း သိပ်သဘောကောင်းတာပဲနော်"

"ဟုတ်တယ် မေမေနဲ့ တောင်းများပြီး အိမ်ပေါ်က ဆင်းလာတာကလည်း ကိုကို ဆိုးခဲ့တာပါ၊ မေမေကတော့ ပြောနေသေးတာကောင်မင်း သိပ်လိမ္မာလာတယ် တဲ့၊ အဲဒါ ငါ့သား တော်လို့ တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ကိုယ့်ဘက်ကိုယ်ယက်တဲ့ လူ့လိမ်ကြီးပဲ"

"ဟာ ကြည့်စမ်း အကြီးကို စော်ကားတာ ကြည့်စမ်း"

သူက နောက်ကနေ ပြေးလိုက်သောကြောင့် ခွန်းချိုက မျက်နှာကြီးထဲတွင် ပတ်ပြေးၿ။ သို့သော် ခွန်းချို ပြေးလို့ မလွတ်ခဲ့ပါ။ ဖျယ်ကြီးလို သန်မာသော သူ့လက်များထဲတွင် အသာကလေး ဖမ်းမိသွားၿ။

"ကိုကို လွှတ်ကွာ အဲဒီလို အတင်းလုပ်ရင် ခွန်းချို မချစ်တော့ဘူးနော်"

သူမ အသံက တကယ်ရန်လိုသည့် အသံမဟုတ်မှန်း သူ သိပါသည်။ ဒါကြောင့်ပင် ခွန်းချိုရဲ့ မျက်နှာပြင်လေးအား နေရာလွတ်မကျန်အောင် နမ်းပစ်လိုက်သည်။

"ကိုကို့ကို လက်ထပ်မယ် မဟုတ်လား"

"ဒယ်ဒီ့ကို ဘယ်လိုလုပ်ကြမလဲဟင်"

"တစ်နေ့နေ့မှာတော့ သူ ခွင့်လွှတ်မှာပါ ခွန်းချိုရယ်"

■ ■ ■

ရေမိုးချိုး အဝတ်အစား လဲလှယ်ပြီးသွားတော့ ခွန်းချိုတွင် လဲလှယ်စရာ အဝတ်အစား အပိုမရှိခဲ့ပါ။ လွှမ်းခဲ့သည့် နှစ်ရက်အတွင်းကလည်း သူ့မေမေ အဝတ်များကိုသာ ဝတ်ဆင်ခဲ့ရသည်။

ဒီနေ့တော့ သူက ခွန်းချိုအတွက် အင်္ကျီတွေ ဝယ်လာခဲ့သည်။

"ကဲ ရေချိုးပြီးပြီလား"

"ဟာ ကိုကို ဘာဖြစ်လို့ ဝင်လာတာလဲ"

ရေမိုးချိုးပြီးကာစ ထဘီရင်လျားလေးနှင့်မို့ ရုတ်တရက်ကြီး ကိုကို ဝင်လာသောအခါ သူမ လန့်ဖျပ်သွားခဲ့ပြီး မျက်နှာသုတ်ပဝါလေးကို လွှမ်းခြုံလိုက်ရသည်။

"လုပ်စရာ ရှိလို့"





www.burmeseclassic.com

"အာ ကိုကိုနော်"

ခွန်းချို မျက်နှာလေး သွေးရောင် လွှမ်းသွားရသည်။

"ဓိကောင်မလေး ရှောက်တွေးနေပြန်ပြီ ကိုကိုက ခွန်းချိုကို သနပ်ခါး လိမ်းပေးချင်လို့ပါ"

"သနပ်ခါး လိမ်းပေးဖို့ ဟုတ်လား"

"အင်း ကိုကိုက မိန်းကလေးတစ်ယောက် သနပ်ခါးလိမ်းထား ရင် သိပ်သဘောကျတာပဲ"

"မနေ့ကလည်း ဆံပင်ဆို အနက်မှ ကြိုက်တယ်ဆိုလို့ ဆိုးခဲ့ ရပြီးသွားပြီ၊ ခုလည်း သနပ်ခါးလိမ်းရဦးမှာလား"

"ဘာလဲ မလိမ်းချင်လို့လား"

သူက စိတ်မရှည်စွာ မေးလိုက်သည်။

"အမလေး စိတ်မတိုပါနဲ့ ကိုကိုရဲ့၊ ကိုကို လိမ်းပေးမယ်ဆို အလိမ်းခံမှာပေါ့"

သူက ရွှင်မတောင် သနပ်ခါးတုံးကို ကျောက်ပြင်ပေါ်တွင် သေချာ ကျနစွာ သွေးတော့။

ခွန်းချိုက သူ့ရှေ့တွင် မျက်လုံးလေးမှိတ်ကာ ခေါင်းမော့ပေး ထားလိုက်သည်။ လေးတောင့်ပါးကွက်လေးကို ဘရုပ်နှင့် ညီညာအောင် ခြစ်ပြီးသွားတော့ သူက ယပ်ခပ်ပေးသည်။





"ကဲ ပြီးပြီ မွှေးမွှေး နမ်းကြည့်ရမယ်"

"ကိုကိုနော်"

သူမ တားနေသည့်ကြားထဲက ကိုကိုက ပါးလေးတစ်ဖက်အား ဖွဖွလေး နမ်းပစ်လိုက်၏။

"အအေးပတ်လိမ့်မယ် အင်္ကျီ မြန်မြန်လဲပြီး ထွက်ခဲ့တော့၊ ကိုကို ခွန်းချိုကို ပြောစရာ ရှိတယ်"

"ခု ပြောကွာ"

"မရဘူး အပြင်ထွက်လာမှ ပြောမှာ"

အခန်းထဲမှ ကိုကို ပြန်ထွက်သွားသည်။ ကိုကို ဝယ်လာသော အင်္ကျီလေးက မိန်းကလေးဆန်ဆန် ရှိရှိလေး ဖြစ်၏။ ထဘီများကိုတော့ ကေသရာ မေမေကိုယ်တိုင် ချုပ်ပေးထားခဲ့ခြင်း ဖြစ်သည်။

ထိုအဝတ်များကို လဲလှယ်ပြီး အခန်းထဲမှ ထွက်လိုက်သည်နှင့် အပေါက်ဝတည့်တည့်တွင် ရပ်စောင့်နေသော ကိုကို့ကို တွေ့လိုက်ရသည်။

"အရမ်းလှတာပဲကွာ"

"ခုမှ လှတာလား"

"ကိုကို့အတွက် ခုမှ လှတာ"

"ကိုကို့အတွက် လှတယ်ဆို ပြီးတာပဲ"

"လာ ခြံထဲသွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



မြိုထဲမှ စားပွဲဝိုင်းလေးတွင် နှစ်ယောက်သား ဘေးချင်းကပ် ထိုင်ဖြစ်ကြတော့ ကိုကိုက ဝိုင်နှစ်ခွက် ငှဲ့ကာ ခွန်းချို လက်ထဲသို့ တစ်ခွက် ထည့်ပေးရင်း

"အဲဒါ ကိုကို ကိုယ်တိုင် လုပ်ထားတာ"

"တကယ်"

"တကယ်ပေါ့၊ အင်း အခု ပြောစရာ ရှိတယ်ဆိုတာကို ပြောတော့မယ်၊ အဲဒီ ဝိုင်ကို ကိုကိုက ချစ်သူဝိုင်လို့ နာမည်ပေးထားတယ်။ ကိုကို ကိုယ်တိုင် စပ်ထားတာ၊ ခု ခွန်းချို သောက်လိုက်တာက ပထမဆုံးပဲ၊ အဲဒီလို ဝိုင်ကို ပထမဆုံးတိုက်ပြီး ခွန်းချိုကို ပြောချင်တာက"

ကေသရာက ဝိုင်ခွက်ကို မြှောက်လိုက်သည်။

"ကိုကို့ကို လက်ထပ်ပါ ခွန်းချို"

"ဟင်"

သူမ မထင်မှတ်ထားချိန်မှာ ကိုကိုက အံ့သြအောင် ထပ်လုပ်နေပါပြီ။ ပျော်ရွှင်မှုနှင့် ရင်ခုန်မှုတို့ပေါင်းကာ သူမ လှပစွာ ပြုံးလိုက်မိသည်။

ခွန်းချိုက ဝိုင်ခွက်ကို နှုတ်ခမ်းနားသို့ ဖြည်းညင်းစွာ တိုးယူပြီး တစ်ငုံ ငုံလိုက်၏။ မျက်လုံးလေးများ မှိတ်ကာ အရသာခံလိုက်ရင်း

"ဒီဝိုင်က ကိုကို့ အချစ်တွေလိုပဲ ရှိတယ်၊ ဒါပေမဲ့ မသိမသာ





လေးလည်း ခါးတယ်၊ လည်ချောင်းထဲကို စီးသွားရင် ပြင်းရှရှနဲ့"

သူမ မျက်လုံးများကို ပြန်ဖွင့်လိုက်သည်။

"အဲဒီ အရသာကို ခွန်းချို ကြိုက်လားဟင်"

"ခါးသက်တာကို သဘောမကျပေမယ့် ပြင်းရှရှလေးကိုတော့ ခွန်းချို နှစ်သက်ပါတယ်"

"ဒါဆို ကိုကိုက ခွန်းချိုအတွက် အခါးဆိုတာမျိုးတွေကို ဘယ်တော့မှ မပေးဘူး။ စိတ်ချ"

"ယုံရပါဘူးနော်"

နှုတ်ခမ်းလေးစူကာ ခွန်းချိုက နွဲ့နွဲ့လေး ပြော၏။

"တကယ် မယုံဘူးလား"

အသံက ခပ်တည်တည်။ ဒါပေမဲ့ ကိုကို့မျက်နှာကတော့ ခွန်းချို မျက်နှာလေးနားသို့ တဖြည်းဖြည်း တိုးကပ်လာ၏။ ခွန်းချိုက ငြိမ်သက်စွာ ထိုင်နေမိပြီးမှ ရုတ်တရက် ထပြေးလိုက်သည်။

"ဟာ ဒီကောင်မလေး လူကို ဘယ်လိုလုပ်တာလဲ"

"ဟား ဟား ဟား ကိုကို တစ်ယောက် သနားပါတယ်ဟော့ ကရော် ကရော်"

နောက်ကနေ သူ အပြေးထလိုက်သွားလိုက်၏။

မိန်းကလေး ပြေးအားမို့ သူ ခဏကလေးနှင့် ခွန်းချိုကို မီ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမောကြောင့် ရင်လှိုက်ဖိုနေသော ခွန်းချိုကို သံယောဇဉ်မျက်ဝန်းနှင့် မိုးအဖြစ် ရှာသွန်းလိုက်လေသည်။

ပရိသတ်အတွက်

အမြဲတမ်း

မျှား

BURMESE CLASSIC

www.burmeseclassic.com